
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၁၉၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၄၃၀၇၀၇

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၆၀၀ ကျပ်

**ထုတ်ဝေသူ**
ဦးကျင်ဝမ်(၀၄၁၅၁)၊ နွေမိုးဆောင်းစာပေ
အမှတ် (၃၉)၊ ၃-လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးအတွင်းပုံနှိပ်သူ**
ဒေါ်ခင်နွဲ့ (မြ-၀၆၅၆၇)၊ နွေမိုးဆောင်း ပုံနှိပ်တိုက်
အမှတ် ၈၇၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**
**နွေမိုးဆောင်း စာပေ**
အမှတ် (၃၉)၊ ၃-လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

# မင်းသိင်္ခ
## (ပျဉ်းမနားသူမခင်မူ)
# နှင့်
# ကဝေလောင်စုံ

စုံဆယ်ဖြာ စာပေမှ
တင်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မင်းသိခ် | ပျဉ်းမနားသူ မခင်မူ |
| ၂။ | မောင်ညိုမှိုင်း(သန်လျင်) | ပုလဲမာတရဲ့ အဟံဝန္တာမိ |
| ၃။ | ဆွေမြင့် | ကပ္ပိယဖိုးမောင် မေတ္တာပို့တတ်ပါပြီး |
| ၄။ | စိုင်းကျော်သီဟ | မျက်စိနဲ့မကြည့်ဘဲ မြင်နေရတဲ့လူ |
| ၅။ | မောင်မောင်စိန်ငွေး | ပုံရိပ်ချစ်သူ |
| ၆။ | ချစ်သန်းမြင့် | သူများပါးစပ်ထဲကလူ |
| ၇။ | နန္ဒာမိုးကြယ် | တိုက်ဆိုင်သည့်အလား ဝိုးတဝါးနှင့် |
| ၈။ | မင်းဟန် | ညတစ်ည၏ သံသရာ |
| ၉။ | ဗိုဝမ်း | မြွေနန်းရှင်သူဇာ |
| ၁၀။ | တက္ကသိုလ်ယဉ်ယဉ်လဲ့ | လူဝင်စားလား မြွေဝင်စားလား |


# မင်းသိခ်

## ပျဉ်းမနားသူမခင်မူ

တစ်နေ့သ၌ကျွန်ုပ်သည် တရုတ်ဗေဒင် အဖွင့်ကြမ်းဟူသည့် အမည်နှင့် စာအုပ်ရေးသားရန်အတွက်လိုအပ်သည့် အထောက်အထား အကိုးအကားများကို စာအုပ်စာတမ်းများဖွင့်၍ မှတ်စုများထုတ်နေရလေ၏။

" ဆရာမင်းသိခ် ရှိပါသလားရှင့် ... "

သာယာချိုလွင်အေးမြသည့် အသံသည်ကျွန်ုပ်၏နားထဲသို့တိုးဝင်၍ လာသောကြောင့် ခေါင်းထောင်၍ကြည့်လိုက်ရာ လွန်စွာလှပသောအမျိုးသမီးတစ်ဦးသည် တံခါးဝ၌ရပ်လျက် ရှိနေသည်ကိုတွေ့လိုက်ရလေတော့၏။

" ဝင်ခဲ့ပါကွယ်၊ မင်းသိခ် ဆိုတာကျုပ်ပါပဲ "

ကျွန်ုပ်ကပြောလိုက်မှပင် အမျိုးသမီးငယ်သည် ရိုကျိုးသောခြေလှမ်းဖြင့် အခန်းတွင်းသို့ဝင်၍လာပြီးလျှင် ကျွန်ုပ်၏ရှေ့၌ထိုင်လိုက်လေ၏။ ထိုအမျိုးသမီးသည်ကား ခါးစည်းရင်ကျယ်၊ သေးသွယ်သောလက်ချောင်း၊ အသားရေဖြူဝင်း၊ သံသာချိုအေး၍ကြာညိုနံ့ကဲ့သို့ကိုယ်ရနံ့သင်းပြီး စက္ကာဝတ်ငှက်မကဲ့သို့ သွားလာမှုယဉ်ကျေးခြင်းသာလက္ခဏာကောင်းတို့နှင့် ပြည့်စုံသည့် ပဒ္မုမ္မိနီမျိုးနွယ်ဝင်မိန်းမတစ်ဦးဖြစ်ပါတော့၏။

" ဘာကိစ္စများ အထွေအထူးရှိလို့လဲကွယ် .... "

ကျွန်မနာမည်မခင်မူလို့ ခေါ်ပါတယ်ရှင်၊ ပျဉ်းမနားကို ဆရာရောက်နေတာသိရလို့ ဆရာဘယ်မှာတည်းနေသလဲဆိုတာကို စုံစမ်းပြီးလာတွေ့တာပါ။ ကိစ္စကတော့ သိပ်အရေးကြီးပါတယ်။ ကျွန်မတို့ဘိုင် မဆုံးဖြတ်နိုင်တဲ့ ပြဿနာတစ်ခုနဲ့ရင်ဆိုင်နေရလို့ ဆရာ

www.burmeseclassic.com



ဆီလာခဲ့တာပါ ....

" မခင်မူကိုယ်တိုင်မဆုံးဖြတ်နိုင်တဲ့ကိစ္စကို ဘာမှမဆိုင်တဲ့ ကျုပ်ကဘယ်လိုလုပ်ပြီး ဆုံးဖြတ်ပေးလို့ရမှာလဲကွယ့် "

" ဒီလိုပါဆရာ၊ ကျွန်မစကားပြောတာနည်းနည်းဝေ့သွား လို့ပါ။ ဆရာကဗေဒင်လက္ခဏာဆရာတစ်ယောက်မဟုတ်လား ဒီတော့ ကျွန်မ ရဲ့ကံဇာတာကို ဆရာကစစ်ဆေးပြီး ကျွန်မရင်ဆိုင် နေရတဲ့ပြဿနာကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာကို အကြံပေးဖို့ပါ ဆရာ "

" ဪ . . . မခင်မူက ဗေဒင်ကြည့်ချင်တာကိုး ...

" ဟုတ်ပါတယ် ဆရာ၊ ရှင်းရှင်းပြောရရင်တော့ဗေဒင်ကြည့် ချင်တယ်လို့ပဲ ပြောရတော့မှာပေါ့ . . . "

" ကျုပ်က ရန်ကုန်မှာပဲ အချိန်သတ်မှတ်ပြီးဗေဒင်ဟောတာ ကွယ့်၊ ခုပျဉ်းမနားကို ရောက်နေတာက ဗေဒင်ဟောဖို့မဟုတ်ပါဘူး စာအုပ်တစ်အုပ်ရေးစရာရှိလို့ပါ။ ရန်ကုန်မှာဆိုရင် ဧည့်သည်များတာ နဲ့စာရေးဖို့အချိန်သိပ်မရဘူး။ ဒါကြောင့်ဒီကိုထွက်လာခဲ့တာပါ။ အေး အေးဆေးဆေးစာရေးချင်လို့ပေါ့ကွာ " ဟုကျွန်ုပ်ကဗေဒင်မဟော ကြောင်းပြောသော်လည်း မခင်မူက

"ဆရာရယ် ... အားတော့နာပါတယ်။ ကျွန်မတစ်ယော တည်းနဲ့တော့ ဆရာ့အတွက်အချိန်ဒီလောက်မကုန်နိုင်ပါဘူး။ ကျွ မှာ သိပ်ကိုအရေးကြီးတဲ့ပြဿနာတစ်ခုနဲ့ရင်ဆိုင်နေရလို့ပါ၊ ဆရာ ပညာကိုလည်း ကျွန်မအားကိုးပါတယ်၊ ဆရာရဲ့ဗေဒင်ပညာနဲ့ကျွ ကိုတစ်နည်းတစ်လမ်းအကူအညီပေးနိုင်မယ်လို့ ကျွန်မထင်ပါတ ဆရာ " ဟုသာပြော၍နေသောကြောင့် နောက်ဆုံး၌ကျွန်ုပ်လည်း ဖြတ်ချက်ချလိုက်ရလေတော့၏။

" ကဲ .... မခင်မူ မင်းကိုတော့ဘယ်လိုငြင်းငြင်းရမှာမဟု တော့ဘူး၊ တော်တော်ခွဲကြီးတဲ့မိန်းကလေးပဲ " ဟုကျွန်ုပ်ကပြော ပြီးလျှင် ၎င်း၏မွေးသက္ကရာဇ်အားမေးမြန်း၍ စာရွက်အလွတ်တ



ပေါ်၌ ရေးမှတ်လိုက်လေ၏။

" ဒီနေ့ မင်းရဲ့မွေးနေ့ပဲ၊ မနက်ဖြန်ဆိုရင် မခင်မူရဲ့အသက် ဟာနှစ်ဆယ့်လေးနှစ်နဲ့တစ်ရက်စွန်းဖြစ်သွားပြီ။ အသက်နှစ်ဆယ့်ငါး နှစ်ထဲရောက်သွားပြီလို့ ပြောရမှာပဲ။ ဒါနဲ့မွေးတဲ့အချိန်ကို ရောမှတ် မိသလား "

" မှတ်မိပါတယ်ဆရာ၊ နံနက်(၁၁)နာရီတိတိပါ " ဟုမခင်မူ ကပြန်၍ဖြေလိုက်လေ၏။ ထိုအခါ၌ ကျွန်ုပ်သည် အိမ်နံရံတွင်ချိတ်ဆွဲ ထားသည့် တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်မိရာ(၁၁)နာရီတိတိထိုး ခနဲပြီဖြစ်ကြောင်းတွေ့လိုက်ရလေ၏။

" တော်တော်လေးတိုက်ဆိုင်တယ်လို့ ပြောရမှာပဲမခင်မူ၊ ကျုပ်မင်းကို ဗေဒင်ဟောမယ့်အချိန်ဟာ မင်းရဲ့မွေးချိန်နဲ့ပါသွားပြီး ဘစ်ထပ်ထည်းကျနေပါကလား။ မွေးနေ့ရော မွေးချိန်ပါနှစ်ခုစလုံးတိုက် ဆိုင်နေတာကတော့တော်တော်လေးဆန်းတယ်၊ ဒီတော့ပိုပြီးအမှတ် ဘရလေးဖြစ်ရအောင် ကျုပ်အခုရေးတဲ့တရုတ်ဗေဒင်နဲ့ မခင်မူရဲ့ကံကြ မ္မာကို စစ်ဆေးပေးလိုက်မယ်။ အဲဒီတရုတ်ဗေဒင်ကို ကျုပ်လေ့လာ သိုက်စားနေတာကြာပြီ၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ အဲဒီနည်းနဲ့ဟောမ ကြည့်ဖူးသေးဘူး။ လက်တွေ့အသုံးမချရသေးဘူးပေါ့ကွာ ...ခုတော့ မင်းကိုအရင်ဆုံးဟောကြည့်မယ် "

" ဟောပါ ဆရာဟောပါ။ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ်မှန်ဖို့က အရေးကြီးပါတယ် " ဟုမခင်မူကသဘောတူကြောင်းပြန်၍ ပြော လေ၏။ ထိုအခါကျွန်ုပ်သည် မွေးခုနှစ်၊ မွေးလ၊ မွေးရက်၊ မွေးနေ့၊ မွေးချိန်များအလိုက် စိုးမိုးနေသော တိရစ္ဆာန်ရုပ်ပုံများကို လည်းကောင်း၊ မိခါတ်မခါတ်နှစ်ပါး၏ အခြေခံပုံကိုလည်းကောင်း၊ ရေမီးမြေကြီး၊ သတ္တု၊ သစ်သားစသည့် လွှမ်းမိုးနိုင်သောဓါတ်တို့၏ အကျိုးသက် ရောက်ပုံကိုလည်းကောင်း တရုတ်ဗေဒင်နည်းအရ တွက်ချက်၍၎င်းတို့ နှင့် သက်ဆိုင်သော ဟောကိန်းများကို ရှာရပြန်လေ၏။

" မခင်မူမွေးတဲ့နှစ်က တရုတ်ပြက္ခဒိန်မှာတော့ ကြွက်စိုးမိုး

www.burmeseclassic.com

www.burmeseclassic.com



တဲ့နှစ်ပဲ၊ ဒါပေမဲ့ ကြွက်ကိုလည်းငါးမျိုးခွဲထားသေးတယ်၊ မခင်မူက တော့ ရေကြွက်စိုးမိုးနှစ်မှာမွေးတယ်၊ ကျုန်တဲ့ရာသီခွင်နိမိတ်ပုံတွေကို တော့ရှင်းမပြတော့ဘူး၊ နားရှုပ်သွားလိမ့်မယ်။ တရုတ်ဗေဒင်ဟာတော် တော်လေးရှုပ်ထွေးတယ်။ အပေါ်ယံလေ့လာရုံနဲ့ မတတ်နိုင်ဘူးကွယ်၊ ကဲဒါတွေထားပါတော့၊ ဟောကိန်းကိုပဲပြောပြတော့မယ်၊ မခင်မူတို့လို ရေကြွက်စိုးမိုးတဲ့နှစ်ပိုင်းမှာ မွေးတဲ့လူတိုင်းဟာ ရုပ်ပိုင်းဆိုင်ရာထက် နာမ်ပိုင်းဆိုင်ရာကို ပိုပြီးဦးစားပေးမယ့်သဘောရှိတယ် ” ဟုကျွန်ုပ် ကပြောလိုက်ရာ ကျွန်ုပ်စကားကို ဖြတ်၍မခင်မူက ...

“ ရုပ်ပိုင်းဆိုင်ရာထက်နာမ်ပိုင်းဆိုင်ရာကို ဦးစားပေးတဲ့သဘာ ဝရှိတယ်ဆိုတာဘာကိုပြောတာလဲဆရာ၊ ကျွန်မနားမလည်ဘူး” ဟု ပြန်၍မေးလေ၏။

“ ရုပ်ပိုင်းဆိုင်ရာထက် နာမ်ပိုင်းဆိုင်ရာကို ပိုပြီးဦးစားပေးတဲ့ သဘာဝရှိတယ်ဆိုတာကဒီလိုကွဲ့. တချို့သရဲ၊ဥစ္စာစောင့် စတဲ့ဝိညာဉ် လောကအကြောင်းကိုပိုပြီးအလေးပေးစဉ်းစားတတ်တယ်လို့ပြောတာပါ ရှင်းရှင်းပြောရရင်တော့ မခင်မူက တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့်တွေပါတဲ့ ဒဏ္ဍာရီပုံပြင်တွေကို စိတ်ဝင်စားသူ၊ အဲဒီအကြောင်းတွေနဲ့ပတ်သက် လာရင်ယုံလွယ်သူဖြစ်လိမ့်မယ်။ အထူးသဖြင့် ဒီလိုလူမျိုးတွေဟာ ကိုယ့်ကိုယ်ကိုပဲ သိုက်ထဲကလာသလိုလို၊ ဥစ္စာစောင့်ဘဝကဝင်စား သလိုလိုနဲ့စိတ်ထဲမှာ စွဲလမ်းနေတတ်ကြတယ်ကွဲ့၊ အဲဒါကတော့ မကောင်းတဲ့အချက်ပဲ၊ စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းအားနည်းမှုတစ်မျိုး လို့တောင်ပြောနိုင်တယ်။ နောက်တစ်ချက်ကတော့ မခင်မမူကအမြွှာ ပူးမွေးလာတာမဟုတ်လား၊ မွေးချင်းအမြွှာညီအစ်မတစ်ယောက်ရှိလိမ့် မယ်” ဟု ကျွန်ုပ်ကပြောလိုက်လေ၏။ ထိုအခါမခင်မူသည်လွန်စွာ အံ့အားသင့်၍သွားပြီးလျှင် . . .

“ မှန်လိုက်တာဆရာ၊ ဆရာပြောသလိုပါပဲ၊ ကျွန်မရဲ့အမြွှာ ညီမလေးအိမ်မှာကျန်ခဲ့ပါတယ်။ ညီမလေးနာမည်ကမခင်သူတဲ့၊ ကျွန်မအမြွှာညီအစ်မနှစ်ယောက်ရုပ်ချင်းတူပုံမျိုးကတော့ အခြားအမြွှာ



မွေးချင်းတွေထက်ပိုပါတယ်၊ ပတ်ဝန်းကျင်ကလူတွေကိုမပြောနဲ့၊ ဖေဖေနဲ့မေမေရှိတုန်းကတောင် ကျွန်မတို့နှစ်ယောက်ကို ခဏခဏ လူချင်းမှားတယ် ” ဟုပြောလေ၏။ ထို့နောက်ကျွန်ုပ်ကဆက်၍—

“ မခင်မူတို့လို ရေကြွက်စိုးမိုးတဲ့နှစ်ပိုင်းမှာ မွေးဖွားတဲ့လူမျိုး တွေဟာအိမ်ကြီးအိမ်ကောင်းတွေနဲ့နေရတတ်တယ်။ ဒီလိုလူမျိုးတွေ ဟာဘယ်တော့မှ အိမ်သေးသေး၊ အိမ်ခန်းကျဉ်းကျဉ်းတွေမှာမနေရဘူး၊ နေလည်းအခိုက်အတန့်ပဲ၊ နောက်ဆုံးမှာတော့ အိမ်းကြီးအိမ်ကောင်း တွေကို ပိုင်ဆိုင်ကြတာပဲ၊ အထူးသဖြင့် ရေကန်ကြီးဘက်ကိုမျက်နှာပြု ထားတဲ့အိမ်မျိုးတွေမှာ နေရတတ်တယ်။ ဒါကတော့ ကျမ်းအလိုအရ ပြောတာပါ။ မှန်မမှန်တော့မခင်မူက ပိုသိမှာပေါ့ ” ဟုပြောလိုက် လေ၏။ ထိုအခါမခင်မူက

“ မှန်ပါတယ်ဆရာ၊ အံ့သြလောက်အောင်ကိုမှန်ပါတယ်၊ ဒီပျဉ်းမနားမြို့မှာတော့ ကျွန်မတို့အိမ်လောက်ကောင်းတဲ့အိမ်မရှိသေး ဘူးဆိုရင် ကြွားတယ်လို့များ ဆရာထင်မလားမသိဘူး။ မျက်နှာဖြူ အရေးပိုင်မင်း ‘စတင်း’ ကိုယ်တိုင်အခြေတကျနေတော့မယ်လို့စိတ်ကူး ပြီးဆောက်သွားတဲ့အိမ်ကြီးပေါ့။ ဒါပေမဲ့နောက်ပိုင်းမှာ စစ်ရေးတွေပူ လာတော့ အဲဒီအရေးပိုင်ကြီးကဈေးကောင်းကောင်းနဲ့ လေလံပစ် ရောင်းပြီး အင်္ဂလန်ကိုပြန်သွားတယ်၊ အဲဒီတုန်းကကျွန်မတို့အဘိုး တွေကလည်း သစ်ကွက်တွေကို ကန်ထရိုက်စနစ်နဲ့လုပ်နေတဲ့သစ် ကုန်သည်ကြီးဆိုတော့တခြားလူတွေထက် ဈေးပိုပေးနိုင်ပြီး အိမ်ကြီး ကိုဝယ်ယူလိုက်တယ်၊ ဒါကတော့ ဖေဖေကပြန်ပြောလို့သိရတာပါ၊ အဲဒီတုန်းကကျွန်မတို့ဘယ်ရှိဦးမလဲ၊ ဖေဖေတောင်မှမေမေနဲ့အိမ်ထောင် ကျသေးဘူးတဲ့၊နောက်ပြီးဆရာပြောသလိုရေကန်ဘက်ကို မျက်နှာပြု ပြီးဆောက်ထားတဲ့အိမ်မျိုးဖြစ်ရမယ်ဆိုတာလည်း မှန်ပါတယ် ကျွန်မ တို့အိမ်ရှေ့ဘက်မှာ ရမ်းကန်ရှိပါတယ် ” ဟုပြန်၍ပြောပြနေလေ သော့၏။

“ မခင်မူရဲ့ ဘဝတစ်လျှောက်လုံးမှာ ငွေရေးကြေးရေးကိစ္စ

www.burmeseclassic.com


နဲ့ပတ်သက်လို့ဘယ်တော့မှစိတ်သောကရောက်မှာမဟုတ်ဘူး၊ချမ်းချမ်းသာသာပြည့်ပြည့်စုံစုံနဲ့နေသွားရမှာပဲ၊ ဒါပေမဲ့တစ်ခုတော့ရှိတယ်မခင်မူ လူ့ဘဝဆိုတာဘယ်တော့မှ ပြည့်စုံတယ်ရယ်လို့တော့မဟုတ်ဘူး တစ်ခုမဟုတ်တစ်ခုအတွက် စိတ်သောကရောက်စရာ၊ ပူဆွေးစရာဖြစ်တတ်ကြတယ်၊ ကျုပ်ပြောချင်တာကတော့ မခင်မူဟာဥစ္စာဓနကြွယ်ဝပြီး ချမ်းချမ်းသာသာနေရပေမယ့် တစ်ကြိမ်တော့ပူဆွေးသောကရောက်စရာအဖြစ်မျိုးနဲ့ ကြုံရတာတတ်တယ်။ အဲဒါကလည်းအချစ်ရေးကိစ္စနဲ့ပတ်သက်လိမ့်မယ်။ အဲဒါကိုသတိထားပြီး ဂရုစိုက်ပါ။အထူးသဖြင့် ဒီလိုနှစ်မျိုးတွေမှာ မခင်မူတို့လို ရေကြွက်စိုးမိုးတဲ့နှစ်မှာ မွေးဖွားတဲ့သူတွေအတွက် အချစ်ရေးကံခေတဲ့နှစ်ပဲကွယ်" ဟုကျွန်ုပ်က ပြောလိုက်လေရာမခင်မူသည် လွန်စွာမှအံ့အားသင့်၍သွားပြီးလျှင်—

" ဆရာရယ် . . . ကျွန်မတော့သိပ်အံ့သြသွားပြီ၊ ကျွန်မရဲ့ အဖြစ်အပျက်တွေကိုလိုက်ကြည့်နေသလိုပါပဲ ဆရာရယ် . . .၊ ဆရာပြောသလို ဒီနှစ်မှာအချစ်ရေးကိစ္စနဲ့ပတ်သက်ပြီး စိတ်သောကရောက်ရမယ်ဆိုတာ တကယ်ပါပဲဆရာရယ် . . .၊ စောစောကဆရာ့ကိုကျွန်မပြောခဲ့တဲ့ မဆုံးဖြတ်နိုင်တဲ့ပြဿနာတစ်ခုနဲ့ရင်ဆိုင်နေရတယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ အချစ်ရေးကိစ္စပါပဲ၊ အဲဒါကိုဆရာ့ဗေဒင်ပညာနဲ့ ကျွန်မကိုယ်စားဆုံးဖြတ်အကြံပေးပါဆရာ၊ ဆရာ့ကို ကျွန်မအားကိုးပါတယ် " ဟု ပြောလေတော့၏။

" အားမကိုးနဲ့မခင်မူ၊ ကိုယ့်ကိစ္စကို ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ချက်ချတာဟာသာဘာဝအကျဆုံးပဲ၊ ကျုပ်ဗေဒင်ဟောရုံသက်သက်ပဲ၊ ကျုပ်ဟောကိန်းမှန်ဖို့လောက်ပဲ တာဝန်ယူနိုင်တယ်ကြုံတွေ့နေရတဲ့ပြဿနာကို ဘယ်လိုရင်ဆိုင်ပြီး ဖြေရှင်းရမယ်ဆိုတာ မခင်မူရဲ့ကိစ္စပဲ "

"ဒီလိုရှိပါတယ်ဆရာရယ် . .၊ကျွန်မကြုံတွေ့နေရတဲ့အချစ်ရေးပြဿနာကတစ်မျိုးဖြစ်နေပါတယ်၊ကျွန်မကိုယ်တိုင်ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာကိုလည်းဝေခွဲလို့မရအောင်ဖြစ်နေတယ်။ဒါကြောင့်ဆရာ့ကို



အကြံဉာဏ်ကိုလိုချင်ပါတယ်ဆရာ၊ ပြီးတော့ ကျွန်မကြုံတွေ့ နေရတဲ့ပြဿနာ ကိုပြောလိုက်ရင်ဆရာသိပ်အံ့သြ သွားလိမ့်မယ်"

" ကျုပ်ဘဝတစ်လျှောက်လုံးများ ထူးခြားဆန်းကျယ်တဲ့အကြောင်းအရာတွေ . . .၊ အဖြစ်အပျက်တွေကို မရေမတွက်နိုင်အောင်တွေ့ဖူး၊ ကြုံဖူး၊ ကြားဖူးခဲ့ပြီးပါပြီကွယ်၊ ဘာမှသိပ်အဆန်းတကြယ်မဟုတ်ပါဘူးကွယ်၊ အားလုံးဟာပြီးတော့လည်း ပြီးသွားတာပါပဲ။ ဒီလောကကြီးမှာမဖြစ်နိုင်တာတွေ ဖြစ်နေတာမဟုတ် ပါဘူးကွယ်၊ ဖြစ်နိုင်တာတွေပဲဖြစ်နေတာပဲ၊ ဖြစ်နိုင်တာတွေဖြစ်ခဲ့ပြီးပြီ၊ ဖြစ်နိုင်တာ တွေ ဖြစ်နေပြီ၊ ဖြစ်နိုင်တာတွေဖြစ် လိမ့်ဦးမယ် ဆိုတာပဲရှိတယ်၊ မဖြစ်နိုင် တာတွေဖြစ်ခဲ့တာ၊ မဖြစ်နိုင်တာတွေဖြစ်နေတာ၊ မဖြစ်နိုင်တာတွေ ဖြစ်လိမ့်ဦးမယ်ဆိုတာ မရှိဘူးကွယ့်၊ ဖြစ်နိုင်တာတွေဖြစ်တာဟာလည်း အဆန်းတကြယ်ကိစ္စ မဟုတ်ပါဘူး၊ သဘာဝကိစ္စပဲ သဘာဝဆိုတာကလည်း ဖြစ်ပျက်ဆိုတဲ့ လှုပ်ရှားမှုဖြစ်စဉ်ကြီးရဲ့ရောင်ပြန်ဟပ်မှု ကို ရုပ်လုံးဖော်ပေးတဲ့ ကြေးမုံပြင်ကြီးပါပဲ ",

" ကျွန်မက ဒါကြောင့်ဆရာ့ကိုအားကိုးတာပါ၊ ဆရာကအတွေ့အကြုံများတယ်၊ ဒီတော့ဘယ်လိုပြဿနာပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲကိုပဲဖြစ်ဖြစ် လေးလေးနက်နက်မစဉ်းစားသလို ပေါ့ပေါ့တန်တန်လည်းမစဉ်းစားဘူးလို့ ကျွန်မထင်ပါတယ် အဲဒီပြဿနာတွေ၊ အခက်အခဲတွေကိုအဆုံးအဖြတ်ပေးတဲ့အခါ ဆရာ့အနေနဲ့ကျွန်မတို့ဘက်စာရင်ပိုပြီးတစ်ပန်းသာပါတယ်။ ဒါကြောင့် ကျွန်မရဲ့အကြောင်းကိုပွင့်ပွင့်လင်းလင်း ပြောပြပြီးဆရာ့ဆီက အကြံအဉာဏ်ကိုလိုချင်ပါတယ်၊ ဒါပေမဲ့တစ်ခုတော့ရှိပါတယ်ဆရာ၊ ဆရာဟာနာမ်လောက၊ ဝိညာဉ်လောကကို စိတ်ဝင်စားတယ်၊ တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့်ပုံပြင်တွေကို ယုံလွယ်သူဖြစ်ရမယ် လို့ဆရာပြောခဲ့တယ်မဟုတ်လား၊ ဒီတော့ကျွန်မအကြောင်းကို မပြောခင်ဆရာ့ကိုတစ်ခုလောက်မေးပါရစေ၊ဆရာရောတစ္ဆေသရဲဥစ္စာစောင့်တွေရှိတယ်ဆိုတာယုံလား . . ."

" ကျုပ်ကတော့ ယုံတယ်လို့မဖြေနိုင်သလို မယုံဘူးလို့လည်း

www.burmeseclassic.com

www.burmeseclassic.com

မပြောရဲဘူးကွယ်၊ စောစောကကျုပ်ပြောသလို ဖြစ်နိုင်တာတွေ ဖြစ်လေ့ရှိတယ်၊ စကားထဲမှာ အဓိပ္ပါယ်ရှာကြည့်ပေါ့ကွာ။ တစ်ခုတော့ရှိတယ် အဲဒီဝိညာဉ်လောကကို ယုံလို့တော့ အကျိုးထူးရှိမှာမဟုတ်ဘူး ကျုပ်ကတော့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ အချိန်သုံးပါးမှာ ပစ္စုပ္ပန်မှာပဲနေတတ်အောင်လေ့ကျင့်ထားတယ်၊ တစ္ဆေ၊ သရဲ၊ ဥစ္စာစောင့်အကြောင်းတွေကို စိတ်ဝင်စားတဲ့လူတွေက အများအားဖြင့် ပစ္စုပ္ပန်မှာမနေချင်ဘဲ အတိတ်၊ အနာဂတ်ကို ကူးချည်သန်းချည်သွားလာနေတဲ့သူတွေကွယ့်၊ အမှန်တော့အတိတ်ဆိုတာမရှိသလို၊ အနာဂတ်ဆိုတာလည်းမရှိပါဘူး၊ ပျက်သွားတဲ့ပစ္စုပ္ပန်ကိုအတိတ်လို့ခေါ်တာပါ။ ပျက်သွားတာရော မဖြစ်သေးတာရောဟာ မရှိတာနဲ့အတူတူပေါ့၊ အရှိသဘောဆောင်တဲ့မရှိတွေဘဲကွယ့်၊ ဒါကြောင့်စိတ်ခတ်မနိုင်တဲ့အတိတ်နဲ့မဖြစ်သေးလို့ မရှိတဲ့အနာဂတ်ကို သဘောကျတယ် အဲဒီအခါမှာ နာမ်လောကဝိညာဉ်လောကတွေကို စိတ်ဝင်စားပြီး အဲဒါတွေနဲ့ လက်ပွန်းတတီးဖြစ်လာတတ်ကြတယ် " ဟု ကျွန်ုပ်က ရှင်းပြလိုက်လေရာ မခင်မူက . . .

" မှန်ပါတယ်ဆရာ၊ ဆရာပြောတဲ့စကားဟာ သဘာဝကျပါတယ်၊ ကျွန်မတို့လို စိတ်နုတဲ့လူတွေဟာဝိညာဉ်လောကကို စိတ်ဝင်စားတယ်၊ အဲဒီအကြောင်းတွေကို ယုံလွယ်တယ်လို့ပြောတာကိုလည်း ကျွန်မ မငြင်းပါဘူး။ ဒါပေမဲ့ကျွန်မတွေ့ကြုံခဲ့ရတာကတော့တကယ့်အဖြစ်မှန်ပါဆရာ၊ ပြောပြလို့ယုံနိုင်စရာတော့မရှိပါဘူး၊ ကျွန်မအနေနဲ့ ဘယ်သူ့ကိုမှလည်းပြောပြလို့မဖြစ်ပါဘူး၊ ဒါပေမဲ့ဆရာ့ကိုတော့ကျွန်မ ပြောပြချင်ပါသေးတယ်၊ ဒါမှကျွန်မရဲ့အဖြစ်မှန်ကိုသိပြီး ဆရာက အကူအညီပေးနိုင်မှာပေါ့ " ဟုပြန်၍ပြောပြီးလျှင် ၎င်း၏အဖြစ်အပျက်အားအောက်ပါအတိုင်းပြောပြလေတော့၏။

ကျွန်မနဲ့ကျွန်မညီမလေး မခင်သူဟာ အမြွှာညီအစ်မလည်း ဖြစ်ပြန်၊ တခြားမွေးချင်းမောင်နှမတွေလည်း မရှိပြန်ဆိုတော့တစ်ယောက်ကိုတစ်ယောက်ချစ်ပြီး သံယောဇဉ်ကြီးပုံကတော့ တခြား



ညီအစ်မတွေထက်ပိုပါတယ်။ ပြီးတော့ ဆရာဟောခဲ့သလိုပါပဲ၊ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ၊ ဥစ္စာပစ္စည်းပြည့်ပြည့်စုံစုံနဲ့ မကြောင့်မကျမတောင့်မတနေရပါတယ်၊ မိဘတွေထားခဲ့တဲ့အမွေပစ္စည်းက ကျွန်မတို့နှစ်ယောက်ဒီတစ်သက်စားလို့မကုန်ပါဘူး၊ ဖေဖေနဲ့မေမေကတော့ဆုံးသွားပါပြီ၊ လွန်ခဲ့တဲ့ငါးနှစ်လောက်က လယ်ဝေးမှာကားမှောက်ပြီးဆုံးပါးသွားခဲ့ကြတာပါ။ အဲဒီကစပြီး ခုချိန်ထိတောင် မေမေရဲ့အစ်မကြီးဖြစ်တဲ့ ကြီးကြီးမေကပဲ ကျွန်မတို့ညီအစ်မနှစ်ယောက်ကို အုပ်ထိန်းစောင့်ရှောက်ခဲ့ပါတယ် "

" ဒီလိုနဲ့နေခဲ့ကြတာ လွန်ခဲ့တဲ့နှစ်လလောက်ကညီမလေးဟာရုတ်တရက်အပြင်းဖျားပြီး အိပ်ရာပေါ် ဗုန်းဗုန်းလဲသွားပါတော့တယ်၊ အဲဒါနဲ့ကျွန်မနဲ့ ကြီးကြီးမေလည်းသိပ်စိုးရိမ်သွားတာပေါ့ ဆရာ၊ ဒါပေမဲ့ ဆရာဝန်ကတော့ စိုးရိမ်စရာမရှိပါဘူးလို့ပြောပါတယ်။ အဲဒီအချိန် ကျွန်မနဲ့ကြီးကြီးမေဟာ တစ်ယောက်တစ်လှည့်စီနေပြီး ညီမလေးကို ပြုစုကြရတာပေါ့၊ အဲဒါနဲ့ တစ်ညတော့ညီမလေးကို နှိုးပြီးဆရာဝန်မှာထားတဲ့အတိုင်း ဆေးတိုက်ရပါတယ်၊ ဆေးတိုက်အပြီးမှာ ညီမလေးက . . .

" မမရယ်မမကို ညီမလေးသိပ်အရေးကြီးတဲ့စကားပြောစရာရှိတယ်၊ ဒါပေမယ့်ညီမလေးပြောပြတဲ့အကြောင်းတွေကို ဘယ်သူ့ကိုမှ ပြောမပြပါဘူးဆိုတဲ့ကတိကိုတော့ပေးပါမမရယ် "လို့ပြောလာပါတယ်။ အဲဒီတော့ကျွန်မကလည်းညီမလေးစိတ်ချမ်းသာသွားအောင် . . .

" ပြောမှာသာပြောပါညီမလေးရယ်၊ မမကိုယုံပါ၊ မမဘယ်သူ့ကိုမှ ပြန်မပြောပါဘူးဆိုတဲ့ကတိပေးပါတယ် "

ပြီးတော့မမဆီက အကူအညီတစ်ခုတောင်းချင်တယ်၊ ညီမလေးကိုချစ်ရင် အဲဒီအကူအညီကိုလည်းပေးပါမယ်လို့ထပ်ပြီး ကတိပေးပါဦး မမရယ်လို့ပူဆာပြန်တယ်၊ ကျွန်မကလည်း အကူအညီပေးပါမယ်လို့ထပ်ပြီး ကတိပေးပါတယ်၊ ကျွန်မဆီက စကားကိုလည်းကြားရော ညီမလေးရဲ့နွမ်းလျနေတဲ့မျက်နှာလေးဟာ ကြည်

www.burmeseclassic.com

www.burmeseclassic.com

လင်လန်းဆန်းသွားတယ်လို့ကျွန်မထင်လိုက်မိတယ်ဆရာ ”

“ ဝမ်းသာလိုက်တာမမရယ်၊ ညီမလေးရဲ့စိတ်ထဲမှာတထင့်ထင့်ဖြစ်နေတာအခုမှပဲ စိတ်အေးရတော့တယ်၊ ညီမလေးရဲ့ကိစ္စကို မမမှမကူညီရင် ဘယ်သူမှကူညီလို့ရမှာမဟုတ်ပါဘူး၊ ဒါကြောင့်မမဆီကအကူအညီကို မရမကတောင်းနေရတာပါ၊ ပြီးတော့ဒီလိုအကူအညီမျိုးကိုမှ တောင်းရက်ပလေဆိုပြီး ညီမလေးကိုတော့စိတ်မဆိုးပါနဲ့နော်၊ ဒီလိုပါ မမရယ်၊ ညီမလေးမှာ ချစ်သူရှိနေပြီ၊ သူ့နာမည်က ကိုသူရတဲ့၊ ညီမလေးကို သူသိပ်ချစ်တယ်၊ ညီမလေးကလည်း သူ့ကိုချစ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် သစ္စာမပျက်၊ ကတိမပျက်ကြစတမ်းဆိုပြီး လောကရန်နိမ်မာရဇိန် ဘုရားမှာသစ္စာဆိုခဲ့ကြပါတယ်၊ မနှစ်ကဘုရားပွဲတုန်းက ညီမလေးနဲ့ကိုသူရစပြီးတွေ့ခဲ့ကြတာပါ၊ အဲဒီနောက်ပိုင်းမှာ ညီမလေးတို့နှစ်ယောက် လပြည့်လကွယ်ညတိုင်း ရှမ်းကန်တံတားပေါ်မှာ ချိန်းပြီးတွေ့ခဲ့ကြပါတယ်။ အဲဒီအကြောင်းတွေကို မမကိုဖွင့်ပြောမလို့ပါဘဲ၊ ဒါပေမဲ့ညီမလေးက မမကိုမပြောရဲ၊ မပြောတတ်တာနဲ့မပြောဖြစ်ဘဲ ဖြစ်ခဲ့ရတာပါ၊ အဲဒီအတွက် ညီမလေးကို ခွင့်လွှတ်ပါနော် မမ ...”

“ အဲဒီလို ညီမလေးရဲ့စကားကိုကြားလိုက်ရတော့ ကျွန်မလေတော်တော်လေးစိတ်မကောင်းဖြစ်သွားတယ်။ ရင်ထဲမှာတစ်မျိုးကြီးခံစားလိုက်ရတယ်၊ ပြေးကြည့်မှ ဒီညီအစ်မနှစ်ယောက်တည်းရှိတာမဟုတ်လား ဆရာရယ်၊ ပြီးတော့အမြွှာညီအစ်မလည်းဖြစ်ပြန်ဆိုတော့ နှစ်ကိုယ့်တစ်စိတ်လိုဖြစ်နေတယ်၊ ဒါကြောင့်ညီမလေးမှာ ချစ်သူရှိပြီဆိုတာကို သိရတော့ကျွန်မအဖို့ရင်ထဲမှာဟာသွားတာပေါ့ဆရာ၊ ဘယ်လိုပြောရမှန်းတောင်မသိပါဘူး၊ ဒါပေမဲ့ညီမလေးစိတ်မကောင်းဖြစ်သွားမှာကိုလည်း စိုးရိမ်တယ်၊ ဒါကြောင့်ကျွန်မက . . .”

“ စိတ်မကောင်းဖြစ်မနေပါနဲ့ကွယ် ...၊ညီမလေးကိုမမခွင့်လွှတ်ထားပြီးသားပါပဲကွယ်၊ ညီမလေးတို့နှစ်ယောက်အတွက် မမကဘာလုပ်ပေးရမလဲ၊ ကြီးကြီးမေကို အကျိုးအကြောင်းပြောပြပြီးမင်္ဂလာ



ဆောင်ဖို့အစီအစဉ်လုပ်ပေးရမလားလို့ ကျွန်မကပြောလိုက်တယ်”

“ ဟင့်အင်း မမဆီက အဲဒီအကူအညီတောင်းမလို့မဟုတ်ပါဘူး၊ စောပါသေးတယ်မမရယ်၊ ညီမလေးကတော့မမနဲ့အတူနေချင်သေးတယ်၊ မမဆီကညီမလေးတောင်းမယ့် အကူအညီက ဒီလိုပါ၊ ဒီနေ့လပြည့်နေ့မဟုတ်လား၊ အဲဒီတော့ကိုသူရ ညီမလေးဆီကိုလာလိမ့်မယ်၊ ညီမလေးနေမကောင်းလို့အိပ်ရာထဲလဲနေတာကို သူသိမှာမဟုတ်ဘူး၊ တမျှော်မျှော်နဲ့ ရှမ်းကန်တံတားပေါ်မှာ တစ်ညလုံးစောင့်နေလိမ့်မယ်၊ ပြီးတော့ညီမလေးအပေါ်မှာ စိတ်ခုသွားမှာကိုတော့ ညီမလေးဘယ်လိုနည်းနဲ့မှ အဖြစ်မခံနိုင်ဘူးမမရယ်၊ ဒါကြောင့်ကိုသူရဆီကို ဒီညမမသွားပေးပါနော်၊ မမကိုအားကိုးပါတယ်မမရယ် ”

“ အိုကွယ် ညီမလေးရယ် . . .၊ မမကူညီမှာပေါ့ကွယ် စိတ်အေးအေးသာနေပါ၊ သည့်အတွက်ဘာမှပူမနေပါနဲ့တော့၊ ဒီည ညီမလေးရဲ့ချစ်သူကို မမသွားတွေ့ပြီးညီမလေးနေမကောင်းဖြစ်နေလို့ လာနိုင်တဲ့အကြောင်းပြောပေးမယ်လေ ”

“ မဟုတ်သေးဘူးမမ၊ အဲဒီလိုမဟုတ်ဘူး၊ ညီမလေးပြောတာက ညီမလေးကိုယ်စားမမက ကိုသူရဆီသွားတွေ့ဖို့ပြောတာပါ ”

“ အိုကွယ် မဖြစ်နိုင်တာတော့မလုပ်ပါနဲ့ ညီမလေးရယ်၊ မမကညီမလေးရဲ့ ချစ်သူဆီသွားကိုသွားတွေ့ရမယ်ဆိုတာကတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွယ်၊ သေသေချာချာ စဉ်းစားကြည့်ပါဦး ညီမလေးရယ်၊ ပြီးတော့ညီမလေးချစ်သူက အဲဒီအကြောင်းသိသွားရင် ညီမလေးကို စိတ်ခုသွားမှာပေါ့ကွယ် ”

“ ဟင့်အင်း၊ ဟင့်အင်း သူဘယ်နည်းနဲ့မှ မသိနိုင်ပါဘူးမမ၊ သူ့ကိုလည်းညီမလေးမှာ အစ်မတစ်ယောက်ရှိတယ်ဆိုတာပဲ ပြောဖူးတာ၊ မမနဲ့ညီမလေး အမြွှာညီအစ်မဖြစ်တယ်ဆိုတာရယ်၊ ရုပ်ချင်းခွဲမရအောင်တူတယ်ဆိုတာရယ်၊ တစ်ခါမှ ညီမလေးသူ့ကိုမပြောပြသေးပါဘူး၊ မမကိုတွေ့ရင် ညီမလေးလို့ပဲသူထင်နေမှာပါ၊ ဘာကြောင့်ဒီလိုလုပ်ရသလဲဆိုတာကိုလည်းမမကိုညီမလေးပြောပြပါ့မယ်၊ညီမလေး

www.burmeseclassic.com



ရဲ့ချစ်သူကိုသူရဟာ ရုပ်ရည်ရူပကာ ချောမောသလောက်စိတ်ထားက မြင့်မြတ်ပါတယ်။ ညီမလေးအပေါ်မှာ ဘယ်တော့မှသစ္စာမဲ့တဲ့လူစားမျိုးမဟုတ်ပါဘူး၊ ဒါပေမဲ့တစ်ခုတော့ရှိတယ်၊ သူဘယ်မှာနေတယ်ဆိုတာကိုတော့ ညီမလေးကိုအသိမပေးဘူး၊ ညီမလေးက ဘယ်လိုပဲမေးမေးသူကတော့မဖြေဘူး၊ ညီမလေးကလည်းသိပ်သိချင်တယ်။ အဲဒီအတွက် စိတ်ထဲမှာတအုံနွေးနွေးဖြစ်ခဲ့ရတယ်။ ပြီးခဲ့တဲ့လကွယ်နေ့ညကတော့ သူဘယ်မှာနေတယ်ဆိုတာကို ပြောပါလို့ညီမလေးကအတင်းပဲပူဆာရတော့တာပေါ့။ အဲဒီတော့သူလည်းမနေနိုင်တော့ဘဲ လပြည့်နေ့ကျရင် သူနေတဲ့နေရာကို ခေါ်သွားပါမယ်လို့ညီမလေးကို ကတိပေးလိုက်တယ်။ ခုတော့ညီမလေးက အိပ်ရာထဲမှာလဲနေပြီ။ သူချိန်းတဲ့ဆီကို မသွားနိုင်တော့ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ညီမလေးဘက်ကနောက်တစ်ခါထပ်တွေ့ကြရင် သူဘယ်မှာနေတယ်ဆိုတာကို မေးလို့ရချင်မှရတော့မယ်။ ဒါကြောင့်ညီမလေးကိုယ်စား မမကသူနဲ့သွားတွေ့ပြီး သူနေတဲ့နေရာကိုလိုက်သွားပါ၊ အဲဒါမှညီမလေးအနေနဲ့ သူ့အကြောင်းကိုပိုပြီး ပြည့်ပြည့်စုံစုံသိရတော့မှာပေါ့. . . ”

“ အဲဒီလိုနဲ့ ညီမလေးကအကြောင်းစုံရှင်းပြပြီး ကျွန်မဆီက အကူအညီကို အတင်းအကြပ်တောင်းတော့တာပါပဲ၊ နောက်ဆုံးတော့ ကျွန်မလည်းညီမလေးကိုသနားတာနဲ့ သွားတွေ့လိုက်ရတယ်။အဲဒီလိုနဲ့ ညသန်းခေါင်ယံရောက်ရော ကျွန်မတစ်ယောက်တည်း ရှမ်းကန်တံတားဘက်ကိုထွက်လာခဲ့တယ်၊ လပြည့်နေ့ညမို့လရောင်ကြောင့်မှောင်မည်းမနေပေမဲ့ လူခြေတိတ်ပြီး ဆိတ်ငြိမ်နေတော့ ကျွန်မလေကြောက်လိုက်တာ မပြောပါနဲ့ဆရာရယ်၊ တံတားနားလည်းရောက်ရောဗျပ်စောင်းတီးသံသဲ့သဲ့ကို ကြားရတယ်၊ ညီမလေးရဲ့ချစ်သူကိုသူရဟာတံတားလက်ရန်းပေါ်မှာ ထိုင်ပြီးစောင်းတီးနေတာကို ပုပ္ပင်ထဲကမင်းသားလေးလရောင်အောက်မှာ စောင်းတီးနေသလိုပါပဲဆရာ၊ ကျွန်မလည်းရှို့တွန့်တွန့်နဲ့တံတားလေးအတိုင်း သူဆီကိုလျှောက်သွားတယ်။ အနားရောက်တော့မှ ကိုသူရက ကျွန်မကိုမြင်သွားတယ်။



သူကတော့ ကျွန်မကိုညီမလေးလို့ပဲ ထင်နေတာပေါ့။ လုံးဝမရိပ်မိပါဘူး။ ကျွန်မကတော့လိပ်ပြာမလုံဖြစ်ပြီး ရင်ထဲမှာကတုန်ကယင်ဖြစ်နေတာပေါ့ဆရာရယ်။ ကိုသူရကလည်းချောလိုက်တာမပြောပါနဲ့တော့ဆရာ၊ ကျွန်မလေညီမလေးကိုတောင် မနာလိုဖြစ်မိသေးတယ်။ ရုပ်ချောသလောက် စကားပြောကလည်းသိမ်မွေ့တယ်၊ ဘယ်လိုမိန်းကလေးမျိုးမဆို သူ့ကိုတွေ့ရင်တော့ကျသွားမှာပဲ၊ သူကတော့ ကျွန်မကိုညီမလေးပဲမှတ်ပြီး ချစ်သူတို့သဘာဝအတိုင်းတီတီတာတာပြောနေတာပေါ့၊ ကျွန်မကတော့ သူ့စကားကိုလိုက်ပြီးအမှားမပါသွားအောင်ပိပိရိရိလိမ်ပြီးပြောနေရတယ်၊ ဒါပေမဲ့ ရင်ထဲမှာတစ်မျိုးကြီးဖြစ်ပြီးမနေတတ်မထိုင်တတ်ဖြစ်တာပေါ့၊ အဲဒါကို ကိုသူရရိပ်မိသွားသလားမသိဘူး၊ “သူရယ် ပျော်ပျော်နေစမ်းပါကွယ်....၊ သူ့ကိုကြည့်ရတာဒီနေ့ည တစ်မျိုးကြီးပဲနေမကောင်းလို့လားဟင်၊ နေမကောင်းဖြစ်နေရင်မောင့်မှာ ဆေးပါလာတယ်၊ အဲဒီဆေးကိုသောက်လိုက်ပါကွယ်။ ပြီးတော့မှ မောင်နေတဲ့နေရာကို ခေါ်သွားပါ့မယ်” လို့သူကပြောပြီး လည်ပင်းမှာ ဆွဲထားတဲ့ရွှေကြုပ်လေးကိုဖွင့်ပြီး အထဲကဖြူဖြူမှုန့်လေးတွေကို ကျွန်မလက်ဝါးပေါ်မှာ တင်ပေးလိုက်တယ်။ ဆေးလို့သာဆိုပေမယ့်ပြာတွေလိုပါပဲ၊ ကျွန်မလည်းဘာမှ စဉ်းစားမနေတော့ဘဲ အဲဒီပြာတွေကိုလျက်လိုက်တယ်ဆိုရင်ပဲ ရုတ်တရက်ခေါင်းထဲမှာမိုက်ခနဲဖြစ်သွားပြီး သတိလစ်သွားတယ်”

“ သတိပြန်ရလာလို့ မျက်လုံးကိုလည်းဖွင့်လိုက်ရော၊ ကျွန်မမျက်နှာကိုမိုးပြီးပြုံးပြုံးလေးကြည့်နေတဲ့ ကိုသူရကိုတွေ့လိုက်ရတယ်။ သူ့အဝတ်အစားကတစ်မျိုးဖြစ်နေတယ်၊ ပြောင်ပြောင်လက်လက်ပြီးပြိုးပြက်ပြက်နဲ့ ဇာတ်ထဲကမင်းသားတွေ ဝတ်တဲ့အတိုင်းပဲ၊ သူဝတ်ထားတဲ့အဝတ်တွေကပိုပြီးလှတယ်။ သူနဲ့သိပ်လိုက်တယ်၊တကယ့်ကိုမင်းသားလေးကျနေတာပဲဆရာ လှလိုက်တာမပြောပါနဲ့တော့..”

“ ကျွန်မလည်းသူ့ကိုမြင်လိုက်တာအံ့သြသွားတာပေါ့၊ဒါတင်ဘယ်ဟုတ်သေးမလဲဆရာရယ်၊ ကျွန်မရောက်နေတဲ့နေရာကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖန်ရောင်မှန်ရောင်တွေ တဖိတ်ဖိတ်တောက်နေတဲ့ခန်းမဆောင်ကြီးထဲမှာဖြစ်နေတာကိုးဆရာရဲ့၊ နန်းမဆောင်ကြီးထဲရောက်နေသလိုပါပဲ။ ယိုးဒယားကနုတ်ပန်းတွေ ထွင်းထုထားတဲ့ရွှေတိုင်လုံးကြီးတွေကလည်း နေရာအနှံ့ပဲ၊ အဲဒီရွှေတိုင်လုံးကြီးရဲ့ဘေးမှာလည်းရာဝင်အိုးအရွယ်လောက်ရှိတဲ့ငွေအိုးကြီးတွေရှိတယ်။ အထဲမှာထည့်ထားတဲ့ကျောက်သံပတ္တမြားတွေကလည်း မို့မောက်ပြီးအိုးတွေရဲ့အပြင်ဘက်ကိုတောင် လျှံပြီးကျနေတယ်.....၊ ကျွန်မအံ့သြလွန်းလို့ ကြောက်စိတ်လန့်စိတ်တွေတောင် ဘယ်ရောက်နေသလဲမသိပါဘူးဆရာရယ်၊”

ဘယ်လိုနေရာမျိုးရောက်ပြီး သူ့ကိုဘယ်သူလို့မေးကြည့်မလို့ဘဲ၊ ဒါပေမဲ့ကျွန်မမေးရဲတာနဲ့ မမေးတော့ဘဲနေလိုက်တယ်။ သူကလည်းအဲဒီအကြောင်းနဲ့ ပတ်သက်ပြီးကျွန်မကိုဘာတစ်ခွန်းမှမပြောဘူး၊ ကျွန်မကိုဘယ်လောက်ချစ်ကြောင်းစွဲလမ်းကြောင်းတွေ ကိုခရေရေလွှတ်တတွတ်တွတ်နဲ့ စီကာပတ်ကုံးပြောနေတာပဲ၊ သူကတော့ကျွန်မကိုညီမလေးလို့ပဲ ထင်နေတာပေါ့။

အစားဝင်ပြီးအယောင်ဆောင်နေတဲ့ ကျွန်မကလည်းသူရိပ်မိသွားမှာ စိုးလို့ချစ်သူတို့ သဘာဝအတိုင်းတီတီတာတာနဲ့ ကန့်ကလျှပြန်လုပ်ရတာပေါ့ ဆရာရယ်၊ အမှန်တိုင်းပြောရရင်တော့ကျွန်မဟာ ယောကျ်ားလေးတစ်ယောက်နဲ့ဒီလို ပူးပူးကပ်ကပ်မနေခဲ့ဖူးတဲ့အပြင် ကိုသူရလို လူချောလူလှတစ်ယောက်နဲ့ တွေ့ထိကြည်နူးနေရတော့ ညီမလေးရဲ့ကိုယ်စားအယောင်ဆောင်နေရတယ်ဆိုတဲ့အသိတောင်မရှိတော့ပါဘူး၊ ကျွန်မလေသူ့ကိုတကယ်ချစ်၊ တကယ်စွဲလမ်းသွားတယ်၊ နားနဲ့မနာ၊ ဖဝါးနဲ့နာပါဆရာ၊ နောက်ဆုံးတော့ကျွန်မဟာကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ သူ့အလိုကျလိုက်ပြီး အချစ်နယ်ကျွံသွားမိတယ်၊ အဲဒါနဲ့ မိုးလင်းခါနီးကျတော့တံတားပေါ်မှာတုန်းကလိုသူက ကျွန်မကိုပြာမှုန့်တွေကျွေးပြန်တယ်၊ ကျွန်မလည်းအဲဒီပြာမှုန့်တွေကို လျှာပေါ်တင်လိုက်တာနဲ့ တစ်ပြိုင်နက်တည်းမှာ သတိလစ်သွားပြန်တယ်။ သတိရလို့မျက်လုံးဖွင့်လိုက်



တော့မှ ကျွန်မတို့အိမ်ရဲ့ခြံတံခါးပေါက်မှာ ရောက်နေတာကိုးဆရာရဲ့၊ ဒီတော့ကျွန်မလည်း ကြီးကြီးမေမသိအောင် အိမ်ပေါ်ထပ်ကိုတိတ်တိတ်လေးတက်ပြီးကိုယ့်ကုတင်ပေါ်မှာကိုယ်အသာလေး အိပ်နေလိုက်တယ် ”

“ မနက်မိုးလင်းတော့မှ ညီမလေးကိုနှိုးပြီးညကဖြစ်ပျက်ခဲ့တဲ့အကြောင်းကိုတော့ထိန်ချန်ထားလိုက်ရတာပေါ့ဆရာရယ်၊ ညီမလေးလည်း ကျွန်မစကားကို မျက်လုံးလေးဝိုင်းပြီး တအံ့တသြနားထောင်ရှာတယ်၊ နောက်တော့ကျွန်မစကားလည်းဆုံးရော ညီမလေးလည်းဝမ်းနည်းပက်လက်ဖြစ်ပြီး ချုံးပွဲချငိုပါလေရော၊ ကျွန်မလည်း ဘာမှမတတ်နိုင်ဘူး၊ ဘယ်လိုဖြေသိမ့်စကားပြောရမယ်ဆိုတာတောင်စဉ်းစားလို့မရဘူး။ ညီမလေးကတော့ သူအင်မတန်ချစ်ခင်စုံမက်ခဲ့ရတဲ့ချစ်သူဟာ ဥစ္စာစောင့်ဆိုတာ သိလိုက်ရလို့ဝမ်းနည်းပက်လက်ဖြစ်နေရှာတယ်။ နောက်ရက်တွေမှာတော့ ညီမလေးပြန်နေကောင်းလာတယ်၊ ဒါပေမဲ့ မစားနိုင်၊ မအိပ်နိုင်၊ တမှိုင်မှိုင် တတွေတွေနဲ့ပေါ့။ အဲဒီနောက်ပိုင်း ကျွန်မနဲ့ညီမလေးဟာ ကိုသူရအကြောင်းနဲ့ ပတ်သက်ပြီးဘာတစ်ခွန်းမှမပြောမိကြဘူး၊ ဒီလိုနဲ့နောက်လကွယ်နေ့ကျတော့သန်းခေါင်လောက်မှာ ညီမလေးအခန်းထဲကိုကျွန်မဝင်ကြည့်တော့အိပ်ရာပေါ်မှာ ညီမလေးမရှိတော့ဘူး၊ မနက်မိုးလင်းခါနီးမှ ပြန်လာတယ်၊ ကျွန်မလည်းညီမလေးကို ဘာမှမမေးဘဲမသိချင်ယောင်ဆောင်နေလိုက်တယ်၊ ညီမလေးဟာ ကိုသူရတစ်ယောက်ဥစ္စာစောင့်မှန်းသိနေပေမယ့် မပြတ်နိုင်ဘူးထင်ပါတယ်။ ကျွန်မလည်း ညီမလေးကိုမတားရက်ဘူး။ သနားလည်းသနားတယ်၊ ညီမလေးနေရာမှာ ကျွန်မဆိုရင်လည်း ဒီလိုပဲနေမှာပေါ့ ဆရာရယ်၊ အမှန်အတိုင်းပြောရရင်အဲဒီညကစပြီး ကျွန်မလည်းကိုသူရကို စွဲစွဲလမ်းလမ်းချစ်ခဲ့မိပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့အချစ်ကို ရင်ထဲမှာပဲမြှုပ်သိပ်ပြီး ကြိတ်ဆွေးနေရတာပေါ့ ဆရာရယ် . . . ”

အထက်ပါအတိုင်း မခင်မူသည် ကျွန်ုပ်အားယုတ္တိယုတ္တာကင်း

www.burmeseclassic.com



မဲ့လှသော ၄င်း၏အဖြစ်အပျက်အား ခရေစေ့တွင်းကျ ပြောပြနေလေတော့၏။ ကျွန်ုပ်လည်းရိုင်းရာကျမည်စိုးသောကြောင့် အခြေအတင်ပြန်၍မေးမနေဘဲငြိမ်၍သာနားထောင်လိုက်ရလေ၏။ မခင်မူသည် စကားဆုံးသွားသောအခါ၌ တရှုံ့ရှုံ့နှင့်ရှိုက်ငိုပြန်၏။ ကျွန်ုပ်လည်းအငိုရပ်သွားသည်အထိ စိတ်ရှည်ရှည်နှင့် စောင့်ပြီးလျှင် . . .

" မခင်မူ ပြောပြတဲ့အဖြစ်အပျက် အကြောင်းစုံကိုတော့သိရပါပြီ၊ ကျုပ်ကဘယ်လိုအကြံဉာဏ်မျိုးပေးရမှာလဲ မခင်မူရဲ့ . . ညီမလေးကို ဥစ္စာစောင့်နဲ့အဆက်ပြတ်သွားအောင် ပြောဆိုလုပ်ကိုင်ကြည့်ဖို့ အကြံဉာဏ်ပေးရမှာလား" ဟုမေးလိုက်လေ၏။

" ဒီလိုလဲ မဟုတ်ပါဘူးဆရာ၊ ညီမလေးကတော့ ဥစ္စာစောင့်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ကိုသူ့ရကို ပြတ်မှာမဟုတ်ဘူး၊ ဒီလိုလည်း ကျွန်မမလုပ်ရက်ပါဘူး၊ ညီမလေးကို ကျွန်မသိပ်သနားတယ်။ ဒီနေ့အထိ တစ်နေ့မှ မေ့မရဘူးဆရာရယ်၊ ညီမလေးမသိအောင် ကြွေမပျက်နေရပေမယ့် ရင်ထဲမှာ မချိတော့ပါဘူး၊ နောက်ပြီးကျွန်မမှာအဲဒီည ကိုသူ့ရနဲ့ချစ်ခဲ့မိတဲ့အတွက် ကိုယ်လေးလက်ဝန်ရှိနေပါပြီဆရာ၊ အဲဒီတော့ ညီမလေးကိုပဲ ဖွင့်ပြောရမလား။ ဒါမှမဟုတ်အဲဒီအကြောင်းကို ညီမလေးမသိရလေအောင် တခြားဝေးရာကိုကျွန်မထွက်သွားရမလားဆိုတာကို မစဉ်းစားတတ်အောင်ဖြစ်နေပါတယ် ဆရာ "

" မခင်မူရဲ့ပြဿနာက ခက်လည်းခက်၊ ဆန်းလည်းဆန်းတယ်၊ ကျုပ်ကတော့ချက်ချင်းအကြံမပေးနိုင်ဘူးကွယ့်၊ အချိန်ယူပြီးစဉ်းစားပါရစေဦး၊ မခင်မူတို့ညီအစ်မနှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းကသိပ်ရှုပ်နေပြီ၊ ဖြေရှင်းဖို့တော်တော်ခက်တယ်၊ ဒီကြားထဲကိုသူ့ရဆိုတဲ့လူက ဘဝခြားနေတဲ့ဥစ္စာစောင့်ဆိုတော့ ပိုဆိုးနေတာပေါ့ကွာဒါပေမဲ့ မခင်မူတို့ အမြွှာညီအစ်မရဲ့ လက္ခဏာတွေကိုမင်နှိပ်ယူထားချင်တယ်၊ နည်းနည်းပါးပါးလေ့လာကြည့်ရတာပေါ့၊ ညနေကျရင်မခင်မူတို့ အိမ်ကိုကျုပ်လာခဲ့မယ်၊ အဲဒီကျမှမခင်မူရဲ့ညီမလေးကိုလည်း



တစေ့တစောင်းအကဲခတ်ရတာပေါ့၊ ဖြစ်နိုင်ပါ့မလား "

" လာလည်ပါဆရာ၊ ကျွန်မစောင့်နေပါ့မယ်၊ ဒါပေမဲ့ဆရာလာမယ့်အကြောင်းကို ညီမလေးကိုတော့ ကျွန်မမပြောထားဘူး။ တော်ကြာ ကျွန်မကိုတစ်မျိုးထင်သွားမယ်၊ ဆရာ့ဆီကို ကျွန်မလာတဲ့အကြောင်းလည်းမပြောပါနဲ့ဆရာ၊ ကျွန်မရဲ့ သိဟောင်းကျွမ်းဟောင်းတစ်ယောက်အနေနဲ့လမ်းကြုံလို့ ဝင်လာတဲ့ပုံစံမျိုးနဲ့မှဖြစ်မယ်၊ တော်ကြာသူ့အကြောင်းကို ကျွန်မကဆရာ့ဆီသွားပြီးဖွင့်ပြောထားတယ်လို့ သံသယဝင်သွားဦးမယ် "

" စိတ်ချပါ မခင်မူ၊ မခင်မူပြောတဲ့အတိုင်းဖြစ်စေရပါ့မယ်" ဟုကျွန်ုပ်က ဝန်ခံစကားပြောလိုက်ရလေ၏။ ထို့နောက်မခင်မူသည် ကျွန်ုပ်အားနှုတ်ဆက်၍ အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

ညနေစောင်းသို့ရောက်သောအခါ၌ ကျွန်ုပ်သည် ရှမ်းကန်ဘက်သို့တစ်ယောက်တည်း လမ်းလျှောက်ထွက်သွားခဲ့လေတော့၏။ ရှမ်းကန်ဘက်သို့ မျက်နှာပြု၍ဆောက်ထားသော အိမ်များအနက်မခင်မူ၏အိမ်မှာ ပို၍ခမ်းနားထည်ဝါလှပေ၏။ ဥရောပဆန်ဆန်ဆောက်လုပ်ထားသည့်ဆင်ဝင် နှစ်ထပ်အိမ်ကြီးဖြစ်လေ၏။ ခြံဝန်းမှာလည်းအတန်ငယ် ကျယ်ဝန်းပြီးလျှင် ၄င်းအိမ်ကြီးနှင့် လွန်စွာလိုက်ဖက်လှပေ၏။

စေ့ရုံမျှသာ စေ့၍ထားသောခြံတံခါးကြီးအား ကျွန်ုပ်သည်တွန်း၍ဖွင့်လိုက်ပြီးလျှင် ခြံဝင်းသို့ဝင်လိုက်ရာ အခန့်သင့်နှင်းဆီပန်းခူးနေသော မခင်မူအား တွေ့လိုက်ရတော့၏။ နှင်းဆီပန်းခူးနေရာမှခြံတွင်းသို့ ကျွန်ုပ်ဝင်လာသည်မြင်သောအခါ၌ မခင်မူသည် နှင်းဆီပန်းများကို ပွေ့ပိုက်လျက် ကျွန်ုပ်ထံသို့လျှောက်လာလေ၏။ ကျွန်ုပ်၏အနီးသို့ရောက်သောအခါ၌ . . .

" ဘာကိစ္စများရှိပါသလဲရှင် " ဟုဆီးကြို၍မေးမြန်းလိုက်လေ၏။ ထိုအခါကျမှပင် ကျွန်ုပ်လည်း၄င်းမိန်းကလေးအား မခင်မူဟုတ်၊ မခင်သူဖြစ်ကြောင်းသတိပြုမိလိုက်လေတော့၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်က . . ."

" မိန်ကလေးက မခင်မူရဲ့ညီမ မခင်သူမဟုတ်လား" ဟု မေးမြန်း လိုက်လေ၏။

" ကျုပ်ကမခင်မူရဲ့ သိဟောင်းကျွမ်းဟောင်းတစ်ယောက်ပါ။ ပျဉ်းမနားရောက်တုန်း မခင်မူနဲ့တွေ့ရအောင်ဝင်လာတာပါ "

"ကျွန်မအစ်မ မခင်မူဆုံးတာနှစ်နှစ်လောက်ရှိသွားပြီရှင့်" ဟုပြောပြီးငှင်းသည် ကျွန်ုပ်အားမယုံသင်္ကာမျက်လုံးဖြင့်ကြည့်၍နေလေ၏။ ကျွန်ုပ်လည်းငှင်းထံမှ ကြားလိုက်ရသောစကားကြောင့် လွန်စွာအံ့အားသင့်၍သွားပြီးလျှင် . . ."

"သြော် ... မခင်မူဆုံးသွားတာနှစ်နှစ်ရှိမှကိုး၊ ကျုပ်လည်းဘာမှမကြားမိပါဘူးကွယ်၊ ခုလိုကြားရတာ စိတ်မကောင်းလိုက်တာ" ဟုပြောဆိုကာ ခြံထဲမှခပ်သုတ်သုတ်ပြန်၍ ထွက်ခဲ့လေတော့၏။ လမ်းတစ်လျှောက်လုံး၌ ကျွန်ုပ်ထံသို့လာသွားသောမခင်မူ၏ အကြောင်းကိုသာ စဉ်းစား၍နေမိလေ၏။ ဤသို့နှင့်ကျွန်ုပ်တည်းခိုနေသောအိမ်သို့ ပြန်ရောက်သောအခါ၌ အိမ်ရှင်ဖြစ်သူကျွန်ုပ်၏ မိတ်ဆွေကြီးကိုအေးသည် ထမင်းပွဲအဆင်သင့်ဖြစ်၍ ကျွန်ုပ်အားစောင့်၍နေကြောင်းတွေ့ရလေ၏။ ကိုအေးသည် ကျွန်ုပ်ကိုမြင်သည်နှင့်

" ဆရာသမားကို ထမင်းစားဖို့စောင့်နေတာ၊ ကျွန်တော်တော့ဆာလှပြီ " ဟုပြောလိုက်လေ၏။

" ဆာရင်လည်း စားနှင့်ပေါ့ဗျာ၊ ကျုပ်ကပျင်းပျင်းရှိတာနဲ့ ရှမ်းကန်ဘက်ကို လမ်းလျှောက်ထွက်သွားတာပါ၊ ဒါနဲ့စကားမစပ် ခင်ဗျားကို တစ်ခုမေးရဦးမယ်၊ ရှမ်းကန်နားက ဆင်ဝင်နဲ့နှစ်ထပ်အိမ်မြင့်မြင့်ကြီးကို သိတယ်မဟုတ်လား . . ."

" သိတာပေါ့ဗျာ၊ ဆရာသမားက ဘာသိချင်လို့လဲ"

" အဲဒီအိမ်ကြီးက မခင်သူဆိုတဲ့မိန်းကလေးကိုရောသိတယ်မဟုတ်လား"

" သိတာပေါ့ ပျဉ်းမနားမြို့မှာတော့အလှဘုရင်မလေးပေါ့



အစကဆိုရင် အလှဘုရင်မနှစ်ယောက်ရှိတယ်၊ တစ်ယောက်ကသူ့အစ်မလေး၊ ခုတော့တိုက်ဖိုက်ဖြစ်ပြီး ဆုံးသွားတာ နှစ်နှစ်လောက်ရှိသွားပြီ၊ သူတို့နှစ်ယောက်က ရုပ်ချင်းသိပ်ဆင်တယ်၊ အမြွှာညီအစ်မလို့ပြောတာပဲ "

" အဲဒီ နှစ်နှစ်လောက်ဆုံးသွားတဲ့မခင်မူဆိုတဲ့ မိန်းကလေးဟာဒီနေ့မနက်မှာပဲ ကျုပ်ဆီကိုဗေဒင်လာကြည့်သွားသေးတယ် " ကျွန်ုပ်က ပြောလိုက်ရာကိုအေးသည်လွန်စွာအံ့အားသင့်သွားပြီးလျှင်၊

" ဘယ်လိုဆရာသမားရဲ့၊ သေသွားတဲ့မခင်မူက ဘယ်လိုလုပ်ပြီးဗေဒင်လာကြည့်နိုင်မလဲဗျာ ဟုပြန်၍မေးလိုက်သဖြင့် ဇာတ်စုံခင်းပြရလေတော့၏ ထိုအခါကိုအေးက . . .

" ထူးဆန်းလိုက်တာဗျာ၊ ထူးဆန်းလိုက်တာ၊ ဆရာသမားကတော့တွေ့လိုက်မှဖြင့် ဒီလိုအထူးအဆန်းတွေချည်းပဲ၊ ကေန္ဒမခင်မူဟာ ဥစ္စာစောင့်မလေးဖြစ်နေပြီထင်တယ်" ဟုပြန်၍ပြောလေ၏။

" ဒီလိုဗျကိုအေးရ၊ ပြဿနာတစ်ခုကိုသုံးသပ်တဲ့နေရာမှာ ယုတ္တိရှိမှုဆိုတဲ့အချက်ကို လက်မလွှတ်ရဘူး၊ ယုတ္တိရှိတယ်ဆိုတာက သဘာဝမကျတာကိုပြောတာပါ၊ ဒါကြောင့်သဘာဝမကျတဲ့ သုံးသပ်ချက်ဟာ ဘယ်တော့မှ အမှန်နဲ့မနီးစပ်ဘူး၊ လွန်ခဲ့တဲ့နှစ်နှစ်ကသေသွားတဲ့မခင်မူဟာ ကျုပ်ဆီကို ဘယ်နည်းနဲ့မှမလာနိုင်ဘူး၊ ဥစ္စာစောင့်မဘဝလေးနဲ့လာတယ်လို့ ယူဆရင်လည်း သဘာဝမကျဘူး၊ ယုတ္တိမရှိဘူး၊ အဲဒီတော့ ကျုပ်ဆီကို မနက်ကလာတာဟာ မခင်သူပဲဖြစ်ရမယ် "

" ဒီလိုဆိုရင် မခင်သူက ဆရာသမားကို သက်သက်မဲ့လာသိုမ့်တယ်လို့ပြောချင်တာလား၊ ကျွန်တော်သိရသလောက်တော့ မိန်းကလေးဟာ တည်တည်တံ့တံ့ကျေ့နွေ့ရရလေးပါဗျာ၊ ရွှတ်နောက်နောက် အစားထဲကမဟုတ်ပါဘူး "

" မထင်နဲ့ဗျို့၊ တစ်ချို့ကတစ်သက်လုံး တည်တည်ငြိမ်ငြိမ်နေလာပြီး တစ်ခါတလေ ခပ်တည်တည်နဲ့ရွှတ်နောက်နောက်လုပ်

www.burmeseclassic.com


တတ်တယ်ဗျာ၊ ဒါပေမဲ့ အမှုအရာကတော့ တော်တော်ကောင်းတယ်၊ ရုပ်ရှင်ဘက်များ ဝါသနာပါရင်တော့ ထိပ်တန်းစာရင်းဝင်တဲ့ သရုပ်ဆောင်ကောင်း တစ်ယောက်ဖြစ်လောက်ပါရဲ့ဗျာ၊ မနက်ပိုင်းမခင်မှု အဖြစ်နဲ့ တွေ့ပြန်တော့ အမှုအရာကတစ်မျိုး တတ်ပဲတတ်နိုင်ပါရဲ့ဗျား အံ့ဩပါရဲ့ "

" ဆရာသမားကို သက်သက်မဲ့တော့ လာမနှောက်နိုင်ပါဘူးဗျာ၊ သူ့အတွက်ဘာအကျိုးရှိမှာလဲ "

" ခင်ဗျားပြောသလို လာနှောက်တာမဟုတ်ရင်လည်း မခင်သူဟာ စိတ်ရောဂါဝေဒနာရှင် တစ်ဦးဖြစ်လိမ့်မယ် "

" ဟာဗျာ ဆရာသမားကလည်း ဒီမိန်းကလေးကလူကောင်းပါဗျာ၊ ဒီလိုရောဂါမျိုးရှိနေတဲ့ ပုံစံမျိုးလည်းမဟုတ်ပါဘူး "

" ဒါက ဒ္ဒီလိုရှိတယ်ဗျ၊ ကိုအေးရဲ့ ခင်ဗျားတို့ကျွန်တော်တို့က စိတ်ပညာဆရာတွေလည်း မဟုတ်၊ ဆရာဝန်တွေလည်းမဟုတ်တော့ အဲဒီလိုယဉ်ယဉ်လေးနဲ့ တစ်ခါတစ်ခါ စိတ်ဖောက်တတ်တဲ့ ဝေဒနာရှင်တွေကို အကဲမခတ်တတ်ဘူးဗျ၊ ဒါကြောင့် မခင်သူဟာ ရောဂါဝေဒနာရှိတဲ့ သူတစ်ဦးဖြစ်ရင်လည်းဖြစ်နိုင်တယ်၊ ကဲဗျာ အဲဒီအကြောင်းကို ခေါင်းထဲမှာထည့်မထားနဲ့တော့၊ ဘာမှအကျိုးရှိမှာ မဟုတ်ဘူး၊ အချိန်ကုန်ပြီး ခေါင်းလေးမယ့်ဟာပါဗျာ၊ ထမင်းစားပြီးရင်ဘူတာပြေးပြီး ကျုပ်အတွက်လက်မှတ်ဝယ်ပေးဖို့သာ စဉ်းစားပေတော့ "

"ဘယ်လိုလဲဆရာသမားရဲ့၊ အစကပြောတော့ တစ်လလောက်နေပြီး စာအုပ်ဖြစ်အောင်ရေးမယ်ဆိုဗျ၊ ခုတော့ ချက်ချင်းပဲထပြန်တော့မလား၊ ကေန္တဆရာသမားတော့ ဥစ္စာစောင့်မလေး မခင်မှုကိုကြောက်လို့ လစ်တာနဲ့ တူတယ်"

" ဥစ္စာစောင့်မလေး မခင်မှုကို ကြောက်လို့မဟုတ်ပါဘူးဗျာ ပျဉ်းမနားသူ မခင်သူကို ကြောက်လို့ပါ၊ မဟုတ်တာယုတ်မာတော်လမ်းတွေလာပြောနေရင် ကျုပ်အတွက် အချိန်ကုန်ဦးမယ်၊ ဒါကြောင့်



ရှန်ကုန်ကို ပြန်လစ်ပြေးရတာဗျို့၊ ဒါပေမဲ့ ကျုပ်အတွက်ဝတ္ထုဇာတ်လမ်းလေးတစ်ပုဒ်တော့ ရသွားတာပေါ့" ဟုကျွန်ုပ်က ပြောလိုက်လေတော့သတည်း။

သဇ္ဈေသတ္တာကမ္မသဿက

မင်းသိခ်

---------- ။ ----------

www.burmeseclassic.com

www.burmeseclassic.com

# " ပုလဲမာတရဲ့ အဟံဝန္ဒာမိ "

မောင်ညိုမှိုင်း . . .. သန့်လျှင်

(၁)

ကျွန်တော်တို့ ညီအစ်ကိုသိချင်နေတာ ဟောဒီလောကမှာ တစ်ချက်ပဲရှိသည်။

အဲဒါက . . .

အမေ . . . ဘယ်ဘုံဘဝကို ရောက်နေသလဲ . . .

အမေ . . . ဘယ်ဘုံဘဝကို . . ရောက်နေသလဲ . .

(၂)

မြို့နယ်မှာကျင်းပပြုလုပ်သည့် မဟာသင်္ကြန်သံချပ်ပြိုင်ပွဲ . . ဆုယူအပြီး . . . အိမ်ကို အမောတကောပြန်ရောက်တော့ . . . အမေဆုံးသွားပြီ . . . ကျွန်တော်တို့ညီအစ်ကို မောင်နှမများ အဆွေ အလောင်းကို ဖက်၍အားရပါးရအော်ဟစ်ရှိုက်ငိုကြသည် . . .။ အမများက လူးလှိမ့်၍ ငိုကြသည်။

အမေ . . .

အမေ . . .

အမေ့သားတွေနဲ့ . . . ဘယ်ခွဲချင်မှာလဲ . . " ကမ္ဘာတည် သရွေ့ မျက်စေ့အောက်က အပျောက်မခံအတူနေချင်တာပေါ့သား ရယ် . . . ဟော့ဒီမြေးတွေသာ အနားမှာရှိရင် . . . အမေ့ဘဝငြိမ်း ချမ်းပြီး . . . နှပျိုနေမှာပဲ . . . လို့ . . . မကြာခဏတဖွဖွပြောခဲ့တဲ့



အမေ . . .

ခုတော့ . . . သူ့ရင်နှင့်အမျှချစ်ရသည့်သားသမီးများ . . . မြေးအနှစ်များကို ခွဲ၍ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပြီ . . . ။မြေးများ က " ဖွားဖွားကြီး . . ထ . . ထ . . " ဟုလှုပ်နှိုးပြီး . . . ငိုကြသည် . . ခုတော့ . . . အမေ့ထာဝရဥ် အသက်ရှင်နေချင်တဲ့ ကမ္ဘာပေါ်မှာ . . . အမေ့ရင်သွေးမျိုးဆက်များ . . . မျက်ရည်ရှာတည်ခဲ့ကြပြီ . . .

" ကိုင်း . . ကိုင်း . . ငိုနေလို့ . . မပြီးဘူး . . ညိုမှိုင်းရေ . . ။ မြေကျဖို့ကိစ္စလုပ်ရမယ်၊ သက်ပျောက်ဆွမ်းကိစ္စစီစဉ်ရမယ်၊ ခုလောလောဆယ် . . လူငယ်တွေကိုစု . . ကန္နားဖျင်းထိုးဖို့လုပ်ကြ၊ ဝါးကပ်လုပ်ကြ၊ ပြီးရင် . . အလောင်းကိုရေချိုးပြီး . . လုပ်စရာရှိ တာတွေဆက်တိုက်လုပ်ရမယ်၊ အားလုံးငိုတာရပ်ကြဟေ့ . . လူမှန်ရင် . . သတ္တဝါမှန်ရင် . . သေမျိုးချည်းပဲကွဲ့ . . ရပ်တော့ "

ဦးလေးသာဉာဏ်က လူကြီးပီပီ . . . ပြောဆိုဖြောင်းဖျတော့ မှ . . . ၊ အိမ်နီးနားချင်းသက်ကြီးဝါကြီးများကလည်း ဝိုင်းဝန်းနားချ တရားပြကြမှ . . . ၊ ကျွန်တော်တို့ မျက်ရည်မိုးအရှာ ရပ်ခဲ့ကြတော့ သည် . . . ။

မကြာခင် . . . သူငယ်ချင်းများ အိမ်နီးနားချင်းများရောက် လာကြပြီး . . . ဦးတိုးကြီးဝါးဆိုင်သွား၍ ဝါးသွားယူကြ၊ မြေကျင်းတူး ကြ . . . ၊ ကန္နားပျင်းထိုးကြ . . . ။

" အောက်ခံကပ်လုပ်ရအောင် . . . ဝါးရှိလားဟေ့ . . . ညိုမှိုင်း . . . "

" ရှိတယ် . . . ဦးအုန်းမောင် . . . နောက်ဖေးမှာ ဝါးရုံရှိတယ် . . . ဘယ်နှစ်လုံးလဲ . . . "

" သုံးလုံးလောက်ဆို ရတယ်ကွ . . . "

" ဒါဆို . . . လာဗျာ . . . "

ကျွန်တော် . . ဓါးမတစ်ချောင်းယူ၍နောက်ဖေးဝါးရုံ သို့ထွက်လာခဲ့လိုက်ကြသည် . . . သည့်နောက် . . . ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ဝါးရုံမှ ဝါးတစ်လုံးကို စခုတ်သည် . . .၊ ဦးအုန်းမောင် နေကြပါ ခုတ်ပေးမယ် . . ဆိုသော်လည်း . . . လူကြီးမို့ အားနာလှသည်ကလည်းတစ်ကြောင်း . . .၊ ကျွန်တော်ချစ်သော အမေ . . . သားအားလုံးထဲမှာ သားကြီးဩရသ ကျွန်တော်ကို အလွန်ချစ်ရှာသော အမေ့ဈာပန ကိစ္စမှာ ကျွန်တော်ချွေးသွေး မျက်ရည်များဖြင့် . . . လုပ်ပေးချင်သည် . . .၊ သို့ရာတွင် . . .

ဝါးအခြေကို ဓါးမနှင့် ဘယ်ညာထစ်၍ခုတ်လိုက်သည် . . . ဘယ်ချက်မဟိုင်ခင် ဝါးတစ်လုံးလဲကျသွား၍ . . ကိုအောင်ညွှန့်ဦးနှင့်ခင်ရွှေက ဝါးကိုဆွဲထုတ်ပြီး . . . ကိုင်းဖျားကိုင်းနားများတပ်လိုက်သည်။ ဒုတိယမြောက်ဝါးကို ခုတ်လိုက်တော့ . . . ဝါးကမပြတ်ပဲ လဲကျ၍ ဝါးရုံကြားညှပ်နေ၍ ဆွဲထုတ်လို့မရသည့်အဆုံး၊ လူတစ်ရပ် အမြင့်မှန်း၍ သုံးလေးချက်ပိုင်းချလိုက် သောအခါ . . . ဝါးကရုတ်ချည်းပြတ်ပြီး ကျွန်တော်ခြေဖမိုးပေါ် . . . တစ်ပိုင်းထိုးစိုက်ကျလာတော့သည်။

" အား . . . အ . . အ . . "

" ဟ . . . ဟ . . . ဝါးပိုင်းထိုးမိသွားပဟ . . . "

" အား . . . ကျွတ် . . ကျွတ် . . လုပ် . . ပါ . . ဦးဗျာ . . . အား . . . "

ဝါးပိုင်းစအချွန်က ခြေမနှင့်ခြေညှိုးကြားမှာ စူးဝင်နေရကား . . . ကိုအောင်ညွှန့်ဦးနှင့်ခင်ရွှေက ဝါးကိုင်းကိုမပြီး . . ခြေထောက်ကိုထုတ်ခိုက်လိုက်သောအခါ . . . ခြေထောက်မှ နီရဲသောသွေးများ တားမနိုင်အောင် ထွက်လာသည်။ နောက်ဆုံး ဆေးခန်းသို့ ဆိုက်ကားနှင့်ပြေးပြရတော့သည်။ ဆေးခန်းမှ အိမ်ပြန်ရောက်တော့ . . . ခြေထောက်မှ ပတ်တီးကြီးနှင့် . . . ထော့နှင်းထော့နှင်း။ ညီအစ်ကိုမောင်နှမများက နာရေးဖြစ်နေချိန်မှာ သွေးထွက်ဒဏ်ရာရသဖြင့် . . စိတ်မကောင်းကြ . . . ၊ ညှော်မိမှာ . . . အပုတ်နာကိုင်မှာ စိုးရိမ်ကြသည်။



ကျွန်တော်ကား . . . ချစ်သောအမေ့ကိစ္စအတွက် . . . မျက်ရည် သာမက . . . သွေးပါဖြိုင်ဖြိုင်ကျခဲ့ရ၍ ဝမ်းမနည်းသည့်အပြင် . . . ဝမ်းတောင်သာလိုက်သေးသည် . . .၊

သည့်နောက် . . . လူကြီးများက ဝါးခွဲ၊ ကပ်ပြင်၊ အမေ့အလောင်းကို ရေချိုး၊ အမများက အဝတ်အစားလဲ . .။ အမေ့မျက်နှာကို အမေကြိုက်သည့် ရှင်မတောင် သနပ်ခါးထူထူလူးပေးပြီး . . နောက်ဆုံးကပ်ပေါ်မှာ ဟင်း၍ ခြုံနေကျ စောင်လေးကို လွှမ်းခြုံပေးခဲ့လိုက်ကြသည်။

" ဩော် . . . အမေ . . . အမေ . . .

သေတယ်လို့ မထင်ရ . . .

တစ်ရေးတစ်မော . . . အနားယူ အိပ်စက်နေတယ်လို့ . . ထင်ရပါလား . . . အမေ "။

× × × × ×

(၃)

အမေ့ဈာပနာ ပြေကျရက်လည်ပြီး၊ နောက်ပိုင်း . . ဒုက္ခရောက်ခဲ့ရသည်ကား ကျွန်တော်ပဲဖြစ်သည်။ နာရေး(၇)ရက်လုံး . . ခြေထောက်က ဒဏ်ရာကို ဥပက္ခာပြု၍ ပြေးလိုက် လွှားလိုက်မျိုးစုံ မနေမနားလုပ်ခဲ့သဖြင့် . . . ခြေထောက်ဒဏ်ရာပုဆိုးဝါးလာခဲ့တော့သည်။ ပတ်တီးကြီးမှာ အနာက ရိနေ၍၊ နံနေ၏။ ဆေးခန်းပြန်သွားဆေးထိုးဆေးသောက်လုပ်ပါသော်လည်း . . . ဆေးဖိုးကုန်၍ရက်သာ အတန်ကြာခဲ့ရသည်။ အနာမပျောက် . . .၊ နောက်ဆုံးမှုပြီး အဖုကြီးဖြစ်ကာ . . . ခြေထောက်၍မရတော့ . . . ခွင်ကိုင်းကြီးဖြစ်နေရတော့သည်။

သို့နှင့် အလုပ်မှ ခွင့်ယူထားလိုက်ရသည်၊ ခွင့်လိုသာ ပြော

www.burmeseclassic.com



သော်လည်း နေ့စားအလုပ်မို့ မဆင်းနိုင်တော့ နေ့တွက်မရ . . .၊ လက်ကျန်ငွေလေးလည်း ဆေးကု၍ ကုန်သလောက်ရှိပြီး၊ ကလေးတွေလည်း ကိုယ်တိုင်ဈေးမသွားနိုင်၍ ဖြစ်သလိုစားနေကြရသည်။

" အမေအသက်ထင်ရှားရှိနေတုံးက . . . အိမ်မှာ ဟင်းရှိရှိ . . . မရှိရှိ . . ၊ အမေက ခေါင်းရင်းအိမ်ကနေ . . သား . . လူလေးကြီး . . . မောင်မှိုင်း . . . လာခဲ့ဦး . . . ဟေ့ . . "လို့ခေါ် လိုက်လျှင် . . . ကလေးများက ဝမ်းသာကြပြီ . . ။ အမေဟင်းတစ်ပန်းကန် ခေါ် ပေးပြီတန်းသိကြသည်။ . . အမေ့ဟင်းချက်လက်ရာသည် . . မြေအိုး နှင့်ချက်သည့် . . ထင်းမီးလက်ရာဟင်းမို့ . . မြေအိုးမီးသင်းရနံ့လေး နှင့် ဘာဟင်းဖြစ်ဖြစ် စားလို့အရသာရှိသည်။

ညီနှင့်အမေသည် အတူနေ၏။ ကျွန်တော်ကခြေရင်းအိမ်မှာ သားသမီးလေးယောက်နှင့်နေ၏။ ဇနီးသည်လည်းမရှိ၊ ဒ်ိမ်ထောင်ကတာရားဝင်ကွဲသွားခဲ့ပြီ . . . ၊ ညီလေးလုပ်သူ မောင်စံကြည် ရန်ကုန်အလုပ်မှာ ညအိပ်ရလျှင် . . . အမေက သူ့မြေးများကို ခေါ်၍ ညဘက် ကျန်ဟင်းထမင်းများကို ခေါ် ကျွေးသည် . . ။

မြေများအားရပါးရ စားနေသည်ကို ကြည့်၍ လက်တစ်ဘက်က ပုတီးစိပ်ရင်း တပြုံးပြုံးကြီး ကျေနပ်ပီတိဖြစ်နေတတ်၏။ အဲဒါ . . . တစ်နေ့ထဲမဟုတ် နေ့စဉ် အမေ့ရဲ့စေတနာ . . ။

ကျွန်တော် အကြောင်းကိစ္စတစ်ခုဖြင့် . . . အကျဉ်းကျနေတော့ အသက်(၇၀)ကျော် အမေ . . ရုံးထုတ်တိုင်း လာတွေ့ရှာသည်။ သန်လျင်မှာ ခဏနေစဉ်ကလည်း . . . အချုပ်ထဲ ထမင်း နေ့စဉ်လာပို့ရှာသည်။

" အမေ . . . မလာနဲ့ အမေရာ . . ကျွန်တော် အချုပ်ထမင်း အချုပ်ဟင်း စားနိုင်ပါတယ် . . "

" အို . . စားနေကျမှ မဟုတ်တာ . . တော်ကြာလဲနေမှ ဖြစ်ဖို့ကွယ် . . "

" အမေလာရတာ ပြီးတော့ပင်ပန်းတာပေါ့ . . "



" ငါ့သားအတွက်ဆို . . . အစိစိပဲ . . ထမင်းထုပ်ပို့ရပို့ရ . . . အမေမပင်ပန်းဘူးစိတ်ချ " ကဲ . . အဲဒီလိုကို သားကိုချစ်တဲ့ . . အမေ။ ဟော . . ရန်ကုန်ရောက်တော့လည်း . . ရန်ကုန်ပဲခူး မြစ်ကိုမိုးကြီးလေကြီးထဲ . . . သင်္ဘောနှင့်ကူးလာပြီး . . . ထောင်ဝင် စာလာတွေ့သည် . . ၊ စားစရာလေးများ လာပို့ရှာသည် . . . ထောင်ဝင်စာ အချိန်စေ့၍ ပြန်လျင် မျက်ရည်လည်ရွဲ နှင့် . . . "

လင်ကွဲမယားကွဲ . . အလုပ်မရှိ . . ဒုက္ခရောက်တော့လည်း . . . တစ်အိမ်သားလုံးကို တင်မကျွေးထား ယုံတစ်မယ် . . . ကျန်းမာရေးကအစ သားရောမြေးများကိုရော စောင့်ရှောက်ခဲ့သည် . . ။ နေမကောင်းဖြစ်လျှင် . . . တစ်ထွာခန့်ရှိသော . . နှီးဖါ ကလေးကို ယူပြီးညဥ့်နက်သန်းခေါင် အိမ်ဘက်ကူးလာကာ ဖါထဲမှ မြန်မာဆေးမျိုးစုံ ထုတ်၍တိုက်သည်၊ လူးသည်၊ ပြီးတော့ ပိန်ခြောင်းခြောင်းလက်အစုံဖြင့် နှိပ်ပေးသည်။ ကျွန်တော် အိပ်ပျော်မှ စောင်ခြုံပေးခဲ့ပြီး . . . သူ့အိမ်သူပြန်သည် . . .

ခုနေ . . . အမေသာရှိရင် . . .

ကျွန်တော် . . တောင်ဝေ့နှင့် အားပြုလမ်းလျှောက်နေရ၏။

တစ်နေ့သောအခါ . . . သီလရှင်အဖွားအို တစ်ဦး အိမ်ရှေ့မှာ အလှူခံလာရပ်သည်၊ ကလေးများကျောင်းသွားနေ၍ ကျွန်တော်က တောင်ဝေ့အားပြုပြီး . . . ငွေငါးကျပ်လှူလိုက်သည်။

ဒီမှာ သီလရှင်အမယ်အိုက . . ခြေထောက်ကြီး . . အနာမြုံရောင်ကိုင်းနေသည်ကို မြင်သွားပြီး ဂရုဏာသက်စွာဖြင့် ဖြစ်စဉ်ကို မေးသည်။ ကျွန်တော်က . . . အမေ့ဈာပနကိစ္စမှာ ဖြစ်ခဲ့ရသည့် အဖြစ်အပျက်ကို ပြန်ပြောပြလိုက်တော့ . . . ။

" အို . . ကျွတ်ကျွတ်ကျွတ် . . . ဒါ . . နာရေးကိုင်တဲ့ အနာလို့ခေါ်တယ် ဒကာကြီးရဲ့ . . ၊ ရိုးရိုးအနာရှိရင်တော့ မြန်မာ လူမျိုးက အရေးမထားကြဘူး . . သွားရင်းလာရင်း အနာရင်းရော . . ဒကာကြီးက ပိုဆိုးတာပေါ့ . . . ဒီလိုလုပ် . . . အဘွားအကြံ

www.burmeseclassic.com

www.burmeseclassic.com


ပေးမယ် . . လုပ်ကြည့်စမ်း . . . "

" ပြောပါ . . အဘွားပြောပါ . . "

" ဒီအနာရောဂါ . . ဒဏ်ကြီး . . အမေ့ကံစွအတွက်ဖြစ်ရတာတကယ်မဟုတ်လား . . "

" ဟုတ်ကဲ့ . . . ခင်ဗျာ . . . "

" မနက်ကျီးမနိုးခင် အိပ်ရာကထ၊ ရေသန့်သန့်တစ်ဖလားခပ်ကိုင်ထား။ ပြီးရင် ခြံစည်းရိုးအပြင် ထွက်ပြီး . . . ကွယ်လွန်သူမိခင်ကြီးရဲ့ ဝိညာဉ်ကိုခေါ်လိုက် . . . သုံးကြိမ်သုံးခါခေါ်နော်။ ပြီးရင် . . . . အမေ . . . အမေ့ကံစွအတွက် . . သားကြီးမှာ ထိခိုက်ဒဏ်ရာရခဲ့ပါတယ် . . . ဆေးဝါးများဖြင့်ကုသပါသော်လည်း . . . မပျောက်ပဲ ခံစားနေရပါတယ်။ ဒါကြောင့် . . . အမေကိုယ်တိုင်ကြွရောက်ပြီး . . . ရေစင်များချီးမြှင့်၍ . . . ကုသပေးပါလို့ . . . ပြော . . .။ ပြီးရင် မိခင်ကို အမျှပေးဝေ . . . ကိုင်း . . ၊ အဘွားသွားမယ် . . "

" ဟုတ် . . ဟုတ်ကဲ့ . . . အဘွား . . ကျေး . . ကျေး . . ဇူး . . တင် . . တင် . . ပါတယ် . . အဘွားရယ် . . . သားလုပ်ဖြစ်အောင် လုပ်ပါ့မယ် ခင်ဗျာ . . . . . . "

(၄)

နောက်နေ့ . . . ကျီးမနိုး . . မိုးမလင်းခင် . . . အိပ်ရာကစောစောထ။ ကြေးဖလားနဲ့ ရေသန့်သန့်တစ်ခွက် ခပ်ယူပြီး . . . ခြံစည်းရိုး အပြင်ကို ထွက်လိုက်သည်။ ညဉ့် နံနက်ပိုင်းသည် . . . လေတိုးသံမှ တစ်ပါး ငြိမ်သက်လို့ . . . ၊ အရှေ့ဘက်ကောင်းကင်မှာ အာရုဏ်က မစို့မပို့ ပြူထွက်စပြုနေပြီ . . .။



ကျွန်တော်ကြေးရေဖလားကို လက်အစုံနှင့် ကိုင်မြှောက်[…]က်ပြီး . . .

" . . . ဘဝတစ်ပါးသို့ . . . ပြောင်းရွှေ့ထွက်ခွာသွားသည့် . . . အမေ . . ဒေါ်မြရီခင်ဗျား . . . ၊ အမေ့ဝိညာဉ်ကို လက်စုံမိုးရှိခိုး . . . သားကြီး . . . ဖိတ်ခေါ်ပါတယ် . . . သားရှိရာကိုကြွရောက်ပါအမေ . . . ကြွရောက်ပါ . . . အမြန်ကြွရောက်လှဲ့ပါအမေ . . . ခင်ဗျာ . . . . "

ဒီအချိန်မှာပဲ . . . ကျွန်တော်ဦးခေါင်းကို တစ်စုံတစ်ဦးလက်[…]င့် အသာတို့ပုတ်လိုက်သလိုခံစားလိုက်ရလို့ . . ကြက်သီးတွေ[…]န်းကနဲ ထသွားပါရောဗျာ . . ၊ ဒါမျှမက . . . ကျွန်တော့်အမေ[…]ညာဉ်များရောက်နေသလား . . မသိဘူး . . ။

အစကနဦး ရင်ထဲမှာ ကြောက်သလိုလိုဖြစ်နေပေမဲ့ . . . […]ဒါဟာ . . ငါ့ရဲ့အမေ . . ကွယ်လွန်သူ ငါ့အမေဖြစ်နိုင်တယ်လို့ . . […]လုံးပိုက်ယူပြီး . .

" အမေ . . . သားလေ . . အမေ့ဈာပနအတွက် ဝါးခုတ်ရင်း[…]ါးစထိုးမိလို့ . . . ခြေထောက်မှာဒဏ်ရာ . . ရခဲ့ရပါတယ် အမေ . . ။ အဲဒီအနာဒဏ်ရာကို ဆေးဝါးအမျိုးမျိုးနဲ့ ကုသခဲ့ပေမဲ့ . . မပျောက်[…]နိုင်ဘဲ . . အခု . . ဝေဒနာပြင်းစွာ ခံစားနေရပါတယ် . . . ဒါကြောင့် . . ခါတိုင်း . . အမေကုသပေးနေကြအတိုင်း . . ယခုလည်း . . . ရေစင်များ အမေကိုယ်တိုင်ချီးမြှင့်ပြီး . . . ရောဂါပျောက်[…]အောင်ကုသပေးပါ အမေခင်ဗျား . . . အမေလည်း ကောင်းရာသု[…]ဂတိဘုံမှာ စံမြန်းရောက်ရှိနိုင်ပါစေ . . . . . "

အဲဒီလို ပြောဆိုပြီး . . . ရေဖလားကိုကိုင်လို့ အတန်ကြာ[…]လင့်နေချိန်မှာပဲ . . ရေခွက်ထဲကို တစ်စုံတစ်ခု ပြုတ်ကျလိုက်သည့်အသံမျိုးကြားလိုက်ရပြီး . . . ကျွန်တော်ပခုံးကို နောက်ကနေလက်နှင့် လှမ်းပုတ်သလို ခံစားရတာနဲ့ . . . နောက်ကို ရုတ်ချည်းလှည့်ကြည့်လိုက်တော့ ရိုးရိုးရိပ်ရိပ်လို အရာတစ်ခု ခပ်ဝါးဝါး မြင်လိုက်ရ

www.burmeseclassic.com



ပြီး . . . ပျောက်သွားပါရောခင်ဗျာ . . .

ဒါနဲ့ . . . ရေဖလားကို လည်းငုံကြည့်လိုက်ရော . . .

" အလို . . ရေထဲမှာ . . ကျောက်စရစ်ခဲ ဖြူဖြူလေးတစ်လုံး ပါလား . . "

ဒါဘယ်လို ရောက်လာပါလိမ့် ၊ ကျီးကန်းလည်းချီချကာ မနိုင် ၊ ကျွန်တော်အံ့သြလို့မဆုံးဖြစ်နေတာပေါ့ . . . အံ့သြစိတ်နဲ့ အတူ ရင်ထဲမှာ ဝမ်းသာခဲ့ရတာလည်းပြိုင်တူ ဖြစ်နေသည်။ ဒါနဲ့ . . ယုံယုံကြည်ကြည် လေးလေးစားစားပါပဲ . . ဒါ . . ငါ့အမေကိုယ် တိုင်ကြွရောက်ချီးမြှင့်တဲ့ ဆေးသြသဓရေစင်လို့ ယုံမှတ်လိုက်ပြီး အဲဒီရေစင်ကို အနာခြေထောက်ပေါ် လောင်းချလိုက်ရော . . . "

" အား . . . "

ဘုရားရေ . . . ရေဟာမအေးဘဲ . . ရေနွေးနွေးလို ပူနေပါရောလားဗျာ . . . ဆန်းလှချည်လားဗျာနော် . . ၊ ကျွန်တော် ရေအိုးထဲက ရေအေးအေးကို ခပ်ခဲ့တာ၊ အခုရေနွေးဖြစ်သွားပြီ . . ပိုထူးဆန်းတာက ဖလားကိုင်ထားပေမဲ့ လက်လုံးဝမပူဘဲ . . ရေချည်းပူနေတာပဲဖြစ်သည် . . . အံ့သြစရာကောင်းလှချည့်။

အဲဒီရေစင်ကို အနာပေါ် ဒဏ်ရာပေါ်လောင်းချလိုက်ရော . . . နွေးကနဲ ပူကနဲ ဖြစ်ပြီး စစ်စစ်ဖြစ်လာခဲ့သည် . . . ရေပူဟာ အထက်အောက် စုန်ဆန်ကူးလူးသလို ရှိနေ၏။ ကျွန်တော်က ရေစင် ကိုလက်နှင့်ယူပြီး သပ်ချ၊ လူးချ၊ ဆွဲချ လုပ်လိုက်သည်။ ဘုရား . . ဘုရား . . မျက်စေ့အောက်မှာတင် တစစ်စစ်ကိုက်တဲ့ ဝေဒနာချက် ချင်းပျောက်သွားသလို . . . ခြေထောက်လည်းဆန့်လို့ ကွေးလို့ ရသွားပါရောခင်ဗျား . . . ။

ကျွန်တော်ယုံပြီဗျ . . . တကယ်ကို ယုံကြည်သွားပြီ . . . ။

တစ်နေ့လုံး . . အဲဒီ အမေ ချီးမြှင့်ပေးတယ်လို့ သက်ဝင် ယုံကြည်ထားတဲ့ ဆေးကျောက်ရေစင် ကို သောက်လည်းသောက် . . . လူးလိမ်းသောက်ဖြန်း . . . လုပ်ပေးလိုက်ရာ နေလည်းဝင်ရော



ရောင်ကိုင်းပြီး ထောက်လို့မရတဲ့ ခြေထောက်သည် ပူပေါင်းလေ လျှော့သွားသလို ပိန်ကျပြီး နဂိုခြေထောက်အတိုင်း ဖြစ်သွားတော့ လေသည်။

" ကျွန်တော် . . . ဝမ်းသာအံ့သြလွန်းလို့ . . .

အမေ့ရဲ့ဓါတ်ပုံ အဟောင်းကိုရှေ့မှာ ချပြီး . . ကန်တော့ လိုက်တာ အကြိမ်ကြိမ်ပဲ . . . သားသမီးတွေရော . . . ညီအစ်ကိုမောင် နှမတွေရော . . . အိမ်နီးချင်းဆွေမျိုးများရော၊ အံ့သြကုန်ကြရော၊ ဝမ်းသာကုန်ကြရော . . . ထူးဆန်းလိုက်တာ မောင်မှိုင်းရယ်လို့ . . . ပြောကြရော . . . ၊

အမေ . . . . အမေ . . . . . .

အမေနှင့်သားဘဝတွေ ခြားနေပေမယ့် . . . .

အမေ့ရဲ့ . . . တမလွန်စိတ်ညာဉ်ဟာ . . . သားအပေါ်မှာ ယုံဝမေတ္တာမပျက် ဖြူစင်မေတ္တာနဲ့ ဆက်လက်စောင့်ရှောက်နေတာ . . . ကျွန်တော်အကြွင်းမဲ့ယုံကြည်ပါပြီအမေ . . .

သား . . . တစ်ခုပဲသိချင်တယ် အမေ . . .

အမေ . . . ဘယ်ဘုံဘဝကို ရောက်နေသလဲ . . . ၊

သားစွဲ မြေးစွဲနဲ့ . . . ပြိတ္တာ၊ တစ္ဆေ ဘဝကိုများရောက်နေ သလား . . . ၊

ဒါမှမဟုတ် . . .

ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်တဲ့အမေ၊ ရိုးရာနတ်များ ကို လေးလေးစားစားကိုးကွယ်ပြုခဲ့တဲ့အမေ . . . ရဟန်းသံဃာများ ကို ဝါတွင်းသုံးလပတ်လုံး အပတ်စဉ် နေ့စဉ်မပျက် . . . ဆွမ်းဒါန ပြုခဲ့တဲ့အမေ . . . ဥပုသ်နေ့တိုင်း . . . ကိုး ရှင်ဘုန်းတော်ကြီး ကျောင်းမှာ ဥပုသ်သီလဆောက်တည်လေ့ရှိတဲ့အမေ . . . ကောင်း ရာသုဂတိဘုံများ ရောက်နေရောသလား . . . ၊

အမေ ရေ . . .

ဖြစ်နိုင်ရင် . . .

www.burmeseclassic.com

www.burmeseclassic.com

အမေ . . . ဘယ်ဘုံဘဝရောက်နေတယ်ဆိုတာကို . .
ကိုယ်ထင်ပြပါလားအမေရယ် . . . ဟင် ။

(၅)

တစ်ညပေါ့ဗျာ . . . .

အမေနှင့်အဖေမရှိတော့ . . . ညီအငယ် မောင်စံကြည်
ယောက်ပဲ . . . ခေါင်းရင်းကအိမ်ကြီးပေါ် ကျန်ရစ်ခဲ့သည်၊ အစ်မ
ကအိမ်ထောင်ခွဲဆိုတော့ . . . တစ်ရပ်ကွက်တည်းပေမယ့် .
လမ်းခြားနေကြတာကိုး . . . ။ အနီးမှာဆို ကျွန်နတော်နှင့် .
ကျွန်တော့်အောက် . . . မောင်တရုတ်ကြီးဆိုသူပဲရှိ၏။

ဒီနေ့ ကျွန်တော်တို့ ရိုးရာမြှောက်ဖို့ . . . ကြော်လှော်ခ
ပြုတ်ကြသည်။ ဘုရားပွဲလည်းလဲမည်၊အိမ်တွင်းလည်းလဲမည် .
မနက်စောစောကို အမိရိုးရာ + အဖရိုးရာ နတ်များကို အကြော်
လှော်မုန့်ဖြူ မုန့်နီ အုန်းငှက်ပျောစားဖွယ်များနဲ့ မြှောက်ကြမည်

ဒါက နှစ်စဉ် ဝါဝင်တစ်ခါ ဝါထွက်တစ်ခါ . . . မိဘများရှိ
ကတည်းက လုပ်ခဲ့တဲ့ ရိုးရာဓလေ့ အမေနဲ့အဖေ မရှိပေမ
ကျွန်တော်တို့ . . . ဒါကို ကိုးကွယ်ရာအပြစ်မဟုတ် . . . ။

အစ်ကိုကြီး . . .

" ဘာတုံး . . . ညီလေး "

" ပစ္စည်းတွေကို သေသေချာချာ ဂရုစိုက်နော် . . . ကြေ
လှော်ထားတာတွေ . . . ကြောင်တို့ကြွက်တို့ခွေးတို့ စားသွားမ
. . . အရေးကြီးတယ် . . . "

"စိတ်ချပါကွာ . . . ။ ငါနဲ့တရုတ်ကြီးနဲ့ . . . တစ်လှည့်
စောင့်ကြည့်အိပ်ပါ့မယ်၊ မင်းသာပင်ပန်းနေပြီ . . . အိပ် . .
. . . စိတ်ချလက်ချအိပ် ငါ့ညီ . . ။ "



ဒါနဲ့ . . . ညီလုပ်သူ . . . သူ့အိပ်ခန်းထဲဝင် အိပ်ရော . . .
ကျွန်တော်နဲ့မောင်တရုတ်နဲ့ ကအိမ်ရှေ့မှာ ခင်းကျင်းထားတဲ့ ရိုးရာ
မြှောက်စရာပစ္စည်းများကို စောင့်ကြည့်ပြီး . . . တစ်လှည့်စီအိပ်ကြ
တော့သည်။ ကျွန်တော်က ညဉ့်(၁၂)နာရီအထိစောင့်မှာမို့ . . . .
မောင်တရုတ်က အလျင် အိပ်နှင့်နေပြီ . . . ရသည့်အချိန်လေး . . .
ဘက္ကသိုလ်ဘုန်းနိုင်ရေးသည့် . . . "ကမ္ဘာကုန်ကျယ်သရွေ့ဂယ်" . .
ဝတ္ထုကို ကြမ်းပြင်ပေါ် ပက်လက်လှန်ပြီး . . . ဖယောင်းတိုင်မီးနဲ့
ဖတ်နေလိုက်သည်။

ဝတ္ထုလည်း ကောင်းလိုက်တာ ။ လက်ကကို မချနိုင်ဘူး၊
ည မအိပ်ဘဲနဲ့ကို ပြီးအောင်ဖတ်ပစ်လိုက်မယ်လို့ စိတ်ပိုင်းဖြတ်
လိုက်သည်။

ဒီလိုနဲ့ ညဉ့်သန်းခေါင်လည်းကျော်ရော နောက်ဖေးလမ်းက
ခွေးအူသံ ဟောင်သံများ ကြားရပါရောဗျို့ . . . ၊ ပထမခွေးများက
နောက်ဖေးလမ်းကနေ အူရာက . . . တဖြည်းဖြည်း . . . ဟိုတောင်
ဘက်ခြမ်း အစ်မကြီးမတာင်မြတို့ အတန်းဘက်ရောက်သွားသံ . . .
သဲ့သဲ့ကြားနေရတယ်။ တစ်ခါ . . . ကျွန်တော်တို့လမ်းထဲကို ခွေး
အူသံဟောင်သံတွေများ ဝင်လာပြီး . . . မြောက်ဘက်ခြမ်း . . . ၊
အစ်မ(အညွန့်) တို့အိမ်ရှိရာ ဘက်ကို ရောက်သွားပြန်ရော . . . .
အသံတွေကို ကျွန်တော်ကြားနေရပြန်သည်။

မကြာပါဘူးဗျာ . . . ခွေးအူသံဟောင်သံ အတော်များများ
ဲ ကျွန်တော်တို့ အိမ်ရှိရာဘက်ကို ရောက်လာတော့သည် . . . ၊
ဒလိုလေး . . . အိမ်ရှေ့တည့်တည့်မှာ . . . အူနေဟောင်နေကြ
တာပါလား . . . အူသံဟောင်သံက . . . လူစိမ်းသူစိမ်း ကိုမြင်လို့
ဟောင်တဲ့ အူတဲ့ အသံမျိုးမဟုတ်ဘူးဗျာ . . .

လျှို့ဝှက်ချက်တစ်ခုခုကို မြင်လို့အူတဲ့ ဟောင်တဲ့ . . . အော်
တဲ့အသံမျိုး . . . သို့သော် အသံတွေက မလိုလားလို့ အော်နေတဲ့
အသံ ဟန်ပန်တော့မဟုတ်ဘူး . . ၊ လိုလိုလားလား . . . အံ့အံ့သြ

www.burmeseclassic.com

www.burmeseclassic.com



ဩဖြစ်နေလို့ အူနေဟောင်နေတာမျိုး . . . ။

ဟောဗျာ . . . ခွေးတွေက ချက်ချင်းပဲ ကျွန်တော်တို့ အိမ်ကို ကြည့်ပြီး အူနေဟောင်နေကြပါရောလား . . . ၊ ဘုရား . . ဘုရား . . . ဒီညကျမှ ဘယ်လိုဖြစ်ပါလိမ့် . . . ။

ဟိုနှစ်ယောက်လည်း . . အဲဒီလောက်ဆူညံနေတာတော တုတ်တုတ်ကို မလှုပ်ကြဘူး . . ၊ ဒါနဲ့ စာအုပ်ကို အသာချပြီး . . ခြံဝကိုလှမ်းကြည့်လိုက်ရော . . . အလိုလေး . . ၊

ခြံဝမှာ လူသဏ္ဌာန်လိုလို ရောက်နေပါလား၊ လူကမရဲသေးဘူး၊ သူခိုးလားလူလား ကွဲကွဲပြားပြား သိရအောင် ဝမ်းလျားမှောက်ပြီး ခေါင်းထောင်လို့ အသာအကဲခပ်နေတုံးမှာပဲ . . . လမ်းမီးရေးရေးပြပြနဲ့ မြင်လိုက်ရတာက . . . လူသဏ္ဌာန်လိုလို ဝိုးဝိုးဝါးဝါး အရိပ်တစ်ခု ကျွန်တော်ဆီကို တန်းတန်းမတ်မတ် လာနေတာတွေ့လိုက်ရတယ်၊ အသံလည်းမပေးဘူး။

ကျွန်တော်အုံ့အားတင့်ပြီး . . ကြည့်နေတုံးမှာပဲ . . လူဏ္ဌာန်အရိပ်ကြီးဟာ . . . အိမ်မကြီးအတက်အဆင်းနားမှာ ရပ်နေပါရော . . . ဘုရား . . . ဘုရား . . အဲဒီမှာ အဲဒီအရိပ်ကြီးကို နောက်ထလမ်းမီးနဲ့ . . . အိမ်ထဲကဖယောင်းတိုင်မီးက သံဇကာကြားက ညှိထိုးမလို့ကြည့်နေတော့ . . . အဲဒီလူရိပ်ကို မထင်ရှားသော်လည်း . . . အတော်လေးပီပီပြင်ပြင်နီးပါး . . . မြင်လိုက်ရတော့သည်။

အလိုလေး . . !

သူ့တစ်ကိုယ်လုံး . . . အရောင်တွေပြောင်လက်လို့ပါလား . . ပြိုးပြိုးပြက်ပြက်နဲ့ပါကလား . . ကျွန်တော်ကြောက်ချင်သော်လည်း ရဲစိတ်ကိုးပြီး . . မျက်တောင်မခတ်စတမ်းကြည့်နေလိုက်တော့ . . အလို . . သူ့ခေါင်းမှာ အချွန်လိုလို ဦးထုပ်ကြီးနှင့် . . ကိုယ်ပေါ်မှာလည်း ပြောင်လက် အရောင်ထွက်လို့ . . ပခုံးပေါ်မှာလည်း အချွန်အတက်တွေနှင့် . . မျက်နှာကို မြင်ချင်လို့ ကြည့်လိုက်တော့ သူ့ရဲ့မျက်နှာကို မမြင်ရဘူး . . . ခေါင်းနဲ့ကိုယ်ပဲတွေ့ရသည်။



ခွေးတွေကလည်း . . တကိန်ကိန်နဲ့ ဝိုင်းအော်နေကြဆဲပဲ . . အတက်အဆင်းက ပုဂ္ဂိုလ်ဟာ . . ကျွန်တော်တို့ အိမ်ထဲကို ရပ်ပြီး ကြည့်နေတာ . . . စကားလည်းမပြောဘူး . . ကိုယ်ကသူ့ကိုအကဲခတ်ကြည့်နေ၊ သူကလည်းအထဲကို အကဲခတ်ကြည့်နေပုံမျိုး . . . အဲဒီမှာပဲ ကျွန်တော်က . . . ၊

"ဟေ့ . . . အိမ်ရှေ့က . . ဘယ် . . သူ့ . . လဲ . . ကွ . ."

"ဟေ့ . . မေး . . နေ . . တာ . . မ . . ကြား . . ဘူးလား . ."

"အူ . . အူ . . ဝူ . . ဝူ . . ဝူ . ."

"ကိန် . . ဂိန် . . ဂိန် . ."

"အူ . . ဝူ . . ဝူ . . ဝူ . ."

"အိန် . . ဂိန် . . ဂိန် . . အိန် . ."

ဘယ်လိုမေး . . မေး . . မေး . . အဲဒီလူရိပ်က လုံးဝမထူးပဲ . . အိမ်းခေါင်းရင်းဘက်ကို လှမ်းထွက်သွားပါလေရော ခင်ဗျ . . တုတ်ပြီ . . . ဒါမသင်္ကာစရာဘဲ . . . ဒါနဲ့မှောက်လျက်ကနေအသာလေးကုန်းထပြီး . . . အဲခြေအနေကြည့်ဖို့ ကြိုးစားလိုက်ရော . . .

"ဗုန်း . . . ဗုန်း . . . ဗုန်း . ."

"အမေ . . အမေ . . အ . . မေ . ."

"အ . . မေ . . ရေ . . . အမေ . . . ."

ဟာ . . ဒါအိမ်ခန်းထဲက ညီလုပ်သူ မောင်စံကြည်ရဲ့ . . . အော်သံပါလား . . . ဒီကောင်ဘာများဖြစ်ပြန်ပြီလဲမသိဘူး . . . ဒါနဲ့ ဟိုလူရိပ်နောက်ကို လိုက်မကြည့်နိုင်တော့ပဲ . . . အိမ်အတွင်းခန်းထဲ ဖယောင်းတိုင်မီးနဲ့ ကပျာကယာဝင်ကြည့်လိုက်ရော . . . ညီလုပ်သူမောင်စံကြည်ကို ကုတင်ပေါ်မှာ ငုတ်တုတ်ထိုင်လျက်နဲ့တွေ့လိုက်ရတော့သည်။

ဒီကောင်ပါးစပ်ကလည်း . . . အမေ . . အမေနဲ့ . . အော်လို့

"ဟေ့ကောင် ညီလေး . . ."

www.burmeseclassic.com

www.burmeseclassic.com



" အမေ . . အ . . . မေ . . "

" ဟော့ကောင် . . စံကြည် . . ဘာတွေယောင်အော်နေတာ
လဲဟင် . . "

" ဟင် . . . "

" မင်း . . . ဘာဖြစ်နေတာလဲ . .
ဒီမှာပဲ . . မောင်တရှုတ်နိုးလာပြီး . . မေးပါရော . . "

" ဟင် . . အိပ်မက် . . အိပ်မက် . . မက်နေပါလား . . "

" ဘာအိပ်မက်များ မက်လို့လဲ ညီလေးရာ . . အလန့်တ
ကြား . . . အမေ . . အမေနဲ့ . . "

" အစ်ကိုကြီး . . . အစ်ကိုကြီး . . "

" ဘာလဲ . . ပြော . . ပြော . . . "

" ဟို . . ဟို . . . အမေ . . အမေလာသွားတယ် . . "

" ဟေ . . . အမေ . တို့ အမေ လာသွားတယ် . . ဟုတ်
လား . . ဟုတ်ရဲ့လား ညီလေးရာ . . "

" ဟုတ်တယ်ဗျ . . အမေက ဟောဒီခေါင်းရင်းက အိမ်ထော
ကို လက်နဲ့ပုတ်ပြီး . . သား . . လူလေး . . ထ . . ထ . . တဲ့ . . နိုး
လို့ . . . ကျွန်တော် . . အော်တာ . . အမေမှ အမေ့ အသံအစ
ဗျ . . . "

အဲဒီအချိန် လင်းကြက်တွန်သံတွေ ဟိုနားဒီနားကကြား
လိုက်ရသလို . . ခွေးဟောင်သံ . . အူသံတွေလည်း . . အဝေးက
ရောက်ပြီး . . တိတ်သွားချိန်ဗျ . . . အိမ်ရှေ့ထွက်လာပြီးကြည့်တော့
ဘာမှ မရှိတော့ . . . ။

" ထရံကို ပုတ်တာ . . ကျိန်းသေလား . . "

" ဟုတ်တယ် . . . "

" သုံးချက် . . ပုတ်တာ မဟုတ်လား "

" သိပ်ဟုတ်တာပေါ့ဗျာ . . ဒါနဲ့ အစ်ကိုကြီးရော သိလို့လား
ဟင် . . ဟင်လို့ . . "



" အမေ . . အ . . မေ . . ဒါ . . ဒါ . . ဆို . . စောစောက
လာသွားတာ . . အမေ . . . "

ကျွန်တော်တို့ . . . အမေ . . . ကျိန်းသေနေပြီ . . . ဒီမှာပဲ
ကျွန်တော်က စောစောက ကျွန်တော်ကြုံတွေ့ရတဲ့ ဖြစ်စဉ်ကို ပြန်
ပြောလိုက်ရော . . ညီနှစ်ယောက်ဟာ . . . အားရဝမ်းသာ ကျွန်
တော်ကို ပြေးဖက်ကြပြီး . . .

" အစ်ကိုကြီး . . . အစ်ကို . . . ကြီး "

" အစ်ကိုကြီး . . . ဝမ်း . . သာ . . တော့ဗျ . . ဝမ်း . .
သာ . . ကြတော့ . . . "

" ဘာ . . ဘာဖြစ်လို့လဲကွ . . . ညီတို့ရ . . ဟင် . .
ဟင် . . "

" စောစောက အစ်ကိုကြီး . . မြင်ရတဲ့ . . . ပြောင်ပြောင်
အချွန်အတက်နဲ့ ပုံသဏ္ဍာန်ရော ထရံကို ပုတ်ပြီး . . . ကျွန်တော့်
ကိုနိုးတာရော . . အမေမှ . . ကျွန်တော်တို့ အမေအစစ်ဗျ ရေလုံးဝမ
ရောဘူး . . ။ ကျွန်တော်တို့ အမေ . . ဇကန်မုချ နတ်သမီးဖြစ်နေပြီ
. . . အဲဒါ . . . ကိုယ်ထင်လာပြတာ . . ဝမ်းသာလိုက်တာ ဗျ . . . ၊
အမေ့ရေ . . . သားတို့ပြုသမျှ ကုသိုလ်အဘိုးဘာဂကို ဦးခိုက်လို့
အမျှဝေပါတယ် . . . အမျှ . . အမျှ . . အမျှ . . အမေ ရေ . . အမျှ
. . အမျှ . . အမျှ . . . "

မောင်ညိုမှိုင်း ....သန်လျင်

■ ■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# * ကပ္ပိယဖိုးမောင် မေတ္တာပို့တတ်ပါပြီ *

ဆွေမြင့်

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်က ရန်ကုန်မြို့တွင် အထိကရ ကုန်းကြီး (၉)ကုန်းရှိသည်၊ သိင်္ဂုတ္တရကုန်း၊ ရှင်စောပုကုန်း၊ မြေနီကုန်း၊ ဗောဓိကုန်း၊ ရွှေတောင်ကုန်း၊ အာဇာနည်ကုန်း၊ ဦးထောင်ဗိုကုန်း၊ ဂေါ်ရာကုန်း၊ မရမ်းကုန်း . . တို့ဖြစ်ကြသည်။

မြေနီကုန်း . . . ဟု ခေါ်တွင်သော နေရာသည် ထိုစဉ်အခါက . . . ကုန်းမြေမြင့်ကို ဖြို၍ ရပ်ရွာတည်ရန် မြေညှိကြရာ၌ အနီရောင်မြေများ ဖြစ်နေသောကြောင့် . . မြေနီကုန်း . . ဟု အမည်ပေးလိုက်ကြခြင်းဖြစ်သည်။

မြေနီကုန်း၊ ဗောဓိကုန်းနှင့် ရွှေတောင်ကုန်း တည်ရှိရာ နေရာတွင် အလွန်တစ်ရာတောနက်၍ တောကြီးမျက်မည်းဖြစ်သည်၊ ထိုတောအုပ်ထဲတွင် တောရဲတိရစ္ဆာန် သားကောင်ကြီးများ ဖြစ်ကြသော ကျားများ၊ ဆင်များ၊ စသည်တို့ ရှိကြသည်၊ ထိုတောအုပ်ကြီးထဲမှ ကျားတစ်ကောင်သည် တစ်ခါက သိင်္ဂုတ္တရ ကုန်းပေါ်ရှိ ရွှေတိဂုံစေတီတော်မြတ်သို့ တက်ရောက်ဘုရားဖူးလာသူများအထိတ်တလန့် ရုတ်ရုတ်သဲသဲဖြစ်ကြသည်၊ ကျားတက်ပြီး ငါးရက်အကြာတွင် ဂေါ်ရာကုန်းမှ စစ်ဗိုလ်များက မှတ်စ်ကက် သေနတ်ပြောင်းရှည်များဖြင့် ကျားကို ဝိုင်းဝန်းပစ်ခတ်ကြသောကြောင့်၊ ကျားသေသွားသည်။ ထိုကျားသေသောနေရာမှာ ရွှေတိဂုံစေတီတော်မြတ်၏တောင်ဖက်စူးစူး ဗုဒ္ဓဟူးနံဂြိုလ်တိုင်အနီးတွင် ဖြစ်သည်။

သစ်တောအုပ်ထဲမှ ကျားလာရာလမ်းကို၊ ယခင်အခါက အင်္ဂလိပ်အမည်ဖြင့် **TIGER ALLEY ROAD** ...ဟူ၍ ခေါ်ဝေါ်ကြသည်။ (နောင်သောအခါ ဦးဝိစာရ အရှင်သူမြတ် ပြန်တော်မူပြီးနောက်၊ ဆရာတော်၏ ရုပ်ထုတည်ထားရာလမ်း ဖြစ်သွားသဖြင့် ဦးဝိစာရလမ်း : . . ဟူ၍ ပြောင်းလဲခေါ်တွင်ခဲ့သည်။)

ထိုကဲ့သို့ တောအုပ်ထူထပ်သိပ်သည်းသော နေရာဝန်းကျင်တွင် တည်ရှိသော မြေနီကုန်းတွင် စုစုပေါင်း အိမ်ခြေ (၅၀၀)ကျော်မျှသာ ရှိသေးသည်။ ဘုန်းတော်ကြီးကျောင်း(၂)ကျောင်းရှိပြီး၊ ဘားဂရာတောရ ဘုန်းတော်ကြီးကျောင်းနှင့် ၊ မြေနီကုန်း ဘုန်းတော်ကြီးကျောင်းတို့ ဖြစ်ကြသည်။

မြေနီကုန်း ဘုန်းတော်ကြီးကျောင်း၏ တောင်ဘက်တွင် ရှေးအခါက သင်္ချိုင်းဟောင်းပျက်တစ်ခုရှိသည်။. . . ထိုသင်္ချိုင်းဟောင်းတွင်ရှေးယခင်အခါက . . . ကညင်ပင်ကြီးတစ်ပင် ထီးထီးမားမား တည်ရှိသည်၊ အတောင်နှစ်ဆယ်ဝတ် ပုဆိုးတစ်ပတ်မျှ ကြီးမားတုတ်ခိုင် သောပင်စည်ကြီးဖြစ်သည်။

ထိုကညင်ပင်ကြီးသည် မြေနီကုန်းဘုန်းတော်ကြီးကျောင်း၏ အပြင်ဘက် ကိုက် (၁၅၀)သာသာတွင် တည်ရှိသည်။ ကညင်ပင်နှင့် နီးသောနေရာတွင် ပျဉ်ထောင်သွပ်မိုး ကျောင်းတစ်ကျောင်းရှိသည်။ မြေနီကုန်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဘုန်းတော်ကြီးများ သီတင်းသုံးရန် ကျောင်းအဆောက်အအုံ (၄)ကျောင်း၊ သိမ်အဆောက်အအုံ နှင့် ဆွမ်းစားဇရပ်တို့သာ ရှိသည်။

ကညင်ပင်ကြီးနှင့် နီးသော ကျောင်းတွင်၊ ကပ္ပိယကြီးတစ်ဦးတည်းသာ နေထိုင်သည်။ ကပ္ပိယကြီး ဖိုးမောင်သည် အသက်အားဖြင့် သုံးဆယ်ကျော်မျှသာ ရှိသေးသည်၊ သို့ရာတွင် ငယ်စဉ်အခါက သရက်ပင်ပေါ်မှ လိမ့်ကျခဲ့သောကြောင့် ဦးခေါင်းတွင်ဒဏ်ရာရခဲ့သည်၊ နယ်ချဲ့ဗြိတိသျှ အစိုးရလက်ထက်တွင် ဖိုးမောင်ကဲ့သို့သော ကပ္ပိယတစ်ယောက်အား အလေးအနက် ဂရုတစိုက် ကုသမှုမပြုခဲ့ကြပါချေ၊ ထို့ကြောင့် ဖိုးမောင်သည် ကျောင်းထိုင်ဆရာတော်၏ တူအဖြစ်နှင့် ကျောင်း၏ဝေယျာဝစ္စများကို လုပ်ဆောင်ခဲ့ရပါသည်။ မှတ်ဉာဏ်မကောင်းသော ဖိုးမောင်ကို ၊ ဆရာတော်က အားလျှင် ဘုရားဂုဏ်တော် (၉)ပါးထဲမှ ဂုဏ်တော်တစ်ပါးပါးကို ပုတီးစိပ်ရန်

www.burmeseclassic.com

မိန့်ကြားခဲ့သည်။

ဖိုးမောင်သည် ဆွမ်းကျန်၊ ဟင်းကျန်များဖြင့် ညစာစားသောက်ပြီးသောအခါ၊ သူတစ်ယောက်တည်း နေထိုင်ရာ ကျောင်းရှိ ဘုရားစင်ရှေ့တွင် တစ်ခါတစ်ရံ အရဟံ ဂုဏ်တော်၊ တစ်ခါတစ်ရံသုဂတော ဂုဏ်တော်ဖြစ်စေ၊ ဗုဒ္ဓေါဂုဏ်တော် . . . စသဖြင့်အိပ်ချင်စိတ်မဖြစ်ပေါ်မချင်း ကြိမ်ပုတီးကို သည်းသည်းမဲမဲစိပ်လေ့ရှိသည်။

ဘုန်းတော်ကြီးကျောင်းနှင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသော ညနေဆည်းဆာချိန်ကိုလွန်မြောက် ကာ၊ မှောင်ရီဖြိုးဖြအခါသမယတိုင်း၊ . . . ဖိုးမောင် နေထိုင်ရာ ကျောင်းနှင့် မလှမ်းမကမ်းတွင်တည်ရှိသော ကညင်ပင်ကြီးဘက်မှ၊ . . . ထူးခြားသော အသံတစ်သံကို ရှေးဦးစွာ ကြားရစမြဲ ဖြစ်သည်။

" ကျွိ . . . ကျွိ၊ ကျွိကျွိ . . "

. . ဟူသော ပုခက်လွှဲနေသော အသံမျိုးဖြစ်သည်။ ထိုအသံနှင့် မရှုဆင့်နောက်ဆင့် ကလေးငိုသံကို ပြတ်တောင်း၊ ပြတ်တောင်း ဆက်လက်ကြားလိုက်ရသည်၊ ထို့နောက် အမျိုးသမီးတစ်ယောက်၏ အသံထွက်ပေါ်လာသည်။

" ကိုဖိုးမောင် . . ကိုဖိုးမောင်၊ ကလေးငိုသံကြားရတယ် မဟုတ်လား၊ ရှင်ကတော့ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ဇိမ်ကျနေတယ်ပေါ့ ဟုတ်လား ကျုပ်မှာတော့ ကလေးတစ်ဖက်နဲ့ အားတယ်လို့ မရှိဘူး . . "

ထိုစကားသံကို ကြားလိုက်ရသော ဖိုးမောင်သည် ပုတီးစိတ်နေရာမှ အာရုံပျက်သွားသည်၊ သို့ရာတွင် သူကစိတ်ကို ပြန်ထိန်းသည်၊ ပုတီးတစ်လုံးပြီးတစ်လုံး လက်ချောင်း သုံးချောင်းဖြင့် တအားဖိ၍ ဂုဏ်တော်ကို ရွတ်ဆိုလျက်၊ ဆွဲဆိတ်နေသည်။

" ကိုဖိုးမောင်၊ ရှင့်ကလေးကို ရှင်လာထိန်းပါဦးလား၊ ကျုပ်ပြောတာကြားတယ်မဟုတ်လား "



ဖိုးမောင်ကြားလိုက်ရသော အမျိုးသမီးအသံသည်၊ စောစောတလို ကညင်ပင်အောက်မှမဟုတ်ဘဲ၊ ကျောင်းဝင်းခြံစီးရိုးအနီးသို့ ပင်ရောက် ရှိလာလေပြီ၊ ထို့ကြောင့်အစပထမကြားခဲ့သော အသံထက်ပိုမိုကျယ်လောင်နေသည်၊ ဖိုးမောင်က အံကိုတင်းတင်းကျိတ်၍ မျက်လုံးအစုံကိုတစ်အား မှိတ်ထားပြီး၊ ' အရဟံ . . အရဟံ၊ အရဟံ . . 'ဟူသော ဂုဏ်တော်ကို အသံထွက်ကာ ရွတ်ဆိုနေသည်။

" ကိုဖိုးမောင် ရှင်မလာဘူးလား၊ လာမှာလား တစ်ခွန်းတည်း ပြောကြည့်လိုက်စမ်း၊ ကျုပ်အကြောင်းကောင်းကောင်းကြီးသိသွားစေ့မယ် "

အမျိုးသမီးက အာဏာသံပြင်းထန်သည်။

ဖိုးမောင် သူ့စိတ်ကိုသူလုံးဝ မထိန်းနိုင်တော့ပါချေ၊ မူလချုပ်တီးထားသော စိတ်ကို ချွန်းဖွင့်၍ လွှတ်ပေးလိုက်သည်၊ လက်ထဲ ပုတီးကို လွှတ်ချ၍၊ တင်ပျဉ်ခွေ ထိုင်နေရာမှ ဝုန်း . . ခနဲထလိုက်သည်၊ တောင်ဝှေးတစ်ချောင်းဆွဲယူ၍ ကျောင်းနောက်ဖေး တံခါးပေါက်ရှိရာသို့ တစ်ဟုန်ထိုးပြေးထွက်သွားသည်၊ ကျောင်းလှေခါး ထစ်သုံးထစ်ကိုပင်၊ တစ်ထစ်မှ မနင်းတော့ပဲ၊ တစ်ခါတည်းခုန်ချကာ၊ ကျောင်းဝင်းနောက်ဘက် ခြံစည်းရိုးပေါက်သို့ ရောက်သွား သည်။

မှောင်ရီဝိုးတဝါး ကြယ်ရောင်များအောက်တွင် တဟားဟားအော်ရယ်လျက်၊ ဆံပင်ဖားလျားဖြင့် သုတ်ခြေတင် သွားသောမဲမဲသဏ္ဍာန်နောက်သို့ ထပ်ကြပ်မကွာ လိုက်သည်၊ ပါးစပ်မှလည်း . . ၊

" ဂန်းမ ၊ နေ့တိုင်း ငါ့ကို အနှောင့်အယှက်ပေးနေတာ၊ ခင်းကို မိရင်တော့ မှတ်လောက်သားလောက် ဖြစ်အောင်ဆုံးမလိုက်မယ် "

. . ဟူ၍ တတွတ်တွတ် ရေရွတ်သည်။

သို့ရာတွင် ဖိုးမောင်ရှေ့မှ ပြေးနေသော မည်းမည်းသဏ္ဍာန်သည် ကညင်ပင်ကြီးအောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်၊ လုံးလုံးလျားလျား ပျောက်ကွယ်သွားသည်၊ ကညင်ကိုင်းများနှင့် သစ်ရွက်

www.burmeseclassic.com

www.burmeseclassic.com

များကို လေးတိုးသဖြင့် အချင်းချင်း ပွတ်တိုက်နေကြသော အသံများ
မှအပ၊ အခြား မည်သည့် အသံကိုမှ မကြားရပါတော့ချေ။

မည်သို့ပင် ဖြစ်စေ . . .

မောကြီးပန်းကြီး ပြေးလိုက်လာရသော ဖိုးမောင်၏ ဒေါသ . . . ကချက်ချင်း လက်ငင်း မပြေပျောက်နိုင်သေး၊ ထို့ကြောင့် လ ထဲတွင် ပါလာသော တောင်ဝှေးဖြင့် ၊ ကညင်ပင်ကြီး၏ ပင်စည်ကို စိတ်ဆိုးမာန်ဆိုးဖြင့် တဖြောင်းဖြောင်း ရိုက်လိုက်သည်။ အတော်အ တန် စိတ်ဆိုးပြေသွားသောအခါကျမှ ရပ်နားလိုက်သည်။

ထိုဖြစ်ရပ်သည် တစ်ပတ်ခြား၊ နှစ်ပတ်ခြားဖြစ်စေ၊ တစ်ခါ တစ်ရံ တစ်လလျှင် တစ်ကြိမ် ဖြစ်လေ့ရှိသည်။

* * * *

“ ဟေ့ကောင် ဖိုးမောင်၊ ဘာဖြစ်လို့လဲ ”

ဆွမ်းစားကျောင်းတွင် အရုဏ်ဆွမ်း ဘုဉ်းပေးနေကြသော သံဃာတော်များကို ၊ ဖိုးမောင်က ဆွမ်းခဲဖွယ် ဘောဇဉ်များကို ချ ရသည်။

ကျောင်းဝင်းထဲ၌ သံဃာတော်စုစုပေါင်း (၄) ပါးသာရှိသည် ဘုဉ်းပေးပြီး၍ ကျောင်းသင်္ခန်းအသီးသီးတို့ ပြန်ကြွသွားသောအခါ ဖိုးမောင်က ဆရာတော် ဦးဝီရိယ၏ နောက်မှခတ်သုတ်သုတ် လိုက် သွားသည်။

ဆရာတော်က ဖိုးမောင်၏ခြေသံကို သတိပြုမိ၍ လှည့် ကြည့် ရပ်တန့်လျက် မေးလိုက်ခြင်း ဖြစ်သည်။

ဖိုးမောင်က ဆရာတော်နှင့် ခြေတစ်လှမ်းအကွာတွင်ရပ် ၍ လက်အုပ်ချီလိုက်သည်။

“ မနေ့ညတုန်းက၊ မညိုမြ လာခြောက်သေးတယ် ဘုရား



တပည့်တော် တောင်ဝှေးဆွဲပြီး လိုက်တော့၊ ရယ်ပြီးထွက်ပြေးသွား တယ် . . ”

မညိုမြ . . . ဆိုသော အမည်မှာ မြေနီကုန်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌သာ မဟုတ်၊ မြေနီကုန်းရပ်ကွက် တစ်ခုလုံး အကျွမ်းတဝင်သိနေကြသော အမည်တစ်ခုဖြစ်သည်။ သင်္ချိုင်း ဟောင်း သင်္ချိုင်းပျက်ထဲရှိ ကညင်ပင်ကြီးတွင် သရဲမ မညိုမြ . . . ရှိသည်ဟု အားလုံးက အသိအမှတ်ပြုထားကြသည်။

မညိုမြသည် မြေနီကုန်းရပ်ရွာ တစ်ခုလုံး မည်သူ့ကိုမှ ဒုက္ခ ပေးခြင်း၊ မရှိသဖြင့် တစ်ရပ်လုံးက ခင်မင်ရင်းနှီးနေကြသည်၊ မညိုမြ အနေနှင့် ရပ်သူရပ်သားများကို အန္တရာယ် မပြုရုံမျှမက၊ တတ်နိုင်သ မျှကာကွယ်စောင့်ရှောက်လေ့ရှိသည်။

ယခု . . . မညိုမြသည် ဖိုးမောင်အား မကြာခဏ စလေ့ ရှိသည်၊ အပျော်သဘောမျိုး ဖြစ်သည်၊ ဖိုးမောင်ကို ဘုန်းတော်ကြီး ကျောင်းထဲတွင် သာမက၊ မြေနီကုန်းတရပ်လုံးက၊ အူကြောင်ကြောင် ပွိုယ တစ်ယောက်ဟု သိထားကြသည်။

ဆရာတော် ဦးဝီရိယသည် ဖိုးမောင်အား “ လာ . . . လိုက် ခဲ့ ” ဟု တစ်ခွန်းမျှပြောလိုက်သည်၊ ထို့နောက် သရက်ပင်၊ မရမ်း ပင်များစီတန်းပေါက်ရောက်နေသော အရိပ်အောက်မှ လျှောက် သွားသည်။

ဖိုးမောင်က နောက်မှ ယို့ယို့ကလေး လိုက်ပါသွားသည်။

ဆရာတော် ဦးဝီရိယ၏ ကျောင်းရှေ့ ဇီဖဝါပန်းရုံ အနီးတွင် ခုံတန်းလျားတစ်လုံးရှိသည်၊ ဆရာတော်က ခုံတန်းလျားတွင် ဝင် ထိုင်လိုက်သည်၊ ဖိုးမောင်က ဆရာတော်ရှေ့ မြေပြင်တွင် လက်အုပ် ချီ၍ ဆောင့်ကြောင့်ထိုင်နေသည်။

“ ဘယ်လိုဖြစ်တာလဲ ပြောပြစမ်းပါဦး ”

ဆရာတော် ဦးဝီရိယက စကားပြန်ဆက်၍ မေးသည်။

“ တပည့်တော် ပုတီးစိပ်နေတုန်း၊ ပထမ ကလေးပုခက်လွှဲ

www.burmeseclassic.com



သံတစ်ကျိကျိ ကြားရတယ်၊ နောက်တော့ ကလေးငိုသံ ထွက်လာ
တယ်၊ တပည့်တော်လည်းပုတီးကိုသာ အာရုံပြုပြီးစိတ်နေတယ်
ဒါပေမယ့် မညိုမြက ကျောင်းဝင်းခြံစီးရိုးနားအထိ ရောက်လာပြီး
တပည့်တော်ကို ထပ်တလဲလဲ လာစနေတာနဲ့ တောင်ဝှေးဆွဲပြီး ဆင်း
လိုက် တော့မှ ထွက်ပြေးပြီး၊ ကညင်ပင်အောက်လည်း ရောက်ရော
အစရှာမရ အောင် ပျောက်ကွယ်သွားတော့တာပါပဲ၊ တပည့်တော်
လည်း စိတ်ပေါက်ပေါက်နဲ့ ကညင်ပင်ကြီး တောင်ဝှေးနဲ့ ရိုက်ပစ်ခဲ့
တယ် အရှင်ဘုရား . . "

ဖိုးမောင်က ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်သည်။

" မကျွတ်မလွတ်ကြသေးတဲ့ ဝေမာန်က ပြိတ္တာတွေဟာ
လူဘုံနဲ့တစ်တန်းထဲ ရှိနေကြတယ်ကွ၊ ဒါကြောင့် သူတို့ဟာ လူတွေ
ရဲ့ ပတ်ဝန်းကျင်မှာ သွားလာလှုပ်ရှားနေကြတယ်၊ ဝမ်းရေးအတွက်
လှည့်လည် ရှာဖွေစားသောက်နေကြရတယ်၊ အင်မတန်မှ သနား
ရာကောင်းပါတယ်ကွာ၊ အထူးသဖြင့် ဘုရားကျောင်းကန်ဇရပ်တွေရဲ့
အနီးအနားတစ်ဝိုက်ကို ရောက်တဲ့အခါ၊ အမျှဝေသံကြားရရင်သာ
ခေါ်ခိုင်းခွင့်ရခဲ့ရင် သူတို့အတွက် လက်ရှိအခြေအနေထက် ပိုပြီး
မြင့်မားတဲ့ဘုံဌာနကို ရောက်သွားတတ်ကြတယ်၊ ဒါပေမယ့် ကျွတ်
လွတ် ဖို့ အချိန်မတန်သေးလို့ ဖြစ်စေ၊ သူတို့ရဲ့ အကုသိုလ် အဟုန်မ
ကုန်သေးလို့ဖြစ်စေ၊ ဘယ်လောက်ပဲ အမျှပေးဝေပေမယ့် မကြားနိုင်
မသိနိုင်ကြဘူးကွယ့်"

ဆရာတော်က စိတ်ရှည်လက်ရှည် ပြောလိုက်သည်။

ဖိုးမောင်က အသံမထွက်ဘဲ၊ ဦးခေါင်းငြိမ့်ပြသည်။

" ငါတို့ရဲ့ မြတ်စွာဘုရားသခင် အရှင်ကိုယ်တော်မြတ်
ကြီးဟာ ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးနေတော်မူခိုက်
ညတစ်ညရောက်တော့ . . . ပြိတ္တာမကြီးတစ်ယောက်နဲ့ သူ့သား
ငယ်လေးဟာ၊ တစ်နေ့ပတ်လုံး ဘာအစားအစာမှ မစားရလို့
ဆာလောင်မွတ်သိပ်စွာနဲ့ ဇေတဝန်ကျောင်းတော်ကြီးက ကျနေတဲ့



ထမင်းစေ့လေးတွေ . . . သပိတ်ကို ရေနဲ့ကျင်းပြီးသွန်ပစ်လိုက်တဲ့
အထဲမှာ ပါသွားတဲ့ စားကျွင်းစားကျန်လေးတွေကို စားသောက်ဖို့
ရှာဖွေနေကြသတဲ့၊ အဲဒီအချိန်မှာ မြတ်စွာဘုရားသခင်က ရဟန်း
သံဃာတွေကို၊ တရားမေ့ဟောကြားနေတယ်၊ ပြိတ္တာမကြီးဟာ အခါ
အခွင့်ကြုံကြိုက်လို့ အကုသိုလ် အရှိန်အဟုန် ကုန်ဆုံးချိန် ဖြစ်နေတဲ့
အတွက်၊ အစားအစာ ရှာဖွေနေခြင်းကို ရပ်တန့်ပြီး၊ မြတ်စွာဘုရား
ရဲ့ တရားတော်ကို ကြည်ကြည်လင်လင်၊ ပီပီပြင်ပြင် တရားနာလိုက်
ရသတဲ့၊ ဒါနဲ့ မြတ်စွာဘုရားရဲ့ တရားဒေသနာ ဟောကြားလို့ ရပ်
နားလိုက်တာနဲ့ တစ်ပြိုင်နက်၊ အကျွတ်တရားရပြီး၊ ပြိတ္တာဘဝက
လွတ်လွတ်ကျွတ်ကျွတ် ချက်ချင်းကြီးကောင်းရာ သုဂတိဘုံကို
ရောက်သွားတယ် "

" မှန်ပါ့ဘုရား "

ဖိုးမောင်က အလိုက်သင့်ပြောလိုက်မိသည်။

ဆရာတော် ဦးဝီရိယက ဖိုးမောင်ကို အကဲခတ်သည့်
အကြည့်ဖြင့် စူးစူးရဲရဲ ကြည့်လိုက်သည်။

" လွန်ခဲ့တဲ့လတုန်းက မင်းကိုမေတ္တာသုတ် ကျက်ခိုင်းထား
တာရပြီလားဖိုးမောင် "

" ကျက်ပြီးကာစတုန်းကတော့ မှတ်မိပါတယ်ဘုရား၊ ဒါပေ
မယ့် နောက်တော့ ပြန်မေ့မေ့သွားလို့ အစက ပြန်ကျက်ရပါတယ်"

ဖိုးမောင်က အမှန်အတိုင်း ဝန်ခံသည်။

" အေး . . . ကောင်းတာပေါ့ကွာ၊ ရှေ့ကကျက်ထားတဲ့စာ
ဒိုဒ်တွေ၊ နောက်ပိုင်းကျက်တဲ့အခါ၊ အားလုံးပြန်မေ့သွားရောဆိုပါ
တော့၊ တဖြည်းဖြည်းတော့မှတ်မိလာမှာပေါ့ကွာ၊ လောလော ဆယ်
မေတ္တာသုတ်မရသေးခင် အတောအတွင်းမင်းပြုသမျှကုသိုလ် တွေကို
ရည်စူးပြီး သုံးဆယ်တစ်ဘုံမှာ ကျင်လည်ကျက်စား ပြေးလွှား ရှာဖွေ
စားသောက်နေကြရရှာတဲ့ သတ္တဝါ ဝေနေယျကို ကြေးစည် ထုပြီး
အမျှအတန်းပေးဝေဖို့မမေ့နဲ့ ငါပြောတာသေချာမှတ်ထားရဲ့လား "

www.burmeseclassic.com



" မှတ်ထားပါတယ် . . ဘုရား "

" ဟုတ်ပြီ ဒါဆိုရင် . . မင်းကို မကြာခဏ လာ. . လာစတဲ့ မညိုမြကိုကော၊ သနားစရာ သတ္တဝါတစ်ယောက်အနေနဲ့ မေတ္တာ ပို့အမျှဝေဖို့ မသင့်ဘူးလား ဖိုးမောင် "

ဆရာတော် ဦးဝိရိယက ပြုံးလျက်မေးသည်။

ဖိုးမောင်က ဦးခေါင်းငုံ့ထားသည်၊ ဘာတစ်ခွန်းမှ ပြန်မဖြေ စင်စစ်အားဖြင့် သူသည် မကြာခဏ စိတ်အနှောင့်အယှက် ပေးလေ့ ရှိသော မညိုမြကို မေတ္တာပို့ရန် မဆိုထားနှင့်၊ တောင်ဝှေးတစ်ချောင်း လုံးကျိုးပဲ့ကြေမွသွားသည်အထိ ရိုက်ပစ်လိုက်ချင်သည်၊ ဖိုးမောင် ကဲ့သို့သော ရုပ်ဆွေရုပ်မျိုးမဲ့တစ်ယောက်၊ မိဘမဲ့ကလေးသူငယ် ဘဝကတည်းက . . . ကျောင်းသို့ ခေါ်ထား၍ စာရေးတတ်၊ ဖတ် တတ်သည့် အရွယ်ထိ၊ ပြုစုပျိုးထောင်ခဲ့သော ဆရာတော်သည် ဖိုးမောင်၏ စိတ်နေသဘောထားကို ကောင်းကောင်းကြီး သိရှိနား လည်နေသည်။

" ဝေနေယျသုခိတ၊ ဒုက္ခိတ သတ္တဝါတွေ အားလုံး အပေါ်မှာ . . . ချစ်သူ၊ မုန်းသူ၊ အယုတ်၊ အလတ်၊ အမြတ်မရွေး မေတ္တာထား သင့်တယ်၊ ဖိုးမောင် တတ်နိုင်တဲ့လူက ရေတွင်း ရေကန် ပေါင်း သောင်းသိန်းမက လှူဒါန်းတာတွေ၊ ကိတ္တိမသား ရာထောင် မက ရှင်ပြုတာမျိုး၊ ရက်ပေါင်းများစွာ စတုဒိတာကျွေးမွေးတာ . . . စတဲ့ အလှူဒါနတွေထက်၊ နွားနို့တစ်ညှစ်စာအချိန်ကာလ လေး အတွင်း ထိထိရောက်ရောက်မေတ္တာဘာဝနာ ပွားများခြင်းက ပိုပြီးအကျိုးရှိ တယ် . . . လို့ကျမ်းပြုဆရာတော်ကြီးတွေက မိန့်ကြားဖူးတယ်ကွဲ့ အဲဒါမင်းမြဲမြဲမှတ်ထား၊ မေတ္တာရဲ့တန်ခိုးအာနိသင်ဟာအရမ်းကို ထက်မြက်စူးရှထိရောက်တတ်တယ်၊ နောက်ပြီးမေတ္တာ စေတနာ ဆိုတာ၊ ထုထည်အားဖြင့် အလျားအနံမရှိပေမယ့် အသွားအပြန် တော့ရှိစမြဲပဲ၊ အဲဒါကို မင်းသေချာနှလုံးသွင်းနိုင်ရင် ကျန်တဲ့မင်းရဲ့ ဘဝ သက်တမ်းတစ်လျှောက်လုံး အဆင်ပြေနိုင်လိမ့်မယ်၊ ကဲ . . .



သွားတော့၊ သွားတော့ . . . "

ဆရာတော်ဦးဝိရိယက ဖိုးမောင်အား သူ့မျက်မှောက်မှ သွားခွင့်ပြုလိုက်သည်။ ဖိုးမောင်သည် မြေပြင်တွင် ဒူးတုပ်ထိုင်လိုက် ပြီး ဦးသုံးကြိမ်ချကာ ဆရာတော်၏ ရှေ့မှ ထွက်ခွာသွားလေသည်။

* * * *

စင်စစ်အားဖြင့် . . . ၊ မညိုမြသည် ဖိုးမောင်အား အပျော် စလေ့ နောက်လေ့ရှိသောကြောင့်၊ ပြဿနာဖြစ်လေ့ရှိခြင်းမှအပ၊ ရပ် သူရပ်သားများအားလုံးနှင့် အဆင်ပြေသည်၊ အထူးသဖြင့် မြေနီကုန်း မှ မိန်းကလေးများအနေနှင့် မညိုမြအား တိုင်ပင်ဖော် တိုင်ပင်ဖက် အဖြစ် သတ်မှတ်ထားလေ့ရှိကြသည်။

တစ်ခါတစ်ရံ အားလပ်သည့် ညနေပိုင်းအချိန်များတွင်၊ မိန်း ကလေးတစ်သိုက်သည် စုပေါင်း၍ ကညင်ပင်ကြီးအောက်သို့ရောက်ရှိ သွားကြသည်။ ထိုမိန်းကလေးအုပ်စုတွင် ၊ အထိန်းအစောင့် ကာလသားခေါင်း သဘောမျိုး၊ မတူး . . . ဆိုသောအမျိုးသမီးကြီး တစ်ယောက်ပါသည်။ မိန်းကလေးမိဘရှင်များသည် သူတို့၏ သမီး ပျိုများကို မတူးနှင့်ဆိုလျှင် ရွှေတိဂုံစေတီသို့ဖြစ်စေ၊ ပွဲလမ်းသဘင် ဖြစ်စေ၊ အလှူအိမ် ဖြစ်စေ စိတ်ချလက်ချ ထည့်လေ့ရှိသည်။ မတူး သည် အသက် ၂၀ နှစ်ဝန်းကျင် အပျိုကြီးတစ်ယောက်ဖြစ်သည်၊ ရွက် ကြမ်းရေချို ရုပ်ရည်နှင့် ကြံ့ခိုင်တောင့်တင်းသော ကိုယ်လုံးကိုယ် ပေါက်ရှိသည်။

မတူးနှင့် လိုက်ပါလာသော မိန်းကလေးများကို၊ မည်သည့် ကာလသားကမှ စဖို့ စမ်းဖို့ နေနေသာသာ၊ ရဲရဲတင်းတင်းပင် မကြည့် ရဲကြပါချေ။

" ကျုပ်လက်ဝါးက ပါးမရွေးဘူးဟေ့၊ တစ်ရစ်တည်း အ တူတူနေပြီး နှမသားချင်းလို စောင့်ရှောက်ဖို့ မစဉ်းစားဘဲ၊ ထွေလီ

www.burmeseclassic.com



ကာလီစိတ်မျိုးနဲ့ လာစမ်းတဲ့အကောင်ဆိုရင်၊ ကျုပ်နဲ့အတွေ့မှာ ပါးရှစ်စိတ်ကွဲ သွားစေမယ် . . ”

ဟူသော မတူး၏ သတိပေးစကားသည် စကားအဖြစ်ပြောခြင်းမျှမဟုတ်ဘဲ၊ အမှန်တကယ်လုပ်မည့်သူ ဖြစ်ကြောင်းသိနေကြသည်။ မတူးနှင့်အတူ လိုက်ပါလာကြသော မိန်းကလေးတစ်သိုက်သည်၊ ကညင်ပင်ကြီး၏ အောက်ခြေ၊ ကညင်မြစ်ဆုံတွင် ထိုင်လျက် ဝိုင်းဖွဲ့ကာ ရောက်တတ်ရာရာ စကားပြောလေ့ရှိသည်။

တစ်ခါက၊ . . . မိန်းကလေးများက စပ်မိစပ်ရာ စကားလက်ဆုံကျရင်းဖြင့်၊ ဘမင်း . . . ဆိုသော လူတစ်ယောက်အကြောင်းသို့ စကားဦးတည်ကြသည်၊ ဘမင်းသည် အသက် ၂၅-နှစ်ခန့်ဖြစ်၍ ဗလင်တီနိုးစတိုင် ဆံပင်ရှည်ဖြင့်၊ အသားလတ်လတ်၊ မျက်ခုံးထူထူ ကြာမျက်လုံးတစ်စုံ ရှိသည်။ အဝတ်အစားကို သေသေသပ်သပ် ဝတ်ဆင်လေ့ရှိပြီး၊ ကျော့ကျော့မော့မော့နှင့် ကြေးရေတတ် အသွင်ဆောင်သည်၊ ဘမင်းသည် သူ၏ 'ရလေး' စက်ဘီးတစ်စီးဖြင့် ရွာနီးကိုးပေါက်လျှောက်သွားလေ့ ရှိသူဖြစ်သည်။ မြေနီကုန်း ဇာတိမဟုတ်ပဲ၊ မည်သည့်ဒေသမှ ရွက်ကျပင်ပေါက်၊ ပျံကျ ရောက်ရှိလာခြင်းဖြစ်သည်။

“ အဲဒီလူကြီး ကြည့်ရတာ အချိုးကို မပြေဘူး၊ ကျွန်မတို့ကို ကြည့်တဲ့အကြည့်ဟာ သူ့မျက်လုံးထဲက အခိုးတွေများ ထွက်လာသလားမှတ်ရတယ် ”

“ ဟုတ်တယ်၊ . . ဟုတ်တယ်၊ အဲဒါ တဏှာခိုးတွေပေါ့ ”

“ တစ်နေ့တုန်းကလဲ၊ ဈေးဝယ်ပြီးပြန်လာတဲ့ လှလှကို စကားရောဖောရောနဲ့ ဈေးခြင်းတောင်းကူဆွဲပေးမယ် . . ဘာညာနဲ့ဆွဲခြင်းထဲကို မေတ္တာစာထည့်ပေးသတဲ့၊ လှလှကလည်းဘာရမလဲ၊ အဲဒီမေတ္တာစာကိုဆွဲဆုတ်ပြီး လမ်းပေါ်ကိုပစ်ချလိုက်တယ်လေ ”

မိန်းကလေးများ တစ်ယောက်တစ်ယောက် မကျေမနပ်ဖြင့် ပြောနေကြသည်။ ထိုအခါ မတူးက . . .၊



“ တစ်နေ့နေ့တော့ ငါ့ရှေ့မှာ အဲဒီလိုမျိုး၊ မဖွယ်မရာမြင်လိုက်ရရင်၊ ဒင်းကို မှတ်လောက်သားလောက် လုပ်ပြလိုက်မယ် ”

. . . ဟူ၍ လေးလေးနက်နက် ပြောလိုက်သည်။

ထိုသို့၊ . . . ပြောဆိုကြပြီး၊ နောက်တစ်နေ့တွင်၊ ဘမင်းသည် လူပြတ်သော ကညင်ပင်ကြီး၏ အနီးတဝိုက်သို့ စက်ဘီးတစ်စီးဖြင့် ကျော့ကျော့မော့မော့ ရောက်လာသည်၊ ကညင်ပင်အောက်တွင် ရပ်နေသောမိန်းမပျိုလေး တစ်ယောက်ကို မြင်လိုက်ရသောအခါ၊ ပျော်သွားသည်၊ သူ၏ အမဲကောင်တစ်ကောင်အဖြစ် ထင်မြင်ယူဆလိုက်သည်။ မိန်းမပျိုရှေ့တွင် စက်ဘီးကို ခြေနှစ်ဖက်ထောက်၍ ရပ်လိုက်သည်၊ ပြုံးရွှင်စွာဖြင့် နှုတ်ဆက်သည်။

“ ဘယ်သွားမလို့လဲ . . . ညီမ၊ အစ်ကို လိုက်ပို့ပေးမယ်လေ၊ လိုက်ခဲ့မလား ”

ဘမင်းက စက်ဘီးရှေ့ဘားတန်းကို မေးငေါ့ပြလျက်၊ ဖိတ်ခေါ်လိုက်သည်။

“ ရှေ့ကတော့ မစီးရဲပေါင်၊ နောက်ကလိုက်ရမယ်ဆိုရင်တော့လိုက်ချင်တယ်။ ”

မိန်းမပျိုက အသံခက်အက်အက်ဖြင့် ပြောသည်။

ဘမင်းပျော်သွားသည်၊ ရှေ့ဘားတန်းပေါ်က မလိုက်ဘဲ၊ ကယ်ရီယာပေါ်ပါလာလျှင်လည်း၊ တစ်နေရာရာတွင် တစ်စုံတရာ ကြံစည်နိုင်လိမ့်မည်၊ 'စားရကံကြုံ၍ မုတ်ဆိတ်ပျားစွဲခြင်း' . . ဟု ယူဆလိုက်သည်။

“ ဒါဖြင့် . . . တက်လေ၊ ”

ဘမင်းကဖိတ်ခေါ်၍၊ စက်ဘီးကို အရှိန်ရရန်၊ စတင်နင်းလိုက်သည်၊ ဘီးလိမ့်စပြုသည်နှင့် တစ်ပြိုင်နက်၊ မိန်းမပျိုက စက်ဘီးနောက်ဘက် ကယ်ရီယာပေါ်သို့ စွေ့ . . . ခနဲ ခုန်တက်၍ ပါလာသည်။ အကြံသမား ဘမင်းသည်မျက်နှာမူရာအရပ်မှ၊ ပျဉ်းမပင်အုပ်များရှိရာသို့ ဦးတည်နင်းသည်။

www.burmeseclassic.com



မိန်းမပျိုကို တင်ဆောင်၍ စက်ဘီးနင်းခဲ့သည်မှာ၊ . . ဆယ့်ငါးမိနစ်မျှ အကြာတွင် ဘမင်း၏ ပခုံးကို မိန်းမပျိုက အသာအယာ တို့သည် ဘမင်းက နောက်သို့လှည့်မကြည့်ဘဲ၊ . . .

" ဘာလဲ . . ညီမ၊ ဘယ်ကို ပို့ပေးရမှာလဲ "

. . ဟူ၍ အလိုက်သင့် မေးလိုက်သည်။

" ဘယ်မှပို့ပေးစရာ မလိုပါဘူး အစ်ကိုရဲ့၊ ကျွန်မကို လှည့်ကြည့်ပါဦး . . "၊ ထို့နောက် . . . အသံပြကြီးဖြင့် ကျယ်လောင်စွာ

" အမလေးဗျ "

. . ကျယ်လောင်စွာ အော်ဟစ်ကာ၊ စက်ဘီးပေါ်မှ ခုန်ချ၍ ခြဥ်းတည့်ရာသို့ ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် အသားကုန် ထွက်ပြေးခဲ့သည်။ ကုန်းကမူများ၊ ချုံပုတ်များ၊ မြေနိမ့်ချိုင့်ဝှမ်းများကို မရှောင်ဘဲ၊ ဒရစပ် ပြေးသည်။ ခလုတ်တိုက်၍လဲကျသော်လည်း၊ မရပ်မနား ချက်ချင်းထ၍ ပြေးခဲ့ခြင်းဖြစ်သည်၊ စုစုပေါင်း မိနစ် ၂၀ကျော်မျှ အကြာတွင် ခြေကုန်လက်ပမ်းကျ၍၊ စိန်တပေါင်ပင် များအနီးတွင် ဝမ်းလျားထိုး ပစ်ကျကာ၊ သတိလစ်သွားသည်။

စိန်တပေါင်ညွန့်ခူးရန် ရောက်လာကြသော ရပ်သူရွာသား အချို့က မှောက်လျက်သား သတိလစ်နေသော ဘမင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသည်၊ သူ့ကိုခြေမချိုးပေးခြင်း၊ မျက်နှာပေါ်သို့ ရေဖြန်းပေးခြင်း စသည်ဖြင့် တတ်သမျှ မှတ်သမျှ ဝိုင်းဝန်းပြုစု၍ တွဲထူကြသည်။

" အမယ်လေး၊ ခေါင်းပြတ်နေတဲ့ . . . ဟာကြီး၊ ကြောက်တယ်၊ ကြောက်တယ်၊ ကယ်ကြပါဦး . . "

ဘမင်းက စကားကို ဗလုံးဗထွေး မပြီမသ ပြော၍ နီးရာလူကို အားကိုးတကြီး ဖက်တွယ်ထားသည်။ သူ့ကို တွေ့ကြသူတစ်စုက မြေနီကုန်းသို့ တွဲခေါ်လာခဲ့ပြီး၊ ဗိန္ဒောဆရာလက်သို့ အပ်လိုက်ကြသည်၊ ထိုသို့ ဖြစ်ပွားပြီးနောက်၊ ရက်သတ္တတစ်ပတ်အကြာတွင် ဘမင်းသည် မြေနီကုန်းမှ လုံးလုံးလျားလျား ပျောက်ခြင်းမလှ ပျောက်



သွားလေတော့သည်။ သူထွက်ခွာသွားသည်ကို မြင်လိုက်ရသူအချို့က၊ စက်ဘီး ကယ်ရီယာပေါ်တွင် အိပ်ရာလိပ်တစ်လိပ်၊ အဝတ်အစားနှင့် အသုံးအဆောင် ပစ္စည်း တိုလီမိုလီထည့်သော သားရေသေတ္တာ တစ်လုံးတင်၍၊ မည်သူ့ကိုမှ နှုတ်မဆက်ဘဲ တိတ်တစ်ဆိတ် ထွက်ခွာသွားသည်ကို မြင်လိုက်ရကြောင်း . . . တစ်ယောက်စကား၊ တစ်ယောက်နားဖြင့် ကြားသိခဲ့ကြရသည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍၊ မတူးက . . . မိန်းမအဖော်များနှင့် အတူ ကညင်ပင်ကြီးအောက်တွင် ထိုင်၍ စကားစမြည်းပြောနေရင်း၊ ကညင်ပင်ပေါ်သို့ မော့ကြည့်လိုက်သည်။

" ဘမင်း ထွက်ပြေးသွားတာ၊ မညိုမြ လက်ချက်ပဲဖြစ်ရမယ်၊ ဟုတ်တယ်မို့လား . . "

မတူး၏ အမေးကို၊ ကညင်ပင်ပေါ်မှ . . .

" အေး . . . ဟုတ်တယ် " . . . ဟူသော ဖြေသံထွက်ပေါ်လာသည်။ ထို့ကြောင့် မိန်းကလေးတစ်သိုက်သည် မညိုမြအပေါ်တွင် ပိုမိုယုံကြည်၍ သံယောဇဉ်ဖြစ်လာကြသည်။ မညိုမြသည်လူသားတစ်ယောက်မဟုတ်သော်လည်း၊ မိန်းကလေးများအား အနှောင့်အယှက်ပြုလေ့ရှိသူကို၊ သူ့နည်းသူ့ဟန်ဖြင့် ဖယ်ရှားပေးလိုက်သောကြောင့် ဖြစ်သည်။

မတူးက . . အပျိုကြီးတစ်ယောက်ပြီပြီ၊ မညိုမြအား အခြားသူများထက်ပို၍ တွယ်တာသည်၊ တစ်ခါတစ်ရံ ညဘက်တွင် အစားအစာများကို အင်ဖက်ကြီးဖြင့် ထုပ်၍ ကညင်ပင်ကြီးအောက်သို့ သာချထားပေးတတ်သည်၊ မနက်မိုးလင်း၍ သွားကြည့်သောအခါ၊ ထုပ်ထားသော အင်ဖက်ထုပ်မှာ ခြေရာလက်ရာ မပျက်ပဲ၊ အတွင်း၌ထည့်ထားသော ထမင်းနှင့် အသားဟင်းများကို မတွေ့ရပါတော့ချေ၊ မတူးသည် မညိုမြအပေါ်တွင် သံယောဇဉ်ကြီးသူပီပီ မိန်းမဖော်များနှင့် ကညင်ပင်အောက်တွင် ထွေရာလေးပါးစကားစမြည်း ပြောနေခိုက်၊ ကောက်ကာငင်ကာဖြင့်၊ . . .

www.burmeseclassic.com

www.burmeseclassic.com



" မညိုမြရယ် . . . ရှင်နဲ့ ကျွန်မတို့ ခင်မင်လာခဲ့ကြတာ ရက်ပေါင်းမနည်းတော့ဘူး၊ ကြာလှပြီ . . ရှင့်မျက်နှာကို တစ်ခါမှ မမြင်ဖူးဘူး၊ တစ်ခါလောက်ပြပါလားရှင် "

. . . ဟူ၍ တောင်းပန်သံဖြင့် ပြောလိုက်သည်။

" မပြပါရစေနဲ့ဟယ်၊ ငါ့မှာ အကုသိုလ်များလွန်းလို့၊ ငါ့ရုပ်ကြီးက အရမ်းအရုပ်ဆိုးတယ်၊ မကြည့်ချင်ပါနဲ့၊ နင်တို့လန့်ဖြန့်သွားလိမ့်မယ် "

" ဘာပဲဖြစ်ဖြစ် ကြည့်ပါရစေ မညိုမြရယ်၊ ရှင်ဘယ်လောက်ပဲအရုပ်ဆိုးဆိုး၊ ကျွန်မတို့ ရှင့်ကို ကြောက်စရာ . . လို့မထင်ကြပါဘူး "

" ဟုတ်သားပဲ မညိုမြ၊ ပြမှသာပြစမ်းပါ၊ တစ်ခါလောက်မြင်ဖူးချင်လို့ပါ၊ ကျွန်မတို့ အားလုံးကြည့်ချင်ပါတယ် "

မိန်းကလေးများက တစ်ယောက်တစ်ခွန်း၊ မတူး၏ စကားကို ဝိုင်းဝန်းထောက်ခံကြသည်၊ ထိုအခါ ဟူး . . . ခနဲ သက်ပြင်းရှည်ချသံကြီးကို ကြားလိုက်ရပြီးနောက်၊ . .

" နင်တို့အားလုံးက ဒီလောက်တောင် ကြည့်ချင်နေကြမှတော့၊ ငါ့မျက်နှာကို မပြပေမယ့်၊ လက်တစ်ဖက်ကိုပဲ ပြလိုက်မယ်၊ အဲဒီလက်ကိုမြင်ရင်၊ ငါဘယ်လောက် ကုသိုလ်ဆိုးတယ်ဆိုတာ နင်တို့စဉ်းစားကြည့်နိုင်ကြမှာပါ "

. . . ဟူ၍ ပြောသံကြားရပြီးနောက်၊ မိန်းကလေးတစ်သိုက်နှင့် မလှမ်းမကမ်းတွင်၊ လက်တစ်ဖက်ကို ထင်ထင်ရှားရှား မြင်လိုက်ကြရသည်၊ သို့ရာတွင် ဖြတ် . . ခနဲ တစ်စက္ကန့်မျှသာကြာသည်၊ ချက်ချင်း ပျောက်ကွယ်သွားသည်။

သူတို့အားလုံး တစ်ဒင်္ဂမျှသာမြင်တွေ့လိုက်ကြရသော်လည်း သူတို့၏ တစ်သက်တာလုံး မမေ့ပျောက်မရလောက်အောင် ဖြစ်သွားကြသည်၊ လက်ဖျံ တစ်ခုလုံး ထူထပ်သိပ်သည်းသော အမွေးအမှင်များ ဖုံးလွှမ်းလျက် ရှိပြီး မည်းနက်ကောက်ကွေးသော လက်သည်းများ ဖြစ်နေသည်။

ထိုအချိန်အခါကတည်းက၊ . . . မြေနီကုန်းနှင့်စလျှင်၊ ပြည်လမ်း၏ အနောက်ဘက်တွင် ရှိသော စမ်းချောင်းရပ်ကွက်(ယခုအခါ စမ်းချောင်းမြို့နယ်) သည် မြန်မာလူမျိုးများ၍ ပိုမို စည်ကားခဲ့သည်။ မြေနီကုန်းတွင် ဟိန္ဒူလူမျိုး နွားမွေးမြူသူများ နွားခြံကျယ်ကြီးနှင့် ဖြစ်သည်၊ ထို့ပြင် . . . ဘင်္ဂါလီ၊ မန္တရာဆီ . . လူမျိုးနှင့် အခြားကုလားလူမျိုး အချို့ရှိကြသည်၊ သို့ရာတွင် မြန်မာလူမျိုးက အများစုဖြစ်ကြသည်။

သို့ဖြစ်ရာ ၊ . . . စမ်းချောင်းရပ်ကွက်တွင် တစ်ခါတစ်ရံ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ . . . စသော ပွဲလမ်းသဘင်များ ကျင်းပပြုလုပ်သော အခါမျိုးတွင်၊ မတူးသည် မိန်းကလေးတစ်သိုက်၏ မိဘများ တခွင့်ပြုချက်အရ၊ မိန်းကလေးများနှင့် အတူ ပွဲကြည့်ရန်သွားကြသည်။ ထိုအခါ ကညင်ပင်ကြီးအောက်မှ ဖြတ်၍ လူသွားလမ်းကလေးအတိုင်းသွားကြသည်၊ ကညင်ပင်ကြီး အနီးသို့ ရောက်လျှင် ၊

" မညိုမြ . . . ကျွန်မတို့ ပွဲသွားကြည့်ကြမလို့၊ လိုက်မလား"
မတူးက လှမ်းမေးလိုက်သည်။

" အေး . . . ငါလည်းလိုက်မယ် "

. . . ဟူသော အသံကို ကြားရသည်၊ မတူးနှင့် မိန်းကလေးတစ်သိုက်က . . . ပွဲဈေးတန်း ရှိရာသို့ ဦးတည်လျှောက်ခဲ့ကြစဉ် တစ်ယောက်ယောက်က၊ . . .

" မညိုမြ ကျွန်မတို့နဲ့ ပါမှ ပါလာရဲ့လားမသိဘူး . . "

. . . ဟု အမှတ်မထင် ပြောလိုက်သောအခါ၊ သူတို့နောက်ဘက်မှ ' ရှပ်ရှပ် . . . ရှပ်ရှပ် ' . . . ဟူသော ခြေသံပေးလေ့ရှိသည်။ ထို့ကြောင့် သူတို့နှင့်အတူ၊ မညိုမြပါ ပွဲကြည့်ရန်လိုက်ပါလာကြောင်း သိလိုက်ကြရသည်။

* * * *

www.burmeseclassic.com



ဤသို့ဖြင့် . . . တစ်စ . . တစ်စ အချိန်ကာလ ကြာမြင့်လာခဲ့သော တစ်နေ့၊ ညနေဆည်းဆာချိန်တွင်၊ မတူးနှင့် မိန်းကလေးတစ်စုသည် မညိုမြ ပြောလိုက်သော စကားကို သဲသဲကွဲကွဲ ကြားလိုက်ကြရသည်။

" ငါ . . . သွားဖို့ အချိန်ကျပြီ၊ နင်တို့နဲ့ ခွဲရတော့မယ် "

. . . ဟူ၍ စကားအဆုံးတွင် ရှိုက်ကြီးတစ်ငင် ငိုကြွေးသံထွက်ပေါ်လာသည်။ ထိုအခါ မတူးအပါအဝင် မိန်းကလေးအားလုံး တအံ့တသြ ဖြစ်သွားကြသည်။

" ရှင် ဘယ်ကိုသွားမှာလဲ မညိုမြ၊ ဘယ်မှ မသွားပါနဲ့ "

" ဟုတ်ပါတယ် မညိုမြရယ်၊ ကျွန်မတို့နဲ့ နေရတာမပျော်လို့လား "

" ဒါဖြင့် ကျွန်မတို့ သီချင်းဆိုပြမယ်လေ၊ မမတူးက . . ကပြမှာပေါ့ "

မိန်းကလေးများက တစ်ယောက်တစ်ပေါက် ပြောကြသည်။

" နင်တို့နဲ့ နေရတာ မပျော်လို့ မဟုတ်ပါဘူးကွယ်၊ နင်တို့နဲ့ခွဲရမှာ စိတ်မကောင်းလွန်းလို့ပါ။ အဲဒီလို ခွဲသွားပြီးရင် နောက်ထပ် ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး၊ "

" မသွားပါနဲ့ မညိုမြရယ် . . "

မိန်းကလေးများက ဆို့နင့်ကြေကွဲစွာ ပြောကြသည်။

"ငါလည်းခွဲမသွားချင်ပါဘူးဟယ်၊ ဒါပေမယ့် ငါတို့ရဲ့ အထက်က စေခိုင်းတဲ့အတွက်၊ ဘယ်လိုမှ ငြင်းပိုင်ခွင့်မရှိဘူး၊ နင်တို့ ငါ့ကို သတိရတိုင်း ရွှေတိဂုံဘုရားမှာ ကုသိုလ်ကောင်းမှုပြုပြီး အမျှဝေကြပါနော်။ ငါရောက်ရာ ဘုံဘဝက ကြားသိနိုင်ရင် သာဓုခေါ်ပါရစေ။ "

" ခွဲသွားတော့မယ် ဆိုတဲ့ စကားကု ထပ်ပြီးမကြားပါရစေနဲ့ မညိုမြရယ်၊ ကျွန်မတို့အားလုံး ဝမ်းနည်းလွန်းလို့ပါ၊ "

မတူးက . . အသံကတုန်ကယင်ဖြင့် ပြောလိုက်ပြီး မချိတင်



ကဲ ငိုကြွေးလေတော့သည်၊ ကျန်မိန်းကလေးများသည်လည်း တစ်ယောက်မကျန် တရှုံ့ရှုံ့ ငိုမိကြသည်။

"ငါမသွားမဖြစ်လို့ သွားရတော့မယ့် အချိန်ရောက်ရင်၊ နင်တို့ အားလုံးဆီကို လာပြီးနှုတ်ဆက်ပါ့မယ်၊ မငိုကြပါနဲ့တော့ဟယ်၊ နင်တို့ငိုသံကြားရရင် ငါပိုပြီး စိတ်ထိခိုက်လွန်းလို့ပါ။"

မတူးတို့သည် ကညင်ပင်ကြီးကိုသာ ငေးကြည့်နေကြသည်၊ ဘာဆက်ပြောရမှန်း မသိတော့၊ သူတို့အားလုံး၏ ရင်ထဲတွင် သောကမီးလောင်မြိုက်နေသည့် အလားခံစားနေကြရသည်။

" ကဲ . . . သွားကြတော့၊ မိုးချုပ်တော့မယ် ပြန်ကြတော့နော်၊ . . . ငါမှာ ခဲ့တဲ့အတိုင်း၊ ရွှေတိဂုံဘုရားမှာ ကုသိုလ်ကောင်းမှုပြုပြီး၊ ငါ့ကို အမျှဝေဖို့ မမေ့ကြနဲ့ သွားကြပေတော့ "

မတူးနှင့်မိန်းမပျိုတစ်သိုက်သည်၊ ခါတိုင်းကညင်ပင်ကြီးအောက်မှ ထွက်ခွါလာကြသည့်အချိန်တွင်၊ တစ်ယောက်နှင့် တစ်ယောက် ကြည့်စယ်နောက်ပြောင် ရယ်မောလာခဲ့ကြသည်၊ သို့ရာတွင် ဤတစ်ကြိမ်၌ သူတို့အားလုံး ဆွေးမြေ့ကြေကွဲစွာဖြင့် တိတ်တိတ်ဆိတ်ဆိတ်ပြန်လာခဲ့ကြသည်။

ကိုယ်အိမ်ရာသို့ ပြန်လည် ရောက်သွားကြသည့်အခါ၊ သူတို့၏မိဘများက . . . သူတို့အသီးသီးမျက်နှာညှိုးနေကြသည်ကို၊ သိသိသာသာကြီးသတိပြုမိကြသည်၊ ထိုကြောင့် ' ဘာများဖြစ်လာကြလို့လဲ ' . . ဟူသောမေးခွန်းကို၊ . . .

" မညိုမြ တခြားကို ပြောင်းရတော့မယ် . . . တဲ့ "

. . . ဟု သာမန်မျှသာ ဖြေဆိုလိုက်ကြသည်။

" အဲဒါဘာဖြစ်လဲ ညိုမြဟာ ဘယ်သူ့ကိုမှ အန္တရာယ်မပေးပဲကူညီတယ် ကောင်းရာမွန်ရာဘဝကို ပြောင်းရတာ ဖြစ်မှာပေါ့၊ သမီးတို့သာ သူ့အတွက်ကုသိုလ်ကောင်းမှုပြုပြီး၊ မေတ္တာပို့အမျှအတန်းဝေကြ၊ သူ့အနေနဲ့ သာဓုခေါ်နိုင်ရင် ဒါ့ထက်ပိုပြီး ကောင်းမွန်တဲ့နေရာကို ရောက်ရှိခံစားနိုင်မှာပါ။ "

www.burmeseclassic.com



မိဘများကသူတို့၏သမီးများအား ထိုကဲ့သို့သာအဓိပ္ပါယ် သက်ရောက်သည့် စကားလုံးများဖြင့် နှစ်သိမ့်လိုက်ကြသည်။

" ဒါဆိုရင် . . . သမီးတို့ မနက်ဖြန်ကျရင် မနက်စောစော ထပြီး ရွှေတိဂုံဘုရားကို အရှုဏ်ဆွမ်းသွားကပ်ကြမယ်နော်၊ မမတူ ကိုလဲ ကြိုတင်မှာထားပြီး အားလုံးအတူတူသွားကြမယ်၊ . . "

" အင်မတန်ကောင်းတာပေါ့ကွယ်၊ အဲဒါ . . . လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စပဲ၊ "

*　　*　　*　　*

မတူးနှင့် မိန်းကလေး တစ်သိုက်သည် မညိုမြရှိရာ ကညင် ပင်ကြီးအနီးမှ နှုတ်ဆက်ခွဲခွာခဲ့ကြသည့်နောက်နေ့ မနက်စောစော အချိန်တွင် ဘုရားသွားရန် ညတွင်းချင်းတိုင်ပင် စီစဉ်ခဲ့ကြသည်။

ထိုနေ့ညသန်းကောင်ယံအချိန်တွင် . . . မတူးနှင့် မိန်းက လေးတစ်သိုက်နေထိုင်ရာ အိမ်တိုင်းကို၊ အပြင်ဘက်မှ တံခါးခေါက် သည်၊ တံခါးခေါက်သံကြောင့် နိုးလာသောအခါ၊ . . .

" သူငယ်ချင်းတို့ရေ၊ ငါသွားပြီ နှုတ်ဆက်ခဲ့ပါတယ် "

. . ဟု . . ကြားလိုက်ကြရသည်၊ ထို့နောက် ဘာသံမှ ဆက် လက်မကြားရတော့ချေ၊ ထိုအချိန်မှ စ၍နောက်ပိုင်းတွင် သူတို့တစ် တွေ ကညင်ပင်ကြီးအောက်သို့ ရောက်ကြသည့် အခါတိုင်း၊ မညိုမြ ကို ခေါ်ကြည့်ကြသည်၊ သို့ရာတွင် မည်သည့် အသံမျှ ပြန်လည် ကြားကြရခြင်း မရှိတော့ . . . ။

*　　*　　*　　*

ကပ္ပိယ ဖိုးမောင်သည် နောက်တစ်နေ့မှ စ၍သူ့ပုတီးစိပ် ချိန်တိုင်းတွင်၊ အနှောင့်အယှက် ဟူ၍ လုံးဝမကြားရတော့သဖြင့်



အရုံရစွာ ပုတီးစိပ်နိုင်ခဲ့သည်၊ မညိုမြ ဘဝပြောင်းသွားကြောင်း၊ တူးနှင့် မိန်းကလေးများထံမှ ကြားသိလိုက်ရသောအခါ၊ စိတ်မ ကောင်းဖြစ်မိသည်။

ထို့ကြောင့်၊ . . . . ဖိုးမောင်က ဘုရားဂုဏ်တော် အဓိဋ္ဌာန် ပုတီးစိပ်ပြီးသောအခါတိုင်း သုံးဆယ့်တစ်ဘုံသား . . ဝေနေယျ သတ္တ အပေါင်းအား မေတ္တာပို့အမျှပေးဝေရာတွင်၊ မညိုမြအတွက်လည်း သီးသန့်လိုအလျှောက် အမျှပေးဝေမိလျက်သား ဖြစ်သွားပါတော့သည်။

ဆွေမြင့်

www.burmeseclassic.com

www.burmeseclassic.com

# မျက်စိနဲ့ မကြည့်ဘဲ မြင်နေရတဲ့လူ

စိုင်းကျော်သီဟ

ဆရာဝန်စာရေးဆရာကြီး JOHN .F. CALDRIGHT ရေးခဲ့တဲ့ THE MAN WHO SEEN WITHOUT EYE ဆိုတဲ့ ဝတ္ထုတိုကို ဆီလျော်အောင် ပြန်ဆိုရေးထားပါတယ်။

* စိုင်းကျော်သီဟ *

■

ကျုပ်နာမည်က . . .

" အင်းမရစ် ခန်း."

. . လို့ ခေါ်တယ်။

အများကတော့ "ဆရာခန်း" လို့ခေါ်ကြတာပဲ။

ကျုပ်က အိန္ဒိယ နိုင်ငံသား၊ ဟိန္ဒူလူမျိုးတစ်ယောက်။

ကျုပ်ကို " ကက်ရှမီးယားပြည်နယ်၊ "အက်ခ်နာ"-ဆိုတဲ့ မြို့မှာမွေးဖွားခဲ့ပါတယ်။ ၁၉၀၅-ခုနှစ်မှာပေါ့။

မိဘတွေက သိပ် . . . ဆင်းရဲကြတယ်၊ အဖေက မီးရထားဌာနမှာ လက်မှတ်စစ်။

ကျုပ်ဆယ့်သုံးနှစ်သားလောက်မှာ ကျုပ်တို့ကျောင်းကို မျက်လှည့်ဆရာတစ်ယောက် ရောက်လာပြီး မျက်လှည့်ပြပါတယ်။ အဲဒီမျက်လှည့်ဆရာနာမည်က " မိုး"-တဲ့။ သူ့ပြကွက်တွေက တော်တော်ကိုကောင်းလှပါတယ်။ ကျုပ်လည်း အဲဒီမျက်လှည့်ဆရာမိုးကို တော်တော်ကြီးကိုပဲ အထင်ကြီးသွားမိပြီး ဒါဟာ တကယ့်ပဥ္စလက် မှော်



ပညာ . . လို့ အောက်မေ့မိလိုက်ပါတယ်။

အဲဒီပဥ္စလက်မှော်ပညာကို ကျုပ်တတ်အောင်သင်မယ် . . ဆိုတဲ့ ပြင်းထန်လှတဲ့ စိတ်ဆန္ဒတွေ ရင်ထဲမှာ ထုနဲ့ထည်နဲ့ကို ဖြစ်ပေါ်ခံစားမိခဲ့ပါတယ်။

ဒီလိုနဲ့ နှစ်ရက်လောက်အကြာမှာ ဒီမျက်လှည့်ဆရာမိုးကို တွေ့တွေ့အောင်ရှာပြီး သူ့ဆီမှာ တပည့်ခံမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကျုပ်အိမ်ကနေ ထွက်ပြေးခဲ့ပါတော့တယ်။ ကျုပ်စုဆောင်းထားတဲ့ ရူပီငွေ ဆယ့်လေးကျပ်ကို ယူပြီးအဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အိမ်က ထွက်ပြေးခဲ့တယ်လေ။

ကျုပ်ကိုယ်မှာ ဝတ်ထားတာက ဒိုတီအဖြူတစ်ထည်၊ ခြေထောက်မှာက ကွင်းထိုးဖိနပ်တစ်ရံ။

အဲဒီအချိန်ကတော့ . . . ၁၉၁၈-ခုနှစ်။

ကျုပ်စုံစမ်းကြည့်ရသမျှကတော့ မျက်လှည့်ဆရာမိုးဟာ မိုင်နှစ်ရာကျော်လောက်ဝေးတဲ့ "လာဟိုးမြို့"ကိုခရီးထွက်သွားပြီတဲ့။ ဒါနဲ့ ကျုပ်လည်းပဲ တတိယတန်းရထားလက်မှတ် တစ်စောင်ဝယ်၊ ရထားပေါ်တက်ပြီး သူသွားတဲ့ လာဟိုးမြို့ကို လိုက်ခဲ့ပါတော့တယ်။

လာဟိုးမြို့ကို ရောက်တော့ . . . ၊ ဆရာမိုးကို ကျုပ်လွယ်လွယ်ကူကူပဲ ရှာလို့တွေ့ပါတယ်။ ဆရာက သိပ် . . . ဈေးမရတဲ့ မျက်လှည့်ပွဲမျိုးကို ရုံသွင်းပြနေတယ်လေ။

ကျုပ်လည်း သူ့ပညာတွေကို လေးစားရတဲ့အကြောင်း၊ ကျွန်တော်သူ့ဆီက ပညာလိုချင်တဲ့အကြောင်းနဲ့ ကျုပ်ကိုယ်ကို ဆရာ့ဆီအပ်ပါတယ်။ ကူဖော်ကူဖက်အဖြစ် ခိုင်းစရာရှိတာခိုင်းပါ . . . လို့ သူ့ကို ပြောတော့တာပေါ့။ ဒါနဲ့ပဲ . . သူက ကျုပ်ကို လက်ခံလိုက်ပါတယ်။ လက်ခံရုံတင်မကပါဘူး။ ကျုပ်အတွက် လုပ်အားခ . တစ်နေ့ကို ငါးမူးပေးမယ် . . လို့လည်း ဆိုပါတယ်။

ဒီလိုနဲ့ပဲ ဆရာက ကျုပ်ကို ကွင်းလေးတွေ တစ်ကွင်းနဲ့တစ်ကွင်းချိတ် - ဆက်သွားအောင် လုပ်တဲ့နည်းကို သင်ပေးပါတယ်။

www.burmeseclassic.com



နောက်ပိုင်းမှာတော့ . . . ကျုပ်အလုပ်က မျက်လှည့်ရုံရှေ့လမ်းပေါ်မှာ ရပ်ရင်း၊ အဲဒီပြကွက်ကို လုပ်လည်းပြရ၊ လူတွေရုံထဲဝင်ကြည့်အောင်လည်း လူခေါ်ရပါတယ်။

အဲဒီလိုနဲ့ တစ်လခွဲလောက်အထိတော့ ဒီအလုပ်က အဆင်ပြေပါတယ်ဗျာ၊ ကျောင်းတက်ရတာထက်စာရင် ဒီလိုနေရတာက အများကြီးကောင်းတာပေါ့။ ဒါပေမဲ့ . . ဆရာ့မှာက တကယ့်ပဉ္စလက်မှော်ပညာရှိတာမှ မဟုတ်ဘဲ၊ သူပြနေတာတွေအကုန်လုံးဟာ သူလက်လျင်တာနဲ့ လှည့်စားထားတာတွေချည်းဖြစ်မှန်း နောက်ပိုင်းမှာ မထင်မှတ်ဘဲနဲ့ ကျုပ်သိလိုက်ရတော့ . . . ။

ကျုပ် ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားရပါတော့တယ်။

ဒီလိုနဲ့ မျက်လှည့်ဆရာမိုးတစ်ယောက် ကျုပ်ရဲ့အားကျအတုယူစရာပုဂ္ဂိုလ်အဖြစ်ကနေ ချက်ချင်းကြီးပဲ လျော့ကျသွားပါတော့တယ်။ ကျုပ်စိတ်ထဲမှာ အလုပ်ကို လုံးဝစိတ်မဝင်းစားတော့ဘူး။

အဲဒီအချိန်မှာပဲ ကျုပ်ရဲ့စိတ်ထဲမှာ တော်တော်ကြီးကို ထက်သန်တဲ့ ဆန္ဒတစ်ခုပေါ် ပေါက်လာပါတယ်။ ကျုပ်အတောင့်တဆုံးကတော့ . . . တကယ့်မှော်ပညာကို ရှာဖွေလေ့လာဆည်းပူးဖို့ပါပဲ၊ ပြီးတော့ . . . ယောဂ . . လို့ခေါ်တဲ့ သိဒ္ဓိတစ်မျိုးကိုလည်း ကျုပ်လေ့လာချင်နေသေးတယ်။

ဒါနဲ့ပဲ ကျုပ်ဟာ ယောဂီပုဂ္ဂိုလ်တစ်ယောက်ယောက်ကို တွေ့အောင်ရှာရပါတော့တယ်။ အဲဒီပုဂ္ဂိုလ်ကလည်း ကျုပ်ကို သူ့တပည့်အဖြစ် လိုလိုချင်ချင် လက်ခံဦးမှ ဖြစ်မှာ။ ဒီကိစ္စဟာလွယ်တော့ တော်တော့်ကို မလွယ်တဲ့ကိစ္စပဲဗျ။

ယောဂီပုဂ္ဂိုလ်အစစ် - ဆိုတာမျိုးတွေက နေရာတကာမှာ ရှိနေတတ်ကြတာမဟုတ်ဘူး။ ဟောဒီအိန္ဒိယပြည်ကြီးတစ်ပြည်လုံး လှည့်ပြီးရှာ၊ နည်းနည်းကလေးလောက်ပဲ ခင်ဗျားတွေ့ရလိမ့်မယ်။

ပြီးတော့ . . ဒီယောဂီပုဂ္ဂိုလ်တွေက ဘာသာရေးအင်မတန်



အလေးထားတတ်ကြတဲ့ ပုဂ္ဂိုလ်တွေဗျ။ ဒီတော့ . . . ကျုပ်အနေနဲ့ ဒီလို ယောဂီပုဂ္ဂိုလ်မျိုးကို တွေ့အောင်ရှာတော့မယ် . . ဆိုရင် . . ကျုပ်ကိုယ်တိုင်ကလည်း ဘာသာရေးဘက်မှာ အင်မတန်ကို အလေးထားတဲ့ ပုံစံမျိုးပေါက်အောင် ဟန်ပန်တော့ ထုတ်မှဖြစ်မယ်။

တကယ်တော့ ကျုပ်ဟာ ဘာသာရေးဘက်မှာ အားသိပ်မသန်လှပါဘူး။ အားမသန်ဘဲနဲ့ အခုလိုလုပ်လို့ ခင်ဗျားတို့အနေနဲ့ ကျုပ်ကို လိမ်တာပဲ - လို့ဆိုနိုင်ပါတယ်။ ကျုပ်ကလည်း ယောဂသိဒ္ဓိပေါက်အောင် အားထုတ်ချင်တာဟာ ကျုပ်ကိုယ်ကျိုးသက်သက်အတွက်ပဲဗျ။ ကျုပ်က အဲဒီတန်ခိုးသိဒ္ဓိတွေကို ကျော်ကြားအောင်၊ အောင်မြင်ကြီးမားအောင် သုံးချင်တာပါ။

အခုလို ခင်ဗျားတို့ကို ကျုပ်ပြောလိုက်တဲ့စကားဟာ တကယ်စစ်မှန်တဲ့ ယောဂီပုဂ္ဂိုလ်တွေအနေနဲ့ဟောဒီလောကမှာ နှစ်မြို့ဆုံးအရာပဲဗျ။ တကယ်ယောဂီစစ်စစ်ဖြစ်လာရင် ဘယ်ယောဂီပဲဖြစ်ဖြစ် ကိုယ့်ရဲ့တန်ခိုးသိဒ္ဓိကို တလွဲအသုံးချလိုက်မိတာနဲ့ အချိန်မတိုင်ခင် ရုတ်တရက် သေတတ်တယ်လို့ ယုံကြည်ထားကြတယ်။

ယောဂီပုဂ္ဂိုလ် . . ဆိုတာ လူတွေကြားထဲမှာ တန်ခိုးမပြကြရဘူး။ တန်ခိုးပြချင်ရင် ကိုယ့်ဘာသာကိုယ်တစ်ယောက်တည်း ရှိနေတုန်း၊ ဘုရားဝတ်ပြုနေတုန်း၊ ဒါမှမဟုတ်ရင်မပြလို့မဖြစ်တော့တဲ့အခါတွေမှာမှ တန်ခိုးပြကြရတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ . . . သူ့မှာ သေလောက်အောင်ခိုက်တတ်တယ် . . . လို့ သိရတယ်။ ကျုပ်ကတော့ အဲဒီကိစ္စကို အရင်ကလည်းမယုံခဲ့ဘူး။ အခုထက်ထိလည်း မယုံပါဘူး။

ဒီလိုနဲ့ ကျုပ်လည်း ယောဂီအတတ်ပညာကို နည်းပြလမ်းညွှန်လုပ်ပေးမယ့်ဆရာတစ်ယောက်ယောက်ကို တွေ့အောင် ရှာမယ် . . လို့ စိတ်ဆုံးဖြတ်လိုက်ပြီး ယောဂီဆရာ စ ရှာပါတော့တယ်။ မျက်လှည့်ဆရာမိုးဆီက ထွက်လာခဲ့ပြီး " ပန်ဂျပ်နယ်"က "အမ်ရစ်ဆာ" ဆိုတဲ့ မြို့ကို ထွက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က လှို့ဝှက်ချက် ရှာနေရင်း တစ်ဖက်ကစားဝတ် နေရေးကရှိသေးတယ်ဆိုတော့ . . . . ဝင်ငွေရအောင် ရှာရသေး တယ်လေ။

ကျုပ်ကျောင်းနေတုန်းက အပျော်တမ်းဇာတ်အဖွဲ့မှာ ကခဲ့ တာကိုးဗျ။

အဲဒီဇာတ်အဖွဲ့ရဲ့ ကျေးဇူးကြောင့် ကျုပ်လည်း လမ်းမှာတွေ့ တဲ့ ဇာတ်အဖွဲ့ကြီးတစ်ဖွဲ့နဲ့ ပေါင်းပြီး ပန်ဂျပ်နယ်တစ်ခွင်လုံး သုံးနှစ် လောက်လှည့်လည်ပြီး ကပြခဲ့ရပါတယ်။

ကျုပ်အသက်ဆယ့်ခြောက်နှစ်ကျော်ကျော်မှာ ဇာတ်အဖွဲ့ ကြီးထဲမှာ ကျုပ်ဟာထိပ်တန်းကို ရောက်ရှိခဲ့တယ်လေ။ ဇာတ်ကနေ တဲ့အချိန်တစ်လျှောက်လုံး ရသမျှ ငွေကြေးကို စုဆောင်းလာခဲ့တာ အခုဆိုရင် ကျုပ်လက်ထဲ ရူပီးငွေ နှစ်ထောင်လောက်စုမိနေပြီဗျို့။

အဲဒီအချိန်မှာပဲ . . .

" ဘာနာဂျီ "-ဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အကြောင်းကို ကျုပ်ကြားရပါတော့တယ်။ ဒီ ဘာနာဂျီ - ဆိုတာ အိန္ဒိယပြည်က ယောဂီအစစ်တွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ပြီး သူ့မှာထူးခြား တဲ့သိဒ္ဓိစွမ်းအားတွေရှိတယ် - လို့ လူတွေက ပြောကြတယ်။

ကျုပ်ကြားရတဲ့သတင်းအချက်အလက်တွေထဲမှာ လူတွေ သိပ် . . . အပြောများနေတာကတော့ ဒီဘာနာဂျီ - ဆိုတဲ့ ပုဂ္ဂိုလ် ဟာ မြေကြီးပေါ်ကနေ လေထဲကို ကြွတက်နိုင်တဲ့ "ဈာန်"ရထား တယ် . . . ဆိုပဲ။

သူ ဘုရားဝတ်ပြုနေတဲ့အချိန်မှာ သူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံး မြေကြီးပေါ်က ကြွတက်နေပြီး၊ မြေပြင်ရဲ့အထက် တစ်တောင်အကွာ လောက်မှာ တန့်နေပြီး ငြိမ်နေတယ် . . တဲ့ဗျာ။

" ဟာ . . . ဟုတ်ပြီ "

- ဆိုပြီး ကျုပ်ဘာသာကျုပ်တွေးမိလိုက်တယ်။ ဒီဘာနာဂျီ -ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ငါဆရာတင်ရမယ့်လူဖြစ်မှာ သေချာတယ်။ ငါရှာ



နေတာ ဒီဘာနာဂျီ - လိုမျိုး ပုဂ္ဂိုလ်ပဲ။

ဒါနဲ့ . . . ချက်ချင်း အားချင်းပဲ ကျုပ်စုထားတဲ့ငွေတွေကို ယူပြီး ဇာတ်အဖွဲ့ကြီးထဲကနေ ထွက်လာခဲ့ပါတော့တယ်။

နောက်တော့ . . . ဘာနာဂျီ နေထိုင်တဲ့နေရာ-လို့ လူအ ပြောများတဲ့ ဂင်္ဂါမြစ်ကမ်းပါးပေါ်က "ရီရှီကက်ချ်မြို့" ကို ကျုပ်လိုက် သွားခဲ့ပါတော့တယ်။

ခြောက်လလုံးလုံး ဘာနာဂျီကို ကျုပ်လိုက်ရှာခဲ့တယ်။

သူဘယ်မှာလဲ။ ဘာနာဂျီ ဘယ်မှာလဲ။

သူ ဘယ်အရပ်မှာရှိလဲ။

ဘာနာဂျီ ဘယ်မှာလဲ . . . လို့ ကျုပ်လည်းတစ်မေးထဲ မေးရင်း စုံစမ်းလိုက်ရတာ . . . ။

" သြော် . . . ဘာနာဂျီလား၊ ဟုတ်တယ်၊ သိတာပေါ့။ ရီရှီ ကက်ချ်မှာ ရှိတယ်လေ။ မြို့ထဲမှာကို ရှိတာ သေချာပါတယ် "

. . . လို့ ပြောတဲ့လူတွေက ပြောကြပါတယ်။

ဒါပေမဲ့ . . . .

အဲဒီလို ပြောကြတာက တစ်ခဏပါပဲ။ တော်ကြာ . . . ဘာ နာဂျီကို တွေ့တဲ့လူ၊ တစ်ယောက်မှမရှိတော့ပြန်ဘူး၊ ဒါဖြင့်ရင် . . အခု ဘာနာဂျီ ဘယ်ရောက်သွားပြီလဲ။

ဘာနာဂျီ တခြားတစ်နေရာကို ထွက်သွားပြီ။

တခြားတစ်နေရာ . . ဆိုတာ ဘယ်နေရာကို ပြောတာလဲ။

သြော် . . . ဒါလား။ ဒါတော့ ဘယ်သိနိုင်ပါ့မလဲ။

. . . လို့ ပြန်ပြောကြပြန်ရောဗျ။

တကယ့်ကို မသိတာပါ။ ဘာနာဂျီလို ပုဂ္ဂိုလ်ကြီး ဘယ်သွား လို့၊ ဘယ်လာတယ် . . . ဆိုတာ တော်ရုံတန်ရုံလူ ဘယ်သိနိုင်ပါ့မ လဲ။ သူက ဇကစာကျင့်နေတဲ့ ပုဂ္ဂိုလ်လေ။ မဟုတ်ဘူးလား။

ဟုတ်ပါတယ်။ ဟုတ်ကဲ့။ ဟုတ်ကဲ့။ ကျုပ်သိပါတယ်။

ဒီလိုနဲ့ . . . ကျုပ်လည်း ဘာနာဂျီကို ရှာရင်း . . ရှာရင်းနဲ့

www.burmeseclassic.com


ကျုပ်စုထားတဲ့ ငွေကလည်း ကုန်ခါနီးပေါ့။ ကျုပ်လက်ထဲမှာ အားလုံးပေါင်းမှ သုံးဆယ့်ငါးရူပီးပဲ ရှိတော့တယ်။ ဒါပေမဲ့ . . အခြေကတော့ ထူးမလာပါဘူးဗျာ။

ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ကတော့ ဟောဒီ ရီရှီကက်ချ်မြို့ထဲလေးကနေ ထွက်မသွားဘဲ မျက်လှည့်ဝိုင်းတွေ လှည့်ပြရင်း ကျုပ်စားရေး-နေရေးကို ဖြေရှင်းနေရတယ်။ မျက်လှည့်ပြတာကတော့ မျက်လှည့်ဆရာမိုးဆီက သင်ခဲ့တာတွေလည်း ပါ. . ပါတယ်။ နောက်ပြီးကျုပ်ဘာသာ ကျုပ်ကျွမ်းကျင်တဲ့ လက်စွမ်းပြကွက်တွေလည်းပါ . . တာပေါ့ဗျာ။

တစ်နေ့မှာတော့ဗျာ . . . ။

မြို့ထဲက စားသောက်ဆိုင်တစ်ခုမှာ ကျုပ်ထိုင်နေတုန်း . . .

ယောဂီပုဂ္ဂိုလ်ကြီး ဘာနာဂျီရဲ့ အကြောင်းပြောနေသံ၊ ဆိုနေသံတွေကို ကျုပ်ကြားလိုက်ရပါတယ်။ ခရီးသည်တစ်ယောက်က . .

" ဘာနာဂျီက အခုလောလောဆယ် တောထဲမှာ နေ . . နေတယ် "

. . . လို့ ပြောတယ်ဗျ။

သူပြောတဲ့ တောဆိုတာက ဒီကနေ သိပ် . . . တော့မဝေးလှပါဘူး။ ဒါပေမဲ့ . . . တောနက်တဲ့အပိုင်းမှာ သူတစ်ယောက်တည်းနေတာ . . တဲ့လေ။

" အဲဒီ ခင်ဗျား ပြောတဲ့တော - ဆိုတာက ဘယ်နေရာမှာတုံး "

ခရီးသည်က ဘယ်နေရာပါလို့ အတိအကျ ထပ်အပ်မပြောနိုင်ဘူး။

" အဲ . . . ဖြစ်နိုင်တာကတော့ . . . ဟော့ဟိုဘက်ပဲဗျ။ မြို့ရဲ့မြောက်ဘက် "

" ဟုတ်ပြီ။ ဒါဆိုရင် . . ကျုပ်အတွက် လုံလောက်ပြီ "

ကျုပ်လည်း ဈေးဘက်ကို ထွက်လာခဲ့ပြီး မြင်းလှည်းတစ်စီး



ငှားဖို့ ဈေးစုံစမ်းလိုက်တယ်။ မြင်းလှည်းသမားနဲ့ ဈေးတည့်ပြီးသွားရုံပဲ ရှိသေးတယ်။ စောစောက စားသောက်ဆိုင်ထဲမှာ တွေ့ခဲ့ရတဲ့ ခရီးသည်က ကျုပ်အနားရောက်လာပြီး သူလည်း ကျုပ်အခုသွားမယ့် အရပ်ကို သွားမယ့်အကြောင်း ပြောပါတယ်။ သူလမ်းကြုံလိုက်လို့ရမလား . . တဲ့။ မြင်းလှည်းခကို သူလည်းမျှခံပါ့မယ် . . တဲ့။ ကျုပ်ကိုညှိလာတယ်။ ဟာ . . . ဖြစ်တာပေါ့။

ကျုပ်က ပိုပြီးတောင် သဘောကျသေးတယ်။

ဒါနဲ့ပဲ ကျုပ်တို့တစ်တွေ မြင်းလှည်းနဲ့ ထွက်ခဲ့ကြတယ်ပေါ့ဗျာ။

ခရီးသည် မျက်နှာစိမ်းနဲ့ ကျုပ်နဲ့က မြင်းလှည်းအတွင်းပိုင်းမှာ ထိုင်လို့၊ မြင်းလှည်းသမားကလည်း မြင်းလှည်းကို မောင်းလို့ပေါ့၊ လမ်းကျဉ်းကျဉ်းကလေးအတိုင်း လာလိုက်ကြတာ လမ်းကတောအုပ်ထဲ ဖြတ်ဝင်သွားသဗျ။

အဲဒီနောက်မှာတော့ဗျာ။ တကယ့်ကို ဆန်းကျယ်တဲ့ ကံအကြောင်းတရားက ဖန်လာတော့တာပဲဗျို့။

အဖော်ပါလာတဲ့ ခရီးသည်နဲ့ ကျုပ်နဲ့ စကားပြောရင်းကနေ ကျုပ်သိလိုက်ရတာကတော့ . . . .

ဒီခရီးသည်ဟာ ဘာနာဂျီရဲ့ တပည့်ဖြစ်နေတယ် . . . . ဆိုတာပါပဲ။

အခုလည်း သူက သူ့ဆရာ ဘာနာဂျီနဲ့ တွေ့ရအောင် သွားမလို့တဲ့။

ကျုပ်ကလည်း မဆိုင်းမငံ့ဘဲ ကျုပ်လည်း ဘာနာဂျီဆီမှာ တပည့်ခံချင်တဲ့ အကြောင်းသူ့ကို ပြောချပစ်လိုက်တယ်လေ။ သူက ကျုပ်ဖက်ကို လှည့်ပြီး ကျုပ်ကို အကြာကြီး စိုက်ကြည့်နေသဗျ။ သုံးမိနစ်လောက်ကြာမယ်ထင်တယ်။ စကားလည်း မပြောဘူး။ ပြီးတော့မှ . . . တိုးတိုးကလေး။

" ဒါ မဖြစ်နိုင်ဘူး "

www.burmeseclassic.com

www.burmeseclassic.com



. . . လို့ ပြောလိုက်ပါတော့တယ်။

" ဟုတ်ပြီ၊ ကြည့်ကြသေးတာပေါ့ "

. . . လို့ ကျုပ်ဘာသာ ကျုပ်စိတ်ထဲက ကျိတ်ပြီးပြောလိုက်မိပါတယ်။

အဲဒီနောက်မှာတော့ . . . ဘာနာဂျီ ဘုရားရှိခိုးနေတဲ့ အခါမှာ မြေကြီးပေါ်မှာ ဈာန်ဝင်ပြီး ကြွတက်တယ်၊ ဆိုတာ တကယ်လား . . . လို့ ကျုပ်က မေးကြည့်တော့ . . . .

" ဟုတ်တယ်၊ အမှန်ပဲ။ ဒါပေမဲ့ . . . အဲဒီလို ဈာန်ဝင်စားနေတာကိုတော့ ဘယ်သူကိုမှ ကြည့်ခွင့်မပြုဘူး၊ သူဘုရားရှိခိုးနေချိန်မှာ သူ့အနားကို ဘယ်သူမှ လာခွင့်မရှိဘူး "

. . . လို့ ခရီးသည်က ဆိုပါတယ်။

ဒီလိုနဲ့ . . . ရှေ့ကို ခရီးဆက်ရင်း ဘာနာဂျီအကြောင်းချည်းပဲ တစ်ချိန်လုံး ကျုပ်တို့ပြောဆိုလာခဲ့ကြပါတယ်။ ကျုပ်က တစ်ချက်-တစ်ချက် အတော်ကို သတိထားပြီး ခရီးသည်ကို အစ်အောက်မေးခဲ့လို့ ဘာနာဂျီရဲ့ အကြောင်း အချက်အလက်တချို့ ထွက်လာပါတယ်။

ဆိုပါတော့ဗျာ။

ဘာနာဂျီ ဘယ်အချိန်မှာ ဘုရားရှိခိုးတယ် . . ဆိုတာမျိုးက အစ၊

သိပ်မကြာပါဘူး။ ခရီးသည်က ပြောပါတယ်။

" ကျုပ်ဆင်းရမယ့်နေရာကို ရောက်ပြီဗျို့၊ ခင်ဗျားကတော့ ရှေ့ဆက်သွားပေဦး " . . လို့။

ကျုပ်က သူ့ကို ချပေးပြီး ရှေ့ခရီးကို ဆက်ထွက်ချင်ယောင်ဆောင်လိုက်ပါတယ်။ လမ်းချိုးကလေးတစ်ခုလည်း ရောက်ရော ကျုပ်က မြင်းလှည်းမောင်းသမားကို အရပ်ခိုင်းလိုက်ပြီး၊ ဒီနေရာကပဲ ကျုပ်ကိုစောင့်နေ . . . လို့ မှာလိုက်တယ်။

မြင်းလှည်းပေါ်ကကျုပ်ခပ်သွက်သွက်ကလေး ခုန်ဆင်းလိုက်



ပြီး နောက်ကြောင်းကို အသာကလေးခြေသံလုံလုံနဲ့ ပြန်လျှောက်လာခဲ့တယ်။

ဘာနာဂျီရဲ့ တပည့် . . ဆိုတဲ့လူကို ရှာကြည့်လိုက်တယ်။ ဒီလူ လမ်းပေါ်မှာ မရှိတော့ဘူး၊ တောအုပ်ထဲ ဝင်သွားနှင့်လို့ အရိပ်အယောင်တောင်မှ မတွေ့ရတော့ဘူး။ ဒီလူ ဘယ်ဘက်ကိုသွားသလဲ။ လမ်းရဲ့ ဟိုဘက်ကိုလား၊ ဒီဘက်ကိုလား။ ကျုပ်မလှုပ်မယှက်ငြိမ်ပြီးရပ်လို့ နားကို စွင့်လိုက်တယ်။

အင်း . . . အပင်ပုတွေကြားထဲက သစ်ရွက်လှုပ်သံတွေ ကျုပ်ကြားလိုက်ရတယ်။ ဒါ . . . ဟိုလူပါ။ ရှေ့မှာ သူ့ကို ကျုပ်မြင်လိုက်ရတယ်။ သူ တောနက်ထဲကို တိုးပြီး ရှေ့ကို သွားနေတာ။ သူသွားတဲ့နေရာမှာ လူသွားလမ်းကလေးရယ်လို့တောင်မှ မရှိတာ။

ဝါးတောတွေ၊ ချုံပင်၊ နွယ်ပင်တွေ ကြားထဲက ဟိုဟာဖယ် . . ဒီဟာဖယ်နဲ့ သွားနေရတာ။ ကျုပ်လည်းသူ့နောက်ကနေ ခြောင်းပြီး အသာကလေး လိုက်သွားလိုက်တယ်။ ကျုပ်လိုက်လာတဲ့ အသံသူကြားသွားမှာစိုးလို့ သူနဲ့ကျုပ် ကိုက်တစ်ရာလောက် အကွာကနေ အသံမကြားအောင် လိုက်ရတယ်။ သူ့ဆီက အသံကိုတော့ ကျုပ်ကြားနေရတယ်။ အင်မတန်ကို တောထူတဲ့ နေရာမှာ ရှေ့ကနေ ခြေသံလုံအောင်သွားလို့မှမရတာ။

သူ့ကို နောက်ယောင်ခံပြီး လိုက်တဲ့နေရာမှာ အထူးသဖြင့် သူ့ကို မမြင်ရပေမယ့်လည်း သူ့ဆီကထွက်ပေါ်လာနေတဲ့ အသံတွေကို မှန်းပြီး ကျုပ်လိုက်ရတာပေါ့။ လိုက်လို့ရတယ်လေ။ ဒီလိုနဲ့ . . သူက ရှေ့ကသွား၊ ကျုပ်က နောက်ကလိုက်နဲ့၊ သွားနေလိုက်နေ လိုက်နေလိုက်ကြတာ နာရီဝက်လောက်ရှိမယ်။

နောက်တော့ . . . အဲဗျာ . . . ကျုပ်ရှေ့က လူရဲ့ အသံပျောက်သွားတယ်ဗျို့။

ကျုပ်ရပ်ပြီးနားကို စွင့်လိုက်တယ်။

တစ်တောလုံးကို တိတ်ဆိတ်နေတာပဲ။ သူ့ကို မျက်ခြည်မှား

www.burmeseclassic.com



ပြတ်သွားပြီလား . . လို့ ကျုပ်စိုးရိမ်လိုက်ရတာ။ ဒါနဲ့ . . ကျုပ်လည်း ရှေ့ကို နည်းနည်းတိုးပြီး ကြည့်လိုက်တော့ . . .

တောချုံထူထူတွေကို ဖေါက်ပြီး ကျုပ်ရှေ့တည့်တည့်မှာ မြေတလင်းပြောင်ပြောင်ကြီးတစ်ကွက်ကို ကျုပ်တွေ့လိုက်ရပါတော့တယ်။ မြေတလင်းရဲ့ အလယ်မှာက တဲနှစ်လုံး။ တောထဲကသစ်ရွက် သစ်ခက်တွေနဲ့ ဆောက်ထားတဲ့ တဲသေးသေးကလေးတွေ။

ကျုပ်ရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားပြီး စိတ်တွေ လှုပ်ရှားလွန်းလို့ တစ်ကိုယ်လုံးကတုန်ကရင် ဖြစ်လာပါတော့တယ်။ ဘာပြုလို့လဲ ဆိုတော့ . . . ဒါ . . ဒါဟာ . . . ယောဂီပုဂ္ဂိုလ်ကြီးဘာနာဂျီနေတဲ့ နေရာဖြစ်တယ် . . . ဆိုတာကို ကျုပ်တပ်အပ်သိနေလို့ပါပဲ။

သူ့တပည့်ဆိုတဲ့ ခရီးသည်ကတော့ တဲတစ်လုံးလုံးအထဲ ဝင်သွားပြီနဲ့တူပါတယ်။ မတွေ့တော့ဘူး။ တိတ်ဆိတ်နေတာပဲဗျာ။ ငြိမ်းချမ်းလိုက်တာ ပြောမနေပါနဲ့တော့။

ဒါနဲ့ . . . ကျုပ်လည်း ရှေ့တိုးပြီး အနားပတ်ဝန်းကျင်မှာ ရှိတဲ့ သစ်ပင်တွေ၊ ချုံပုတ်တွေကအစ၊ အခြားဟာတွေ အကုန်လုံးကို စေ့စေ့စပ်စပ်လေ့လာ စုံစမ်းမှတ်သားလိုက်ပါတယ်။

ကျုပ်နဲ့ အနီးဆုံးတဲရဲ့ နံဘေးမှာ လက်ယက်တွင်းကလေး တစ်တွင်းရှိတယ်။ အဲဒီတွင်းဘေးမှာ ဘုရားရှိခိုးတဲ့အခါ ထိုင်တဲ့ ဖျာတစ်ချပ်ကို တွေ့ရတယ်။ ဒီနေရာဟာ ဘာနာဂျီဘုရားရှိခိုး၊ တရားထိုင်တဲ့နေရာပဲဖြစ်ရမယ်လို့ . . ကျုပ်စိတ်ထဲတွက်လိုက်မိတယ်။

အဲဒီလက်ယက်တွင်းကလေးနဲ့ မလှမ်းမကမ်း၊ အဲ . . ကိုက် သုံးဆယ်လောက်မှာတော့ သစ်ပင်ကြီးတစ်ပင်၊ အတော့်ကိုကြီးတဲ့ သစ်ပင်ကြီးဗျ။ အရိပ်အာဝါသကလည်းကောင်းမှ ကောင်းမှကောင်း ပါပဲဗျာ။ အကိုင်း၊ အခက်တွေ ဝေဝေဆာဆာဖြာထွက်နေလိုက်ပုံက တော်တော့်ကို လှပါ့ဗျာ။ သစ်ကိုင်းတွေက စိပ်လွန်းလို့ အိပ်ရာခင်း များ ခင်ဗျားမှာ ပါလာရင် ဖြန့်ခင်းပြီး လှဲအိပ်လို့တောင်ရတယ်။

ဒီအပင်ကြီးကို ငါအသုံးချရမယ် . . လို့ ကျုပ်ဘာသာကျုပ်



ပြောလိုက်တယ်။ အဲဒီအပင်ပေါ် ကျုပ်တက်ပုန်းနေပြီး၊ ဘာနာဂျီ ဘုရားရှိခိုးဖို့ ထွက်လာတဲ့အထိ စောင့်နေလိုက်မယ်။

ဒါဆို . . . တစ်ခုမကျန် ကျုပ်မြင်ရမှာ သေချာတယ်။

ဒါပေမဲ့ . . . ဘာနာဂျီရဲ့ တပည့်က ကျုပ်ကိုပြောသွားခဲ့တဲ့ အတိုင်းဆိုရင်တော့ ဘုရားရှိခိုးချိန်က ညနေငါးနာရီခွဲ၊ ခြောက်နာရီ လောက် . . ဆိုတော့ . . ကျုပ်အနေနဲ့ အကြာကြီးစောင့်နေရဦးမှာ။

ဒါနဲ့ပဲ တောထဲကနေ ချက်ချင်းနောက်ကြောင်းပြန်လျှောက် ခဲ့တယ်။ လမ်းပေါ်ကို ကျုပ်ရောက်တော့ မြင်းလှည်းမောင်းသမားကို ဒီနေရာကပဲ ဆက်စောင့်နေပေးဖို့နဲ့၊ စောင့်ခကိုလည်း သပ်သပ်ပေး ပါ့မယ်လို့ ပြောရတယ်။ ပေးရပါစေ၊ ကိစ္စမရှိဘူး၊ ဘာပြုလို့လဲ . . ဆိုတော့ . . အခုအချိန်မှာ ကျုပ်စိတ်တွေဟာ လှုပ်ရှားနေလွန်းလို့ ဘာကိုမှ အရေးမထားနိုင်တော့ပါဘူး။ ငွေကုန်မှာကို လောက်တော့ တွက်မနေတော့ဘူး။ ကုန်ပါလေ့စေ။

မြင်းလှည်းသမားကို ပြောဆိုမှာကြားပြီးတာနဲ့ . . .

တောကြီးထဲ၊ မွန်းတည့်ချိန်ကနေစပြီး ချွေးသံတရွှဲရွှဲ၊ အိုက် စပ်ပူလောင်ကြီးစွာနဲ့ မွန်းလွဲပိုင်းတစ်လျှောက်ကို ဟိုအရိပ်ခို၊ ဒီအရိပ် ကပ်နဲ့ ကျုပ်ကျော်ဖြတ်ခဲ့ရပါတယ်။

ညနေငါးနာရီလောက်လည်းရှိရော . . . ခုနှင်က တောတွင်း လမ်းကြောင်းကလေးအတိုင်း ကျုပ်ပြန်သွားခဲ့တယ်။ ကျုပ်ရင်တွေ မတရားခုန်နေကြပြီး တစ်ကိုယ်လုံးဟာလည်း တဆတ်ဆတ်တုန်လို့ နေတယ်။

ကျုပ်ရွေးချယ်ထားတဲ့ သစ်ပင်ကြီးပေါ် ကျုပ်ဖက်တက်လိုက် ပြီးသစ်ရွက်တွေကြားထဲ ဝင်ပုန်းနေပစ်လိုက်တယ်။ ကျုပ်က ကြည့်ရင် ဘာကိုမဆို၊ ဘယ်သူ့ကိုမဆိုတွေ့နိုင်ပြီး ကျုပ်ကို ပြန်ကြည့်ရင် ဘယ် လိုမှ မမြင်နိုင်ကြဘူးလေ။

ပုန်းအောင်းရင်း ကျုပ်စောင့်နေတယ်။ အဲဒီလို စောင့်ရတာ ချည်းပဲ လေးဆယ့်ငါးမိနစ်လောက်ကြာတယ်။

www.burmeseclassic.com

www.burmeseclassic.com

နာရီက အလျှမှာ ကံစမ်းတာမဲပေါက်လို့ရခဲ့တာ။ ဒါတို့ ကျုပ်ဂုဏ်ယူဝင့်ကြွားစွာနဲ့ အမြဲတမ်း လက်မှာပတ်ထားတာ။ ဒိုင်ခွက် ပေါ်မှာ အစ္စလာမီယာ နာရီကုမ္ပဏီ . . ဆိုတဲ့ စာတမ်းပါတယ် နာရီက လူဒီယာနာရီ . . တဲ့။ အဲဒီ လက်ပတ်နာရီ ကျုပ်မှာပတ် လာမိခဲ့လို့သာ ရှေ့ဆက်ပြီး ဖြစ်ပျက်သမျှတွေကို ကျုပ်အကုန်လုံး အချိန်ကိုက်မှတ်နိုင်ခဲ့တာပေါ့ဗျာ။ မှတ်တယ် . . ဆိုတာက တခြား ကြောင့်တော့မဟုတ်ပါဘူး။ အခုလို ကြုံတွေ့နေရတာတွေကို အသေး စိတ်မှတ်မိချင်လို့ပါပဲ။

ဒီလိုနဲ့ပဲ . . သစ်ပင်ပေါ်မှာ ပုန်းအောင်းလို့ ကျုပ်စောင့်နေ ခဲ့ပါတယ်။

မကြာခင်မှာပဲ . . .

ဟော . . လာပြီဗျို့၊ လာပြီဗျ၊ တဲထဲကနေ လူတစ်ယောက် ထွက်လာနေပြီဗျို့။ လူက ပိန်ရှည်ရှည်၊ လိမ္မော်ရောင် ခါးဝတ်ဒိုတီ တစ်ထည်ကို ဝတ်လို့၊ လင်ပန်းတစ်ချပ်ကို ရှေ့ထုတ်ထားပြီး လက်နှစ် ဖက်နဲ့ ကိုင်ပြီးလာနေတာ။

လင်ပန်းထဲမှာ ကြေးအိုးတွေ၊ အမွှေးနံ့သာတွေကို မီးမြှိုက် ထားတဲ့ အိုးပါတယ်။ အဲဒီပိန်ရှည်ရှည်လူက ရှေ့ဆက်လျှောက်သွား ပြီး လက်ယက်တွင်းကလေးအနားက ဖျာပေါ်မှာ တင်ပလ္လင်ခွေပြီး ထိုင်လိုက်တယ်။ လင်ပန်းကို သူ့ရှေ့က မြေကြီးပေါ်မှာချထားလိုက် တယ်။

သူလုပ်ကိုင် လှုပ်ရှားနေတာတွေကို ကျုပ်ကြည့်ရတာ တော်တော့် ကို တည်ကြည်သိမ်မွေ့လွန်းတဲ့ ပုံပါပဲ။ သူက ကိုယ်ကို ရှေ့ ကိုင်းလိုက်ပြီး လက်ယက်တွင်းကလေးထဲက ရေကို သူ့လက်ခုပ်နဲ့ ခပ်လိုက်ပါတယ်။ နောက် . . . အဲဒီလက်ခုပ်ထဲက ရေကွေကို သူ့ ပခုံးပေါ် လောင်းချလိုက်တယ်လေ။

ပြီးတော့မှ . . . နံ့သာခွက်ကို လှမ်းယူလိုက်ပြီးတော့၊ သူ့ ရင်ဘတ်ရှေ့မှာ ရှေ့တိုးနောက်ငင်လုပ်နေပါတယ်။ သူလုပ်နေပုံက



ဖြည်းဖြည်းကလေး၊ သိမ်သိမ်မွေ့မွေ့နဲ့ ညင်သာလွန်းလှပြီး အလိုက် သင့်သွားနေတဲ့ ပုံစံမျိုးပါပဲ။

နောက် . . . သူ့လက်နှစ်ဖက်ကို ဒူးပေါ် လက်ဝါးအုပ်ပြီး တင်လိုက်ပါတယ်။

သူငြိမ်သွားတယ်။

နှာခေါင်းကနေ အသက်ကို မျှင်းပြီးတော့ ရှူနေတယ်။

ဖြန်းကနဲ့ သူ့မျက်နှာပေါ်မှ အပြောင်းအလဲဖြစ်သွားတာကို ကျုပ်တွေ့လိုက်ရတယ်။ သူ့မျက်နှာပေါ်မှာ အရောင်ဝါလိုဟာမျိုး။

သူ့အရေပြားပေါ်မှာ အရောင်ဝါတစ်မျိုး ထွက်လာပြီး သူ့ မျက်နှာဟာ အပြောင်းအလဲတွေစဉ်ဆက်မပြတ် ဖြစ်ပေါ်နေတာ တွေကို ကျုပ်တွေ့နေရပါတယ်။

ဒီပုံစံအတိုင်း သူမလှုပ်မယှက် ထိုင်နေလိုက်တာ လေးဆယ့် ငါးမိနစ်ကြာတယ်။ အဲဒီနောက် ကျုပ်ကြည့်ရင်း . . ကြည့်ရင်းနဲ့ တွေ့ လိုက်ရတာကတော့ . . .

ကျုပ်ကျိန်ပြောရဲပါတယ်။

ကျုပ်တွေ့လိုက်ရတာက တကယ့်ကို ကျုပ်မျက်စိနဲ့ တပ်အပ် တွေ့ရတာပဲဗျာ။

သူ့တစ်ကိုယ်လုံး ဖြည်းဖြည်း . . . ဖြည်းဖြည်းချင်း . . . .

မြေကြီးပေါ်ကနေ ကြွ . . ကြွတက်လာတယ်။

သူကတော့ တင်ပလ္လင်ခွေ ထိုင်လျက်ပါပဲ။ ဒူးပေါ် လက်ဝါး နဲ့ အုပ်ထားတာကလည်း ပုံမပျက်ပါဘဲ။ ဒီအတိုင်းပဲ သူ့တစ်ကိုယ် လုံး မြေပေါ်ကနေ ကြွ . . ကြွတက်လာပြီး လေထဲကို ရောက်နေ တယ်။

သူထိုင်ခဲ့တဲ့အောက်မှာ အလင်းရောင် တိုးဝင်လာတာကို ကျုပ်တွေ့ရပြန်ပါတယ်။ သူထိုင်နေတာ မြေပြင်ရဲ့အထက် တစ်ပေ လောက်အကွာမှာ . . . .

နောက် . . . . နောက် တစ်ပေခွဲလောက် . . . .

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ ဝတ်ပြုရှိခိုးနေတဲ့ ဖျာရဲ့အထက်ကို နှစ်ဆေ လောက်အထိ သူ့ခန္ဓာကိုယ်ကြီး လေထဲကို မြောက်တက်သွားပါ တယ်။

ကျုပ်လည်း သစ်ပင်ပေါ်မှာ တုတ်တုတ်ကလေးတောင်မှ မလှုပ်ရဲဘဲ စောင့်ကြည့်နေရင်း ကျုပ်ကိုယ်ကျုပ် ပြောရသေးတယ်။

“ သေသေချာချာ ကြည့်ထားနော်၊ တွေ့လား မင်းရှေ့က ကိုက်သုံးဆယ်အကွာလောက်မှာ လူတစ်ယောက် တင်ပလ္လင်ခွေထိုင် ရင်းနဲ့ လေထဲကို မြောက်ကြွထိုင်နေတာ၊ ဘယ်လောက်ငြိမ်လိုက်သ လဲ . . လို့၊ မင်းသူ့ကို မြင်ရဲ့လား။ အေးပါ . . ငါမြင်ပါတယ်။ဒါပေ မဲ့ . . . ဒါဟာ ငါမျက်စိမှောက်ပြီး ထင်ယောင်ထင်မှား ဖြစ်နေတာ မဟုတ်ပါဘူးနော်။ မင်းသေချာရဲ့လား။ ကိုယ်ဘာသာကိုယ် စိတ်ကူး နဲ့ မြင်ယောင်ကြည့်နေတာ မဟုတ်မှန်း သေချာရဲ့လား။ မင်းတကယ် သေချာရဲ့လား။ အေးပါ၊ သေချာပါတယ် ”

. . . လို့ ကျုပ်ကိုယ်ကျုပ် ပြန်ပြောလိုက်ပါတယ်။

သေချာပါတယ်ဗျာ ။

ကျုပ်သူ့ကို သေသေချာချာ စိုက်ကြည့်နေရင်း အံ့သြလို့ မဆုံးနိုင်ဘူးဖြစ်နေရပါတယ်။

ကြည့်နေရင်း . . . ကြည့်နေရင်းနဲ့ . . . အတော်ကလေး ကြာသွားတော့ - သူ့ခန္ဓာကိုယ်ကြီးဟာ မြေကြီးပေါ်ကို တဖြည်း ဖြည်းချင်း ကျလာပါတော့တယ်။ ကျလာနေတာကို ကျုပ်အသေ အချာကို မြင်နေရပါတယ်။ သူ့ခန္ဓာကိုယ်ကြီးအောက်ကို ပြန်ကျလာ ပုံက တော်တော့်ကို ညင်သာတယ်။ နှေးတယ်။ ဖျာနဲ့သူ့တင်ပါး ပြန်ထိတဲ့အထိ မြေကြီးပေါ်ကို နိမ့်-နိမ့်ပြီ ကျ - ကျလာတယ်။

သူ့ခန္ဓာကိုယ်နဲ့ မြေကြီးနဲ့ လွတ်နေတာ လေးဆယ့်ခြောက် မိနစ်ကြာတယ်လေ။

အဲဒီနောက်မှာတော့ . . .

ဘာနာဂျီဟာ မလှုပ်မယှက် ထိုင်နေလိုက်တာ နှစ်နာရီကျော်



ကျော်လောက်ကြာတယ်။ ကျောက်ရုပ်ကြီးတစ်ရုပ်လိုမျိုး ဖြစ်နေသ လား . . . လို့တောင်ထင်ရတယ်။ လုံးဝကို မလှုပ်တာ။ ကျုပ်အထင် တော့ သူ့ကို ကြည့်ရတာ အသက်တောင်မှ ရှူရဲ့လားမသိဘူး . . လို့။ သူက မျက်လုံးတွေကို မှိတ်ထားတယ်။

သူမျက်နှာပြင်ပေါ်မှာတော့ ကျုပ်စောစောကပြောခဲ့တဲ့ အတိုင်း အရောင်အဝါတွေကလည်း လက်နေတုန်းပါပဲ။ အဲ . . . ရှိသေးသဗျ။ အဲဒါကတော့ . . . သူ့မျက်နှာပေါ်မှာ ပေါ်ထင်နေ တယ်တဲ့၊ ပေါ်ထင်နေတယ် . . ဆိုတာငွေ့ငွေ့ကလေးဗျနော။ အဲဒီ ငွေ့ငွေ့ကလေး ပေါ်နေတဲ့ အပြုံး။ အဲဒီလို အပြုံးမျိုး အခုအချိန်အထိ ဘယ်သူ့မျက်နှာပေါ်မှာမှ ကျုပ်မတွေ့ဖူးသေးဘူး။

နောက်ဆုံးမှာတော့ - သူနည်းနည်း လှုပ်လာတယ်။ လက် တွေကို နေရာပြောင်းပြီး အသာကလေးမတ်တတ်ထ,ရပ်လိုက်တယ်။ နောက် . . . သူ့ကိုယ်ကို ကိုင်းပြီး လင်ပန်းကို ကောက်ယူလိုက် တယ်။ နောက်တစ်ခါ - ဖြည်းဖြည်းချင်း လှမ်းတဲ့ ခြေလှမ်းတွေနဲ့ သူ့တဲထဲကို ဝင်သွားတော့တယ်။

ကျုပ်မှာဗျာ - သူ့ကို ကြည်ညိုလိုက်ရတာ ပြောမနေပါနဲ့ တော့။ ကျုပ်ရဲ့ အန္တရာယ်ကို တောင်မှ ကျုပ်သတိမထားမိတော့ ပါဘူး။ ဖြစ်ချင်ရာ ဖြစ်ပစေတော့။

ဟုတ်တယ်၊ ဖြစ်ချင်ရာဖြစ် - ဆိုပြီး ကျုပ်ဟာ သစ်ပင်ပေါ် ကနေ ကမန်းကတန်း အောက်ကိုဆင်း၊ အောက်ရောက်တာနဲ့ တဲ ဆီကို တစ်ချိုးတည်း တန်းပြေးပြီး တံခါးပေါက်ကနေ အထဲကိုဝင် ပစ်လိုက်တယ်။

ဘာနာဂျီက ရှေ့ကို ခါးကုန်းပြီး အင်တုံထဲက ရေနဲ့ ခြေလက် တွေကို ဆေးကြောနေတယ်လေ။ ကျုပ်ဘက်ကို ကျောခိုင်းထားပေ မယ့် ကျုပ်ဝင်လာတဲ့ အသံကို သူကြားလိုက်ရလို့ ကျုပ်ဘက်ကို ခပ်သွက်သွက်လှည့်ပြီး သူ့ကိုယ်ကြီးကို မတ်လိုက်တယ်။

သူ့မျက်နှာပေါ်မှာ တော်တော့်ကြီးကို အံ့အားသင့်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံ ပေါ် နေလေရဲ့။

ကျုပ်ကို သူပထမဦးဆုံး ပြောလိုက်တဲ့ စကားကတော့ . .

" မင်း ဒီနေရာကို ရောက်နေတာ ဘယ်လောက်ကြာပြီလဲ" . . တဲ့ဗျ။

သူ့ပြောသံက ကျုပ်ကို မနှစ်မြို့တဲ့ အသံမျိုးဗျ။ အသံက လည်း ပြတ်တယ်နော။

ဒါနဲ့ . . . ကျုပ်လည်း အဖြစ်အပျက်မှန်ကို အစကနေအဆုံး အထိ ပြောပြလိုက်ပါတယ်။

ကျုပ်ဟာ သူ့ဆီမှာ တပည့်ခံဖို့ကလွဲပြီး ဘာတစ်ခုမှ မလို ချင်တဲ့အကြောင်းလည်း ပါတယ်လေ။ ဖြစ်နိုင်ရင် ကျုပ်ကိုတပည့် အဖြစ်လက်ခံပါ . . ဆိုတဲ့ စကားကတော့ ခဏ . . ခဏ ကျုပ်ထည့် . . ထည့် ပြောတဲ့စကားပါပဲ။

ရုတ်တရက်ပါပဲဗျာ။ သူဟာ ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်လာပါတော့တယ် ပြီးတော့ . . .

" မင်း အခုချက်ချင်း ထွက်သွားစမ်း "

. . လို့ သူက အော်ပါတော့တယ်။

" အခု ထွက်သွားကွာ၊ သွားဆို အခုချက်ချင်းသွားကွာ "

ပြောပြောဆိုဆို ဒေါသတကြီးနဲ့ မြေဆိုင်ခဲ တစ်ခဲကို ဘ ကောက်ကိုင်ပြီး ကျုပ်ကို ပစ်ပေါက်လိုက်တာ ကျုပ်ညာဘက်နဖူး ထောက်၊ ဒူးခေါင်းနားကို လာထိပြီး အသားပွန်းပဲ့သွားပါတော့တယ် အခုထက်ထိ အဲဒီအမာရွတ်ကလေး ကျုပ်မှာ ရှိနေပါသေးတယ်။

ဘာနာဂျီရဲ့ ဒေါသက ကြောက်စရာ ကောင်းလွန်းလို့ ကျုပ် တော်တော့်ကို လန့်ဖြတ်သွားပါတယ်။ ဒါနဲ့ပဲ . . ကျုပ်နောက် ကြောင်းကို လှည့်ပြီး ပြန်ခဲ့ရပါတော့တယ်။

မြင်းလှည်းဆီကို ရောက်အောင် မနည်းကြီးတောထဲက ဖြတ် ပြီးသွားခဲ့တာ မြင်းလှည်းဆီကို ရောက်တော့ ကျုပ်အတော်ကြီး မောနေပါပြီ။



ဒီလိုနဲ့ . . မြင်းလှည်းကလေးနဲ့ ကျုပ်ရိရှိကက်ချ်ကို ပြန်ခဲ့ ရပါတော့တယ်။

ဒါပေမဲ့ . . အဲဒီနေ့ညမှာ ကျုပ်သတ္တိတွေ ပြန်မွေးလိုက်ပါ တယ်။ ကျုပ်ဘာဘာကျုပ်လည်းအခုလိုမျိုးသံန္နိဋ္ဌာန်ချလိုက် ပါတယ်။

ငါဘာနာဂျီရှိတဲ့နေရာကိုနေ့တိုင်းသွားဖြစ်အောင်သွား မယ်။

ဘာနာဂျီအနားမှာ မခွဲစတမ်းပူးကပ်နေပြီး ပူဆာနေမယ်။

နောက်ဆုံးတစ်နေ့မှာတော့ . . ဘာနာဂျီအနေနဲ့ နားအေး ချင်ပြီးရော . . ဆိုပြီး ကျုပ်ကို သူ့တပည့်အဖြစ်မဖြစ်မနေ လက်ခံသွား စေရမယ်။

အဲဒီ သန္နိဋ္ဌာနအတိုင်းကျုပ်လုပ်တယ်။

သူ့ဆီ နေ့တိုင်းသွားတွေ့တယ်။

သွားတွေ့တိုင်းလည်း သူ့ဒေါသက ကျုပ်အပေါ် စုပြုံပြီး ကျတာပဲ။

သူက အော်လိုက်၊ ငေါက်လိုက် လုပ် . .

ကျုပ်က ကြောက်ပေမယ့်လည်း အတင်းပေကပ်သပ်ပြီး

ကျုပ် သူ့တပည့်ဖြစ်ချင်တယ် . . ဆိုတာကို မပြတ်တမ်း ပြော။

ငါးရက်ခြောက်ရက်အထိတော့ ဒီ ပုံစံအတိုင်းပဲ။

အဲဒီနောက် . . . ခြောက်ရက်မြောက်တဲ့နေ့မှာတော့ . . .

ဘာနာဂျီဟာ သိသိသာသာပဲ တည်ငြိမ်လာတာကို ကျုပ် တွေ့လိုက်ရတယ်။ ပြောတာ - ဆိုတာလည်း ပျော့ပျောင်းလာသဗျို့၊

သူက - သူ့အနေနဲ့ ကျုပ်ကို တပည့်မွေးလို့ မဖြစ်တဲ့အ ကြောင်းကို ရှင်းပြတယ်။ ဒါပေမဲ့ . . . တခြားပုဂ္ဂိုလ်တစ်ယောက် ဆီမှာ တပည့်သွားခံဖို့ သူကစာရေးပေးလိုက်မယ်တဲ့ . . ၊ အဲဒီ ပုဂ္ဂိုလ်က သူ့ရဲ့ မိတ်ဆွေတဲ့ ။ သူဟာလည်း တကယ့်အထက်ရ ယောဂီကြီးပဲ . . တဲ့။ နေတာက " ဟာဒွါမြို့ "မှာ။

www.burmeseclassic.com

www.burmeseclassic.com


ဟိုရောက်သွားရင် အကူအညီပေးလိမ့်မယ်။ နည်းပေးလမ်းပြလုပ်ပေးလိမ့်မယ် လို့ သူက ကျုပ်ကို ပြောပါတယ်။

အဲဒီအချိန်က - ၁၉၂၂ ခုနှစ်။

ကျုပ်အသက် ဆယ်ခုနှစ်-နှစ်အရွယ်မှာပေါ့။

ဘာနာဂျီ ပြောတဲ့အတိုင်း ဟာဒဝါမြို့ကို ကျုပ်သွားခဲ့ပါတယ်။ ဟိုရောက်တော့ သူပြောတဲ့ ယောဂီပုဂ္ဂိုလ်နဲ့ တွေ့ပါတယ်။ ဒီယောဂီပုဂ္ဂိုလ်လည်း ဘာနာဂျီလို ပုဂ္ဂိုလ်မျိုးကြီးဆီက စာနဲ့လာတဲ့ လူဆိုတော့ ကျုပ်ကို နည်းပေးလမ်းပြလုပ်ပေးဖို့ လက်သင့်ခံလိုက်ပါတယ်။

သူက ကျုပ်ကို ဘာတွေနည်းပေးလမ်းပြလုပ်ခဲ့သလဲ . . . ဆိုရင်တော့ . . . ။

ပြောရရင်တော့ မချောင်ဘူး။ တော်တော့်ကို မချောင်တာ။ ဟာ . . . သူသင်ပေးတဲ့အပိုင်းက တကယ့်ကို ကြမ်းလွန်းလှပါတယ်။ ကျုပ်အမြဲကမ်း စုံစမ်းရှာဖွေနေတဲ့ နည်းတွေဖြစ်နေတာကြောင့် ကျုပ်လည်း သူ့တပည့်တစ်ယောက်အနေနဲ့ ကျိုးကျိုးနွံနွံပဲ သင်ယူခဲ့ပါတယ်။

ပထမဦးဆုံး သူသင်ကြားပေးတာက အခြေခံအကျဆုံးအပိုင်ပါပဲ၊ တော်တော့်ကို ခက်ခဲလှတဲ့ ကာယလေ့ကျင့်ခန်းတွေကို ကျွမ်းကျင်အောင် လုပ်ရတာတွေပါတယ်။ လေ့ကျင့်ခန်း အကုန်လုံး ခန္ဓာကိုယ်က ကြွက်သားတွေကို ထိန်းချုပ်တာ။ အသက်ရှူတဲ့ကိစ္စနဲ့လည်းသက်ဆိုင်တယ်။ ဒါပေမဲ့ . . . ဒီလေ့ကျင့်ခန်းက တစ်ပတ်လည်းမက၊ နှစ်ပတ်လည်းမဟုတ်နဲ့၊ ဒါကိုချည်းပဲ နေ့တိုင်းလိုလို လုပ်နေရတော့ သိပ် . . တက်ကြွပါတယ် . . ဆိုတဲ့ ကျုပ်တောင် စိတ်မရှည်တော့ဘူး ဖြစ်လာတယ်။

ကျုပ်လုပ်ချင်တာက စိတ်တန်ခိုးစိတ်စွမ်းအားနဲ့ ပတ်သက်တာတွေပါ။ ရုပ်ပိုင်းစွမ်းအား မဟုတ်ဘူး . . . လို့ ယောဂီပုဂ္ဂိုလ်ကို ကျုပ်ကပြောတော့ သူက . . . .



" မင်းအနေနဲ့ မင်းရဲ့ခန္ဓာကိုယ်ကို ထိန်းချုပ်တဲ့ဘက်မှာ တိုးတက်လာရင် မင်းရဲ့စိတ်ကို ထိန်းချုပ်တဲ့အလုပ်က အလိုလိုတိုးတက်လာမှာ "

. . . လို့ ပြောပါတယ်။

ဒါပေမဲ့ . . . ကျုပ်က တစ်ချီထဲနဲ့ နှစ်မျိုးစလုံးကိစ္စပြီးချင်နေတဲ့ကောင် . . ဆိုတော့ သူ့ကို ကျုပ်နားပူနားဆာလုပ်ရတော့တာပဲ၊ ဒါနဲ့ . . . နောက်ဆုံးမှာတော့ သူကပြောပါတယ်။

" ကိုင်း . . . ကောင်းပြီ ငါမင်းကို လေ့ကျင့်ခန်းတချို့ အလုပ်ပေးမယ်၊ အဲဒီလေ့ကျင့်ခန်းကတော့ . . . မင်းရဲ့အသိစိတ်ကို စူးစူးစိုက်စိုက် ထိန်းချုပ်တဲ့နေရာမှ အထောက်အကူပေးလိမ့်မယ် "။

"အသိစိတ်။ ဟုတ်လားဆရာကြီး၊ ဘာပြုလို့ အသိစိတ်လို့ ပြောရတာလဲ"

" ဘာပြုလို့ အသိစိတ်လို့ ပြောရတာလဲဆိုတော့ လူတိုင်းမှာ စိတ်နှစ်မျိုးရှိတယ်။ အသိစိတ်နဲ့ မသိစိတ်တဲ့။ မသိစိတ်ကို ကောင်းကောင်းကြီး မင်းထိန်းချုပ်ထားလို့ ရတယ်။ ဒါပေမဲ့ . . အသိစိတ်ကျတော့ . . ဒီအသိစိတ်က လူတိုင်းအသုံးပြုနေကြတဲ့စိတ်၊ အဲဒီစိတ်က ပျံ့လွင့်တတ်တယ်၊ တည်ငြိမ်အောင်ထိန်းချုပ်လို့မရဘူး။ အသိစိတ်မှာ အကြောင်းအရာပေါင်း သောင်းပြောင်းများစွာနဲ့ ဆက်စပ်ပတ်သက်နေပြီး အဲဒီပတ်သက်နေတာတွေကတော့ မင်းပတ်ဝန်းကျင်မှာ ဖြစ်နေ၊ ပျက်နေ၊ တွေ့နေ၊ မြင်နေရတာတွေနဲ့ မင်းကြံစည်စားတောနေတဲ့ အရာတွေပဲ။ ဒီတော့ . . . အဲဒီအသိစိတ်ကို ထိန်းချုပ်ဖို့ မင်းသင်ယူရမယ့်နည်းက မင်းအနေနဲ့ မင်းဆန္ဒအလျောက် အကြောင်းအရာတစ်ခုထဲကိုပဲ အာရုံထဲမှာ ပုံပေါ်အောင် ဖော်ယူဖို့ . အကြောင်းအရာ တစ်ခုထဲနော်။ တခြားဘာမှ မပါရဘူး။ အဲဒီလိုရအောင် မင်းကြိုးစားလို့ရပြီ၊ မင်း ရွေးချယ်ပြီးပုံဖော်လိုက်တဲ့ ပုံပစ္စည်းတစ်ခုကိုလည်း အနည်းဆုံးသုံးလေးမိနစ်လောက် အာရုံမှာ ပေါ်နေအောင် ထိန်းချုပ်လို့ရလာလိမ့်မယ်။ ဒါပေမဲ့ . . အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ကို ရောက်ဖို့က ဆယ့်ငါးနှစ်လောက်တော့ ကြာလိမ့်မယ်

" ဗျာ . . . ဆယ့်ငါးနှစ်တောင် "

" အေး . . ဆယ့်ငါးနှစ်၊ ဒီထက်လည်းကြာချင်ကြာနိုင်သေးတယ်၊ ငါပြောတဲ့ ဆယ့်ငါးနှစ်ဆိုတာ ပုံမှန်ကိုပြောတာ "

" ဟာ . . အဲဒီလောက်ကြာရင် ကျွန်တော် အဘိုးကြီးဖြစ်နေရောပေါ့ဗျာ "

" စိတ်မပျက်ပါနဲ့ကွာ။ ဒီကိစ္စက လူပေါ်မှာမူတည်ပြီး အချိန်ယူရတာချင်းမတူကြပါဘူး။ တချို့ဆို ဆယ်နှစ်နဲ့ ရသွားကြတယ်။ ဆယ်နှစ်မပြည့်ခင်ရတဲ့လူကတော့ လူနည်းစုလောက်ပဲရှိတယ်။ အ . . . ကြုံတောင့်ကြုံခဲ . . . ဆိုသလို ထူးထူးခြားခြား ပုဂ္ဂိုလ်မျိုးကတော့လည်း တစ်နှစ်-နှစ်နှစ်နဲ့ စွမ်းအားကောင်းအောင် လုပ်နိုင်ကြတယ်။ ဒါပေမဲ့ . . . အဲဒီလိုလူမျိုးက လူတစ်သန်းမှာ တစ်ယောက်လောက်ပဲရှိတာ "

" အဲဒီလို ထူးထူးခြားခြား ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုလူတွေလဲဆရာ။ သူတို့က တခြားလူတွေနဲ့ မတူဘူးလား "

" အတူတူပါပဲကွာ။ ထူးခြားတဲ့ပုဂ္ဂိုလ်ဆိုတာ သာမန်လမ်းဘေးက အမှိုက်ကျုံးတဲ့လူ၊ အလုပ်သမားတစ်ယောက်၊ လေလွင့်နေတဲ့လူဖြစ်ချင်လည်းဖြစ်မယ်။ ဒါမှမဟုတ် မင်းမျိုးမင်းနွယ် မဟာရာဇာ ဖြစ်ချင်လည်းဖြစ်နိုင်တယ်။ လေ့ကျင့်တဲ့ အလုပ်စခန်းမစခင် ဘယ်သူဘယ်ဝါ . . ပါလို့ မပြောနိုင်ဘူး "

" အဲဒီ အလုပ်က တကယ်ပဲ ခက်သလားဆရာ "

" ကိုယ်အာရုံပြုတဲ့ အရာဝတ္ထုပစ္စည်းတစ်ခုခုအပေါ်ကို သုံးမိနစ်-လေးမိနစ်လောက် တည်ငြိမ် -စူးစိုက်နေအောင် စိတ်ကို ထိန်းချုပ်ထားရတာနဲ့ ပတ်သက်ပြီးပြောရရင် . . မင်းမျက်လုံးတွေကို မှိတ်ပြီး တစ်ခုခုကို အာရုံပြုလိုက်၊ တစ်ခုတည်းပဲစဉ်းစားနော်။ အဲဒီဟာကို ပုံပေါ်အောင်ဖော်။ မင်းရှေ့မှာ ပုံပေါ်လာတာကို မင်းမြင်နေရပြီး စက္ကန့်ပိုင်းကလေးအတွင်းမှာပဲ မင်းစိတ်က ဟိုရောက်ဒီရောက်စ



ဖြစ်လာလိမ့်မယ်။ တခြား အတွေးတွေလည်း ဟိုကနေ ဒီကနေ ဝင်လာကြလိမ့်မယ်။ တခြားမြင်ကွင်းတွေ မင်းအာရုံထဲကို ဝင်လာလိမ့်မယ်။ ဒါဟာ တော်တော့်ကို ခက်ခဲတဲ့ ကိစ္စပဲ"

ဒီလိုနဲ့ပဲ . . .

ကျုပ်အတွက် တကယ်တမ်းလုပ်ရမယ့် လေ့ကျင့်ခန်းတွေ စပြီး လုပ်ရပါတော့တယ်။ ညနေစောင်းတာနဲ့ ထိုင်ပြီးမျက်စိကို မှိတ်၊ ကိုယ်အချစ်ခင်ဆုံးလူရဲ့ မျက်နှာကို အာရုံထဲမှာ ပေါ်လာအောင် ဖော်ယူရတယ်။

ကျုပ်အချစ်ခင်ဆုံးလူကတော့ . . . ကျုပ်ညီလေးပါပဲ။

သူ့မျက်နှာကို အာရုံထဲမှာ ပေါ်လာအောင် ကျုပ်ဖော်ယူရပါတယ်။

ကျုပ်ညီလေးရဲ့ မျက်နှာကို အာရုံထဲပုံပေါ်လာအောင်လုပ်နေရင်း ကန်းလန်းနဲ့ ကျုပ်စိတ်တွေက ဟိုလွင့်ဒီလွင့် ဖြစ်ချင်လာတယ်။ ဒါနဲ့ပဲ လေ့ကျင့်တာကို ရပ်ပြီး ခဏနားရတယ်။ ပြီးတော့မှ တစ်ခါထပ်လုပ်ရတယ်။

သုံးနှစ်လုံးလုံး နေ့တိုင်း လေ့ကျင့်ပြီးတဲ့အခါမှာတော့ ကျုပ်အာရုံထဲမှာ ကျုပ်ညီရဲ့ မျက်နှာတစ်ခုထဲကို သုံးမိနစ် - လေးမိနစ်လောက် ကြာတဲ့အထိ ပီပီပြင်ပြင် ပေါ်နေအောင် ကျုပ်ထိန်းချုပ်နိုင်လာပါတော့တယ်။

ကျုပ် တိုးရတော့ တိုးတက်လာပါပြီ။

ဒါပေမဲ့ . . . ဒီကြားထဲ ဖြစ်လာတာတစ်ခုက စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။

အဲဒါကတော့ . . . လေ့ကျင့်ခန်းတွေ လုပ်နေတုန်း ကျုပ်မှာ အနံ့ခံနိုင်တဲ့ အာရုံလုံးဝကို ပျောက်ကွယ်သွားတာပါပဲ။ ကနေ့ထက်ထိ ကျုပ်အနံ့ခံလို့ မရတော့ပါဘူး။

အဲဒီနောက်မှာတော့ . . .

ကျုပ်ရဲ့ စားရေးသောက်ရေးအတွက် အလုပ်လုပ်ဖို့ လိုအပ်

www.burmeseclassic.com

www.burmeseclassic.com



သာတာကြောင့် ဟာဒဝါကနေ မခွာချင်ခွာချင်နဲ့ ခွာခဲ့ရပါတော့တယ်။

ကျုပ်ကာလကတ္တားမြို့ကို သွားခဲ့ပါတယ်။ အဲဒီကို ရောက်တော့ ကျုပ်မျက်လှည့်ပြတယ်။ ဝင်ငွေလည်း တော်တော့်ကို ကောင်းခဲ့ပါတယ်။

ကျုပ်အလုပ်သာ လုပ်နေတာ ညဘက်ဆို ကျုပ်ရဲ့လေ့ကျင့်ခန်းကို ကျုပ်လုပ်မြဲအတိုင်း မပျက်မကွက် လုပ်ခဲ့တယ်လေ။ ဘယ်အရပ်ဒေသကိုပဲ ရောက်ရောက်၊ ညနေစောင်းတာနဲ့ နေရာတစ်နေရာ ရှာပြီး ငြိမ်ငြိမ်လေး ကျုပ်ထိုင်တယ်။ နောက် . . . ကျုပ်ညီ... မျက်နှာကို အာရုံပြုတယ်။ စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်တဲ့အလုပ်ကို ကျုပ်လုပ်တယ်။

တစ်ခါတလေကျတော့လည်း ကျုပ်ဟာ လူပုဂ္ဂိုလ်ကို မဟုတ်ဘဲ တခြားဟာတစ်ခုခုကို ရွေးချယ်ပြီး အာရုံပြုကြည့်တယ်။ ဟိုဟာ . . . လိမ္မော်သီးတို့၊ မျက်မှန်တို့လိုဟာမျိုးပေ့ါ။ အဲဒါကျတော့ ပို... ခက်တာကို ကျုပ်တွေ့ရတယ်။

တစ်နေ့ . . . ကျုပ်ဟာ ကာလကတ္တားကနေ ဘင်္ဂလားနယ် အရှေ့ပိုင်း ဒက္ကားမြို့က ကောလိပ်ကျောင်းတစ်ကျောင်းမှာ မျက်လှည့်ပြရအောင် သွားခဲ့တယ်။ ဒက္ကားမြို့ကို ရောက်တုန်းကျုပ်လည်း မြို့ထဲလျှောက်လည်တော့တာပေ့ါ။

အဲဒီမှာ မီးနင်းပွဲတစ်ပွဲကို ကျုပ်ရောက်သွားပါတယ်။ လာကြည့်ကြတဲ့လူတွေကလည်း မနည်းလှပါဘူး။ ဆင်ခြေလျှော ဖြစ်နေတဲ့ မြက်ခင်းကြီးရဲ့ အောက်ဘက်မှာ မြေကျင်းကြီးတကျင်း တူးထားတယ်။ မနည်းမနော လူတွေကတော့မြက်ခင်း ဆင်ခြေလျှော ပေါ်ကနေ ထိုင်ပြီး အထက်စီးကနေ ကြည့်နေကြတယ်။

မြေကျင်းက အရှည် ပေအစိတ်လောက်ရှိမယ်။ ထင်းတုံးကြီးတွေ ထည့်ထားပြီး အပေါ်ကနေ ရေနံဆီတွေလည်း လောင်းထားတယ်။ မကြာခင်မှာ မီးတို့လိုက်ပြီး ခဏကလေးပဲ ကျင်းတကျင်း



လုံးမီးတဟုန်းဟုန်းနဲ့ ရဲရဲတောက်နေတဲ့ မီးဖိုကြီးတစ်ခုလို ဖြစ်သွားပါတော့တယ်။

လူတွေဟာ ပူလွန်းအားကြီးလို့ ရေတွေ တစ်ကိုယ်လုံး လောင်းထားရတယ်။ မီးဖိုနားက လူတွေ မီးတောက်အောင် လုပ်နေကြတဲ့ လူတွေကတော့ ခဏခဏ သူတို့ကိုယ်သူတို့ ရေတွေနဲ့ လောင်း - လောင်းနေကြရတယ်။

လေကလည်း ခပ်ပြင်းပြင်းတိုက်နေတာ . . ဆိုတော့ . . . လေအရှိန်နဲ့ မီးသွေး မီးကျည်းခဲတွေဟာ ဖွေးကနဲဖွေးကနဲ ဖြူသွားတတ်ကြပါတယ်။ အဲဒီအချိန်မှာပဲ . . . . မီးနင်းမယ့် လူတစ်ယောက် ရှေ့ကိုထွက်လာပါတယ်။ သူ့တစ်ကိုယ်လုံးမှ ဒိုတီအပိုင်းကလေး တစ်ထည်ကလွဲပြီး ဘာအဝတ်အစားမှ ဝတ်မထားပါဘူး။ ခြေထောက်မှာလည်း ဖိနပ်စီးမထားပါဘူး။

လူအုပ်ကြီးဟာ မီးနင်းမယ့်လူကို မြင်လိုက်တာနဲ့ လုံးဝကိုပဲ အသံတိတ်ကြသွားပါတော့တယ်။

မီးနင်းမယ့်လူဟာ ကျင်းကြီးရှေ့ကို ရောက်လာပြီး ကျင်းရဲ့ တဘက်ထိပ်ကနေ ဟိုဘက်ထိပ်အထိ သူလျှောက်တာ ရေးကြီးသုတ်ပြာမဟုတ်ဘူး။ မီးကျည်မီးခဲပူပူတွေအပေါ်မှာ မှန်မှန်ကလေးပဲ လျှောက်သွားပြီး ကျင်းတစ်ဘက်ထိပ်ပေါ် လှမ်းတက်လိုက်ပါတယ်။

သူ့ ခြေဖဝါးတွေမှာ အပူလောင်ထားတဲ့ ဒဏ်ရာတစ်ခုမှ မတွေ့ရပါဘူး။ သူက သူ့ခြေဖဝါးတွေကို ပရိသတ်ကြီးမြင်အောင် ထောက်ပါတယ်။ ပရိသတ်ကြီးဟာ တအံ့တသြနဲ့ မျက်လုံးတွေ အပြူးသားနဲ့ သူခြေဖဝါးတွေကို ငေးကြည့်နေကြပါတယ်။

အဲဒီနောက်မှာတော့ . . . မီးနင်းသမားက နောက်တစ်ခေါက်မီးပုံကြီးကို ပြန်လျှောက်ပြပြန်ပါတယ်။ ဒီတစ်ခေါက် လျှောက်တာ ပိုပြီးတော့နှေးပါတယ်။ ခပ်အေးအေးကလေးပဲ သူလျှောက်သွားပါတယ်။ လျှောက်နေတုန်းမှာ သူ့မျက်နှာက ကြည်လင်ရှင်းလန်းပြီး လုံးဝကိုပဲ အာရုံစူးစိုက် ထိန်းချုပ်ထားတာကို ကျုပ်တွေ့နေ

www.burmeseclassic.com

ရပါတယ်။ ကျုပ်လည်း ကျုပ်ဘာသာကျုပ် တစ်ယောက်တည်း

" ဒီပုဂ္ဂိုလ်ဟာ ယောဂအကျင့် ကျင့်ထားတဲ့လူပဲ ဖြစ်ရမယ်

. . . လို့ ပြောလိုက်မိပါတယ်။

မီးနင်းသမားက ကျင်းဟိုဘက်ထိပ်ကို ရောက်သွားပြီး အခါမှာတော့ ပရိသတ်ကြီးကို . . .

" ခင်ဗျားတို့အထဲက မီးနင်းရဲတဲ့ လူရှိရင် ထွက်ခဲ့ပါ"

. . . လို့ ဖိတ်ခေါ်လိုက်ပါတယ်။

ပရိသတ်ကြီးလည်း အသံလုံးဝကို တိတ်သွားပြန်ပါ တယ်။

ကျုပ်ရဲ့စိတ်ထဲမှာ ရုတ်တရက်ပဲ လှုပ်လှုပ်ရှားရှား ဖြစ် ပြီး တစ်ကိုယ်လုံး တုန်တုန်ရင်ရင်ဖြစ်သွားပါတယ်။ ဒါ . . အတွက် အခွင့်အရေးတစ်ခုပဲ။ ဒီအခွင့်အရေးကို ကျုပ်ရ ယူမယ်။ သမာဓိအားကောင်းရင် အားထုတ်ရတဲ့ ကျင့်စဉ် ကျုပ်လေ့လာ ခဲ့တာ သုံးနှစ်ကျော်ခဲ့ပြီပဲ။ ဒီတစ်ခါတော့ ကျုပ် ကျုပ် စစ်ဆေးရမယ့်အချိန်ရောက်ပြီလေ။

ကျုပ်အဲဒီလို တွေးရင်းရပ်နေတုန်းမှာပဲ လူအုပ်ကြီးထဲက ငယ်တစ်ယောက်ရှေ့ကို ထွက်လာပါတယ်။ အသက်ငယ်ငယ်ပဲ တယ်။ သူက သူမီးနင်းကြည့်ချင်တဲ့အကြောင်း ကြေငြာလို တယ်။ လူအုပ်ကြီးက ကျုပ်နဲ့လူငယ်ကလေးကို ဩဘာပေး တယ်။ ဆူညံသွားတာပဲ။

အခုအချိန်မှာတော့ . . .

စောစောက မီးပုံကြီးကို နှစ်ကြိမ်တိတိ ဖြတ်လျှောက်ပြ မီးနင်းသမားက မီးနင်းပွဲကြီးကြပ်သူ ဖြစ်သွားပါတယ်။ ကျွန်တော်ရှေ့မှာ ရပ်နေတဲ့ ကောင်ကလေးကို . . .

" မင်းရဲ့ ပုဆိုးရှည်ကြီးကို ချွတ်လိုက်ပါ၊ တော်ကြာ ပုဆိုး နားစကို အပူဟပ်ပြီးမီးလောင်သွားလိမ့်မယ် . . "

- လို့ပြောပြီးကောင်လေးစီးလာတဲ့ ကွင်းထိုးဖိနပ်ကို



ချွတ်ခိုင်းပါတယ်။

ကောင်လေးက မီးနင်းတဲ့လူ ပြောတဲ့အတိုင်းလုပ်ပါတယ်။

ကောင်းလေးဟာ မီးနားလည်းရောက်ရော ကြောက်စရာ ကောင်းလှတဲ့ မီးအပူရှိန်ကြီးထွက်နေတာပို သိလိုက်ရလို့ ကြောက် သွားပုံ ရပါတယ်။ သူဟာ နောက်ကို နှစ်လှမ်း - သုံးလှမ်းလောက် ဆုတ်ပြီး သူ့ကို အပူမဟတ်အောင် သူ့မျက်လုံးတွေကို သူ့လက် ကာထားလိုက်ပါတယ်။

" မင်း မလျှောက်ရဲရင် မလျှောက်နဲ့နော် "

. . . လို့ မီးနင်းတဲ့လူက ပြောလိုက်သံကို ကျုပ်ကြားလိုက် တယ်။

လူအုပ်ကြီးကလည်း စောင့်လို့ကြည့်နေကြလေရဲ့။ ဇာတ် မင်းက ကောင်းခန်းရောက်နေပြီလေ။

ကောင်လေးလည်း စိတ်မရဲတာ မှန်ပေမယ့်လို့ သူ့ကိုယ်သူ ယ်လောက်အထိသတ္တိရှိတယ် . . ဆိုတာကို ပြချင်ပုံ ရနေတယ်နဲ့ ပါတယ်။

" ရပါတယ်၊ ကျွန်တော် လျှောက်မယ် "

. . . လို့ ပြန်ပြောလိုက်ပါတယ်။

ကောင်လေးဟာ ပြောပြောဆိုဆိုနဲ့ပဲ မြေကျင်းနားကို ပြေး ပါတော့တယ်။ ကျင်းထဲကို သူခြေတစ်လှမ်းစပြီး ချလိုက်တယ်။

နောက် . . . တစ်လှမ်း . . .

ဒီမှာတင် ကြောက်အားလန့်အားနဲ့ ငယ်သံပါအောင် ကောင်လေးအော်လိုက်ပြီး ကျင်းထဲကခုန်ထွက်လို့ မြေပေါ်ကို ကျသွား လဲကျသွားပါတော့တယ်။ ကောင်လေးဟာ လဲနေရာက လောင်တဲ့ ဝေဒနာကြောင့် အော်ဟစ်ညည်းတွားနေလေရဲ့။

သူ့ခြေဖဝါး အရေပြားတွေဟာ ဆိုးဆိုးဝါးဝါးပဲ မီးအလောင် ခံရပြီး တချို့နေရာတွေမှာ အရေပြားတွေ အလွှာလိုက် ကွာ ကြတယ်။ ကောင်လေးရဲ့ သူငယ်ချင်းနှစ်ယောက်က ရှေ့ကို ပြေး

www.burmeseclassic.com



ထွက်လာကြပြီး ကောင်လေးကို သယ်မပြီးထွက်သွားကြပါတယ်။

" ကဲ . . . အခု ခင်ဗျားအလှည့်ပဲ "

. . လို့ မီးနင်းတဲကလူက ကျုပ်ကို ပြောလာပါတယ်။ ထ ဆက်တည်းမှာပဲ

" မီးနင်းဖို့ ခင်ဗျား အဆင်သင့်ပဲလား "

. . . လို့ ထပ်ပြောလိုက်ပါသေးတယ်။ ကျုပ်ကလည်း . . .

" ကျွန်တော်ကတော့ အဆင်သင့်ပါပဲဗျာ၊ တတ်နိုင်ရ တော့ . . . ကျွန်တော့်ကိုယ် ကျွန်တော်အသင့်ပြင်နေတုန်း ပရိသ ကြီးကို တဆိတ်လောက် တိတ်တိတ်ကလေးနေပေးဖို့ တောင်း ပါတယ်ဗျာ "

. . လို့ ပြောလိုက်တော့ လူအုပ်ကြီးဟာ အပ်ကျသံက ကိုတောင်မှ ကြားနိုင်တဲ့အခြေအနေအထိ ရောက်သွားအောင် ငြိ သက်တိတ်ဆိတ်သွားပါတော့တယ်။

အခုလေးတင်ပဲ သူတို့ရှေ့မှာ လူငယ်ကလေးတစ်ယော ဆိုးဆိုးဝါးဝါးပဲ ခြေဖဝါးတွေကို မီးအလောင်ခံလိုက်ရတာကို မြင်လိုက် ကြရပြီပဲ။ အခု . . လာပြန်ပြီ နောက်တစ်ယောက်၊ ဒါကိုပဲ ထပ်လု ဦးမယ် . . ဆိုတော့ ဒီလောက်တောင်ရူးရသတဲ့လား . . . ဆို အကြည့်တွေနဲ့ ကျုပ်ကို ဝိုင်းလို့ကြည့်နေကြလေရဲ့။

" ဟော့လူ . . . မနင်းနဲ့၊ မနင်းနဲ့၊ ခင်ဗျား ဒုက္ခရောက်သွား လိမ့်မယ် "

. . လို့ လူအုပ်ထဲက လူတစ်ယောက်က ကျုပ်ကို အော်ပြေ လာပါတယ်။

ဒါနဲ့ပဲ တခြားလူတွေကလည်း ကျုပ်ကို ဝိုင်းထားကြပါတေ တယ်။

အားလုံးက ကျုပ်ကို မီးမနင်းစေချင်ကြဘူး။

ကျုပ်က ပရိသတ်ကြီးဘက်လှည့်လို့ မျက်နှာချင်းဆိုင် လိုက်ပြီး အားလုံးကို တိတ်တိတ်ကလေး နေပေးကြဖို့ လက်မြှော



ပြလိုက်ပါတယ်။ သူတို့တစ်တွေ အသံတိတ်သွားကြပြီး ကျုပ်ကို စိုက် ကြည့်နေကြတော့တယ်။ လောလောဆယ်မှာတော့ အဲဒီမှာရှိနေသ မျှ လူတွေ အကုန်လုံးရဲ့ မျက်စိတွေဟာ ကျုပ်ကိုယ်ပေါ်မှာကျရောက် နေကြပါတယ်။

အသံတွေ အားလုံးတိတ်ဆိတ်သွားသလိုပဲ ကျုပ်စိတ်ထဲမှာ လဲ မကြုံစဖူး ထူးထူးခြားခြား တည်ငြိမ် အေးချမ်းလာတယ်။ ကျုပ် ဝတ်လာတဲ့ ပုဆိုးကို ချွတ်လိုက်တယ်။ ဖိနပ်ကိုလည်း ချွတ်လိုက် တယ်။ အောက်ခံဘောင်းဘီရှည်ကလွဲလို့ အဝတ်ဗလာနဲ့ ကျုပ်ရပ် နေလိုက်တယ်။ ရပ်တာမှ မလှုပ်မယှက် ရပ်နေတာ။

ကျုပ်မျက်လုံးတွေကို အသာမှိတ်လိုက်တယ်။

သမာဓိရအောင် ကျုပ်စိတ်ကို စ,ပြီး အာရုံစူးစိုက်လို့ ထိန်း ချုပ်လိုက်တယ်။

နောက် . . . မီးပုံပေါ်ကို အာရုံစူးစိုက်ထားလိုက်ပါတယ်။

ဖြူဖွေးပြီး ပူပြင်းတဲ့ မီးကျည်းမီးခဲတွေကလွဲပြီး တခြားဘာ ကိုမှ ကျုပ်မမြင်ရတော့ဘူး။ အဲဒီမီးကျည်းခဲတွေဟာ ပူမနေဘဲ အေး နေတယ်လို့ ကျုပ်အာရုံပြုလိုက်တယ်။ ကျုပ်ကိုယ်ကျုပ်လည်း . . .

" မီးကျည်းခဲတွေက အေးစက်နေတာပဲ "

. . . လို့ ပြောလိုက်တယ်။

" သူတို့ ငါ့ခြေဖဝါးကို မလောင်နိုင်ကြပါဘူး။ ငါ့ခြေဖဝါးကို လောင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဘာပြုလို့လဲ . . ဆိုတော့ ဒီမီးကျည်း တွေမှာ အပူဓါတ်မှ မရှိကြဘဲ။ ငါဒီကျင်းကို မိနစ်ဝက်နဲ့ ရအောင် ဖြတ်မယ်။ သိပ် . . ကြာကြာ ဆိုင်းနေလို့မဖြစ်ဘူး။"

ကျုပ်သိနေတယ်။

ဘာပြုလို့လဲ . . ဆိုတော့ အရာဝတ္ထုတစ်ခုရဲ့ အပေါ်မှာ လုံးကြီး သမာဓိတည်နေအောင် ကျုပ်အာရုံစူးစိုက် ထိန်းချုပ်နိုင် က တစ်မိနစ်ကျော်ကျော်လောက်ပဲ ရှိတာကိုး။

ကျုပ်ဆက်ပြီး အာရုံစူးစိုက်ထားတယ်။ ဘယ်အထိတောင်

www.burmeseclassic.com

www.burmeseclassic.com



ဒုံးခိုက်ထားသလဲဆိုရင် . . ကျုပ်ဟာ အိပ်မွေ့ချခံထားရသလို ဖြစ်လာတယ်။

မီးကျည်းခဲတွေ အပေါ် ကျုပ်စ,ပြီး လှမ်းလိုက်တယ်။

မြေကျင်းအစ,ကနေ အဆုံးအထိ ခပ်မှန်မှန်ကလေးပဲ လျှောက်သွားလိုက်ပါတယ်။

ကြည့် . . .

ကျုပ်ခြေဖဝါးတွေ မီးလုံးဝ မလောင်ဘူး။

ပရိသတ်ကြီးဟာလည်း တော်တော့်ကို လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတော့တယ်။

အော်ကြ . . ဟစ်ကြ . . ချီးကျူးသြဘာတွေ ပေးကြ၊ လက်ခုတ်တွေတီးကြနဲ့ပေါ့။ ဆူညံသွားတော့တာပါပဲ။

ပထမ မီးနင်းကဲ့ လူကကျုပ်ဆီကို ပြေးလာပြီး ကျုပ်ခြေဖဝါးနှစ်ဖက်ကို အသေအချာ ကြည့်ပါတော့တယ်။ ကျုပ်ခြေဖဝါးမှာ မီးလောင်တဲ့ အရိပ်လက္ခဏာ . . ဆိုလို့ တစ်ခုမှ မရှိဘူးလေ။

" ထူးဆန်းလိုက်တာဗျာ၊ ခင်ဗျား ယောဂအကျင့် . . ကျင့်နေတဲ့လူလား "

. . လို့ သူက ကျုပ်ကို အံ့သြသံကြီးနဲ့ မေးလာပါတယ်။

" ကျွန်တော် အားထုတ်ကြိုးစားနေတုန်းပါပဲ ဆရာ "

. . လို့ ကျုပ်ပြန်ဖြေလိုက်ပြီး အဝတ်အစားတွေ ကောက်ဝတ်ပြီး လူအုပ်ကြီးထဲကနေ တိုးထွက်လာခဲ့ပါတော့တယ်။

ကျုပ်ရင်တွေ ခုန်လိုက်ရတာဗျာ။

" ငါတော့ ဖြစ်ပြီ "

. . လို့ ကျုပ်ဘာသာကျုပ် ပြန်ပြောလိုက်မိပါတယ်။

နောက်ဆုံးတော့ . . . ကျုပ်မှာ သိဒ္ဓိစွမ်းအား ရှိစပြုနေပြီ ဆိုတာကို ဒီအဖြစ်ကပြလိုက်တယ်။ အဲဒါအပြင် ကျုပ်မှတ်မိနေတာ တစ်ခုရှိသေးတယ်။ အဲဒါကတော့ ဟာဒဝါက ယောဂီဆရာကြီးပြောလိုက်တဲ့ စကားတစ်ခွန်းပါပဲ။



တကယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေဆီမှာ သမာဓိသိပ် . . အားကောင်းလာပြီဆိုရင် မျက်စိနဲ့မကြည့်ဘဲ မြင်နိုင်တဲ့ အစွမ်းရှိတယ်တဲ့ ။

အဲဒီစကားကို ကျုပ်အမြဲ သတိရနေတယ်။ ကျုပ်ကိုယ်ကျုပ် အဲဒီလို အစွမ်းသတ္တိမျိုးရှိလာအောင်လည်း အမြဲတောင့်တနေမိတယ်။ မီးနင်းတဲ့ကိစ္စမှာ အောင်မြင်လိုက်တော့ ခုနကပြောခဲ့တဲ့ မျက်စိနဲ့ မကြည့်ဘဲမြင်နိုင်တယ် -ဆိုတဲ့ ရည်မှန်းချက်တစ်ခုထဲကိုပဲ အောင်မြင်ပေါက်မြောက်အောင် တစ်စိုက်မတ်မတ် စောက်ချပြီး သမာဓိအား ထူထောင်တော့မယ် . . လို့ ကျုပ်သန္နိဋ္ဌာနချလိုက်ပါတယ်။

ကျုပ်အဆင့်တိုင်းမှာ အစီအစဉ်တကျ၊ တစ်ခုမှ မကျန်ရအောင် အားထုတ်တယ်၊ ဘာတစ်ခုကိုမှ လက်အလွတ်မခံခဲ့ဘူး။

အဲဒီတုန်းက ကျုပ်ကာလကတ္တားမှာပဲ ဆက်နေတယ်။ မီးနင်းဘာလည်း အောင်မြင်သွားပြီဆိုတော့ ကျုပ်မှာရှိသမျှအင်အားကို မျက်စိနဲ့ မကြည့်ဘဲ မြင်နိုင်မယ့်ကိစ္စ တစ်ခုထဲအတွက်ပဲ ပုံသြပြီး စူးစူးစိုက်စိုက် အားထုတ်ဖို့ ဆုံးဖြတ်လိုက်တယ်။

အချိန်တန်ပြီပဲ။ ဒီတော့ . . . ကျင့်စဉ်တွေထဲမှာ ပြောင်းစရာရှိတာကို ပြောင်းလဲပြီးလေ့ကျင့်တော့တယ်။ ည . . ဆိုရင် ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး မီးတောက်ကို စိုက်ကြည့်တယ်။

ဖယောင်းတိုင်ရဲ့ မီးတောက် - ဆိုတာက အပိုင်းသုံးပိုင်းပါတယ်။

ထိပ်ဆုံးက အဝါရောင်၊ အောက်မှာ ခရမ်းပြာ၊ အလယ်တည့်တည့်ရဲ့အတွင်းဘက်မှာ အနက်ရောင် အဲဒီလိုပါတယ်။

ကျုပ်က ဖယောင်းတိုင်ကို တစ်ပေခွဲလောက်အကွာမှာ ထားတယ်။ ဖယောင်းတိုင်ရဲ့မီးတောက်က ကျုပ်မျက်စိနဲ့ တစ်ပြေးညီထားတယ်။ ကျုပ်မျက်စိရဲ့ အထက်ကိုလည်း မရောက်ရဘူး။ ပြီးတော့အောက်လည်းမကျစေရဘူး။

www.burmeseclassic.com



ဒီအဆင့်က အပြီးသတ်အဆင့်လို့ ခေါ်ရမှာပဲ။ ဘာပြုလို့လဲ ဆိုတော့ . . . အဲဒီအချိန်ကစ,ပြီး ကျုပ်ရဲ့မျက်လုံးကြွက်သားတွေကို အထက် - အောက်ရွှေ့ပြီး ချိန်ဆတာမျိုးတို့ ဘာတို့ကို နည်းနည်းလေးမှ လုပ်လို့မရတော့ - လို့ပါပဲ။

ကျုပ်ကိုယ်ကျုပ်သက်သက်သာသာ အနေအထားမျိုးနဲ့ ထိုင်လိုက်ပြီး အလယ်တည့်တည့်က မီးတောက်ရဲ့ အနက်ရောင်အပိုင်းကိုမမှိတ်မသုန် စိုက်ပြီးကြည့်တယ်။ ဒီလိုမျိုးကြည့်တာဟာ ကျုပ်အသိစိတ်ကို ကျုပ်ပတ်ဝန်းကျင်မှာ ရှိနေတာတွေနဲ့ ကင်းလွတ်သွားအောင် စူးစိုက်ပြီး ထိန်းချုပ်လိုက်တဲ့သဘောပဲဗျ။

ဒါနဲ့ မီးတောက်ကလေးထဲက အနက်စက်ကလေးကို ကျုပ်စိုက်ကြည့်ရင်း . . ကြည့်ရင်း . . . ကျုပ်ဘေးနားပတ်ဝန်းကျင်မှာရှိတာတွေ အားလုံးပျောက်ကွယ်သွားပြီး ကျုပ်ဘာကိုမှ မမြင်ရတော့ဘူး။ အဲဒီနောက် မျက်စိကိုမှိတ်ပြီး ထုံးစံအတိုင်း စိတ်ကြိုက်ရွေးချယ်ထားတဲ့ တစ်ခုထဲရှိတဲ့အရာဝတ္ထုကို ကျုပ်အာရုံပြုလိုက်တယ်။

ဒါကို အိပ်ရာမဝင်ခင် ညတိုင်း မပျက်မကွက်လုပ်တယ်။

အဲဒီတုန်းက ၁၉၂၉-ခုနှစ်၊ ကျုပ်အသက်က ၂၄-နှစ်။

စိတ်ကို ဟိုဟိုဒီဒီ မပျံ့လွင့်အောင် အရာဝတ္ထုတစ်ခုခုအပေါ်မှာ သုံးမိနစ်လောက် ကျုပ်အာရုံစူးစိုက်ထားနိုင်လာတယ်။ အဲဒီအချိန်မှာပဲ မျက်စိမှိတ်ထားရာကနေ အရာဝတ္ထုတစ်ခုခုကို ကျုပ်ခပ်ရေးရေး မြင်စပြုလာတယ်လို့ . . ပြောရမှာပဲ။

ကျုပ်မျက်စိကိုမှိတ်ထားလိုက်ပြီး တစ်ခုခုကို မမြင်-မြင်အောင် အမိအရ စူးစိုက်ထိန်းချုပ်ကြည့်မယ်- ဆိုရင် အာရုံခံစားမှုက တမူထူးခြားလာပြီး ကျုပ်ကြည့်နေတဲ့ အရာဝတ္ထုရဲ့ ကောက်ကြောင်းလောက်ကို မြင်လာရတယ်။

ဒီလိုနဲ့ . . တဖြည်းဖြည်း အမြင်အာရုံနဲ့ ပတ်သက်လို့ ကျုပ်အတွင်းစိတ်ဘက်အပိုင်းမှာ အတော်ကလေးကိုပဲ တိုးတက်စပြုလာပါတယ်။

အဲဒါ ဘာကိုဆိုလိုတာလဲ . . ဆိုတော့ . . .

ဟာဒဝါက ယောဂီပုဂ္ဂိုလ်ကြီးပြောပြခဲ့တဲ့အတိုင်း ပြောရရင်တော့ . . . .

“ ကျုပ်တို့တစ်တွေမှာ အမြင်အာရုံနှစ်ခုရှိကြတယ်။ အနံ့အရသာ၊ အကြားအာရုံများလည်းပဲ ဒီအတိုင်းပဲ။ အာရုံနှစ်ခုဆီ ရှိကြတာချည်းပဲ။ တစ်ခုက အပြင်အာရုံ၊ သူက သိသာထင်ရှားတယ်။ ကျုပ်တို့အကုန်လုံးသုံးနေကြတဲ့အာရုံ။ နောက်တစ်ခုကတော့ . . . အတွင်းအာရုံ။ ကျုပ်တို့ရဲ့ ဒီအတွင်းအာရုံတွေကို အားကောင်းအောင်လုပ်နိုင်လာပြီ . . ဆိုပါတော့။ အဲဒီအခါကျရင် ကျုပ်တို့အနေနဲ့ နှာခေါင်းနဲ့ မရှူဘဲအနံ့ခံလို့ ရလာမယ်။ လျှာနဲ့မထိတွေ့ဘဲ အရသာခံလို့ရမယ်။ နားနဲ့ နားမထောင်ဘဲ အသံတွေကြားလာနိုင်မယ်။ မျက်စိနဲ့ မကြည့်ဘဲနဲ့လည်း မြင်နိုင်လာမယ်။ ကျုပ်တို့ရဲ့ မျက်စိ၊ နား၊ နှာခေါင်းနဲ့ လျှာတွေဟာ အာရုံခံစားမှုတစ်ခုခုကို ဦးနှောက်ကိုရောက်အောင် ပို့ပေးတဲ့နေရာမှာ အထောက်အကူပြုတဲ့အဆင့်လောက်ပဲရှိတယ်။ ဒီလိုပဲ . . . ကျုပ်လည်း အတွင်းအာရုံကနေ မြင်တဲ့အမြင်အာရုံကို ရအောင်အကြိတ်အနယ် ကျင့်ကြံအားထုတ်ခဲ့တယ်။

ညတိုင်း . . ညတိုင်း ကျုပ်လုပ်နေကျအတိုင်း ဖယောင်းတိုင်မီးတောက်ရယ်၊ ကျုပ်ညီရဲ့ မျက်နှာရယ်၊ အဲဒီနှစ်ခုနဲ့ လေ့ကျင့်ခဲ့တယ်။ ပြီးရင် . . . ခဏလောက်နား၊ ကော်ဖီသောက်။ နောက် . . . ကိုယ့်မျက်နှာကို ပဝါစည်း၊ ကုလားထိုင်တစ်လုံးပေါ်မှာထိုင် စိတ်ထဲမှာပေါ်အောင် ဖော်ကြည့်ဖို့ ကြိုးစားတယ်။ စိတ်ကူးနဲ့ မြင်အောင်ကြည့်တာမဟုတ်ဘူးနော်။ ပီပီသသမြင်ရအောင်ကိုကြည့်တာ။ ကျုပ်မျက်စိကို အသုံးမချဘဲ အခန်းထဲရှိသမျှ တစ်ခုချင်းကို သူ့နဂိုရုပ်အတိုင်း မြင်ရအောင်ကြည့်တာ။

နောက်တော့ . . . တဖြည်းဖြည်းနဲ့ ကျုပ်အားထုတ်ရကျိုးနပ်စပြုလာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်တော့ မကြာလှပါဘူး။

ကျုပ်ဖဲထုပ်တစ်ထုပ်နဲ့ စမ်းသပ်ကြည့်ခဲ့တယ်။

ဖဲထုပ်နဲ့ အပေါ်ဆုံးက ဖဲချပ်ကို ကောက်ယူပြီး ကျုပ်ရှေ့မှာ ကျောပေးလျက်အနေအထားမျိုးနဲ့ ကိုင်ထားလိုက်တယ်။ အဲဒါတို့ ဟိုဘက်ကို ထွင်းဖောက်ပြီးမြင်အောင်လို့ ကျုပ်ကြည့်တယ်။

နောက်တော့ ကျုပ်လက်ထဲမှာ ခဲတံချောင်း ကိုင်ထားပြီး အဲဒါဘာဖဲဖြစ်တယ်၊ . . ဆိုတာကို ရေးမှတ်လိုက်တယ်။ နောက် ဖဲတစ်ချပ်ကို ကောက်ကိုင်၊ ဒီလိုပဲ ရေးမှတ်ထားလိုက်တယ်။ ဒီနည်းနဲ့ပဲ ဖဲတစ်ထုပ်လုံး ကုန်သွားတော့ ကျုပ်ရေးမှတ်ထားတာနဲ့ ကျုပ်ဘေးက ဖဲပုံကို လှန်ပြီးတော့ တိုက်ကြည့်တယ်။

တစ်ချီထဲနဲ့ ခြောက်ဆယ်ကနေ ခုနစ်ဆယ်ရာခိုင်နှုန်း လောက်မှန်တယ်။

အလုပ်ဖြစ်ပြီလေ၊ . . . အလုပ်ဖြစ်သွားပြီဗျို့။

ဒါတင်မကဘူး။ တခြားဟာတွေလည်း ကျုပ်လုပ်ကြည့်သေးတယ်။ မြေပုံတွေ ရှုပ်ရှုပ်ထွေးထွေးနိုင်လှတဲ့ လမ်းညွှန်ကားချပ်တွေပါ ကျုပ်ရဲ့အခန်းနံရံတစ်ခုလုံးမှာကပ်ပြီး မျက်နှာကို ပဝါစည်း၊ ဒါတွေကို နာရီတော်တော်ကြာအောင် ကျုပ်ကြည့်တယ်။

နေရာဒေသတွေ၊ မြစ်တွေရဲ့ နာမည်တွေကို စာလုံးသေးသေးကလေးတွေနဲ့ ရေးထားတာကအစ ဖတ်လို့ရအောင် ကျုပ်ကြိုးစားတယ်။

ဒီလိုနဲ့ . . . နောက်ထပ်လေးနှစ်လုံးလုံး ညတိုင်း-ညတိုင်း မပျက်မကွက်ကျုပ်ကျင့်ခဲ့တယ်။ ၁၉၃၃-ခုနှစ်အရောက်၊ ကျုပ်အသက် ၂၈-နှစ်ပြည့်တဲ့နှစ်မှာတော့။ ကျုပ်ဟာ စာအုပ်တစ်အုပ်လုံးကုန်အောင် ဖတ်နိုင်နေပြီ။ ကျုပ်မျက်စိကို ဘယ်လိုမှ မမြင်ရအောင် စည်းထားတဲ့ကြားထဲက စာအုပ်တစ်အုပ်လုံးကို ကျုပ်ဖတ်လို့ရသွားတယ်။

ကျုပ်မှာ သမာဓိစွမ်းအားတွေ ရှိလာပြီ။



ရှိတယ် . . ဆိုတာ သေချာတာနဲ့ တစ်ပြိုင်နက်ထဲ မအောင့်မအီးနိုင်ဖြစ်နေတဲ့ ကျုပ်ဟာမျက်လုံးကို ပဝါစည်းပြီးပြတဲ့ ပြကွက်တို့ မျက်လှည့်ဝိုင်းထဲ ချက်ချင်းထည့်ပြတော့တာပါပဲ။

ပရိသတ်က သဘောကျကြတယ်။ အားပေးကြတယ်။

ဒါပေမဲ့ . . . ဒါဟာကျုပ်ရဲ့ ပင်ကိုယ်အစွမ်းအစ . . လို့ ဘယ်သူကမှ မယုံကြဘူး။ ကျွမ်းကျွမ်းကျင်ကျင် လုပ်ပြတဲ့လှည့်ကွက်တစ်ကွက်လို့ပဲ . . လူတိုင်းက ထင်နေကြတယ်လေ။ ဟုတ်တာပေါ့ ကျုပ်ကိုယ်တိုင်က မျက်လှည့်ဆရာ . . ဆိုတော့ သူတို့အနေနဲ့ ကျုပ်ကိုလှည့်စားနေတာ . . လို့ပဲ၊ ပိုပြီးတော့ တွေးစရာဖြစ်နေတာပေါ့။

မျက်လှည့်ဆရာ . . ဆိုတာ လူကိုလှည့်စားတာပဲ။ လှည့်တဲ့ပတ်တဲ့နေရာမှာ မျက်လှည့်ဆရာတွေက သိပ်ပြီးကျွမ်းကျင်လိမ္မာကြတယ်လေ။ ဒီတော့ . . ကျုပ်ကို ဘယ်သူကမှ မယုံကြတာ မဆန်းပါဘူး။

ကျုပ်ရဲ့ မျက်စိကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ ပတ်တီးစည်းပေးနေတဲ့ ဆရာဝန်ကအစ . . .

“ လူတစ်ယောက်ဟာ မျက်စိနဲ့ မကြည့်ဘဲမြင်နိုင်တယ် ”

. . . ဆိုတာကို လက်မခံဘူး။

ပုံရိပ်တစ်ခုကို ဦးနှောက်ဆီကို ပို့ပေးတဲ့နေရာမှာတခြားနည်းလမ်းတွေရှိတယ် . . ဆိုတာကို သူတို့ သတိမရကြတော့ဘူး ထင်ပါရဲ့ဗျာ။

တခြားနည်းလမ်း . . ဆိုတာက ဘာလဲ . . . ဆိုတော့ . . .

အဲ . . ရိုးရိုးသားသားဖြေရမယ် . . ဆိုရင်တော့ . . . ကျုပ်မျက်စိနဲ့မကြည့်ဘဲ ဘယ်နည်းဘယ်ပုံမြင်ရတယ် . . ဆိုတာကိုတော့ သေသေချာချာ မသိပါဘူး။ ဒါပေမဲ့ ကျုပ်သိတာတစ်ခုတော့ရှိတယ်။

အဲဒါကတော့ . . ကျုပ်ရဲ့မျက်လုံးတွေကို အဝတ်စည်းလိုက်တဲ့အချိန်မှာ ကျုပ်ဟာ ကျုပ်မျက်စိကို လုံးဝအသုံးမပြုတော့ဘူး။ အမြင်အာရုံရအောင် ကျုပ့်ခန္ဓာကိုယ် တခြားတစ်နေရာကနေ လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်လေ။

အကာအကွယ်မရှိဘဲကတ်နေတဲ့ အရေပြားတစ်လွှာက ဘယ်နေရာကနေမဆို အမြင်အာရုံရအောင် လုပ်ပေးနေတယ်ဗျ။

ဥပမာ ပြောရရင်ဗျာ။

ခင်ဗျားက ကျုပ်ရှေ့မှာ သုတ္တပြားကြီးတစ်ချပ် ကြားထဲမှာ အခံထားပြီး၊ အဲဒီသတ္တုပြားရဲ့ အနောက်မှာ စာအုပ်ကိုထားမယ် ဆိုပါတော့။ အဲဒီစာအုပ်ကိုကျုပ်ဖတ်လို့မရပါဘူး။ ဒါပေမဲ့ . . ကျုပ်ရဲ့ လက်တဖက်ကို သတ္တုပြားကို ကျော်ပြီးထားလိုက်။ ဒါဆို . . . အဲဒီ ကျုပ်ရဲ့ လက်တစ်ဖက်က စာအုပ်ကိုဖတ်လို့ရပြီ။

ကျုပ်ကို ခင်ဗျားက လက်တွေ့စမ်းကြည့်ချင်တယ်။ ဟုတ်လား။

သတ္တုပြားမရှိလည်း ရပါတယ်။ အဲဒီဟာအစား အခန်းတံခါးကိုသုံးလည်းဖြစ်ပါတယ်။ ခင်ဗျားက နေရာကထ,ပြီး စာအုပ်စင်ကိုသွား၊ လက်က ပထမဦးဆုံးတွေ့တဲ့စာအုပ်ကိုဆွဲထုတ်လိုက်။

အံ့မယ် . . . ခင်ဗျားလက်ထဲက စာအုပ်က . . .

"အံ့ဩစရာ တိုင်းပြည်ကို ရောက်သွားတဲ့ အဲလစ် "ဆိုတဲ့ စာအုပ်ပဲ။

ခင်ဗျားက အခန်းတံခါးကို ဖွင့်ပြီး ကျုပ်ကို တံခါးနောက်ကွယ်မှာ မမြင်အောင်အထိုင်ခိုင်းမယ်။ ခင်ဗျားက စာအုပ်ကို ကြုံရာကျရာနေရာကို ကောက်ဖွင့်ပြီး တံခါးတစ်ဖက်က ကုလားထိုင်ပေါ်မှာ ထောင်လျက်တင်ထားလိုက်တယ်။ ပြီးတော့မှ . . . ခင်ဗျားက ကျုပ်ကိုရော၊ စာအုပ်ကိုရော၊ မြင်နိုင်တဲ့ကနေရာမှာ နေလိုက်။

ခင်ဗျားက ကျုပ်ကို . .

"စာအုပ်ကို ဖတ်လို့ရသလား"

. . . လို့မေးပါ၊ ကျုပ်က . . .

"မရဘူး ဒေါက်တာရေ၊ ကျုပ်တကယ်ဖတ်လို့မရဘူး" လို့ ပြန်ဖြေမယ်။



အဲဒီအခါမှာ . . . ခင်ဗျားက ကျုပ်ကို . . .

"ကောင်းပြီ ဒါဆိုရင် . . . ခင်ဗျားလက်ကို တံခါးရှေ့ရောက်အောင်ကျော်ပြီးထုတ်လိုက်။ ဒါပေမဲ့ . . . လက်ပဲထုတ်ရမှာနော်"

ကျုပ်က ခင်ဗျားပြောတဲ့အတိုင်း တံခါးစွန်းကနေ ကျုပ်ရဲ့ လက်ကို ရှေ့ထုတ်ပြီး စာအုပ်နဲ့ မြင်ကွင်းတည့်တဲ့အထိ ပတ်လိုက်တယ်။ အဲဒီနောက်မှာတော့ ကျုပ်လက်ချောင်းကလေးတွေ တစ်ချောင်းနဲ့တစ်ချောင်း ကပ်မနေအောင် လုပ်လိုက်တာကို ခင်ဗျားတွေ့ရပါလိမ့်မယ်။ လက်ချောင်းကလေးတွေဟာ တဖြည်းဖြည်းနဲ့ ကားထွက်ကားလာပြီး တဆတ်ဆတ် တုန်လာလိမ့်မယ်။ နောက်တော့ ကျုပ်လက်ဖမိုးကို စာအုပ်ဖက် မျက်နှာပြုလိုက်တယ်။

ခင်ဗျားက . . .

"ဘယ်ဘက်စာမျက်နှာ အပေါ်ဆုံးကနေစ,ပြီးဖတ်ပြဗျာ" . . . လို့ ပြော။

ဆယ်စက္ကန့်လောက်တော့ ကျုပ်ငြိမ်နေမယ်။ ပြီးတော့မှ ကျုပ်ဟာချောချောမောမော အရပ်အနား မရှိဘဲ စာကိုဖတ်ပြမယ်။

ကျုပ်စာတွေကို မရပ်မနားမရှိ ချောချောမောမော ဖတ်ပြလို့ တော်တော်ကလေးကြာသွားတော့ ခင်ဗျားက . . .

"တော်ပြီဗျို့၊ ခင်ဗျားကို ကျုပ်ယုံပါပြီ။ ခင်ဗျားဟာ အကိုးပေးတော်တော့်ကို ထူးတဲ့ပုဂ္ဂိုလ်ပဲ"

. . . လို့ တအံ့တဩကြီးနဲ့ ပြောပါလိမ့်မယ်။ ပြီးတော့ . . . ဆက်ပြီး . . . ဖဲချပ်တွေကြည့်တာနဲ့ ပတ်သက်ပြီးကျုပ်ကိုမေးလာပြန်ပါတယ်။

"ဖဲချပ်တွေကြည့်တာနဲ့ ပတ်သက်လို့ နည်းနည်းမေးပါရစေ။ ဖဲချပ်တစ်ချပ်ရဲ့ ကျောဘက် . . အဲ . . ဟိုဘက်ကိုကြည့်တဲ့အခါမှာရော ဟိုဘက်က ဖဲပွင့်ကို ကြည့်လို့ရအောင် ဆရာ့ရဲ့ လက်ကို ဖဲချပ်ရှေ့ကျော်ပြီးထုတ်ရသေးလား" . . တဲ့

ဟင့်အင်း . . . အဲဒီလိုလက်ကို ကျော်ပြီး မထုတ်ရပါဘူး။

www.burmeseclassic.com

ဖဲချပ်တွေကို ကြည့်တဲ့ ကိစ္စမှာတော့ ကျုပ်ဘာသာကျုပ်နည်းနဲ့ ကျု
တကယ့်ကိုပဲ တိုးလျှိုပေါက် ဖေါက်ထွင်းပြီး မြင်အောင်ကြည့်နိုင်
တယ်။ အဲဒီနည်းကိုတော့ ကျုပ် ရှင်းမပြပါရစေနဲ့ဗျာ။

တစ်ခုတော့ရှိတယ်။ ဖဲချပ် . . ဆိုတာမျိုးက ဆုတ်ဖြဲလို့ရနိုး
တာမျိုးလေ။ ပါးပါးကလေးပါ၊ သတ္တုပြားလို ကျစ်ပြီးထူမနေဘူး
ကျုပ်ဒါလောက်ပဲ ရှင်းပြတတ်တယ်၊ ဟောဒီလောကကြီးမှာ ကျုပ်တို့
တစ်တွေ ရှင်းမပြနိုင်တဲ့ ကိစ္စတွေ အများကြီးရှိတယ်ဗျ။

ကိုင်း . . .

ကျုပ်လည်း ကျုပ်အကြောင်းကို ပြောရတာ တော်တော်လေး
စုံလောက်ပြီလို့ထင်တာပဲ။ ဒေါက်တာရေ . . . ကျုပ်ကို ပြန်ပို့ပေးပါ
ကျုပ်တော်တော့်ကို မောသွားပြီ။

* * * *

အဲဒီညက ကျုပ်ဟာ " အင်းမရစ်ခန်း " ကိုသူတည်းခိုနေတဲ့
ဟိုတယ်အထိရောက်အောင် ကျုပ်ကားနဲ့ မောင်းပို့ပေးခဲ့ပါတယ်
အဲဒီညက ကျုပ်အိပ်ရာမဝင်ဖြစ်တော့ဘူးဖြစ်သွားတယ်
ကျုပ်စိတ်တွေလှုပ်ရှားလွန်းလို့ အိပ်လို့မရအောင်ဖြစ်နေရပါတယ်
အံ့သြထူးဆန်းလှတဲ့ အဖြစ်အပျက်ကို လောလောလတ်လတ် ကျုပ်
မျက်စိနဲ့ တပ်အပ်မြင်တွေ့လိုက်ရတယ်လေ။

ဒီအင်းမရစ်ခန်းဟာ ကမ္ဘာပေါ်မှာ ရှိ - ရှိသမျှ ဆရာဝန်တွေ
အကုန်လုံးကို လေထဲ ပစ်တင်လိုက်ပြီး ကျွမ်းထိုးလို့ရအောင် လုပ်
ပေးမယ့်လူပဲ။ သူ့ကြောင့် ဆေးပညာဖြစ်ပေါ်တိုးတက်မှု အစဉ်အ
လာကြီးတစ်ခုလုံးလုံးဟာ ပြောင်းလဲသွားနိုင်ပါတယ်။

ကျုပ်ဟာ ဆရာဝန်တစ်ယောက်ရဲ့ ရှုထောင့်ကနေ
ကြည့်မယ် ဆိုရင် . .

ဒီအင်းမရစ်ခန်း . . ဆိုတဲ့ပုဂ္ဂိုလ်ဟာ အသက်ရှိထင်ရှားနေ



တဲ့လူတွေအထဲမှာ တန်ဖိုးအရှိဆုံးလူပါပဲ။ ကျုပ်တို့လို ဆရာဝန်တွေ
အနေနဲ့ သူ့ကို လက်ကိုင်ထားဖို့၊ ဘေးကင်းလုံခြုံအောင် ထားဖို့
လိုအပ်တယ်။ ကျုပ်တို့ သူ့ကို စောင့်ရှောက်ရလိမ့်မယ်။ သူ့ကို လက်
လွှတ်ခံလို့ မဖြစ်ဘူး။

မျက်စိနှစ်လုံး အသုံးမပြုဘဲနဲ့ ပုံရိပ်တစ်ခုကို ဦးနှောက်ဆီကို
ရောက်အောင်ဘယ်ပုံဘယ်နည်းနဲ့ ပို့လို့ရတယ် . . ဆိုတာကို တိ
တိကျကျ သိဖို့ ကျုပ်တို့ လေ့လာဖေါ်ထုတ်ရမယ်။

အဲဒါကို ဖေါ်ထုတ်လို့ ရသွားရင် . . .

မျက်စိမမြင်တဲ့လူနာတွေ မျက်စိမြင်နိုင်လာမယ်။

နားမကြားတဲ့လူနာတွေ နားပြန်ကြားနိုင်လာမယ်။

ဘာပဲဖြစ်ဖြစ် . . . ဒီလောက် ထူးထူးခြားခြားနဲ့ တန်ဘိုးရှိ
တဲ့ လူတစ်ယောက်ကို အမှုမဲ့အမှတ်မဲ့ ကျုပ်တို့ ပစ်မထားသင့်ဘူး။

အိန္ဒိယပြည်အနှံ့ လျှောက်သွားနေပြီး စျေးပေါပေါဟိုတယ်
မှာနေ၊ မျက်လှည့်ပြတော့ ဒုတိယတန်းစား ဇာတ်ရုံတွေမှာ ပြနေတဲ့
အဖြစ်မျိုး မရောက်သင့်ဘူး။ အဲဒီအကြောင်းတွေ ကျုပ်တွေးနေရင်း
က ကျုပ်စိတ်တွေ လှုပ်ရှားတက်ကြွလွန်းလာတာနဲ့ပဲ မှတ်စုစာအုပ်
တစ်အုပ်နဲ့ ဖေါင်တိန်တစ်ချောင်းကို ယူပြီး ညဦးပိုင်းတုန်းက ကျုပ်ကို
အင်းမရစ်ခန်း . . . ပြောသွားသမျှတွေကို တစ်ခွန်းမှ မကျန်ရလေ
အောင် သေသေချာချာပဲ ဂရုတစိုက်နဲ့ ပြန်ပြီးရေးဖြစ်မိသွားပါတော့
တယ်။

သူပြောတုန်းက ကျုပ်လိုက်မှတ်ထားခဲ့တဲ့ မှတ်စုတွေကို ပြန်
ကြည့်လိုက်၊ ရေးလိုက်နဲ့ ကျုပ်ဟာငါးနာရီလုံးလုံး မရပ်မနား ရေးခဲ့
ပါတယ်။ နောက်တစ်နေ့မနက် ရှစ်နာရီထိုးလို့ ကျုပ်ဆေးရုံသွားရ
မယ့်အချိန်ရောက်တော့မှပဲ ခင်ဗျားတို့အခု ဖတ်လိုက်ရတဲ့အင်းမရစ်
ခန်းရဲ့ ဇာတ်လမ်းရဲ့ အရေးအကြီးဆုံးအခန်း - အထိ ရေးလို့ပြီးသွား
ပါတယ်။

အဲ့ဒီနေ့မနက်၊ ဆေးရုံရောက်ရောက်ချင်းဒေါက်တာမာရှယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုကျုပ်ရှာခဲ့ပါတယ်။ မတွေ့ပါဘူး။ နေ့လယ်လက်ဖက်ရည်သောက် ချိန်ကျမှပဲ ဆရာဝန်တွေနားနေခန်းမှာ ဒေါက်တာမာရှယ်နဲ့ ကျု ဆုံဖြစ်ပါတော့တယ်။

ကျုပ်လည်း အချိန်ရသလောက် ဒေါက်တာမာရှယ်ကို အင်း မရစ်ခန်းရဲ့ အကြောင်းကို ပြန်ပြောပြလိုက်ပါတယ်။ ဒေါက်တာ မာရှယ်လည်း ပါးစပ်အဟောင်းသားနဲ့ ကျုပ်ပြောသမျှ အင်းမရစ်ခ ရဲ့ အကြောင်းကို တအံ့တဩနဲ့ နားထောင်ခဲ့ပါတယ်။

" ကျုပ် သူနဲ့ တစ်ခါလောက်တော့ ထပ်ပြီး စကားပြောချ သေးတယ်ဗျ။ သူ့ကို ဒီမြို့မှာပဲ နေဖို့ ကျုပ်စည်းရုံးရမယ်။ အခုအချိ မှာ ကျုပ်တို့ အင်းမရစ်ခန်းကို လက်လွှတ်ခံလို့ မဖြစ်ဘူး။ ဒီနေ့ည ကျုပ်သူ့ မျက်လှည့်ရုံကို သွားဦးမယ် "

" ခင်ဗျားသွားရင် ကျုပ်လည်းလိုက်မယ် "

ဒေါက်တာမာရှယ်က ပြောပါတယ်။

" ဒေါက်တာ လိုက်တော့ ပိုကောင်းတာပေါ့ဗျာ။ ကျုပ်တ သူ့ရဲ့ မျက်လှည့်ပွဲကို အရင်ကြည့်ကြတာပေါ့။ ပြီးတော့မှ . . . သူ အပြင်ကို ထွက်ပြီး ညစာစားရင်း စကားပြောဖို့ ကျုပ်ခေါ်မယ်။

* * * *

အဲဒီည ခုနှစ်နာရီကျော်ကျော်လောက်မှာ ဒေါက်တာမာရှ ကိုကားနဲ့ တင်ခေါ်ပြီး အကားရှားလမ်းဘက်ကို ကျုပ်ကားလေး မောင်းလာခဲ့တယ်။ ကားကို နေရာတကျ ရပ်လိုက်ပြီး ကျုပ်တို့ ယောက် ရွှေနန်းတော်ကဇာတ်ရုံဘက်ကို ကူလာခဲ့ကြရင်း . . .

" တစ်ခုခုတော့ ဖြစ်နေပြီ ဒေါက်တာ၊ လူတွေလည်းတ ယောက်မှ မတွေ့ရပါကလား "

. . . လို့ ကျုပ်က လွှတ်ကနဲ့ ပြောလိုက်မိတယ်။

မျက်လှည့်ရုံ အပြင်ဘက်မှာ လူစုလူဝေးလည်းမရှိ ရုံတံခါ



တွေကလည်း ပိတ်ထားတယ်။ အဲ . . . ပွဲကြော်ငြာ ဆိုင်းဘုတ်ကြီး တတော့ နေရာမှာ ရှိနေတုန်းပဲ။ ဒါပေမဲ့ . . . ဆိုင်းဘုတ်ပေါ်မှာ တစ်ယောက်ယောက်က စာလုံးအကြီးကြီးနဲ့ ကန့်လန့်ဖြတ်ရေးထား တဲ့ စာကိုတော့ တွေ့ရတယ်။

" ယနေ့ည ပွဲနားသည် " . . . တဲ့။

သော့ခတ်ထားတဲ့ ရုံဝင်တံခါးဘေးမှာ အပေါက်စောင့် အဘိုးကြီးတစ်ယောက်ရပ်နေတာတွေ့ရလို့ ကျုပ်လည်း . . .

" ဘာဖြစ်လို့လည်းဟင် "

. . . လို့ မေးလိုက်တော့ . . .

" လူတစ်ယောက် ဆုံးသွားလို့လေ "

" ဘယ်သူများပါလိမ့် "

" ဟို . . . မျက်စိနဲ့ မကြည့်ဘဲ မြင်ရတဲ့ လူလေ "

* * * *

အင်း . . . ဒီလို လူ့အဖိုးတန်တစ်ယောက်ကို မနေ့ညက ည်းက ကျုပ်ပြန်ခွင့် မပေးသင့်ဘူး။ သူ့ကို ကျုပ်ခေါ် ထားရမှာ။ သူ့ကို အိပ်ရာနေရာ ကောင်းကောင်းပေးအိပ်ပြီး ကောင်းကောင်း န်မွန် ပြုစုရမှာ။ ကျုပ်မျက်စိအောက်ကနေ သူ့ကို အပျောက်မခံ သင့်ဘူး။

အင်းမရစ်ခန်းဟာ ထူးထူးဆန်းဆန်းတွေကို ဖန်တီးပြတတ် တဲ့ လူ။

သူဟာလျှို့ဝှက်ဆန်းကြယ်ပြီး အင်မတန့်ကို အန္တရာယ်ကြီး းတဲ့ အင်အား အစွမ်းတွေနဲ့ ဆက်စပ်ပတ်သက်ခဲ့တယ်။ ဒါတွေ ာ ရိုးရိုးလူတွေ လက်လှမ်းမမီနိုင်တဲ့ အရာတွေမဟုတ်ဘူး။

အင်းမရစ်ခန်းဟာ လိုက်နာရမယ့် စည်းကမ်းတွေကို ဖေါက်ခဲ့တယ်။ လူတွေကို အံ့မခန်းစရာ ပြကွက်တွေနဲ့ သူဖျော်

www.burmeseclassic.com



ဖြေခဲ့တယ်။ အဲလိုပြရတဲ့ ငွေကြေးကို သူယူခဲ့တယ်။

အဆိုးဆုံးကတော့ . . .

ဒီလို့ဝှက်ထားရမယ့် အကြောင်းအရာတချို့ကို မဆိုင်သူ တစ်ယောက်ဖြစ်တဲ့ ကျုပ်ကို ပြောပြခဲ့တာပဲ။

ခုတော့ . . . သူကွယ်လွန်သွားပါပြီ။ ✱

ဘာတတ်နိုင်ဦးတော့မှာတဲ့ လဲဗျာ။

**နိုင်းကျော်သိမာ**

(၅၅)လမ်း၊ သြဘာလမ်း

ကျောက်မြောင်း

ရန်ကုန်မြို့။

# ပုံရိပ်ချစ်သူ

**မောင်မောင်စိန်ဖြေး**

သူ့အသံက အလွန်ရင်းနှီးကျွမ်းဝင်ခဲ့ဘူးသဖြင့် ဇော်ထွန်း နှလုံးသားတွင် လှုပ်ရှားသွားသည်။ သို့သော် သူမည်သူမည်ဝါ ဖြစ် ည်ကို ဇော်ထွန်း အတိအကျမဖြေနိုင်။

သူ့ခန္ဓာကိုယ်အချိုးအစား၊ သူအဝတ်အစားနှင့် သူ့အသံများ တမေ့မရနိုင်အောင် ရှိခဲ့သည်။ မျက်နှာကို ဇာပဝါလေးပတ်အုပ် ထားသဖြင့် ဇော်ထွန်း မြင်နိုင်ခွင့်မရှိ။

" ကိုဇော်ထွန်း ကျွန်မကို မမှတ်မိတော့ဘူးမို့လား . . .။

ရှင်ဒီလိုမသိတာကိုဘဲ ကျွန်မရင်ထဲမှာ နာကျင်ခံခက်နေပါ ပြီရှင် . . .။ အသက်နဲ့ရင်းပြီး တွယ်တာမြတ်နိုးရသူတစ်ဦးကို မေ့နိုင် တယ်ဆိုတော့ ရှင်စွဲလမ်းတယ်ဆိုတာကို ယုံရမှာလားရှင် . . "

သူကဝမ်းနည်းကြေကွဲသံဖြင့် ဆို့နစ်နေသည်။ ဇာပဝါ အောက၊ သူ့မျက်နှာပေါ်တွင် မျက်ရည်များစီးဆင်နေတော့မည်ဟု ဇော်ထွန်းခန့်မှန်းမိလိုက်သည်။

ဇော်ထွန်းကသူ့ဦးနှောက်ကို အလုပ်ပေး၏ ရှေ့မှအမျိုးသမီး ၏နာမည်ကို အမြန်ဆုံးဖွေရှာနေမိသည်။ သူ့ခေါင်းတွေသာ ထူပူ နေသည်။ တရင်းတနှီးရှိခဲ့သော သူ့ရှေ့မှ အမျိုးသမီးကို နာမည်ဖော် ၍မရနိုင်အောင် ရှိသည်။ သူ့စကားတွင် အသက်နှင့်ရင်းပြီးတွယ် တာမြတ်နိုးရသူတစ်ဦးဟု ပြောလေရာ နာမည်ကို ဖော်မပြောနိုင် သောသူ့ကိုယ်သူ ဒေါသဖြစ်မိသည်။ အလွန်ပင်အားတုံ့အားနာဖြစ် မိသည်။

" ကိုဇော်ထွန်း ကျွန်မကိုသိသလားဟင်၊ မေ့မိတာကျွန်မအ

www.burmeseclassic.com

www.burmeseclassic.com



အမှားပါရှင် . . .။"

သူစိတ်ပျက်သွားပုံရသည်။ ထို့အတွက် ဇော်ထွန်းစိတ် ကောင်းဖြစ်ရသည်။ သို့သော် ဇော်ထွန်းသူနှင့် ပတ်သက်ဆက်နွ ပုံကို မည်သို့မျှစဉ်းစား၍မရ။ ဦးနှောက်ကို အလုပ်ပေးရလွန်းသဖြ ထူပူနေသည်။ ဇော်ထွန်းသူ့ကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်မိသည် သူဝတ်ဆင်ထားသော အဝတ်အစားများမှာ ဇော်ထွန်းသဘော နှစ်ခြိုက်သော အဝတ်အစားများပင် ဖြစ်သည်။ သူ့မျက်နှာပေါ်တွ ဇာပဝါကို အုပ်၍စီးထားတာတစ်ခုသာ ဖုံးကွယ်မှုရှိသည်။ သူသ ချောင်းတံတားကို ငေးမောကြည့်နေရာမှ ဇော်ထွန်းဘက်ဖြည်းဖြည် ချင်းလှည့်လာသည်။

" ကိုဇော်ထွန်းက ဒီချောင်းတံတားရဲ့ အရှေ့မှာရှိတဲ့ အရှေ့ ရွာမှာနေတယ်။ ကျွန်မက ချောင်းတံတားရဲ့ အနောက်မှာရှိတဲ့ရွ မှာနေတယ်လေ . ."

ဇော်ထွန်းချောင်းတံတားကို လှမ်းကြည့်လိုက်သည်။ အရှေ့ ရွာနှင့် အနောက်ရွာကို ရေစီးသန်သော ချောင်းတစ်ခုက စီးခြားထ သည်။ ချောင်းကို ဖြတ်၍တံတားထိုးထားရာ . . ရွာအရှေ့ဘက် ရှိသော ရွာများနှင့် ရွာအနောက်ဘက်တွင်ရှိသောရွာများတံတား ဖြတ်၍ ဟိုဘက်သည်ဘက်ကူးကြရသည်။ အနောက်ရွာမှာနေသ ဆိုသောအခါ ဇော်ထွန်းစဉ်းစာရကြပ်သွားသည်။ အရှေ့ရွာနှင့် နောက်ရွာသည် ခေတ်အဆက်ဆက်တည့်သည်ဟူ၍ မရှိ။ အ အမြဲ ရန်စောင်နေကြသည်။ တစ်ရွာကလုပ်ကိုင်သည်ကို တစ်ရွာ အကောင်းမထင် . . .၊ အရှေ့ရွာနှင့် အနောက်ရွာတို့ လူပျိုအ ချစ်ကြိုက်အိမ်ထောင်ကျသည်ပင် အလွန်ရှားလှသည်။ အရှေ့ နှင့်အနောက်ရွာ အိမ်ထောင်ဖက်သည်မှာ တစ်ရွာလုံး နှစ်ဦးသ ဖြောင့်ဖြောင့်ဖြူးဖြူးရှိခဲ့ဘူးသည်။ သည်တော့သူနှင့် မည်သည့်အ တာရင်းနှီးကျွမ်းဝင်မှုရှိသည်ကို စဉ်းစားရခက်နေသည်။ သည်အ သမီးငါ့ကို အကြောင်းလာရိုက်နေတာများလားဟု စဉ်းစားမိသ

" ခင်ဗျားမျက်နှာကပဝါစလေးကို ဖြုတ်လိုက်ပါလားဗျာ . .။ ဒါဆိုရင် ကျွန်တော် တစ်ခုခုပြောနိုင်တာပေါ့ . ."

" ရှင့်ရဲ့ စွဲလမ်းမှုကို သိချင်လို့ တမင်မျက်နှာကို ပဝါနဲ့ဖုံး ကွယ်ထားတာရှင့် . .။ ကျွန်မမျက်နှာကို အုပ်ထားပေမယ့် ဒီလောက်ကျွမ်းဝင်တဲ့ လူတစ်ယောက်ကို ရှင်မှတ်မိရမှာပေါ့ရှင် . ."

သူအပြောအရဆိုလျှင် အလွန်ကျွမ်းဝင်ခဲ့ကြောင်း ဇော်ထွန်း ခန့်မှန်းမိသည်။ သို့သော်ဇော်ထွန်းအစဖော်မရ။ အနောက်ရွာမှ သူနှင့်ခင်မင်သောအမျိုးသမီးများကို ပြန်လည်စဉ်းစားကြည့်သည်။ သူတို့က မိတ်ဆွေအနေနှင့်သာရင်းနှီး ခင်မင်ခြင်းဖြစ်သည်။ ယခု သည် အမျိုးသမီးပြောပုံက စွဲစွဲလမ်းလမ်းချစ်ခဲ့ကြသောချစ်သူနှစ်ဦး ပုံမျိုးဖြစ်သည်။ ဇော်ထွန်းဘာပြောရမှန်းမသိဘဲ စဉ်းစားနေစဉ်တွင် အမျိုးသမီးက သူ့အနားသို့တိုး၍ ထိုင်သည်။ ပြီးလျှင်ထမီစကို ခြေ ထောက်အနည်းငယ်ပေါ် အောင် ဆွဲမလိုက်သည်။ သူလက်ညှိုးက ခြေမျက်စိနားသို့ထိုးပြရာ ဇော်ထွန်းလှမ်းကြည့်ဖြစ်သည်။ ခြေမျက် စေ့နားတွင် အမာရွတ်တစ်ခုတွေ့ဖြစ်သည်။

" အဲဒီအမာရွတ်လေးကိုတော့ မှတ်မိလား ကိုဇော်ထွန်း . ."

သူမ၏ ခြေမျက်စေ့မှ အမာရွတ်ကို ကြည့်ရင်းဇော်ထွန်း ဦးနှောက်မှာ အလုပ်ရှုပ်နေတော့သည်။ ဟုတ်သည်။ သည်အမျိုး သမီး၏ခြေထောက်တွင် ထိခိုက်ဒဏ်ရာရသည်ကို ပုံရိပ်များ ခပ်ဝါး ဝါးပေါ်လာသည်။ ဘာ့ကြောင့် ထိခိုက်ဒဏ်ရာရပါသနည်း။ ဇော်ထွန်း အမျိုးမျိုးဆက်စပ်တွေးကြည့်နေသည်။ ထိုဒဏ်ရာရှုး သည့်ကိစ္စထဲတွင် ဇော်ထွန်းတစ်နည်းတစ်ဖုံ ပါဝင်နေပြီလား . . .။

" ရှင်ဘာတွေတွေးနေလဲဆိုတာ ကျွန်မသိတယ်။ ရှင်ဒီတိ တွေးနေမယ်ဆိုရင် ရှင့်လက်ထဲကဓါးမြှောင်လေးကို ထည့်စဉ်းစား ဦးနော် . ."။

ဇော်ထွန်းသူ့လက်ထဲမှ ဓါးမြှောင်ကို စိုက်ကြည့်နေမိသည်။ သည်ဓါးမြှောင်နှင့်ဘယ်လိုများပတ်သက်နေပါလိမ့်ဟုတွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော်စဉ်းစား၍မရ။

" အဲဒီအချိန်တုန်းက . . ကျွန်မကလယ်ထဲမှာ ကောက်ရိတ်နေတာလေ . . ။ မမျှော်လင့်ဘဲ ပိုးထိသွားတော့ ကျွန်မသူငယ်ချင်းတွေက မလုပ်တတ်မကိုင်တတ်ဖြစ်နေတုန်း ရှင်ကလှည်းနဲ့ အနားဖြတ်သွားတယ်။ ကျွန်မသူငယ်ချင်းတွေက လှမ်းအကူအညီတောင်းတော့ရှင်က လှည်းရပ်ပြီး ဆင်းလာတယ်လေ . . ။ အဲဒီတုန်းက ဒီခါးမြောင်လေးက ရှင်နဲ့အတူပါလာတယ်။ ပြီးတော့ရှင်က ဒီခါးမြောင်ကိုမီးကင်ပြီး ပိုးထိထားတဲ့ဒဏ်ရာကို မွဲတယ်။ သွေးနဲ့ အဆိပ်တွေစုပ်ထုတ်ပေးတယ်။ ဒဏ်ရာရတဲ့အထက်နားကို အဝတ်နဲ့တင်းတင်းစီးပေးပြီးတော့တိုက်နယ် ဆေးရုံကို ရှင့်လှည်းနဲ့ပို့ပေးတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မအသက်ချမ်းသာရာရသွားတာပေါ့ရှင် . . . ထကယ်တော့ရှင်ဟာ ကျွန်မရဲ့ အသက်သခင်ကျေးဇူးရှင်ပါ . . . "

နောက်ကြောင်းဖြစ်ရပ်များကို အစအဆုံးပြောပြနေသောသူ့ကိုအားတုန့်အားနာဖြစ်သွားသည်။ အစဖော် ပြောပြနေသည့်တိုင်အောင် ဇော်ထွန်းကပုံရိပ်များကို စဉ်းစားမရနိုင်ဘဲဖြစ်သည်။ ဖြစ်နိုင်လျှင် မျက်နှာတွင် ဖုံးအုပ်ထားသော ဇာပဝါကို ဆွဲဖြုတ်ကြည့်လိုက်ချင်သည်။ ထိုအချိန်တွင် မိန်းကလေးကသူ့ကို လက်ပြ၍ချောင်းတံတားဆီသို့ တဖြည်းဖြည်းလျှောက်သွားနေပြီဖြစ်သည်။ နောက်ကိုလှည့်တော့ဘဲ တံတားကို ဖြတ်နေသော မိန်းကလေးကို သူလှမ်းခေါ်ချင်သည်။

" ဟေ့ . . . ဟေ့ "

ဇော်ထွန်းနာမည်ကိုအစဖော် မရဘဲဖြစ်နေသည်။မိန်းကလေးက ချောင်းတံတား၏ တစ်ဝက်သို့ရောက်နေပြီဖြစ်သည်။ ဇော်ထွန်းအသံကျယ်ကျယ်လှမ်းခေါ်ဖြစ်သည်။

" ဟေ့ . . ဟေ့ "

" ဟေ့ . . မခင်ဖြူ . . . မခင်ဖြူ . . "

ဇော်ထွန်းနှုတ်မှ ပလုံးပထွေးဖြင့် မခင်ဖြူဟု ခေါ်မိရက်သား ဖြစ်သွားသည်။ မိန်းကလေးသည် တဖြည်းဖြည်းနှင့် ချောင်းတံတားတစ်ဖက်ကမ်းသို့ရောက်ပေတော့မည်။ ဇော်ထွန်းက မိန်းကလေးကိုသူ့ဆီပြန်လာစေချင်သည်။ ဇော်ထွန်း အားရပါးရ လှမ်းအော်ခေါ်လိုက်သည်။



" ဟေ့ . . . မခင်ဖြူ "

" ဟေ့ . . . မခင်ဖြူ "

* * * *

ဇော်ထွန်းကဟေ့ မခင်ဖြူဟု အော်ခေါ်နေစဉ် သူ့ပခုံးကိုလက်ဖြင့် လာပုတ်သည်။

" ဟေ့ . . သား . . . ဟဲ့သား . . .

ဘာတွေရောင်ပြီးအော်နေတာလဲ . . . နေ့ခင်းဘက်ကြီးအိပ်ပြီးတော့ကွယ် "

မိခင်ဒေါ်သန်းမေ ပခုံးပုတ်နှိုးလိုက်သဖြင့် ဇော်ထွန်းလူးလဲထသည်။ ဟိုကြည့်သည်ကြည့်ဖြင့် လူတစ်ယောက်ကို ဖွေရှာသလိုလိုလိုက်ကြည့်သည်။

" သား . . . သတိရပြီလား . . နေ့ခင်းကြီးအိပ်ပြီး ဘာတွေများအိပ်မက်မက်နေတာလဲ . . "

သည်တော့မှ ဇော်ထွန်းက သူ့ကိုယ်သူအိပ်မက်မက်နေကြောင်းသတိရပြီး ပြုံးမိသည်။

" အိမ်ရှေ့မှာ မင်သူငယ်ချင်း ဖိုးစံရောက်နေလို့ လာနှိုးတာ . . . မျက်နှာသစ်ပြီးအိမ်ရှေ့ထွက်လာခဲ့နော် . . . "

မိခင်ဖြစ်သူ ဒေါ်သန်းမေထွက်သွားသည့်တိုင်အောင် . . . ဘာမျှမလုပ်နိုင်သေးဘဲ အိပ်မက်ကို စဉ်းစားနေမိသည်။ အိပ်မက်ထဲက မိန်းကလေးကမည်သူများ ဖြစ်မည်နည်း။ သူ၏ငယ်ချစ်ဆွေတဲ့။ မည်သည့်အချိန်က ချစ်သူတွေဖြစ်ခဲ့ကြပါသနည်း။ သူ့အတွေး

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် အဖြေမရခင်မှာ စားပွဲပေါ်မှ ဓါးမြှောင်လေးကိုမြင်သဖြင့် ကောက်ကိုင်လိုက်သည်။ ဇာတ်လမ်းထဲမှာပါသော သည်ဓါးမြှောင်လေးကို ဇော်ထွန်းကိုယ်တိုင်စိတ်ဝင်စားသွားသည်။ ဓါးမြှောင်ယူကာ မျက်နှာသစ်ရန်ထွက်လာဖြစ်သည်။

ဖိုးစံသည် သူငယ်ချင်းဖြစ်သူ ဇော်ထွန်းကို အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်စောင့်သည်။ ဒေါ်သန်းမေ ညှော်ခံကျွေးမွေးသော မြေပဲလှော်၊ ထန်းလျက်တို့ကို စားရင်း ဇော်ထွန်း အကြောင်းရောက်သွားသည်။ ဒေါ်သန်းမေက ဇော်ထွန်းတစ်ယောက် မကြာခဏအိပ်မက်တွေမက်၍ထအော်တတ်ကြောင်းများကို ပြောပြသည်။ ထိုအချိန်တွင် ဇော်ထွန်းက ဓါးမြှောင်လေးကို ကိုင်၍ရောက်လာသည်။

" ဘယ်လိုလဲ ဇော်ထွန်း . . . အိပ်မက်ထဲမှာ နတ်သမီးလေးတွေ့ရဲ့ တွေ့နေတာလား . . . "

" နတ်သမီးနဲ့ တွေ့တာများစိတ်ရှုပ်ရတယ်လို့ . . . ၊ ပျော်ရမှာကွ . . . ပျော်ရမှာ . . . ။"

" နတ်သမီးမှာလည်း အပူတွေ၊ သောကတွေ၊ ပဟေဠိတွေ ရှိနေတယ် . . . ငါ့လူ . . "

" မင်းကွာ ကြံကြံဖန်ဖန် ငါနဲ့များလဲလိုက်ချင်တယ် . . "

" အေး . . . နောက်တစ်ခါ အိပ်မက်ရင် မင်းကို ငါခေါ်သွားမယ်၊ ငါ့အိပ်မက်ထဲမင်းလိုက်ခဲ့ . . . "

ဖိုးစံ သူ့နဖူးသူရိုက်မိသည်။ ဇော်ထွန်းအိပ်မက်ထဲလိုက်ရမည်ဆို၍ မဖြစ်နိုင်ကြောင်းခေါင်းခါသည်။ ဇော်ထွန်းက ဓါးမြှောင်လေးကို သူ့အမေရှေ့သို့ ထိုးပြသည်။

" အမေ ဒီဓါးမြှောင်လေးက ကျွန်တော့်အတွက် ခမည်းပေးတာနော် . . "

" ဟုတ်တယ်လေသားရဲ့ . . သားငယ်ငယ်လေးထဲက အော်အော်ဟိုးနေလို့ ဆရာတွေမေးကြည့်ရတယ်။ အဲဒါ ဦးလေးထွန်းလှတို့ အိမ်ကခမည်းတောင်းပေးရမယ်ဆိုလို့ တောင်းပေးထားတာ . . "

" ခမည်းပေးတဲ့လူက ကြံကြံဖန်ဖန် ဒီဓါးမြှောင်ပေးရတယ်လို့ အမေရယ် . . "

" ဟော့ကောင် ဇော်ထွန်း . . မင်းလသားအရွယ်ကတည်း ဒီခမည်းကို ယူထားခဲ့ရတာ . . ၊ အခု အသက်နှစ်ဆယ်ရောက်မှ ဘာဖြစ်လို့ အထူးအဆန်းလုပ်မေးနေရတာလဲ . . "

" မင်းပဲ စဉ်းစားကြည့်လေ . . ခမည်းပေးတာတွေက အကြွေစေ့တွေ . . အင်္ကျီတွေပေးတာတွေ့ဖူးပါတယ်ကွာ၊ ဒီဓါးမြှောင်လေးပေးတာ ထူးဆန်းမနေဘူးလား . . "

" မဟုတ်ဘူးသားရဲ့ . . ။ ပထမတစ်ကြိမ် အမေတို့ခမည်းသွားတောင်းတော့ လွယ်လွယ်ကူကူ အကြွေဆယ်ပြားစေ့လေးတစ်စေ့ပဲပေးလိုက်တာ။ အဲဒီပိုက်ဆံကိုဖေါက်ပြီး ကြိုးနဲ့လည်ပင်းမှာ ဆွဲထားပေးခဲ့တယ်။ ဒါပေမယ့် လုံးဝအငိုတိတ်မသွားဘူး။ ဒါနဲ့ ဆရာတွေဆီထပ်မေးကြည့်တဲ့အခါ ဦးလေးထွန်းလှတို့ဆီကိုပဲ ခမည်းထပ်တောင်းဖို့ပြောလိုက်တယ်။ သားက အမြဲတမ်းငိုနေတော့ အမေတို့ဘာလုပ်ရမှန်းမသိဘူး၊ ပထမတစ်ကြိမ်ခမည်းပေးပြီးသား ဆိုတော့ နောက်တစ်ကြိမ်သွားတောင်းတော့ ပျောက်ပါ့မလားပေါ့။ ဒီလိုနဲ့ အမေတို့တွေ ဦးလေးဦးထွန်းလှအိမ်ကို နောက်တစ်ကြိမ်ခမည်းသွားတောင်းတယ်။ ဦးလေးဦးထွန်းလှက ဘာမှမပြောရှာပါဘူး။ သိပ်ပြီးတော့ . . . ယုံကြည်ပုံမရဘူး။ ဒါပေမယ့် အမေတို့စိတ်ချမ်းသာပါစေဆိုပြီး လုံချည် အင်္ကျီတစ်စုံပေးလိုက်တယ်။"

ဇော်ထွန်းသူ့မိခင် ဒေါ်သန်းမေစကားကို အထူးစိတ်ဝင်စားသွားသည်။ အဘဦးထွန်းလှ တစ်ဦးတည်းဆီက ခမည်းနှစ်ကြိမ်တောင်းရပုံကို တွေးနေမိသည်။ အဘ ဦးထွန်းလှနှင့် သူကမည်သို့များပတ်သက်မှုတွေရှိပါသနည်း။ သည်မေးခွန်းတွေမှာ သူ့အသိနှင့် ဆုံးဖြစ်နေသည်။

" ဒုတိယသွားတောင်းလို့ ခမည်းပေးလိုက်ပေမယ့် သားက ...ငိုမတိတ်ဘူးကွဲ့။ ရှိုက်ရှိုက်ငိုလွန်းအားကြီးလို့ အမေတို့ကတက်

www.burmeseclassic.com

www.burmeseclassic.com



သွားမှာတောင် စိုးရိမ်နေမိတယ်။ ဒါနဲ့ ဆရာတွေဆီကို သွားပြီး မေးရတယ်။ ပထမဆရာကော . . . နောက်ဆရာတွေကပါ စနေ သားဆီက ခမည်းတောင်းဖို့ပြောတယ်။ စနေသားဆိုတော့ ဦးလေး ဦးထွန်းလှဆီက တောင်းခိုင်းတာပေါ့။ ပထမဆရာတွေကလည်း အမြတ်နိုးဆုံးပစ္စည်းထပ်တောင်းပါ၊ ပျောက်သွားလိမ့်မယ်လို့ တယ်။ ဦးလေးဦးထွန်းလှကိုအားတော့အားနာနေမိတာပေါ့။ ဘာ လို့လဲဆိုတော့ ဦးလေးဦးထွန်းလှက သိပ်ပြီးအယုံအကြည်မရှိ နောက်ပြီး စောစောပိုင်းက သူကိုယ်တိုင်ခမည်းနှစ်ကြိမ်တော ပေးပြီးပြီ မဟုတ်လား . . . ။"

"အဒေါ်တို့ အဘဦးထွန်းလှဆီနောက်ထပ်သွားပြီး ခမည် တောင်းကြတာပေါ့။

"တောင်းဖြစ်တာပေါ့၊ သားလေးကတက်မတတ်ငိုနေ ကို မကြည့်ရက်လို့ အားနာနာနဲ့ပဲ ဦးလေးဦးထွန်းလှဆီကို သွား တယ်။ အမြတ်နိုးဆုံးပစ္စည်းတစ်ခုပေးဖို့ ဆရာတွေကမှာလိုက် အကြောင်းပြောပြရတယ်။ ဒီတော့မှ ဦးလေးဦးထွန်းလှက သူ့သ အမြတ်နိုးဆုံးပစ္စည်းကို စဉ်းစားပြီး အမှတ်တရ သိမ်းထားတဲ့ ဒီ မြှောင်လေးကို ခမည်းအဖြစ်ပေးလိုက်တာ။ . . အံ့ဩစ ဘယ်လောက်ကောင်းသလဲ ဆိုရင် . . အဲဒီ ဓါးမြှောင်လေး ရက်ပိုင်းအတွင်းမှာပဲ . . သားက လုံးဝမငိုတော့ဘူး။ အမေတို့ လုံးဝယုံကြည်သွားတာပေါ့ကွယ်။ ကိုယ့်သားအငိုလုံးဝတိတ်သွား ကိုး။ အဲဒီလိုဘဲ အယုံအကြည်မရှိတဲ့ ဦးလေးဦးထွန်းလှလည်း ကြည်သွားတယ်။ ဒါကြောင့် သားငယ်ငယ်ကဆိုရင် သူ့အိမ်ကို မ ခဏခေါ်ခေါ်ထားတယ်။ နောက်ပိုင်းသားတို့အရွယ်တွေရ ရောက်မှ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာ သားရဲ့ . . ။ ခပ်စ စိမ်းဖြစ် သွားတာ . . ။"

ဇော်ထွန်းသည် ဓါးမြှောင်လေးကို ကောက်ကိုင်၍ အ နယ်ချဲ့နေသည်။ သူ့စိတ်သည် ဟိုးအတိတ်ဘဝကိုပင် အတင်း



င်ကြည့်သည်။ သို့သော် မယ်မယ်ရရဘာမျှ ပေါ်မလာသောအခါ သက်ပြင်းမောကို ချလိုက်မိသည်။

"အဘ ဦးထွန်းလှဆီကိုတော့ တစ်ခါလောက်သွားဦးမှပဲ."

"တစ်ခါမကသွားပါသားရယ် . . . မင်းအတွက်အမြဲတမ်း တံခါးဖွင့်ထားပါတယ်။ သားကိုလည်းသံယောဇဉ်ကြီးရှာပါတယ် ကွယ် . . . ။ သားက ဒီဘက်ပိုင်းမသွားဖြစ်ဘဲ ခပ်စိမ်းစိမ်း ဖြစ် နေတာ . . ။

ဇော်ထွန်း ခေါင်းတဆတ်ဆတ်ညိတ်၍ မတ်တတ်ရပ်လိုက် သည်။

"ဖိုးစံ လာကွာ . . ခြောင်းတံတားထိပ်က ငါတို့လယ်တွေ ကိုသွားကြည့်ရအောင် . . ။"

× × × ×

ဇော်ထွန်း ချောင်းတံတားထိပ်မှ တံတားဆီသို့ မျှော်ငေး ကြည့်နေမိသည်။ နှင်းမှုံလေးများကျနေသော ချောင်းပေါ်မှ တံတား ခါမြင်ကွင်းမှာ ပန်းချီကားတစ်ချပ်ကဲ့သို့ လှပနေသည်။ သည်နေရာ ကိုရောက်တိုင်း တစ်စုံတစ်ဦးကို မျှော်လင့်မိသည်။ တစ်စုံတစ်ဦး ဆိုသည်ထက် မခင်ဖြူဟု ခေါ်မိသူတစ်ဦးကို မျှော်နေခြင်းဖြစ်သည်။ နှင်းမှုံများကြားမှ တံတားပေါ်တွင် ဖြည်းဖြည်းချင်းလျှောက်လာမည် ဟုမျှော်လင့်သော်လည်း ယနေ့မှ သွားလာသူအလွန်နည်းသည်။ တံတား၏ အရှေ့ဘက်၊ အနောက်ဘက်ရွာများမှ လူများကူးလူး သွားလာ၍ လုပ်ငန်းခွင်ဝင်ကြရမြဲဖြစ်သည်။

ခြေစုံရပ်၍ ငေးကြည့်နေရာမှ ဇော်ထွန်း၏ စိတ်တို့လှုပ်လှုပ် ရှားရှားဖြစ်လာသည်။ သူသည် အငြိမ်မနေနိုင်တော့ဘဲ ခေါက်တုန့် ခေါက်ပြန်လမ်းလျှောက်နေမိသည်။ လမ်းလျှောက်နေသည့်ကြားမှ တံတားဆီသို့ မကြာခဏငဲ့ စောင်းကြည့်ရသည်မှာ အမော . .

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင်ကြည့်နေရင်း ခြေလှမ်းများရပ်ဆိုင်းသွားသည်
ဇော်ထွန်းရင်တွင် ရင်ခုန်သံပို၍မြန်လာသည်။ တံတားပေါ်တွင်
လျှောက်လာသော အမျိုးသမီးတစ်ဦး၏ ပုံရိပ်ကို ခပ်ဝါးဝါးတွေ့ရ
သည်။ အမျိုးသမီးက သူရပ်နေရာဘက်သို့နီးလာလျှင် ဇော်ထွန်းသ
ရှေ့သို့တိုးကြည့်သည်။ ခေါင်းပေါ်တွင် ပဝါစအုပ်၍မျက်နှာပါထ
ထားသည်။ တံတားထိပ် သို့ရောက်လျှင် ဇော်ထွန်းကလက်ဆ
တန်း၍ အလိုလိုကြိမ်ရက် သားဖြစ်သွားသည်။ မခင်ဖြူက သူ့လ
ကိုပြန်၍မြှောက်ပေးလိုက်ရာ ဇော်ထွန်းရင်ခုန်သံ တဒိန်းဒိန်းမြ
သွားပြန်သည်။ မခင်ဖြူလက်ကို ဇော်ထွန်း ဖမ်းကိုင်လိုက်သည်။ လ
ချောင်းနှစ်ခုထိတွေ့နေရာ မှ တစ်ဆင့် တစ်ကိုယ်လုံး အပူစီးကြော
များပျံ့နှံ့သွားသည်ထင်ရ၏။ ဇော်ထွန်းက မခင်ဖြူမျက်နှာလေး
ကြည့်လိုက်သည်။ ဇာပဝါလေး ကြောင့် မျက်နှာကို မြင်ခွင့်မ
အရုပ်ဆိုးဆိုးအကျည်းတန် မျက်နှာ များလား၊ မျက်နှာပေါ်တွ
ဒဏ်ရာဒဏ်ချက်များ အမာရွတ်များ ရှိနေသည်လား။

" မခင်ဖြူဆိုတဲ့ ကျွန်မနာမည်ကို ဘယ်လိုသိတာလဲ "

" တံတားပေါ်ကနေ ပြန်သွားတော့ . . လှမ်းခေါ် ချင်
ဆန္ဒတွေ ရင်ထဲမှာထိန်းမရဘူး . . ။ အဲဒါနဲ့ ဟော့ . . ဟော့ . .
လှမ်းအော်ရင်း . . . မခင်ဖြူ ဆိုတဲ့နာမည်ကို အလိုလိုထွက်သွ
တာ . . . "

" ဒါဆိုရင် ပါးစပ်က လွတ်ကနဲ ထွက်သွားလို့သာ ကျွ
နာမည်ခေါ်ဖြစ်တာ . . . ။ ရှင်ကိုယ်တိုင်သေသေချာချာ မသိဘူး
နော် . . . ။"

" အမှန်အတိုင်းပြောရရင် . . မခင်ဖြူပြောသလိုပါဘဲဗျာ .
ကျွန်တော့်ရင်ထဲမှာ တရင်းတနှီးသိနေသလိုရှိပေမယ့် တကယ်ထဲ
ကျကျ ရှင်းရှင်းလင်းလင်း မသိပါဘူး . . . "။

" ရှင်က အမှန်အတိုင်းပြောပေမယ့် ကျွန်မရင်ထဲမှာ ခ
စွမ်းအားမရှိလောက်အောင်ပါဘဲ . . ကိုဇော်ထွန်းရယ် . . ဒီလော



သံယောဇဉ်ကြီးလွန်း အချစ်ကြီးလွန်းတဲ့ ကျွန်မကို မသိရက်လေခြင်း
ပြီး . . . "။

ပြောရင်းဝမ်းနည်းကြေကွဲသံပါလာသည်။ မခင်ဖြူအနီးရှိ
ဟန်းပေါ်သို့ ထိုင်ချလိုက်ပြီး ရှိုက်ငိုနေကြောင်းတွေ့ရသည်။
မျက်နှာကို မမြင်တွေ့ရသော်လည်း သူ့ကိုယ်ခန္ဓာလှိုက်ဖိုနေပုံက
ရှိုက်နေကြောင်းသိသာသည်။ ဇော်ထွန်းက မခင်ဖြူဘေးတွင် ယှဉ်
ထိုင်လိုက်ပြီး ပခုံးကို အသာဖက်ထားလိုက်သည်။ အတန်ကြာမှ
ငိုသံများတိတ်သွားသည်။

" ကိုဇော်ထွန်းများ မှတ်မိမလားဆိုပြီး ရှင့်ဓါးမြောင်လေးအ
ကြောင်းပြောပြမိသေးတယ်။ ပိုးထိတုန်းက ရှင်ကူညီဖေးမတာတွေ
ကျွန်မခြေထောက်က အမာရွတ်ကလေးတွေက ရှင်မှတ်မိစရာ
တွေပေါ့ရှင် . . . ။"

" ကျွန်တော့်မှတ်ဉာဏ်တွေက ဟိုးအဝေးကြီးကို မရောက်ပေ
မဲ့ ကျွန်တော့်နှလုံးသားက ကျွမ်းဝင်သိရှိနေပါတယ် ဖြူရယ်။ ကျွန်
တော့်နှလုံးသားက စကားပြောတတ်ရင် ဘယ်လောက်ကောင်းလိုက်
မလဲ . . . ။"

" ရှင့်စကားတွေကြားရတာနဲ့ တင်းထားတဲ့ မာနတွေအရည်
ပျော်သွားပါပြီရှင် . . . ၊ ခိုင်ခိုင်မြဲမြဲချည်ခဲ့တဲ့ သံယောဇဉ်တွေကို
ဖြတ်တောက်လို့မရပါဘူး . . "

" ဖြူရယ် . . . "

ဇော်ထွန်းက မခင်ဖြူကိုယ်လုံးကလေးကို တင်းတင်းကြပ်
ကြပ်ဖက်လိုက်သည်။ ပြီးလျှင် မခင်ဖြူ၏ လက်ကလေးကို ဆတ်ကနဲ
ဆွဲကိုင်၍ လက်ဖမိုးကို နမ်းရှိုက်လိုက်သည်။

" ကိုဇော်ထွန်းကလေ . . ဟိုအရင်ကအတိုင်းဘဲ . . "

" ဘာများလဲ . . ဖြူရဲ့ . . "

" ကိုဇော်ထွန်းက လူကိုတွေ့ရင် လက်ဖမိုးကို နမ်းမယ်
ဓါးမြောင်းကိုကိုက်ဆွဲမယ်၊ ပခုံးကိုထုမယ်၊ ကျောကုန်းကိုရိုက်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေက ကိုဇော်ထွန်းအကျင့် မဟုတ်လား . . ။"

" အဟင်း . . ဟင်း . . "

" ဘာရယ်နေတာလဲ . . သူလည်းဘာမှ မမှတ်မိဘဲနဲ့ . . .

" ကဲ . . အားလုံးမှတ်မိသွားအောင် မျက်နှာပေါ်က ပဝါ လေးကိုဖြုတ်လိုက်စမ်းပါ ဖြူရယ် . . . ။"

" အို . . . ကိုယ့်ဟာကိုယ် အလိုလိုသိလာတာပဲ ကောင်း တယ် . . ။ မျက်နှာပေါ်က ပဝါစကိုတော့ဖြုတ် မပစ်ဘူး၊ စိတ်ထဲ ကအလိုလို သိလာတာ . . ရင်ထဲကအလိုလိုသိလာတာ အကောင်း ဆုံးအဖြေပဲ . . "

" ရင်ထဲမှာ သိပြီးသားပါဖြူရယ် . . . "

" မရဘူး . . . မရဘူး . . "

မခင်ဖြူက ခေါင်းခါ၍ တစ်ဖက်သို့လှည့်သွားသည်။ ဇော် ထွန်း၏ စိတ်ထဲတွင် မခင်ဖြူ၏မျက်နှာကို မြင်တွေ့ချင်နေသည် မခင်ဖြူက ဇွတ်ငြင်း၍သာ ရှေ့ဆက်မတိုးရဲခြင်းဖြစ်သည်။ စိတ်ကူး ထဲတွင်မူ မခင်ဖြူ ခေါင်းမှ ပဝါစကိုဖြုတ်၍ သူ့မျက်နှာကိုကြည့်ချ သည်။ စိတ်ကူးထဲတွင် ပေါ်လာသော မျက်နှာပေါ့ကအမျိုးမျိုးဖြ သည်။ သူလိုချင်သည်က မခင်ဖြူ၏ ပကတိမျက်နှာ၊ ဇော်ထွန်းစဉ် စားကြည့်သည်။ မခင်ဖြူတစ်ဖက်သို့ လှည့်နေစဉ် နောက်မှပဝါစ ဆတ်ကနဲ ဆွဲဖြုတ်လိုက်လျှင်ကောင်းမည်လား . . ၊ မခင်ဖြူ ခွင့် လွှတ်နိုင်လောက်အောင် စိတ်ဆိုးသွားခြင်းမျိုးဖြစ်မှာစိုးသည်။

" ဖြူ . . သဘောမတူရင် ဘယ်သူကပဝါစကို ဖြုတ်မှာ ကွာ . . စိတ်အေးအေးထားစမ်းပါ . . ။"

သည်တော့မှ မခင်ဖြူ စိတ်ချသွားသည်။ တဖြည်းဖြည်း ဇော်ထွန်းဘက်သို့ လှည့်လာသည်။ ဇော်ထွန်းက မခင်ဖြူ၏ လ မောင်းနှစ်ဖက်ကို ကိုင်မိရက်သားဖြစ်သွားသည်။ ပဝါစမှ တစ်ဆ မခင်ဖြူ၏ မျက်နှာကို စူးစိုက်ကြည့်မိသည်။ မခင်ဖြူသည် နိမ့်ချီမြ ချီနှင့် ရင်ခုန်နှုန်း မြန်နေပုံရသည်။ မိနစ်များစွာ တစ်ဦးကိုတစ်ဦးစို



ကြည့်နေရာမှ ဇော်ထွန်းစိတ်မထိန်းနိုင်ဘဲ မခင်ဖြူကို ဖက်ထားလိုက် သည်။ မခင်ဖြူ ကိုယ်ခန္ဓာမှာ ဇော်ထွန်းရင်ခွင်တွင်းသို့ ညင်သာစွာ ရောက်ရှိလာသည်။ ဇော်ထွန်း၏ ဖက်ထားသောလက်တဖက်က ခေါင်းတွင်ချည်ထားသော ပဝါစကိုအသာဖြုတ်သည်။ ခဏအကြာ မှာပင် ပဝါစပြေသွားသည်။ဇော်ထွန်းသည် ဖက်ထားရာမှ လူချင်း ဖြည်းဖြည်းချင်းခွာလိုက်စဉ်မှာပင် ဆတ်ခနဲ ပဝါစကို ဆွဲဖြုတ်ပြီးသား ဖြစ်သွားသည်။ မခင်ဖြူလန့်ဖြန့်သွားသည်။

" ကိုဇော်ထွန်း . . . ရှင် . . . ရှင် . . . "

" ကျွန်တော့်ရင်ထဲက ဆန္ဒတွေကို မထိန်းနိုင်တော့ဘူး ဖြူရယ် . . ၊ ကျွန်တော်ဖြူရဲ့ မျက်နှာလေးကို မြင်ချင်တွေ့ချင်လွန်း လို့ပါ၊ စိတ်မဆိုးပါနဲ့နော် . . . ဖြူ . . . "

" မခင်ဖြူသည် ဒေါသဖြင့် စိုက်ကြည့်လျှက်ရှိသည်။ ဇော်ထွန်းယခုမှ မခင်ဖြူ မျက်နှာကို မြင်ခွင့်ရသည်။ အသားမဖြူ သော်လည်း ညို၍ကြည့်ကောင်းသည်။ ဆံပင်ရှည်ကြီးက သူ့တင် ပါးသို့ အုပ်နေသည်။ မျက်ခုံး၊ မျက်တောင် တို့ကနက်မှောင်သည်။ မျက်လုံးက အရည်လဲ့နေသည်။ သူ့မျက်နှာကို ကြည့်နေရင်း . . . ဇော်ထွန်းလွှဲဖယ်၍ မရနိုင်ဖြစ်နေသည်။ ညို့ယူဖမ်းစားနိုင်သည်မှာ မခင်ဖြူတို့လို လူမျိုးဖြစ်ပေလိမ့်မည်။ သည်မျက်နှာပိုင်ရှင်ကို တရင်း နှီးသိဘူးသော်လည်း မည်သည့်အချိန် မည်သည့်နေရာတွင် ရင်း နှီးကျွမ်းဝင်ခဲ့သည်ကို စဉ်းစားမရအောင်ရှိသည်။ ပဝါစကို ဆွဲချွတ် လိုက်သဖြင့် မခင်ဖြူဒေါသဖြစ်လျှက်ရှိနေသည်။ ဇော်ထွန်းစိုးရိမ်သွား သည်ကအမှန်။ သည်အပြစ်ကလေးတစ်ခုကြောင့် သူ့ကိုတစ် သက်လုံး ကျောခိုင်းသွားမှာကို စိုးရိမ်သည်။ ဝေးကွာသွားပါက ဇော်ထွန်းခံစား နိုင်မည်မဟုတ် . . ။

" ကျွန်တော့်ကို ခွင့်လွှတ်ပါနော် . . ဖြူ . . "

ဇော်ထွန်းကရင်တွင်းမှ လှိုက်လှိုက်လှဲလှဲ တောင်းပန်သည်။ မခင်ဖြူလက်ကလေး ဇော်ထွန်းလှမ်းကိုင်လိုက်မိသည်။ မခင်ဖြူသည်

www.burmeseclassic.com

www.burmeseclassic.com



လာကိုင်သော လက်ကိုဆတ်ကနဲ ပုတ်ချလိုက်သည်။ ပြီးတော့ ဖက်သို့ လှည့်သွားသည်။ အသက်ရှုမြန်နေပုံကို ကြည့်ခြင်းဖြင့် မည်မျှ ဒေါသဖြစ်နေကြောင်းတွက်မိသည်။

" ဖြူက . . အတိတ်ကို သတိမရတဲ့ ကျွန်တော့်အ ခံစားနေရသလို . . ကျွန်တော်ကလည်း မခင်ဖြူနဲ့ အတိတ် ကြောင်းတွေ သိချင်နေတာ ရင်ထဲအပြည့်ပါဗျာ . . ၊ သိပ်သိချင် လို့ မျက်နှာပေါ်က ပဝါစလေးကို ဆွဲဖြုတ်လိုက်မိတာပါ . . ။ ကျွန်တော့်ကို စိတ်ဆိုးနေတုန်းလားဟင် . . "

ဇော်ထွန်းပြောပြောဆိုဆို မခင်ဖြူလက်ကို သွားကိုင်လို သည်။ မခင်ဖြူက ဇော်ထွန်းလက်ကို ဆတ်ကနဲပုတ်ချလိုက်သည်

" ဆိုးတယ် . . . ဆိုးတယ် . . ရှင်ကျွန်မကို လာမထိနဲ့ . .

" အခုလို စိတ်ဆိုးသွားတာ ကျွန်တော့်ရင်ထဲမကောင်း ဘူး . . ၊ အဲဒီတော့ ဖြူမတွေ့စေချင်တဲ့ ဒီမျက်နှာလေးကို ဒီပဝါ နဲ့ ပြန်အုပ်ပေးမယ် . . "

ဇော်ထွန်းက လက်ထဲကိုင်ထားသော ပုဝါစဖြင့် မခင်ဖြူ နှာကို ဖုံးကွယ်ပေးလိုက်သည်။ မခင်ဖြူဒေါသဖြစ်ရာမှ ရယ်ချင်သ ဖြစ်လာသည်။ ပဝါစကို မျက်နှာပေါ်ကို ပြန်အုပ်ပေးတာနဲ့ စိတ် ပြေရမည်လား၊ ဇော်ထွန်းက မခင်ဖြူမျက်နှာကို ကြည့်ပြီးပြီ မတ လား . . ။

" သွား . . ခုမှ . . "

" မသွားနိုင်ပါဘူး . . ဖြူရယ် . . ကိုယ်ဘယ်မှ မသွား ပါဘူး။ စက္ကန့်ခြားပြီးဝေးရမှာကိုတောင်မခံစားနိုင်ပါဘူး ဖြူရယ် . .

" ကိုပိုကြီး . . သွား . . "

မခင်ဖြူက သွားဟုဆိုသော်လည်း ရယ်သံပါနေသည်။ ဦးသားတစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း ရယ်သံများထွက်ပေါ် သည်။ ခိုးခိုးခစ်ခစ်ရယ်သံများနှင့် အတူ တစ်ဦးကိုတစ်ဦးဖက်မိ သားဖြစ်သွားသည်။



" မင်းအမေပြောတာတော့ ညကတစ်ညလုံး ရယ်သံတွေ ကြားနေရတယ်တဲ့ . . ။ ဧကန္တ အိပ်မက်ထဲမှာ မင်းပျော်စရာတွေ တွေ့တွေ့နေရပြီ ထင်တယ်။"

" အေးကွာ အိပ်မက်ထဲမှာ သူ့မျက်နှာလေးကို မြင်ခွင့်ရ လိုက်တယ်။ ပထမတော့ သူကမျက်နှာက ပဝါကို ဖွင့်ကြည့်ရမလား ဆိုပြီး ဒေါကန်တယ်။ နောက်စိတ်ပြေသွားတော့ ပျော်စရာကြည်နူး ရာတွေနဲ့ ရယ်လိုက်ရတာကွာ . . "

" ဒါနဲ့ . . ဒီနေ့ အဘဦးထွန်းလူဆီ သွားချင်စိတ်ပေါက်လာ တာပေါ့ . . ဟုတ်လား . . "

" ဒါပေါ့ . . . ဟိုတုန်းကအကြောင်းတွေ သိချင်စိတ်ပေါ် လာတာနဲ့ မင်းကိုခေါ်လာတာ . . "

" ကဲ . . . လာ . . . လာ . . ဟိုမှာ အဘဦးထွန်းလူ ထိုင် နေတယ် အတော်ဘဲ . . ။"

ဇော်ထွန်းနှင့် ဖိုးစံတို့ အိမ်ပေါ်သို့ တက်သွားလျှင် ဦးထွန်း လူက ပြုံးရွှင်စွာကြည့်နေသည်။ ဇော်ထွန်းတို့ နှစ်ဦး ဦးထွန်းလူရှေ့ တွင် ထိုင်ချလိုက်သည်။ ဦးထွန်းလူက ရေနွေးဇန်းကို ရှေ့သို့တွန်း ပေးလိုက်သည်။

" မလာတာကြာပြီ . . . ကဲ . . ရေနွေးနဲ့ ထန်းလျက်ခဲ သောက်ကြဦး . . . "

" ဟုတ်တယ် အဘရေ . . အခုတလော ဇော်ထွန်းကမကြာ အိပ်မက်တွေ မက်နေတယ် . . ။ ဒါကြောင့် သူငယ်ငယ်က ည်းပေးရတဲ့ အကြောင်းကို ပြန်သိချင်နေတယ်။ ဒီမှာ အဘပေး ားတဲ့ ခမည်းဓါးမြှောင် လေးယူလာသေးတယ် ။"

ဇော်ထွန်းလက်ထဲမှ ဓါးမြှောင်လေးကို ဖိုးစံကယူပြလိုက် သည်။ ဦးထွန်းလူက သူပေးထားသော ခမည်းဓါးမြှောင်ကို ယူကြည့် း စိတ်မကောင်း ဖြစ်သွားပုံရသည်။

" ဒီ ဓါးမြှောင်လေးက ငါ့သားဇော်ထွန်းရဲ့ ဇာတ်လမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အခါကပါဝင်နေတာကွဲ့။ အော် . . ပြောရဦးမယ် ငါ့သားနာမည်ကလည်း ဇော်ထွန်းပဲ . . ။ မင်းကို ခမည်းပေးပြီးတဲ့ နောက်ပိုင်းမှာ မင်းမိဘတွေကလည်း မင်းကိုဇော်ထွန်းဆိုတဲ့ နာမည်ပဲပေးခဲ့တာကွ . . ။ နာမည်ချင်းအတူတူ ဖြစ်သွားတယ် . . ။"

" အော် . . . "

" အဘသားရဲ့ ဇာတ်ကြောင်းလေးကို ပြောပြစမ်းပါဦး . . "

" ဇာတ်လမ်းက သိပ်တော့မထူးဆန်းပါဘူးကွဲ့ . . ။ မခင်ဖြူဆိုတဲ့ ကလေးမလေး ပိုးထိတာကို ဇော်ထွန်းက ဝင်ကူညီရင်း သူတို့နှစ်ယောက်ခင်မင်သွားကြတယ်။ နောက်ကြတော့ ချစ်သူတွေဖြစ်သွားကြတာပေါ့ကွယ်။ အရှေ့ရွာနဲ့ အနောက်ရွာဆိုတာ အစဉ်အဆက်က သိပ်တည့်ကြတာမဟုတ်ဘူး . . ။သူတို့မိဘတွေကသဘောမတူသလို ငါတို့ကလည်း သားဖြစ်သူကို ပြောမရလို့သာကြည့်နေရတာကွဲ့ . . ။ ဇော်ထွန်းနဲ့ မကြာမကြာချိန်းတွေ့ကြတာကို ငါတို့လည်းရိပ်မိတယ် . . ။"

" နောက်ဆုံး ခိုးပြေးကြတာပေါ့နော် . . "

" မခင်ဖြူတို့ မောင်နှမ ခုနစ်ယောက်ရှိတဲ့ အထဲမှာ သူတစ်ယောက်တည်းပဲ မိန်းကလေးပါကယ်။ အစ်ကိုတွေမောင်တွေက ခြောက်ယောက်ပါတယ်။ ဇော်ထွန်းနဲ့ မခင်ဖြူသတင်းကြားတော့ သူ့အိမ်ကအပြင်ထွက်ခွင့်မပြုဘူး . . ။ အစ်ကိုတွေမောင်တွေအားလုံးက စောင့်ကြည့်နေကြတယ် . . ။ ဒါပေမယ့် မခင်ဖြူရဲ့ သူငယ်ချင်း ညိုညိုဝင်းကြောင့် အဆက်အသွယ်ရတယ်၊ စောင့်ကြည့်နေတဲ့ကြားကပဲ ညဘက်မှာ သူ့အခန်းထဲကနေ အောက်ကိုဖေါက်ဆင်းပြီး ခိုးရာလိုက်ပြေးကြတယ်။ အဘကစိတ်ပူလို့ လိုက်မေးပေမယ့် အဆက်အသွယ်မရဘူး . . ။ တစ်လလောက်ကြာတော့ အခြေအနေအေးဆေးသွားပြီလို့ ထင်ကြရတယ်။ မခင်ဖြူတို့ဘက်ကလည်း မိသားဖသားပီပီ လာအပ်ရင်ပေးစားမယ် လို့သတင်းလွှင့်တယ် . . ။ ဒီတော့ အဘကပဲ ဇော်ထွန်းသူငယ်ချင်းတွေက တစ်ဆင့်အိမ်ကိုပြန်လာကြဖို့ မှာရတာပေါ့ကွယ် . . ။"



ဦးထွန်းလူ ပြောလက်စစကားကို ရပ်လိုက်သည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က အကြောင်းများပြန်ပြောနေသော်လည်းသူ့ရင်မှာနာကျင် နေသည်။ မျက်ရည်များဝဲနေသည်။

" ဇော်ထွန်းတို့ အိမ်ပြန်လာမယ့်ရက်ကို မခင်ဖြူရဲ့ အစ်ကိုတွေ မောင်တွေကသိသွားတယ်။ အဲဒါကြောင့်သူတို့ ပြန်လာမယ့်လမ်းကစောင့်ပြီး မခင်ဖြူကို အတင်းအိမ်ပြန်ခေါ်တယ်။ မခင်ဖြူကမလိုက်ဘူး၊ဇော်ထွန်းက ဝင်ကာကွယ်ရင်းအများနဲ့ သူတို့နှစ်ယောက်ဖြစ်ကြတာပေါ့ကွယ် . . ။ထိုးရင်းကြိတ်ရင်းနဲ့ မခင်ဖြူမောင်တစ်ယောက်ကဇော်ထွန်းကို ဓါးနဲ့ပြေးထိုးတယ်။ အဲဒါမခင်ဖြူက ဝင်ကာကွယ်လိုက်တော့ . . မခင်ဖြူကိုထိပြီးစ ပွဲချင်းပြီးဆုံးသွားတယ်၊ သူတို့နှမဆုံးတော့ ဇော်ထွန်းကို ပိုပြီးမဲကြတာပေါ့။ အဲဒီမှာ အများနဲ့ တစ်ယောက်ခံချုပ်း ဇော်ထွန်းလည်း ဆုံးသွားရှာတယ်။ အဘသတင်းရလို့လိုက်သွားတဲ့အချိန်မှာ ဇော်ထွန်းက သွေးအိုင်ထဲမှာ ခွေခွေလေးဆုံးရှာပြီ။ သူ့လက်ထဲမှာ အခုမင်းကိုင်နေတဲ့ ဓါးမြှောင်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတာတွေ့ရတယ်။ အခုဆိုရင် မခင်ဖြူရဲ့ အစ်ကိုတွေမောင်တွေတောင် ထောင်ထဲကထွက်လာကြပြီ။ အသက်တွေလည်းရလာကြပြီပေါ့ကွယ် . . ။"

ဦးထွန်းလူ ဝမ်းနည်းကြေကွဲစွာဖြင့် စကားစကိုဖြတ်လိုက်သည်။ ပြီးလျှင် ဗီတိုဆီသို့ သွား၍ဗီတိုတံခါးဖွင့်သည်။ အထဲမှပစ္စည်းတစ်ခုကို ရှာဖွေယူပြီးနောက် ဇော်ထွန်းနှင့် ဖိုးစံတို့အနီးသို့ ပြန်ထိုင်လိုက်သည်။ လက်ထဲတွင် ယူလာသော ဓါတ်ပုံကိုဇော်ထွန်းထံ ပေးသည်။ ယောကျ်ားလေးနှင့် မိန်းကလေးတွဲရိုက်ထားသော ပုံဖြစ်သည်။

ဇော်ထွန်းသည် ဓါတ်ပုံကိုကြည့်လိုက်ပြီး ကြက်သီးများထသွားသည်။ အလွန်မှ တိုက်ဆိုင်ခဲလှသည်။ ညစဉ်မပျက်သူ့ အိပ်မက်ထဲသို့ ဝင်ရောက်လာသော မိန်းကလေးကို ဓါတ်ပုံထဲမှာတွေ့မြင်နေ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ စောစောပိုင်းက သူ့မျက်နှာကို ပဝါစလေးအုပ်၍ တွေ့ခဲ့ရသည်။ နောက်တော့ ဇော်ထွန်းသိချင်စိတ်တွေ ပြင်းပြလာသည်။ ရင်တွေတလှပ်လှပ်နှင့် ခံစားလာသည်။ မနေနိုင်သည့်အဆုံး ပဝါစလေးကို ဆွဲဖြုတ်လိုက်ရာ သည်မျက်နှာလေးကို တွေ့ရသည်။ သူ့နာမည်ကိုလည်း မခင်ဖြူဟု သိလိုက်ရသည်။

ခုတော့ အိပ်မက်ထဲက မိန်းကလေးကို တွေ့နေရပြီ။ ဖြစ်နိုင်ပါမည်လား . . ။ သည်မိန်းကလေး ဘိုတုန်းက တကယ်ပင်ရှိခဲ့သည်တဲ့ ။ အံ့ဩစရာပင်ဖြစ်သည်။ ဇော်ထွန်းသည် ဓါတ်ပုံကို ကိုင်ရင်း ကျောက်ရုပ်တစ်ရုပ်လိုတွေကြည့်နေမိသည်။ ဖိုးစံက ဇော်ထွန်းပခုံးကိုလှမ်းပုတ်လိုက်သည်။

" ဟော့ . . ကောင်မလှုပ်မရှက်နဲ့ ဘာဖြစ်သွားတာလဲ . ။"

" အိပ်မက်ထဲမှာ သူ့ကို တွေ့ဖူးတယ် . . "

" ဟေ . . "

ဖိုးစံပါ အံ့ဩသွားသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်က မိန်းကလေးကို အိပ်မက်ထဲမှာ တွေ့သည်တဲ့။ ဖြစ်နိုင်ပါမည်လား။ သို့သော် ဇော်ထွန်းကလိမ်ညာပြောမည်မဟုတ်၊ အိပ်မက်ထဲမှာ ရယ်လိုက်အော်လိုက်နဲ့ အချိန်တွေတော်တော်များများကုန်ခဲ့ပြီဖြစ်သည်။ ဖိုးစံက မခင်ဖြူအကြောင်းစဉ်းစားရင်း တစ်စုံတစ်ခုကို သတိရသွားသည်။ အဘဦးထွန်းလူကို လှမ်းကြည့်လိုက်သည်။

" အဘဦးထွန်းလူ ပြောတဲ့အထဲမှာ ဒေါ်ခင်ဖြူရဲ့ သူငယ်ချင်း ဒေါ်ညိုညိုဝင်းဆိုတာ ကြားလိုက်တယ်။ သူကဒေါ်ခင်ဖြူ တို့ အချစ်ဇာတ်လမ်းကို အစအဆုံးသိတာပေါ့နော် . . ။"

" ဟုတ်တယ် . . ညိုညိုဝင်းက ခင်ဖြူရဲ့ သူငယ်ချင်းလေ "

" အခု ဒေါ်ညိုညိုဝင်း ဆိုတာရှိနေသေးတာပေါ့နော် . . "

" ရှိတာပေါ့ကွဲ့ . . . ညိုညိုဝင်းတောင် အခုဆိုရင် အသက်လေးဆယ်လောက်ရှိရော့မယ်။ အနောက်ရွာမှာနေတယ် . . ။"

" ကျွန်တော်တို့ ဒေါ်ညိုညိုဝင်းဆီသွားလိုက်ဦးမယ် . . "



" အေးကွယ် . . အေး . . "

ဇော်ထွန်းက ဦးထွန်းလူကို လှမ်းကြည့်ရင်း ဓါတ်ပုံကိုပြသည်။

" အဘ . . ကျွန်တော်ဒီဓါတ်ပုံလေး ယူသွားမယ်နော် . . ။"

" အေး . . အေး . . "

ဇော်ထွန်းနှင့် ဖိုးစံတို့ထသွားသည့် အချိန်တွင် ဦးထွန်းလူ တစ်ယောက်မလှုပ်မရှက်ငေးစိုက်ကြည့်နေလျက် ရှိသည်။ ဦးထွန်းလူသည် မလွဲမသွေ ကွယ်လွန်သွားပြီဖြစ်သော သူ့သားဇော်ထွန်းကို သတိရနေပေလိမ့်မည်။

× × × ×

" ဒီဓါတ်ပုံလေးမြင်လိုက်ရတော့ ငါကိုယ်တိုင် အနှစ်နှစ်ဆယ်လောက်ပြန်ငယ်သွားသလိုဘဲ။ ဒါပေမယ့် တွေးမိလိုက်တိုင်း ကြက်သီးတွေတဖြန်းဖြန်းနဲ့ ခေါင်းတွေကြီးသွားတယ်။ ရင်တွေတဒိန်းဒိန်းခုန်လာတယ်။ ဒီလိုကြောက်စရာကောင်းတဲ့ အဖြစ်မျိုးတွေဘယ်သောအခါမှ မကြုံရမတွေ့ရမမြင်ရပါလို၏လို့ဆိုပြီး ဘုရားမှာ အကြိမ်ကြိမ် ဆုတောင်းထားပါတယ်ကွယ် ။"

ဒေါ်ညိုညိုဝင်းသည် ဓါတ်ပုံကို ကြည့်ရင်းအတိတ်ကဖြစ်ရပ်များကို ပြန်လည်သတိရသွားသည်။ ရင်တွေခုန်လာသဖြင့် သူ့ရင်ဘတ်ကို သူဖိထားသည်။ ဓါတ်ပုံလာပြသော ဇော်ထွန်းနှင့် ဖိုးစံတို့က သူ့ကို ဂရုစိုက်ကြည့်နေကြသည်။

" တကယ်တော့ ဒီဖြစ်ရပ်တွေဟာ ငါကိုယ်တိုင် ကြုံတွေ့ပြီး . . ငါရဲ့ မျက်လုံးတွေနဲ့ မြင်တွေ့ခဲ့ရတာ ဘယ်မှာမေ့ပျောက်နိုင်မလဲကွယ် . . ၊ ဇော်ထွန်းနဲ့ မခင်ဖြူတို့ ခိုးရာလိုက်ပြေးပြီး တစ်လလောက်ကြတော့ မခင်ဖြူရဲ့ မိဘတွေက လက်ခံမယ့်သဘောပြောတယ်။ ဇော်ထွန်းအဖေ ဦးထွန်းလူကတဆင့် ငါ့ကိုဆက်သွယ်ပြီး ဇော်ထွန်းတို့ကို ပြန်ခေါ်ပေးဖို့ပြောတယ်။ အမှန်တော့ သူတို့နှစ်

www.burmeseclassic.com



ယောက်ကို ငှါအမျိုးတွေရှိတဲ့ သပြေကုန်းရွာမှာ သွားပို့ပြီးပုန်းခိုင်းထားတာ။ ဦးလေးဦးထွန်းလူက မိန်းကလေးမိဘတွေက အပ်တာလက်ခံမယ်ဆိုတော့ ငါလည်းယုံသွားတာပေါ့။ ဒါကြောင့် ငါကိုယ်တိုင်လိုက်ခေါ်တာ။ သပြေကုန်းရွာကနေ အရှေ့ရွာကို ညဘက်မှာလှည်းနဲ့ ပြန်မောင်းလာကြတယ်။ အဲဒါကို မခင်ဖြူရဲ့ အစ်ကိုမောင်တွေကသိပြီး ချောင်းတံတားမကူးခင် ငါတို့ရွာထိပ်နားက ဖြတ်စောင့်တယ်။ လှည်းကိုဓါတ်မီးနဲ့ ထိုးပြီးတားလိုက်တော့ ငါတို့တရပ်ပေးရတာပေါ့။ သူတို့နှမ မခင်ဖြူကို လှည်းပေါ်ကအတင်းဆွဲချပြီးခေါ်သွားဖို့လုပ်တယ်။ ဒါပေမယ့် ဇော်ထွန်းကလက်မခံဘူး။ သူ့မှာအသင့်ပါလာတဲ့ ဓါးမြှောင်လေးကို ကိုင်ပြီးလှည်းပေါ်က လွှားတနဲခုန်ချ တယ်။မခင်ဖြူပါမသွားအောင် ဟန့်တားတယ်။ သူ့အစ်ကိုတွေမောင်တွေနဲ့ ဇော်ထွန်းထိုးကြကြိတ်ကြ ဖြစ်ကုန်တယ်။ မခင်ဖြူရဲ့ မောင်အငယ်ဆုံးက ဇော်ထွန်းကို ဓါးနဲ့ထိုးတယ်။ မခင်ဖြူက သူ့ချစ် သူ ဇော်ထွန်းကို ဓါးနဲ့ထိုးမိမှာစိုးလို့ ရှေ့က နေဝင်တားလိုက်တာ . . မခင်ဖြူကို ထိပြီးပွဲချင်းပြီးဆုံးသွားတယ်ကွယ်။ အဲဒီတော့ ဇော်ထွန်းကို မဲပြီးထိုးကြကြိတ်ကြရင်းဇော်ထွန်းလဲမခင်ဖြူအပေါ် လဲကျသေဆုံးသွားတယ်။အဖြစ်အပျက်ကတော့ အဲဒါပါဘဲ။ ဒါပေမယ့် ဒါတွေအားလုံး ငါကကိုယ်တိုင်မြင်တွေ့ခဲ့ ရတာဆိုတော့ ဒီအဖြစ်ဆိုးကြီးကို မေ့ပျောက်လို့မရပါဘူးကွယ် . . ။"

ဒေါ်ညိုညိုဝင်းသည် ပြောရင်းမျက်ရည်များတသွင်သွင်စီးကျလာသည်။ မျက်ရည်စများကို ပဝါနှင့်တို့သုတ်ရင်း ရှိုက်၍ရှိုက်၍နေသည်။ ပြီးတော့လက်ထဲမှ ဓါတ်ပုံလေးကို ဇော်ထွန်းကိုယ်တိုင်အတိတ်မှဖြစ်ရပ်များကို ပြည့်ပြည့်စုံစုံကြားသိရသောအခါ ရင်ထဲတွင်လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဖိုးစံက ဇော်ထွန်းကို လက်ညှိုးထိုးပြရင်း မိတ်ဆက်ပေးသည်။

" ဒါကအရှေ့ရွာက ဒေါ်သန်းမေရဲ့သားပါ။ ငယ်ငယ်တုန်းကသူတအားအော်အော်ငိုတယ်။ အဲဒါဆရာတွေနဲ့ မေးတော့ခမည်း



လိုတယ်ဆိုပြီး အဘဦးထွန်းလူဆီက ခမည်းတောင်းခိုင်းတယ်။ တစ်ကြိမ်နဲ့မရလို့ သုံးကြိမ်သွားတောင်းခဲ့ရတာ . . နောက်ဆုံးဟောဒီ ဓါးမြှောင်လေးခမည်းပေးလိုက်မှပဲအငိုတိတ်သွားတယ်။"

ဖိုးစံက ဇော်ထွန်းဆီမှ ဓါးမြှောင်လေးကို ယူ၍ပြသည်။ ဒေါ်ညိုညိုဝင်း၏ မျက်လုံးထဲတွင် အတိတ်မှ ပုံရိပ်များလွှမ်းဆွေးယ်ပြန်လည်ထင်ဟပ်သွားသည်။

" သိပါတယ်ကွယ်။ ဒီသတင်းကြားလို့ သူငယ်ငယ်တုန်းကသတိတရနဲ့ တစ်ခေါက်သွားကြည့်ဖြစ်သေးတယ်။ ကလေးဘဝတုန်းကနင်ငါ့ကိုသိလား ဘားလားနဲ့ မေးဖြစ်သေးတယ်။ ဒါနဲ့ အခုကောဘာတွေမှတ်မိလဲ . . ။"

" ကျွန်တော်ကတော့ ဘာမှမသိပါဘူး၊ ဒါပေမယ့်အိပ်မက်ထဲတော့ မခင်ဖြူဆိုတဲ့ မိန်းကလေးကသူ့ကို မမှတ်မိဘူးလားလို့းတယ်။ ဒီဓါးမြှောင်လေးအကြောင်း . . ပိုးထိတဲ့အကြောင်းတွေပြောပြတယ်။ ဒါပေမယ့် ကျွန်တော်က ဘာမှအစဖေါ်မရဘူး။ မခင်ဖြူတဲ့နာမည်ကိုတောင်မှ အမှတ်တမဲ့ အိပ်မက်ထဲမှာ အော်ရင်းသွားတာ . . ။ ကျွန်တော်က မသိဘူးပြောတော့ အိပ်မက်ထဲမှာဝမ်းနည်းကြေကွဲသွားတယ် . . ။"

" မသိဘူး . . ပြောမှတော့ ခင်ဖြူကြေကွဲပြီပေါ့ကွယ် . . ော်ထွန်း အတွက်သူအသက်ပေးကာကွယ်သွားတယ် မဟုတ်လား"

" အိပ်မက်ထဲမှာပဲ အဒေါ်ညိုရဲ့ ကျွန်ဟော်ဘယ်လို ပြောမလဲ။ ဒါတောင်သူက မျက်နှာကို ပဝါစနဲ့ အုပ်ပြီးပဟေဠိ လုပ်နေးတယ်။ ကျွန်တော်က သိချင်ဇော်နဲ့ မျက်နှာကပဝါစလေးကိုတ်လိုက်လို့ သူ့မျက်နှာမြင်ခွင့်ရတာ . . ။ အဘဦးထွန်းလူဆီဓါတ်ပုံလေးရတော့မှပဲ . . အိပ်မက်ထဲက မခင်ဖြူဆိုတာ ဒီဓါတ်က သူမှန်းသိရတော့တယ်။"

" ဇော်ထွန်းနဲ့ ခင်ဖြူ ဇာတ်လမ်းက လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က်က ဇာတ်သိမ်းခဲ့ပြီထင်ခဲ့တာ အခုထိဇာတ်လမ်းကမဆုံး

www.burmeseclassic.com

www.burmeseclassic.com



သေးဘူးကို။ "

" ဘာဖြစ်လို့လဲ . . အဒေါ်ညို "

" မင်းထက်တော့ နည်းနည်းငယ်လိမ့်မယ် ထင်တယ်။ ငါ

ရွာတောင်ဘက် မရမ်းရွာကငါနဲ့ညီအစ်မဝမ်းကွဲ သမီးလေးမွေး

ခမည်းလိုတယ်ဆိုပြီး မခင်ဖြူမိဘတွေအိမ်ကိုလာတောင်းတယ်။

ပဲခေါ် သွားပြီး တောင်းပေးရတာပါ။ ခမည်းပေးလိုက်မှပဲ ဒီက

မလေးက ကျန်းကျန်းမာမာဖြစ်လာတယ်။ ငါကလည်း ဇော်ထွန်း

ခင်ဖြူတို့ နှစ်ယောက်ကို သံယောဇဉ်ကြီးတော့ ငယ်ငယ်ကမပြ

ခဏသွားတယ်။ ငါ့ကိုသိလား ဘာညာနဲ့ ငယ်ငယ်ကအကြော

တွေမေးရတာ အမောပဲ . .။ ခုတော့ အပျိုကြီးဖါးဖါးဖြစ်နေ

ဟိုလွန်ခဲ့တဲ့ လေးငါးနှစ်ကမခင်ဖြူရဲ့ အစ်ကိုတွေဖြစ်တဲ့ ကိုထွန်း

ကိုတင်မြ၊ ကိုတင်ခ၊ ကိုကျော်သောင်းနဲ့ မောင်တွေဖြစ်တဲ့ သိ

အောင် နဲ့ ကိုတင်ထွန်းတို့ ထောင်ကလွတ်လာတယ်။ သူတို့

ခင်ဖြူဝင်စားတယ်ဆိုပြီး မရမ်းရွာကိုသွားချင်တယ်ပြောလို့ ငါပဲလို

ပို့ရတယ်။ နောက်တော့ ကူးချီသန်းချီနဲ့ သူတို့ညီမအရင်းလေး

ချစ်နေကြတာ ခုအထိပဲ။ ဒါပေမယ့် ဇော်ထွန်းနဲ့ မတူတာတစ်

ရှိတယ်။ "

" ဘာများမတူလို့လဲ "

" မင်းမိဘတွေက ဇော်ထွန်းဆိုတဲ့ နာမည်တူကို မှည့်ခေါ်

ခဲ့ပေမယ့် သူတို့ကတော့ မခင်ဖြူဆိုတဲ့ နာမည်ကို ထပ်မမှည့်တော

ဘူး။ ကြေကွဲရင်နင့်စရာကောင်းတဲ့ ဇာတ်သိမ်းမျိုး ရှိခဲ့တဲ့ အတွက်

နိမိတ်မကောင်းဘူးတဲ့။ အခုသူ့ကို ချောချောလို့ပဲခေါ်ကြတယ်"

" ချောချောတဲ့လား "

" ဟုတ်တယ် . . "

" ဓါတ်ပုံထဲကနဲ့ တူလား၊ အဒေါ်ညို "

ဒေါ်ညိုညိုဝင်းက ဓါတ်ပုံကို ကောက်ယူကြည့်ပြီး သူ့စိတ်ကူး

နှင့် ပုံဖော်သည်။ စဉ်းစားပြီး ခေါင်းခါပြသည်။



" မတူဘူးကွဲ့၊ အခုချောချောက အသားဖြူပြီးချောတယ်။

ပင်ကောင်းတာ ဆံပင်ရှည်တာတစ်ခုတူတယ်။ စိတ်ထားကောင်း

ာဖြူစင်တာတစ်ခုတူတယ်။ ဟိုတလောက အလှူတစ်ခုမှာ

င်ဆင် ဝတ်စားထားတာ တွေ့ရတော့တကယ့် မင်းသမီးလေး တစ်

ယာက်လိုပဲ . .။ငါကလည်း ခုချိန်ထိ ခင်ဖြူရဲ့ ကိုယ်ပွားလေးဆိုပြီး

ံယောဇဉ်တွယ်ငြိနေရတာ . . ချစ်နေရတာဆိုတော့ . . မကြာ

က ချောချောအိမ်သွားဖြစ်တယ်။ ချောချောကလည်း ငါလယ်ယာ

လုပ်တွေများတဲ့ အခါလာပြီး ကူလုပ်တာတွေရှိတယ်။

စကတည်း ကချောချောအမေနဲ့ ငါကညီအစ်မတစ်ဝမ်းကွဲ

တော့ ပိုပြီး ချစ်ချစ် ခင်ခင်ရှိတာပေါ့ကွယ် . .၊ နှစ်အိမ့်တစ်အိမ်

ဘောထားပြီးနေကြပါတယ် . .။"

" ကျွန်တော် ချောချောနဲ့တွေ့ချင်တယ် . . အဒေါ်ညို . .

နွန်တော့် အိပ်မက်ထဲမှာ တွေ့ခဲ့တဲ့သူနဲ့ ဘယ်လိုကွာခြားလဲ

တာသိချင်နေတယ် . .။"

" လာမယ့် လပြည့်နေ့တော့ အဒေါ်ညိုတို့ အိမ်ကိုစောစော

ာမယ်လို့ ပြောတာပဲ . .။ အဲဒီနေ့ ဆွမ်းအလှူကျွေးတယ်။ ခါ

င်းလည်း ချောချော လာပြီး ကူညီချက်ပြုတ်ပေးတတ်တယ် . ."

" ဒါဆို အဲဒီနေ့ ကျွန်တော် ဆက်ဆက်လာခဲ့မယ် . .

နဲ့တွေ့ကိုတွေ့မှဖြစ်တော့မယ် . .။"

ဇော်ထွန်းဝမ်းသာသွားသည်။ သူ့စိတ်ကူးထဲတွင် ချောချော

ုပ်သဏ္ဌာန်အမျိုးမျိုးကို ပုံဖော်ကြည့်နေမိသည်။ သို့သော် သူ့စိတ်

းထဲတွင် အိပ်မက်ထဲက ခင်ဖြူပုံကသာစိုးမိုးနေသည်။ စဉ်းစား

က်တိုင်း ပဝါစည်းလေးနဲ့ ခင်ဖြူ ကိုမြင်တွေ့နေရသည်။ မည်သို့

င် ဖြစ်စေလပြည့်နေ့တွင် သူနှင့် တွေ့ရပေတော့မည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ညိုက " နင်တို့ စကားပြောနှင့် ကြဦး "ဟု နှုတ်ဆက် ထွက်သွားသည့်တိုင်အောင် ဇော်ထွန်းမှာ မလှုပ်မရှက် ငိုင်နေဆဲဖြစ် သည်။ ဒေါ်ညိုညိုဝင်းသည် ရွာဦးကျောင်းသို့ ဆွမ်းအုပ်ကိုယ်တိုင် သွားပို့ခြင်းဖြစ်သည်။ ဖိုးစံက ဇော်ထွန်းကို နှစ်ချက်သုံးချက်လ ကုတ်သည်။ ဇော်ထွန်းပြန်လည်ကြည့်သောအခါ ချောချောရှိရာသို့ မေးဆတ်ပြသည်။ ချောချောသည် ဒေါ်ညိုညိုဝင်းခြံထဲရှိ ပန်းပင်များ အား လှည့်ပတ်ကြည့်နေခြင်းဖြစ်သည်။ ဇော်ထွန်းသည် ချောချော ကိုလှမ်းကြည့်ရင်းဖြည်းဖြည်းချင်း မတ်တတ်ရပ်လိုက်သည်။ ဖိုးစံသည် မေးငေါ့ပြရင်းဆတ်ကနဲ ကျောကုန်းကို တွန်းလိုက်ရာ ချောချော သို့သွားဖြစ်တော့သည်။

ချောချောသည် နှင်းဆီပွင်းလေးကို စိတ်ဝင်တစားကြည့်နေ သည်။ ဇော်ထွန်းက ချောချောမျက်နှာလေးကို ဘေးနားမှ အကဲခတ် ကြည့်နေမိသည်။ အပြစ်ကင်းစင်၍ ချောမောလှပနေသည်။ ဒေါ် ညိုညိုဝင်း ခိုးမွမ်းသည့်အတိုင်း မှန်၍နေပေသည်။ သို့သော် သူ့အိပ် မက်ထဲက မိန်းကလေးနှင့် လုံးဝတူနေခြင်းမျိုးမဟုတ်။ ခပ်ဆင်ဆင် တော့တူနေသည်။ အသားဖြူပြီး ပို၍ချစ်စရာကောင်းသည် ချောချောဆိုသော နာမည်နှင့် အလွန်လိုက်ဖက်သူကလေးဟု ဆိုရ မည်။ ဇော်ထွန်းမည်သို့ စကားပြောရမှန်းမသိဘဲ အားယူနေမိသည် နောက်ဆုံးမှ စကားတစ်လုံး ရုန်းကန်၍ထွက်ကျလာသည်။

" မခင်ဖြူ "

အသံကြားသဖြင့် ချောချောလှည့်ကြည့်သည်။ အကြည့်ချင်း ဆုံသော စက္ကန့်ပိုင်းတွင် ဇော်ထွန်းရင်ခုန်သံပိုမြန်လာသည်။

" ကျွန်မ နာမည် မခင်ဖြူမဟုတ်ပါဘူးရှင်၊ ချောချောပါ . .

" အော် . . ဟုတ် . . ဟုတ်ကဲ့ . . ကျွန်တော်က အိပ်မက် ထဲက မခင်ဖြူကို စွဲလမ်းပြီးပါးစပ်က ထွက်သွားတာပါ . . ။"

" ရှင့် အိပ်မက်က ဒီလောက်အထိစွဲလမ်းတယ်ဆိုတော့ . .

" အိပ်မက်ထဲမှာ ကျွန်တော့်ကို ပဟေဠိတွေဖွက်နေသလို



. . . က်နှာမှာပ ါါလေးအုပ်ထားပြီး သူ့ကိုယ်သူဘယ်သူလဲမေးတော့ . . . န်တော်မဖြေတတ်ဘူး။ သူအဝေးရောက်မှ ကျွန်တော်က အော် . . . ါ်ရင်း မခင်ဖြူဆိုတဲ့က နာမည်ထွက်သွားတယ် . . ။"

" ဒီလို အမြဲမက်နေတာဘဲလား . . "

" မကြာခဏဆိုသလိုပါပဲ . . ။ ဒါပေမယ့် အိပ်မက်ထဲမှာ . . . မေးတာတွေ ကျွန်တော်တစ်ခုမှ မဖြေတတ်ဘူး။ တစ်ခါထမီလေး . . . ပြီး ခြေမျက်စိနားက ဒဏ်ရာလေးပြတယ်၊ သူပိုးထိတုန်းက ကျွန် . . . တ်ကူညီတဲ့ အကြောင်းပြောပြတယ်။ အဲဒါတွေကို အဘဦးထွန်း . . . ဆီသွားမေးကြည့်တဲ့အခါ အဖြစ်အပျက်တွေ အကုန်းလုံးတူနေ . . . တအံ့သြစရာဘဲ . . ။ ဒါနဲ့ . . မခင်ဖြူ . . အဲ . . ချောချောရဲ့ . . . ခြေမျက်စေ့နားမှာ ကောဒဏ်ရာလေးရှိလား . . ။"

ချောချောက ထမီလေးကို နည်းနည်းမလိုက်သည်။ ခြေမျက် စေ့နားတွင် ကြက်ခြေခတ်သဖွယ် အမာရွတ်ကလေးတစ်ခုကို . . . တွေ့နေရသည်။

" အဲဒါ ဘာဖြစ်တာလဲ . . "

" မွေးရာပါ အမာရွတ်လေးပါ . . "

" ဒါဆိုရင် မခင်ဖြူပြောသလိုလို ပိုးထိတုန်းက ဟောဒီ . . . ါးမြှောင်လေးနဲ့ ကြက်ခြေခတ်ခွဲပြီး အဆိပ်တွေစုတ်ထုတ်ပေးခဲ့တာ . . . ပါ။ အဲဒီဒဏ်ရာလေးက ဒီဘဝအထိပါလာတာပဲဖြစ်မယ် . . ။"

" ကျွန်မ ငယ်ငယ်ကလေးဘဝကတည်းက အဒေါ်ညိုက အကြိမ်ကြိမ်ပြောပြထားဖူးပါတယ်။ အဒေါ်ညိုနဲ့ ဒေါ်ခင်ဖြူတို့ အုပ်စု လယ်ထဲမှာ ကောက်ရိတ်တုန်းပိုးထိတာတဲ့ . . ။ဒီဇာတ်လမ်း ကိုအကြိမ်ကြိမ်ကြားရတော့ ကျွန်မရင်ထဲစွဲနေပါပြီရှင် . . ။အဲဒီဓါး မြှောင်လေးပြပါဦး . . ။"

ချောချောက ဇော်ထွန်းလက်ထဲမှ ဓါးမြှောင်လေးကို ယူကြည့်ပြီး စဉ်းစားနေသည်။ ငယ်ငယ်ထဲကကြားဖူးခဲ့သော ဇာတ် လမ်းမှ ဇာတ်ဝင်ပစ္စည်းလေးတစ်ခုဖြစ်သည်။ ဓါးမြှောင်လေးကို သေ

www.burmeseclassic.com

www.burmeseclassic.com

သေချာချာ လှည့်ပတ်ကြည့်၍ ဇော်ထွန်းကို ပြန်ပေးလိုက်သည်။

" ချောချောကော အိပ်မက်တွေဘာတွေ မမက်ဘူးလား

" မမက်ဘူးရှင့် . . ။ဦးဇော်ထွန်းနဲ့ ဒေါ်ခင်ဖြူဇာတ်လမ်း အကြိမ်ကြိမ်ကြားထားရတော့ တစ်ခါတစ်ရံ ဝိုးတဝါးအိပ်မက် မြင်မိတယ်။ ဒါပေမယ့် စိတ်အစွဲအလမ်းကြောင့်လို့ပဲဆိုပြီး တွေး ပါတယ်။ ဒါပေမယ့် တိုက်ဆိုင်မှုတွေ များတာတော့ အံ့သြစရာ

" ဘာတွေများ တိုက်ဆိုင်မှုရှိတာလဲ "

" ငယ်ငယ်က ရှင်ရော ကျွန်မရောခမည်းတောင်းတာ . . ခြေမျက်စေ့မှာ အမာရွတ်ကလေးရှိတာ . . ၊ နောက်ပြီး ကျွန်မဗိုက် မှာ နီနီအကွက်ကလေးတစ်ခုရှိတယ်။ အဲဒါကို အဒေါ်ညိုက ပြော တယ်။ ဇော်ထွန်းကို ဓါးနဲ့ထိုးလိုက်တာမှာ မခင်ဖြူက ရှေ့ကဝင်တ လိုက်လို့ ဗိုက်ကိုထိသွားတာတဲ့။ အဲဒါကြောင့် ဒီဒဏ်ရာလေး သေရာရှင်ရာပါလာတာလို့ပြောပြတယ်။ အဲဒီဗိုက်အနီကွက်က အချိန်အထိရှိသေးတယ် . . ။"

ဇော်ထွန်းသည် ရှပ်အင်္ကျီကြယ်သီးကိုဖြုတ်၍ ရင်ဘတ်တ စိတ်တစ်ပိုင်းကိုလှန်ပြသည်။ ရင်ဘတ်တွင် အနီကွက်တချို့ကို တွေ့ နေရသည်။ ဒေါ်ခင်ဖြူရဲ့ အစ်ကိုတွေမောင်တွေဖြစ်သော ဦးထွန်းကြ ဦးတင်မြ၊ ဦးတင်ခ၊ ဦးကျော်သောင်း၊ ဦးသိန်းအောင်၊ ဦးတင်ထွန်း တို့ခြောက်ယောက်နှင့် ထိုးကြကြိတ်ကြရင်း ဒဏ်ရာများရရှိသည် ပြောသံကြားဘူးသည်။

" တိုက်ဆိုင်လိုက်တာ ကိုဇော်ထွန်းရယ် . . ၊ ကျွန်မဖြ သိပ်ကိုအံ့သြမိတယ်။ လွန်ခဲ့တဲ့လေးငါးနှစ်က ဒေါ်ခင်ဖြူရဲ့ အစ်ကိ တွေမောင်တွေ ထောင်ကလွတ်လာတော့ ကျွန်မကိုလာတွေ့တယ် သူတို့ရဲ့နှမလေးသူတို့ကြောင့် သေရတာဆိုပြီး ဝမ်းနည်းယူကြုံးမ ဖြစ်ကြတယ်။ ကျွန်မကို ဒေါ်ခင်ဖြူဝင်စားတာလို့ ယုံကြည်နေကြ တယ်။ သူတို့ခြောက်ယောက်လုံးက ဂရုတစိုက်နဲ့ ကြည့်ရှုစောင့် ရှောက်ကြတယ်။ အိမ်ကိုအမြဲတမ်း ဝင်ထွက်ပြီးလိုအပ်သမျှကိုအက

အညီတွေကိုပေးတယ်။ ဒီဇာတ်လမ်းတွေဘာက ပြောလွန်းလို့သာ သိနေပေမယ့် ကျွန်မရင်ထဲမှာတော့ အတိတ်ဘဝကအကြောင်းတွေ ဘာမှမသိဘူး။ ဒါပေမဲ့ ပြောဖန်များလွန်းတော့ ကိုဇော်ထွန်းဆိုတဲ့ ရှင်ကို တွေ့ချင်စိတ်ပေါ်လာမိတာအမှန်ပဲ . . ။ ရှင့်ကိုသတိရလာ တာအမှန်ပဲ။ ကိုဇော်ထွန်းတစ်ယောက်ကော ဘယ်လဘဝရောက် နေလဲ . . ၊ ဘာတွေများတွေ့ကြုံနေရလဲ . . ၊ဘာတွေသိနေရလဲ ၊ အခုနေတွေ့ရင် သူသိပါ့မလား . . စတဲ့စတဲ့အတွေးတွေ ဝင်တာ ပေါ့ရှင် . . ။ ကျွန်မရဲ့ တိုက်ဆိုင်မှုတွေကြောင့် သူတို့က ဒေါ်ခင်ဖြူ အကြောင်းပြောလေ . . ၊ ကျွန်မက ရှင့်ကိုသတိရလေပဲ။ ကျွန်မစိတ် ကရှင့်ဆီကိုလွှတ်ထားသလိုဖြစ်နေတယ်။"

" ကျွန်တော်လည်းဒီလိုပါပဲဗျာ . . ၊ သူတို့အပြောတွေ ကြောင့် ခင်ဗျားကိုတွေ့ချင်စိတ်တွေ တနေ့ထက်တနေ့ပိုများလာ ရတယ်။ ကိုယ့်ဟာကိုယ်ဘာပြန်ပြောရမှန်းမသိတာတွေ ဒေါသဖြစ် ရတယ်၊ အဖြေရှာမိတယ်။

" ဒါပေမယ့် ကိုဇော်ထွန်းရဲ့ မိဘတွေနဲ့ ကျွန်မရဲ့ မိဘတွေ လုံးဝမတူညီတာရှိတယ်။ အဘဦးထွန်းလူရဲ့သား ဦးဇော်ထွန်းဝင်စား တာဆိုပြီး ဇော်ထွန်းနာမည်မှည့်ခေါ်ကြတာမဟုတ်လား။ ကျွန်မ မိဘ တွေကတော့ ဒေါ်ခင်ဖြူဆိုတဲ့နာမည်ကို လုံးဝမပတ်သက်စေချင် ဘူး။ ဇာတ်သိမ်းမလှတဲ့ အဖြစ်မျိုးမကူးစက်စေချင်ဘူး။ ဒါကြောင့် ကျွန်မနာမည်ကို ချောချောလို့ ပေးခဲ့တာပါ ။"

" မိဘဆိုတာကတော့ သားသမီးအပေါ်ကောင်းစားစေချင် ကြတာချည်းပဲ . . ။ အများကပြောလို့ ဇော်ထွန်းဆိုတဲ့ နာမည် ပေးခဲ့ပေမယ့်၊ အတိတ်ဘဝကအဖြစ်ဆိုးမျိုးတော့ မိဘတွေက ဘယ်ဖြစ်စေချင်မလဲ . . ၊ကြေကွဲရင်နာစရာအဖြစ်ဆိုးမျိုးကို ဘယ်သူကဖြစ်စေချင်မလဲ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒီလိုပါ ဘဲ . . ။ ကျွန်တော်ကိုယ်တိုင်ဒီဇာတ်လမ်းမျိုးမကြုံချင်သလို ချောချော ကိုလည်း မကြုံစေချင်ဘူး။ "

www.burmeseclassic.com

www.burmeseclassic.com

" ရှင် . . "

" ကျွန်တော်တို့ ကအခုမှတွေ့ကြပေမယ့် ရင်ထဲမှာတအားရင်းနှီးနေတယ် . . ။ ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ ချောချောရယ် . . . ကျွန်တော် ချောချောကိုချစ်တယ် . . ။"

" ကျွန်မတို့က အခုမှ စတွေ့တာလေ . . ရှင်ပြောတာမစောလွန်းဘူးလား . . "

ထိုအချိန်တွင် ဒေါ်ညိုညိုဝင်းတစ်ယောက်ဘုန်းကြီးကျောင်းမှပြန်ရောက်လာသည်။ ဇော်ထွန်းနှင့် ချောချောတို့နှစ်ဦးစကားပြောနေပုံကိုကြည့်၍ ပြုံးသွားသည်။ ဖိုးစံက ဒေါ်ညိုညိုဝင်းလက်ထဲမှအထုပ်ကိုကူယူလိုက်သည်။

" ဟဲ့ . . . ဘာတွေပြောပြီးပြီလဲ . . ဟိုဘဝက အရင်းနှီးဆုံး . . အချစ်ဆုံးအသက်ပေးတဲ့လူနှစ်ယောက် အခုရန်ဖြစ်နေကြပြီလား . . ।"

" မဖြစ်ပါဘူး အဒေါ်ညိုရဲ့ . . . အခုမှ အတွေ့အကြုံအဖြစ်အပျက်တွေဖလှယ်နေကြတာပါ . . . ။"

" ငါကတော့ ငါ့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက် ဟိုဘဝကလိုအလွမ်းဇာတ်မသိမ်းစေရဘူး။ ဇော်ထွန်းနဲ့ ချောချောအတွက် ငါကိုယ်တိုင်မဖြစ်ဖြစ်အောင် စီစဉ်ပေးမယ်။ ကဲ . . လာကြထမင်းစားကြမယ် . . . ။"

ဒေါ်ညိုညိုဝင်း ပွင့်ပွင့်လင်းလင်းပြော၍ အိမ်ဆီသို့သွားရာ ဖိုးစံပါ နောက်မှလိုက်သည်။ ဇော်ထွန်းနှင့် ချောချောတို့ တစ်ဦးကိုတစ်ဦးစူးစူးနစ်နစ် ကြည့်နေမိကြသည်။

× × × ×

မရမ်းရွာတစ်ရွာလုံးအသံချဲ့စက်သံဆူညံနေသည်။ ထို့ပြင် ရွာလမ်းမပေါ်စလျှောက်လှည်းများ တစ်စီးပြီးတစ်စီး



လာကြရာ ဖုံများတထောင်းထောင်းဖြစ်နေသည်။ ရှေ့ဆုံးမှ လှည်း မင်္ဂလာဆောင်မဏ္ဍပ်ရှေ့ တွင်ရပ်လိုက်သည်။ လှည်းပေါ်မှ လာလက်ဖွဲ့ ဗီတိုတစ်လုံးကို ဦးထွန်းကြီး ဦးတင်မြ၊ ဦးစာင်ခ၊ ကျော်သောင်းတို့ ညီအစ်ကိုများက ဝိုင်းချကြသည်။ ဧည့်သည်ဝင် သည်နှင့် မင်္ဂလာဆောင်ဆေးလိပ်နှင့် ယပ်တောင်ကမ်းသည်။ ချင်းပင် ဦးသိန်းအောင်နှင့် ဦးတင်ထွန်းတို့က ထမင်းစားရုံသို့ ခေါ်သွားကြသည်။

ထမင်းစားရုံကို နှစ်ရုံပြုလုပ်ထားသည်။ အမျိုးသားများအတွက်ထမင်းစားရုံတစ်ရုံ၊ အမျိုးသမီးများအတွက်တစ်ရုံဖြစ်သည်။ ည့်သည်အားလုံး ထမင်းကျွေးနိုင်ရေးအတွက် ဦးသိန်းအောင်နှင့် တင်ထွန်းတို့ကတာဝန်ယူကြသည်။ လာသမျှပရိသတ်အားလုံးကို သန်းမေ၊ ဒေါ်ညိုညိုဝင်း၊ ဦးထွန်းလူနှင့် ဦးထွန်းကြီးတို့ ညီအစ်များက ဧည့်ခံကြသည်။ မရမ်းရွာတွင် ပြုလုပ်သာမင်္ဂလာပွဲကို ရှေ့ရွာနှင့် အနောက်ရွာညီညီညွတ်ညွတ်ပါဝင်ဆင်နွှဲလိုက်ကြရာ စည်ကားဆုံးဖြစ်နေသည်။ ဝန်းကျင်ရွာများမှလည်း လှည်းများနှင့် ည်းကောင်း၊ စက်ဘီးများနှင့် လည်းကောင်း၊ ခြေလျင်နှင့်တဖုံ လာ ကလက်ဖွဲ့ပေးကြသည်။ လက်ဖွဲ့ပစ္စည်းများ မဏ္ဍပ်တွင်တော် ာ်များများ ပြည့်သွားကြသည်။ သို့တိုင်အောင် မင်္ဂလာပွဲလာသူ မစဲနိုင်အောင်ရှိနေကြသည်။

ဟိုယခင်နှစ်များစွာက ဦးဇော်ထွန်းနှင့် ဒေါ်ခင်ဖြူတို့၏ ချစ်ဇာတ်လမ်းကို ရွာဝန်းကျင်အားလုံးလိုလိုက သိထားကြသည်။ ဇော်ထွန်းနှင့် ဒေါ်ခင်ဖြူတို့ကိုအချစ်သူရဲကောင်းကြီးများဟု မှတ်ယူ ားသူတွေလည်း ရှိကြသည်။ ယခုမင်္ဂလာပွဲသည် ဦးဇော်ထွန်းနှင့် ါဖြူတို့၏ အချစ်ဇာတ်လမ်းပုံရိပ် တစ်စိတ်တစ် ပိုင်းပါဝင်နေကြ ည်။ဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ၊ အားလုံးကစိတ်ပင် းကြသည်။ ဤနယ်တစ်ခွင်တွင် ပြော၍မဆုံးနိုင်လောက်သော လွမ်းဇာတ်ကို အပျော်နှင့်ဇာတ်သိမ်းနိုင်ကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သတို့သားဇော်ထွန်းနှင့်သတို့သမီးချောချောတို့ကိုမင်္ဂလာပွဲ
လာရောက်သူများစိတ်ဝင်တစားနှင့်လက်ညှိုးထိုးပြောဆိုနေကြသည်
ထိုအထဲတွင်ဇာတ်လမ်းရှည်ကြီးကို ရှင်းပြနေသူက ဒေါ်ညိုညိုဝင်းဖြစ်
သည်။ သူကိုယ်တိုင်ပါဝင်ခဲ့သောအလွမ်းဇာတ်ကိုနှစ်ပေါင်းများစွာ
ရင်နှင့် ခံစားခဲ့ရသည်။ ထိုခံစားရမှုများကိုသည်မင်္ဂလာပွဲနှင့် ဖြေသိမ့်
ကြရပြီဖြစ်သည်။ဇော်ထွန်းနှင့်ချောချောတို့နှစ်ဦးသည် ဧည့်သည်များ
ကိုလိုက်လံဧည့်ခံရင်းဦးထွန်းကြီးတို့ညီအစ်ကိုတစ်သိုက် ကူညီလု
ကိုင်ပုံကိုတွေ့နေကြရသည်။ဇော်ထွန်းကချောချောကိုလှမ်းပြသည်

"ချောချောရဲ့မွေးစားအစ်ကိုတွေကတော့တကယ့်ကိုအား
ကိုးရတယ်ဟေ့။ ဧည့်သည်တွေတစ်ယောက်မှ မလွတ်ရအောင်ဧည့်
ပေးကြတယ်။"

"နှမလေးတစ်ယောက်ရှိတော့ အစ်ကိုကြောက်ယောက်
ချစ်ကြတာပေါ့ရှင့် . . ."

"ယောက်ဖလုပ်တဲ့ လူကိုကောချစ်ကြရဲ့လားမသိဘူး . .

"နှမကို ချစ်မှတော့ ယောက်ဖကိုလည်းချစ်ရမှာပေါ့ရှင့်၊
လို့လည်းသူတို့ကိုယ်တိုင် ကမကထလုပ်ပြီး မင်္ဂလာပွဲကို ကူညီကျ
ပပေးတာပေါ့ . . ။"

"ဦးဇော်ထွန်း နဲ့ဒေါ်ခင်ဖြူတို့ အချစ်ဇာတ်လမ်းမှာတေ
သူတို့က လူဆိုးကြီးတွေနော် . . ။"

"ကိုဇော်ထွန်းနဲ့မချောချောတို့ ဇာတ်လမ်းမှာတော့သူတို့
မင်္ဂလာပွဲကျင်းပရေးကော်မတီဝင်တွေလေ။သူတို့ညီအစ်ကိုခြော
ယောက်လုံးက လှည်းရယ်၊ နွားရယ်၊ လယ်ဧကတစ်ချို့လက်ဖွဲ့ပေး
ဦးမယ်လို့ပြောတယ်။တစ်သက်လုံးနေထိုင်စား သောက်လုပ်ကိုင်
ရအောင် စီစဉ်ပေးထားတာ တကယ့်ကျေးဇူးရှင်တွေနော် . . ။"

"ကျေးဇူးကြီးလှပါပေရဲ့ကွယ် . ."

**မောင်မောင်စိန်ဒွေး**

၂၆–၁–၂၀၀၇

www.burmeseclassic.com



# " သူများပါးစပ်ထဲကလူ "

* ချစ်သန်းမြင့် *

ဤအိမ်ကြီးရှိရာသို့ ရောက်တိုင်း သမင်လည်ပြန်လှည့်ကြည့်သွားတတ်ကြသည်။

ရှေးဆင်ဝင်အိမ်ကြီးဖြစ်သည်။ အမိုးမှာသွပ်ဖြစ်သော်လည်း နှစ်ပရိစ္ဆေဒကြာသဖြင့် သံချေးတက်ပြီး နဂိုဆေးပျက်လျှက် နီညိုရောင်ပေါက်နေသည်။ အကာ၏အထက်ပိုင်းမှာ ပျဉ်၊ အောက်ပိုင်းမှာ အင်္ဂတေများ ကာရံထားသည်။ အာကာမှာလည်းမည်းညစ်ညစ်နှင့် ဖြစ်နေသည်။

အိမ်က အိုသည်။ ခြံက ကျယ်သည်။

ခြံတွင်း သရက်ပင်များ၊ မရမ်းပင်များ၊ ပိန္နဲပင်များ၊ ကနစိုးပင်များနှင့် ဝါးပိုးခြုံကြီးရှိသည်။ တရုတ်စကားပန်းပင်၊ စွယ်တော်ကြားပန်းပင်၊ ဇီဇဝါပန်းပင်များလည်း ရှိသည်။

ညဘက်လသာသာကြည့်လျှင် မကောင်းဆိုးဝါးကြီးတစ်ကောင်ငုတ်တုတ်ထိုင်၍ ပန်းပန်ထားသည်နှင့်တူသည်။

" အား . . . . "

" အား . . . အဟင့် . . ဟင့် "

ညဘက်တွင် ငိုသံများကြားနေရသည်။

ဤအိမ်ကြီးကို သူခိုးကြောက်အိမ်ကြီးဟုလည်း ခေါ်ကြသည်။

ဤအိမ်ကြီးတွင် လူသေဖူးသည်။ လူသေဖူးသောကြောင့် သရဲခြောက်သည်ဟုလည်းပြောကြသည်။ ဤအိမ်ကြီးသည်လူမခြံ။ ယခုနောက်ဆုံးဝယ်လိုက်သည့် အိမ်ရှင်များနေသည်မှာ ခြောက်လလောက်ကြာပြီ။ ဘာသံမှတော့ မကြားရသေး။ ကြားရသည့်အသံမှာ အော်သံငိုသံများသာဖြစ်သည်။

" ဒီအိမ်ကြီးမှာနေတဲ့လူတွေကတော့ တစ်ခုခုထူးခြားတယ်"

"ဘာထူးခြားတာလဲကွ . . ။"

"ကျုပ်တို့ အရွယ်လောက်နဲ့ တစ်ကောင်ပါလာတယ်၊ ဒီကောင့်ကိုလည်း ဘယ်သူနဲ့မှ ပေးမတွေ့ဘူး၊ ခြံထဲဆင်းလျှောက်တာတောင်အစောင့်ဖေါ် တစ်ယောက်နဲ့၊ လူမြင်တာနဲ့ အိမ်ပေါ်ကို ပြန်ခေါ်ပြီးတင်သွားတယ် . . "

"စပ်စုတို့က သတင်းအသေအချာအတိအကျပဲဟေ့"

"ဟော . . ပြောရင်းဆိုရင်း သူတို့ခြံထဲက ကားကြီးထွက်လာပြီ"

ကုန်းထိပ်လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြသော ကာလသားတစ်စုသည် ထော်ဝက်ကုန်းရွာဘက်မှ ထွက်လာသော ဘဲလ်အဲယားကားကြီးကို ကြည့်ကာပြောလိုက်သည်။

ဘဲလ်အဲယားကားကြီးသည် လက်ဖက်ရည်ဆိုင်ကို ကျော်ဖြတ်ပြီးမောင်းသွားသည် လက်ဖက်ရည်ဆိုင်မှ ကာလသားများ မျက်စိတစ်ဆုံး ကြည့်ကျန်ရစ်သည်။

\+ + + +

ဘဲလ်အဲယားကားကြီးသည် တရိပ်ရိပ်ပြေးနေသည်။

ကားနောက်ခန်းတွင်ထိုင်နေသော လူရွယ်သည် မျက်လုံးအရောင်သားနှင့် တရိပ်ရိပ်ကျန်ရစ်ခဲ့သော သစ်ပင်အဆောက်အဦးများကို ကြည့်ကာလိုက်ပါလာခဲ့သည်။ သူ၏ ဘယ်ဘက်တွင်လူတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်ထိုင်နေသည်။ ရှေ့ခန်းကားမောင်းသူဘေးတွင် လူကြီးတစ်ယောက်ထိုင်နေသည်။

အားလုံးသည် အတွေးကိုယ်စီနှင့် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

“ တိုကင်ယူထားတယ်နော် . . ကံကောင်း ”

“ ယူထားပါတယ်။ တိုကင်နံပါတ်ရှစ်ပါ။ ဒါတောင် အစော ကြီးထသွားပြီးယူတာ ”

မျက်လုံးအကြောင်းသားနှင့် ပါလာသောလူရွယ်၏ အမည်မှာ ညိုမောင်ဖြစ်သည်။ ဘေးမှ မိန်းမကြီးမှာ ညိုမောင် မိခင်ဒေါ်အေးခင်ဖြစ်သည်။ ကားမောင်းသူဘေးမှ ထိုင်နေသူမှာ ညိုမောင်၏ ဖခင် ဦးလှမောင်ဖြစ်သည်။ ညိုမောင်၏ ရောဂါကို ပြရန်အတွက် ဘန့်ပွေးကုန်းတွင် ခရောက်ရှိနေသော ပယောဂဆရာထံတို့ လာကြခြင်းဖြစ်သည်။

ဘန့်ပွေးကုန်း ရွာထဲသို့ ဝင်လိုက်သည်နှင့် ဈေးဆိုင်များက ဖွဲ့ဖွဲ့တန်းလေးတမျှ စည်ကားနေသည်။

နှစ်ထပ်အိမ်ရှေ့ရှိ ခြံဝင်းအတွင်း သစ်ပင်ရိပ်များမှာတော့ ဟိုအစုစု သည်တစ်စုနှင့် ထိုင်နေကြသည်။

ကားရပ်လိုက်သည်နှင့် ဒေါ်အေးခင်က ညိုမောင်၏ဘေးဘက်တွင်ရှိသော လူရွယ်ကို လှမ်းပြောလိုက်သည်။

“ ကံကောင်း . . . တိုကင်ဘယ်လောက်ရောက်ပြီလဲလို့ သွားကြည့်စမ်း . . ”

“ ရှစ်နာရီခွဲပြီဆိုတော့ ရောက်လည်းတစ်ယောက်နှစ်ယောက်ပါ ”

ကံကောင်းက လက်ပတ်နာရီကို ကြည့်ရင်းပြောလိုက်သည်။

“ ကံကောင်းရာ သွားမေးဆိုမေးလိုက်ပေါ့ကွာ၊ အရေးထဲမှာ မင်းကအတတ်ဟောနေရသေးတယ်။ ”

ဦးလှမောင် ကစိတ်မရှည်သလိုဖြင့် ဝင်ပြောသည်။

“ ဟုတ်ကဲ့ ”

ကံကောင်း ဆင်းသွားသည်။

ညိုမောင်နှင့် ဒေါ်အေးခင်တို့ စကားပြောနေစဉ် ကံကောင်း ပြန်ရောက်လာသည်။



“ တိုကင်နံပါတ် ခြောက်ကို ခေါ်ထားတယ် ဒေါ်ဒေါ် ”

“ အဲဒါပေါ့၊ နင်ကို မေးခိုင်းလိုက်လို့ . . . ကဲ . . လာသား . . . အမေတို့ သွားကြရအောင် . . ။ ”

ကံကောင်း ကားတံခါးဖွင့်ပေးသည်။

ညိုမောင်တို့ မိသားစု ကားပေါ်မှဆင်းပြီး၊ ကံကောင်း ဦးဆောင်ရာသို့ လိုက်သွားကြသည်။ ဒေါ်အေးခင်သည် သားနှင့်အတူပါသွားသော်လည်း ဦးလှမောင်က နှစ်ထပ်အိမ်ရှေ့ရှိ ဝါးဖြင့်လုပ်ထားသော ခုံတန်းလျားပေါ်တွင် ထိုင်ကျန်ရစ်ခဲ့သည်။

ဦးလှမောင်နေရာမှ ကြည့်လျှင် အိမ်ပေါ်မှ လူများကို လှမ်းမြင်နေရသည်။

ဆရာသည် ဘုရားရှေ့တွင် ပြင်ထားသောကန်တော့ပွဲများကို မျက်နှာမူထားပြီး ညိုမောင်တို့ဘက်သို့ ကျောပေးထားသည်။

“ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာကေန္တု၊ အနီဃာ ကေန္တု၊ သုခီအတ္တာနံ ပရိဟရန္တု ”

ဆရာသည် သတ္တဝါများကို ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ၊ ကြောင့်ကျခပ်သိမ်းကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ၊ ချမ်းသာသုခနှင့် ပြည့်စုံပါစေရန် မေတ္တာပို့နေသည်။ ပြီးမှ ညိုမောင်တို့ဘက်သို့ လှည့်လိုက်သည်။

“ နာမည်ဘယ်လိုခေါ်သလဲ ”

“ ညိုမောင် ပါ ”

ဒေါ်အေးခင်က သားဖြစ်သူ တုံ့ဆိုင်းနေသဖြင့် ဝင်ဖြေသည်။

“ အင်း . . အပူသည်ပါလား၊ နာမည်ကကို ညိုမောင်ဆိုတော့ ပညာတ်သွားရာခါတ်သက်ပါဆို သလိုဖြစ်နေပါလား။ ”

ညိုမောင်က ကန်တော့ပွဲများကို ကြည့်လိုက်ပြီး အိမ်ပေါ်တွင် ချိတ်ထားသော ဓါတ်ပုံများကို ကြည့်နေသည်။

“ သားမင်္ဂလာဆောင်ခါနီးမှာ ကားမှောက်ပြီး အဲဒီလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ ဆရာ၊ သတို့သမီး မိန်းကလေး ကတော့သေသွားတယ် ဆရာ "

ဒေါ်အေးခင်က ဆရာ၏ အနားသို့ကပ်ကာ လေသံတိုးတိုးဖြင့် ပြောသည်။

" မိန်းကလေး အမည်ကကော "

" နွယ်နီ "

" နာမည်နှစ်လုံးစလုံးကလည်း စနေနံချည်းပါလား "

ဆရာသည် ပါးစပ်ကလည်းရွတ်၊ ခေါင်းတညိတ်ညိတ်နှင့် လုပ်နေသည်။

ဒေါ်အေးခင်က ဆရာအား သူ့သား၏ဖြစ်ကြောင်းကုန်စင်ကို ပြောပြနေသည်။

\+ \+ \+ \+

စင်စစ် ညိုမောင်နှင့် နွယ်နီတို့သည် ကျောင်းနေဘက်များ ဖြစ်ကြသည်။ နှစ်ဖက်မိဘများသည်လည်း ခင်မင်ကြသည်။ ညိုမောင်၏ မိခင် ဒေါ်အေးခင်နှင့် နွယ်နီ၏မိခင် ဒေါ်သန္တာ တို့တွေ့ကြလျှင် တစ်ယောက်က " ကျွန်မ ချွေးမလေးနေကောင်းလား " ဟုမေးတတ်သလို တစ်ယောက်ကလည်း " ကျွန်မ သမက်ကလေးကော ဘာမှာလိုက်သေးလဲ "ဟု မေးတတ်ကြသည်။ ကျောင်းပြီးလျှင် မင်္ဂလာဆောင်ပေးရန် တိုင်ပင်ထားကြသည်။

မိဘများ အတိုင်အပေါက်ညီသလို ညိုမောင်နှင့် နွယ်နီတို့ကလည်း ဘဝခရီးအတွက် စီမံကိန်းတွေနှင့် ဖြစ်သည်။

ညိုမောင်နှင့် နွယ်နီတို့ မင်္ဂလာဆောင်ပြီးလျှင် ယောက်ျားလေးဘက်က လက်ဖွဲ့ထားသော အိမ်တွင်မနေကြဘဲ ရန်ကုန်မြို့တိုတက်ပြီးတိုက်ခန်းဝယ်၍နေမည်။ တိုက်ခန်းမှာပဲ ကုမ္ပဏီဖွင့်ထား၍ နွယ်နီက မန်နေဂျာလုပ်မည်။ ညိုမောင်က တောသုံးခွနှင့် ခရမ်းဘက်မှ ထွက်သော ရေခူများဝယ်မည်။ နိုင်ငံခြားပို့မည်။ နိုင်ငံခြားက ပစ္စည်းများကိုလည်း တင်သွင်းပြီး ဖြန့်ချီရောင်းချမည် ဟုတိုင်ပင်ထားကြသည်။



နှစ်ယောက်စလုံးကလည်း ငယ်ပေါင်းကြီးဖော်တွေ ဖြစ်သောကြောင့် တစ်ယောက်ဖြူလျှင် တစ်ယောက်ဖြူပြီးသား၊ ငယ်စဉ်ကပေါင်းလာသည်၊ ကြီးတော့အနှဖော်ဖြစ်လာသည်။

ချစ်လိုက်တာမှ မျက်စိအောက်က အပျောက်မခံ လူချင်းမမြင်ကြရလျှင် ဖုန်းဆက်ပြီးစကားပြောကြသည်။ အချိန်မတော် မိုးချုပ်ပင်ဖြစ်လင့်ကစား ညစာဟင်းအကြောင်း . . ကြည့်နေသည့်ဇာတ်ကားခွေအကြောင်း . . . ဖတ်နေသည့် စာအုပ်အကြောင်းများကို မေးတတ် ပြောတတ်ကြသည်။

သည်လိုနှင့် ကျောင်းပြီးသွားတော့ မင်္ဂလာဆောင်ကိစ္စ စီစဉ်ကြသည်။

ညိုမောင်နှင့် နွယ်နီတို့ ရန်ကုန်တက်ပြီးဈေးဝယ်သည်။ ဈေးဝယ်ရင်း သမ္မတရုပ်ရှင်ရုံတွင် ပြသနေသော ဇာတ်ကားကိုကြည့်သည်။ရုပ်ရှင်ရုံမှထွက်တော့ ဂျေဒိုးနပ်တွင် လက်ဖက်ရည်ဝင်သောက်ကြသည်။

ညိုမောင်နှင့် နွယ်နီတို့၏ ကားကလေး သန်လျင်တံတားပေါ် ရောက်တော့၊ မြစ်သုံးဆိုင်မှ ပဲခူးမြစ်ရေသည် ရွှေရည်လူးနေသည်။ နေဝန်းနီနီကြီးသည် တစ်စတစ်စငုပ်လျှိုးနေပြီ။

ညိုမောင်သည် ကားမောင်းရင်းက ရှင်မွေးလွန်းနှင့် မင်းနန္ဒာတို့၏ မေတ္တာဘွဲ့ကိုပြောလာသည်။

တကယ်တော့ ရှင်မွေးလွန်းနှင့် မင်းနန္ဒာတို့၏ အကြောင်းသည် လမ်းဆွတ်ကြေကွဲဖွယ်ရာ ဇာတ်လမ်းဖြစ်သည်။ ဒါပေမယ့် ညိုမောင်နှလုံးသားက ရွှင်နေသည်။ သည်တော့ လွမ်းစရာသည် ရယ်စရာဖြစ်လာသည်။

" တရုတ်ကြီးတစ်ယောက်ဟာ အဖေါ်ကောင်းလို့ ဗမာဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ပွဲကို သွားကြည့်တယ်။ အဲဒီညမှာကတာကလည်း ရှင်မွေးလွန်း မင်းနန္ဒာ ဇာတ်ထုပ်။ တရုတ်ကြီးက တစ်ညလုံးဖွဲ့နဲ့ ငုတ်တုတ်ထိုင်ကြည့်နေတယ်။ ဇာတ်ကနေတဲ့ အခန်းကလည်း မင်းနန္ဒာဟာ သန်လျင်ဘက်က ရှင်မွေးလွန်းဆီကို ငမိုးရိပ်မိချောင်းစီးပြီးလာတယ်။ ချစ်သူတို့ ဘဝပျော်မြူးပြီးအပြန်မှာ ငမိုးရိပ်မိချောင်းနဲ့ ရန်သူဖြစ်နေတဲ့ ငလက်တို မိချောင်းက လိုက်ကိုက်တယ်။ ဒါနဲ့ ငမိုးရိပ်မိချောင်းဟာ မင်းနန္ဒာမင်းသားကို သူ့အာခံတွင်းမှာသွင်းပြီး ဒဂုန်ဘက်ကမ်းကိုကူးလာတယ်။ မင်းနန္ဒာရဲ့ ဖခင်ခမည်းတော်ဥက္ကလာပ မင်းကြီးရှေ့ရောက်တော့ ငမိုးရိပ်ဟာ သူ့အာခံတွင်းမှာ ငုံလာတဲ့ မင်းသားကို ထွေးအန်ထုတ်တယ်။ ဒီအခါမှာ မင်းနန္ဒာမင်းသားဟာ အသက်မရှိတော့ဘူး . . ဒီလိုဖြစ်တာလည်းမြင်ရော တရုတ်ကြီးဟာမတ်တတ် ထလိုက်ပြီးဖျာကိုလိပ်ရင်းက ဘာပြောလိုက်သလဲ ဆိုတော့ . . . ဟာ . . သဘော်ရှိလယ်၊ တုံကင်းရှိလယ်၊ သဗ္ဗာန်ရှိလယ် ဒီမင်းသား မိချောင်းစီးလယ် . . . သေတာပဲကောင်းလယ်လို့ ပြောပြီး စိတ်ဆိုးထွက်လာတယ် ”

ညိုမောင်၏ မင်းနန္ဒာဇာတ်လမ်းဆုံးတော့ နွယ်နီက ရယ်မိ သည်။

ညိုမောင် မောင်းလာသော ကားကလေးသည် မီးရော အောက်တွင် တရိပ်ရိပ်နှင့် ဆေးရုံကုန်းထိပ်သို့ ကျော်လာသည်။

ဂေါက်ကွင်း အရှောက်ကားတစ်စီးမီးထိုးထွက်လာသည်။

ညိုမောင် အရှိန်ပြင်းစွာ မောင်းလာရာက အရှေ့ဘက်ခြံ ညောင်သုံးပင်ဘက်ဆီသို့ ကားလက်ကိုင်ဘီးကိုဆွဲလိုက်သည်။ လမ်းကခုံးနေသောကြောင့် ကားကိုမထိမ်းနိုင်ဘဲ လိမ့်ထွက် သွားသည်။

ဝုန်း ။

ခွမ်း ။

\+ + + +



“ အဲဒီနေရာက အရှေ့ဘက်မှာ ညောင်သုံးပင်သုသာန် တယ်။ အနောက်ဘက်မှာ လည်းသရက်ပင်မောင်နှမရှိတယ်။ တုန်းကတော့ ညဘက်ဆိုရင် လူမဖြတ်ရဲဘူး၊ ကြမ်းတယ်ဆရာ ”

ဒေါ်အေးခင် သောက ပရိဒေဝတွေနှင့် ရင်ဖွင့်နေသည်။

ဒေါ်အေးခင် တင်လားဆိုတော့မဟုတ်။ ပယောဂဆရာ သို့လာပြသော လူနာရှင်ဒုက္ခသည်များကလည်း တစ်ယောက်အ ကြောင်းတစ်ယောက်မေးကာ ရောဂါအကြောင်းဖလှယ်နေကြသည်။

ပယောဂဆရာသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးမှ ညိုမောင်ကိုကြည့်ကာ . .

“ ဒွေရောဥပါဒ်ပေါ့ . . ခုတော့ ဆရာ နတ်ရေစင်ပေးလိုက်မယ် . . ။ ”

ဆရာသည်ပြောရင်းက ကန်တော့ပွဲများရှေ့တွင် တင်ထားသော ရေပုလင်းတစ်လုံးကို ဖွင့်ပြီး လက်ဝါးထဲသို့ထည့်ကာ ညိုမောင်၏ ခေါင်းကိုသပ်သည်။ ပြီးတော့တိုက်သည်။ နောက်ထပ်အင်းချထားသော အကွက်လေးတစ်ခုကို ပေးသည်။

“ ကန်တော့ပွဲ ထိုးရမယ် ”

“ ဟုတ်ကဲ့ပါဆရာ။ ဒီမှာ လုပ်ရမလား၊ အိမ်မှာလုပ်ရမလား ”

“ ဒီမှာက ဓါတ်ကျနေတယ်လေ။ ဒီမှာပဲကန်တော့ပွဲထိုးပေးမယ် ”

“ ကောင်းပါပြီ ဆရာ၊ ဘယ်လောက်ကျသလဲ ”

“ တစ်ထောင် ”

ဒေါ်အေးခင်က ငါးရာတန်နှစ်ရွက်ကို ထုတ်လိုက်ပြီး လက်နှစ်ဖက်နှင့် ရိုရိုသေသေပေးသည်။

“ နောက်တစ်ယောက်၊ တိုကင်နံပါတ်ကိုး ”

ဆရာအနားတွင် ရှိသောလူကလှမ်းခေါ်သည်။

တိုကင်နံပါတ်ကိုးကို ကိုင်ထားသော လူနာရှင်နှင့် လူနာတစ်ယောက်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုကင်နံပါတ်ခေါ်သူက ဒေါ်အေးခင်နားကပ်ပြီး " အဲဒီအင်းက ပျောက်တယ် "ဟုပြောလိုက် သည်။

" ဟုတ်ကဲ့ "

ဒေါ်အေးခင် " ဟုတ်ကဲ့ "လိုက်ရသော်လည်း ရင်ထဲတွင် အောင့်သက်သက်ဖြစ်သွားပြီး ညိုမောင်ကို ခေါ်၍ဆင်းလာသည်။ ကံကောင်းနောက်ကလိုက်လာသည်။

ဦးလှမောင်က ညိုမောင်၏ အခြေအနေကို မျက်ရိပ်မျက်ကဲပြ၍ မေးသည်။ ဒေါ်အေးခင်က ပြန်လည် ခေါင်းညိတ်ပြသည်။

ညိုမောင်ငေးငေးငိုင်ငိုင်နှင့် ပါလာသည်။ လမ်းဘေးတစ်နေရာတွင် မျက်လှည့်ပြနေသော လူအုပ်ကို ကြည့်သည်။ မျက်လှည့်ဆရာက လူရိုးခေါင်းကို အရိုးဖြင့်ခေါက်လျှက် မျက်လှည့်ပြနေသည်။ ညိုမောင်၏အကြည့်က မျက်လှည့်ဆရာဆီမှ ရောက်နေသည်။

ပယောဂဆရာထံမှ ပြန်လာကတည်းက ညိုမောင်၏ အခြေအနေက ပိုဆိုးလာသည်။ ဂနာမငြိမ်နှင့် ညဘက်တွင်လည်းမအိပ်တော့။ အိပ်ခန်းပြတင်းပေါက်ဖွင့်ကာ ညအမှောင်ကို ကြည့်နေသည်။

နောက်တစ်နေ့ညတွင် ညိုမောင်ပျောက်သွားသည်။

" ကံကောင်းရယ် . . . နင့်ကို စောင့်ခိုင်းမှ နင်က အိပ်ပျော်နေတယ် "

ဒေါ်အေးခင်က တဗျစ်တောက်တောက်ဖြစ်နေသည်။

" ဒီလိုပြောနေလို့ မပြီးသေးဘူး။ လာ . . ကံကောင်း လိုက်ရှာကြမယ် "

ဦးလှမောင်က ကံကောင်းကို ခေါ်ပြီး လက်နှိပ်ဓါတ်မီးယူကာ ကားမောင်းထွက်လာသည်။

" ကံကောင်း "

" ခင်ဗျာ "

" ညိုမောင် . . ညက ဘာတွေ ထူးခြားသေးသလဲ "



" ထူးခြားတာကတော့ . . ညက . . ပြတင်းပေါက်တို တိုင်းညတွေထက် ပိုဖွင့်တယ်။ ပါးစပ်ကလည်းတတွတ်တွတ် ဘာတွေရွတ်မှန်းမသိဘူး . . ပြီးတော့ နွယ်နီလို့လည်း ခေါ်တယ်

ဦးလှမောင်ရဲစခန်းကို ဦးတည်မောင်းနေရာက နော ကြောင်းပြန်ကွေ့ကာ ဘုရားလမ်းအတိုင်းမောင်းလာသည်။ ကျို ခေါက်ဘုရားကို လွန်သော် သုံးခွသို့သွားသည့် ဘက်သို့ချိုး ပြီး ရွှေပေါ်ကျွန်းကျောင်းနားရောက်လျှင် သချိုင်းကုန်းဘက်သို့ မောင်းဝင်လာသည်။

[ စာကားချပ်။ ထိုအချိန်က သချိုင်းမြေသည် ၎င်းနေရာတွ ရှိသည်။ ]

အုတ်ဂူဖွေးဖွေးနှင့် မြေပုံကလေးများသည် ကားမီးရော အောက်တွင်အထင်းသားနှင့်။ ကုန်းမို့မို့တွင် ဇရပ်အိုနှင့် သစ်ခြော ပင်တစ်ပင်က ထီးထီးကြီးရှိနေသည်။

ဇရပ်အလွန်တွင် နွယ်နီ၏ အုတ်ဂူရှိသည်။

ဦးလှမောင်သည် သချိုင်းအစပ်တွင် ကားကိုရပ်လိုက် လက်နှိပ်ဓါတ်မီးထိုးကာ ဆင်းလာသည်။ နောက်ကအမီလိုက်လာ သော ကံကောင်းသည် မြေပုံတစ်ခုမှ ငုတ်ကိုတိုက်မိပြီး အရှိန်လွ ကာ ရှေ့မှသွားနေသော ဦးလှမောင်ကို ဝင်တိုးသည်။

" အာ . . . ဒီကောင် "

" ကန်တော့ . . ကန်တော့ . . မတော်လို့ပါ ဆရာ "

ဦးလှမောင်က နွယ်နီ၏ အုတ်ဂူရှိရာသို့ လက်နှိပ်ဓါတ်မီ နှင့် ထိုးကြည့်သည်။

ညိုမောင်သည် အရိုးတစ်ချောင်းကို ကိုင်ပြီးအုတ်ဂူကို ခေါ နေသည်။ ညိုမောင်မျက်လုံးအိမ်တွင် မျက်ရည်အပြည့်နှင့်။ ညို ငိုထားသည်။

" သား . . . ညိုမောင် "

" နွယ်နီကိုလာခေါ်တာ၊ နွယ်နီက ခေါ်လို့မရဘူး "

www.burmeseclassic.com

www.burmeseclassic.com



" နွယ်နီကအိပ်နေတယ်။ မနှိုးနဲ့ အဖေတို့နဲ့ပြန်လိုက်ခဲ့ "

" နွယ်နီ မပါရင် ကျွန်တော်လည်းမလိုက်ဘူး "

" နွယ်နီအိပ်ရာက နိုးရင်လာမှာပေါ့ကွာ။ မိုးချုပ်နေပြီ၊ အဖေတို့ပြန်ကြရအောင်၊ သားအမေစိတ်ပူနေတယ်။ "

" ဟုတ်ပါတယ် . . ကိုညိုမောင်၊ ကျွန်တော်တို့ပြန်ကြရအောင် "

ကံကောင်းကဘေးမှ အုတ်ဂူများကို ကြည့်ရင်း ကြောက်ကြောက်လန့်လန့်နှင့် ဝင်ပြောသည်။

ဦးလှမောင်နှင့် ကံကောင်းတို့သည် ညိုမောင်ကိုချော့မော့ပြီး ခေါ်လာသည်။

ညိုမောင်လှည့်ကြည့်လှည့်ကြည့်နှင့် ပါလာသည်။

ထိုနေ့ညတွင် ညိုမောင်သည် ပြတင်းတံခါးဖွင့်ပြီး နွယ်နီကို စောင့်နေသည်။ ညိုမောင်မအိပ်သဖြင့် အိမ်သားများ မအိပ်နိုင်ကြဘဲ မိုးစင်စင်လင်းသွားသည်။

နောက်တစ်နေ့နံနက် လက်ဖက်ရည်ပွဲတွင် ဦးလှမောင်နှင့် ဒေါ်အေးခင်တို့သည်။ ညိုမောင်ရောဂါအတွက် ဆွေးနွေးနေကြသည်။

" နေမြင့်လေ အရူးရင့်လေဖြစ်သွားမယ်နော့ "

" ဒါဖြင့် . . ရှင်က ဘယ်လိုလုပ်ချင်လဲ "

" ငါတော့ ဆေးရုံပြန်ပြချင်တာပဲကွာ "

" ရှင့် အပြောကတော့လွယ်တယ်။ ကျွန်မတို့သွားရေးလာရေးက မလွယ်ဘူး။ ပြီးတော့ သားလေးတစ်ယောက်ထည်း စိတ်မချဘူး "

" မင်းသား တစ်ယောက်တည်းမဟုတ်ပါဘူးကွာ၊ သွားရေးလာရေးဆိုတာကလည်း ကြည့်စီစဉ်ကြတာပေါ့ "

" မဖြစ်ပါဘူးရှင် "

" မဖြစ်ရင် ဒီလိုပဲ ထိုင်ကြည့်နေမလား "

www.burmeseclassic.com



" ထိုင်တော့ ဘယ်ကြည့်နေမလဲရှင့်၊ သားရောဂါကို ပယောဂဆရာ ကောင်းကောင်းရှာပြီး ထပ်ပြရမှာပေါ့ "

" အင်း . . ဆရာများသားသေတဲ့ကွ "

" အို . . . ရှင် . . . မဦးမချွတ် . . "

ဒေါ်အေးခင်သည်သားဖြစ်သူ ညိုမောင်တစ်ယောက်၊ သူချစ်သော နွယ်နီ အသေဆိုးဖြင့် သေသွားရ၍ အပမှီပြီးရောဂါရနေသည်ဟုထင်သည်။ ထို့ကြောင့် " ဆရာ "အသံကြားသည်နှင့် ညိုမောင်ကိုခေါ်ပြီး သွားပြသည်မှာ နောက်ထပ်နှစ်ယောက်မြောက်သွားပြီးဖြစ်သည်။

ဆရာတစ်ဦးဆိုလျှင် ဆေးဝိဇ္ဇာ ဟုပြောသည်။

ဝိဇ္ဇာမိုရ် လေးပါးရှိသည်။

အင်္ဂဝိဇ္ဇာမိုရ်၊ ဇော်ဂျီဝိဇ္ဇာမိုရ်၊ တပသီဝိဇ္ဇာမိုရ်၊သေသဝိဇ္ဇာမိုရ်ဟူ၍ ဝိဇ္ဇာမိုရ် လေးပါးရှိသည်။

ဆေးဝိဇ္ဇာမိုရ်သည် နတ်ဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ သုတဗြာစားဝိဇ္ဇာ ဟူ၍လေးပါးဖြစ်သည်။ ကာယသိဒ္ဓိ၊ မနသိဒ္ဓိ၊ ဝိဇ္ဇာမန္တသိဒ္ဓိ အားဖြင့်သုံးပါးသော သိဒ္ဓိကို ပြီးသည်။ ရွှေငွေအလိုမရှိ၊ အလိုရှိသော် ဓါတ်လေးပါးတွင် အရည်လျှင်ရာ၌ တံတွေးထွေးကာမျှဖြင့် ရွှေငွေကို ဖြစ်စေသည်။

ဒေါ်အေးခင်တွေ့သောဆေးဝိဇ္ဇာက ငွေလိုသောဝိဇ္ဇာတည်း။ ခနားတွင်လည်း ဆေးပေးမီးယူသူယောင်မယ်လေး နှစ်ယောက်ရှိနေသည်။

ဒေါ်အေးခင်သည် ညိုမောင်ကို ခေါ်သွားပြီး နှစ်ခါလောက်တော့ ပြဖြစ်လိုက်သည်။

နောက်တစ်ယောက်က သေသူ၏ လိပ်ပြာကို ခေါ်ပြီးဆေးကုနိုင်သည်ဟု ပြောသည်။ သူကတော့ ဒေါ်အေးခင်တို့အိမ်လာပြီး ကုသည်။ ဒေါ်အေးခင်ကလည်း အိမ်သို့ပင့်လာသည်။

ဆရာသည် ဒေါ်အေးခင်တို့ အိမ်ရောက်သည်နှင့် ပညာပြ

www.burmeseclassic.com



တော့သည်။

ဒေါ်အေးခင်ဆီမှ ငွေဖလားတစ်လုံးကို တောင်းသည်။ ဒေါ်အေးခင်တို့အိမ်အောက်တွင် အင်းမြှုပ်ထားသည်။ မြှုပ်ထားသည့်အင်းကို ဖော်သည်။

" အင်းချုပ်က မြေလှို့မလို့ တော်တော်ဖမ်းယူရတယ်။ လွတ်သွားလို့ကတော့ မလွယ်ဘူး "

ထိုနေ့ နံနက်တွင် ဆရာသည် ဒေါ်အေးခင်တို့ အိမ်တွင် ထမင်းစားသည်။ သူတွင်မဟုတ် နွယ်နီ၏ ဝိဉာဉ်လိပ်ပြာပါ စားဖို့ဆိုပြီး အမဲသားဟင်းနှင့် ထမင်းတစ်ပွဲ အရေးပေါ်ပြင်ပေးလိုက်ရသည်။

" အချိန်ကျပြီ " ဟုဆိုပြီး နွယ်နီ၏လိပ်ပြာကိုခေါ်သည်။

ဦးလှမောင်က ဆရာလုပ်သမျှ မျက်တောင်မခတ်ဘဲကြည့်နေသည်။

ဘယ်လိုခေါ်ခေါ် နွယ်နီ၏ လိပ်ပြာကမလာ။ ဆရာဇောချွေး ပြန်လာသည်။ နောက်ဆုံးတွင် ဦးလှမောင်က အငေါ်ထူးလိုက်သည်။ " လိပ်ပြာခေါ်မရရင် . . . လိပ်ပြာအရှင်တွေသွားဖမ်း ရောင်းဗျာ " ဟုပြောလိုက်သည်။

ဆရာစိတ်ဆိုးပြီး ပြန်သွားသည်။

ညိုမောင်၏ ရောဂါ ဆေးရှားနေတော့သည်။

\+ + + +



ဆေးရှားနေသော ညိုမောင်အတွက် မတော်လိုက်ရသော ယောက္ခမလောင်းဖြစ်သူ နွယ်နီအမေ ဒေါ်သန္တာက ဆရာတစ်ယောက် ခေါ်လာသည်။

ဆေးဆရာသည် ဘုန်းကြီးလူထွက်ဖြစ်သည်။

" အမှန်အတိုင်းကတော့ ဘုန်းကြီးဝတ်က ထွက်ချင်လို့ ထွက်လာတာမဟုတ်ပါဘူး။ သူ့ဗိုက်အောင့်တဲ့ရောဂါက သာသနာ့ဘောင်မှာ နေမရလို့ပါ။ အစာအိမ်ရောဂါဆိုတာက အစားမှန်မှန်စားရတယ်။ ဆေးမှန်မှန်သောက်ရတယ်လေ။ "

ဆရာကသူ့ရောဂါကုရင်း ဆေးဆရာဖြစ်လာတာ။

" ကျေးဇူးပါပဲရှင် "

" ဪ . . ပြောရဦးမယ်။ ဆရာက တရားသမား ဆေးဖိုးဝါးခဆိုရင် ဆေးဖိုးသာယူမယ်၊ ဝါးခမပါဘူး။ "

" ဆရာမယူပေမယ့် သားရောဂါပျောက်ရင် ကန်တော့ရမှာပေါ့ "

" ဆရာ့နာမည်က ဆရာဦးသိန်းထွန်းတဲ့ "

ဆရာ ဦးသိန်းထွန်းက ညိုမောင်ကို ခေါ်ကာ နေ့နံမေး၍ တွက်ချက်နေသည်။

ဦးလှမောင်က ဆရာဦးသိန်းထွန်း ကို အကဲခတ်ပြီးကြည့်နေသည်။

" လူနာက အင်္ဂါသားနော် "

" ဟုတ်ပါတယ် ဆရာ "

" အညှံ့ထဲက လွတ်ပါပြီ။ ဝဋ်နာကံနာ မဟုတ်ရင် ပျောက်ရမှာပေါ့။ "

" ဟုတ်ကဲ့ပါဆရာ။ သားရောဂါကို ပျောက်အောင်ကုပေးပါဆရာ။ ဆရာကျေးဇူးမမေ့ပါဘူး "

" ကုတာကတော့ ကုပေးရမှာပေါ့ဗျာ။ အနာနဲ့ ဆေးတည့်အောင်ပေး ပျောက်ရေးမခက်ပါ ဆိုထားပေမယ့် သဟဇာတ ဖြစ်ဖို့

www.burmeseclassic.com



လည်းလိုပါတယ်။ "

ဆရာဦးသိန်းထွန်းက စာသံပေသံနှင့် ပြောနေသဖြင့် ဦးလှမောင် ပြုံးလိုက်သည်။

" ကံ စိတ် ဥတု အဟာရတဲ့ . . အဲဒီဓါတ်ကြီးလေးပါးဖြစ်တဲ့ မဟာဘုတ်လေးပါးဟာ ရုပ်ကို ဖြစ်စေတတ်တယ်၊ ပြီးတော့ လူဆိုတာ ဟာလည်း ရုပ်နာမ်နှစ်ပါးပဲရှိတယ်။ "

ဆရာ ဦးသိန်းထွန်းသည် ပြောလက်စ စကားကို ရပ်လိုက်ပြီး လွယ်အိတ်ထဲမှ ဆေးပုလင်းတစ်လုံးကို ထုတ်ယူကာ ရေနွေးကြမ်းပန်ကန်ထဲတွင် အနည်းငယ်ထည့်သည်။ ရေနှင့် ဖျော်ပြီး ညိုမောင်ကို တိုက်ခိုင်းသည်။

" ကျွန်တော်ကိုယ်တိုင် ဖော်သောက်တဲ့ သွေးဆေးပါ။ တဲသားကို နားပါစေ။ ကျွန်တော်တို့ ဆွေးနွေးစရာတွေရှိတယ်။ "

ဒေါ်အေးခင်နှင့် တံကောင်းက ညိုမောင်ကို ခေါ်သွားသည်။

ဆရာ ဦးသိန်းထွန်းနှင့် ဦးလှမောင်တို့ စကားပြောကျန်ရစ်သည်။ ဦးလှမောင်က ဆရာမေးသဖြင့် ညိုမောင်ရောဂါရပုံကို ပြောပြနေသည်။

" နာမည်က ဦးလှမောင်နော် "

" ဟုတ်ပါတယ် ဦးလှမောင်ပါ "

" ဦးလှမောင် အဘိဓမ္မာ သင်ဖူးသလား "

" မသင်ဖူးဘူး "

" နည်းနည်းပါးပါးကော လေ့လာဖူးသလား "

" မလေ့လာဖူးဘူး "

" တရားကော ထိုင်ဘူးသလား "

" လွန်ခဲ့တဲ့ မိုးတွင်း ဝါဆိုလတုန်းကတော့ အဖော်ကောင်းလို့ တစ်ခါသွားထိုင်ဖူးတယ် "

" ဒါ . . ဆိုရင် နိုးစပ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ သိမှာပေါ့ "



" ဟုတ်ကဲ့ . . အဲဒီတုန်းက တရားထိုင်ရင်းနာ့ဖူးပါတယ် "

" တဏှာ ပစ္စယာဥပါဒါန်၊ ဥပါဒါန်ပစ္စယာဘဝေါတဲ့ "

ဦးလှမောင်တို့ ပြောနေခိုက် ဒေါ်အေးခင်ပြန်ရောက်လာသည်။

" သားရောဂါအခြေအနေဘယ်လိုလဲဆရာ "

ဒေါ်အေးခင်က ရောက်ရောက်ချင်း အားကိုးတကြီးနှင့် မေးလိုက်သည်။

" ကျွန်တော်တတ်သလောက်တော့ ကြိုးစားကုပေးပါမယ်။ တစ်ခုတော့ရှိပါတယ်။ သူနဲ့ ကျွန်တော် အနီးကပ်နေမှ ဖြစ်မယ် "

ဦးလှမောင်နှင့် ဒေါ်အေးခင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။

" ဆရာက အညာမှာနေတာဆိုတော့ ဘယ်လိုလုပ်ရမလဲ ဆရာ "

နှယ်နီ အမေဒေါ်သန္တာက ဝင်ပြောသည်။

" ဒီလိုလုပ်ပါလားဆရာ . . ဖြစ်နိုင်မယ်ဆိုရင် . . ကျွန်တော်တို့ သားကလေးကို ဆေးကုပေးရမယ်ဆိုတော့ . , ကျွန်တော်တို့ အိမ်မှာပဲ တည်းပါ။ ပြီးတော့ ကျွန်တော်တို့လည်း တရားဆွေးနွေးခွင့် ရတာပေါ့ "

ဆရာ ဦးသိန်းထွန်း စဉ်းစားနေသည်။

" ဟုတ်ပါတယ် ဆရာ၊ ကျွန်မတို့ အိမ်မှာဘာမှ အားနာစရာမလိုပါဘူး "

ဒေါ်အေးခင် ကထပ်ပြောသည်။

" ကောင်းပါပြီလေ။ ဒီလိုလုပ်မှ ဖြစ်မယ်ဆိုတော့ ဒီလိုပဲလုပ်ရတော့မှာပေါ့။ ကျွန်တော်ဒီမှာ တည်းပြီးဆေးကုပေးပါမယ်။ ဒီနေ့တော့လူနာအတွက်လိုအပ်တဲ့ ပစ္စည်းတွေဝယ်ပေးကြပါ။ "

" ခုညတော့ ကျွန်တော် ကျိုက်ခေါက်ဘုရားနားက ကန်သာယာဘုန်းကြီးကျောင်းမှာ သွားအိပ်မယ်။ ညဘက်ကျတော့ ဘုရားမှာ

www.burmeseclassic.com

www.burmeseclassic.com



ပုတီးစိပ် တရားထိုင်ချင်လို့ပါ ”

ညိုမောင်အတွက် ညဘက်တွင် သောက်ရန်ဆေးများထစ် ပေးပြီး နှုတ်ဆက်သွားသည်။

ဦးလှမောင်က ကံကောင်းကို ဆေးဝယ်ခိုင်းသည်။

ဤသို့ဖြင့် နောက်တစ်နေ့တွင် ဆေးစကုသည်။

ဆရာဦးသိန်းထွန်းသည် လက်ဖွဲ့ဗာရေးသုံးပါးဖြစ်သော အနိစ္စ - ဒုက္ခ - အနတ္တကို ရေးပြီးနောက် အင်းကွက်တစ်ချပ်ရေး သည်။ ကန်တော့ပွဲများကို ကိုယ်တိုင်ပြင်သည်။

ဆေးချက်ရန်အတွက် ငှက်ပျောသီးငယ် တစ်ဖီးကို အခွံနွာ ခြင်း၊ နကပါရီ အုန်းတစ်လုံးကို အရေနှင့် တကွအဖတ်ပါခြစ်ခြင်း၊ သကြား၊ ခဲ၊ ကြံ့သွေးနှင့် အခြားဆေးများထည့်ပြီး ဆေးကြိုသည့် အလုပ်ကိုတော့ ဦးလှမောင် ဒေါ်အေးခင်နှင့် ကံကောင်းတို့ ဝိုင်းလုပ် ကြသည်။

အားလုံးပြီးသော် ညိုမောင်ကို ကျွေးသည်။

ဆရာ ဦးသိန်းထွန်းသည် ကန်တော့ပွဲများပြင်ပြီး ဘုရားကို ကပ်လှူပူဇော်ပြီး ရှိခိုးနေသည်။

ဦးလှမောင်က ဆရာဦးသိန်းထွန်းကို ကြည့်နေသည်။

ဆရာဦးသိန်းထွန်းသည် ဘုရားရှိခိုး . . . မေတ္တာပို့ . . . အမျှဝေ . . ဆုတောင်းပြီး နောက်ထမင်းမစားမီ ဦးလှမောင်နှင့် တရား အကြောင်းပြောသည်။

“ ရောဂါမရှိတဲ့ လူမရှိဘူး၊ ရောဂါကိုးဆယ့်ခြောက်ပါးက တော့လူတိုင်းမှာ တစ်ခုမဟုတ်တစ်ခုရှိနေတာပဲဗျာ။ မသေဘူးတဲ့ အိမ်၊ မသေဘူးတဲ့နေရာလည်းမရှိဘူး၊ ပဋ္ဌာစာရီကိုကြည့်ဗျာ လင် ယောကျ်ားကို မြွေကိုက်ခံရ၊ သားနှစ်ယောက်ကလည်း စွန်ချီခံရ ရေနစ် ခံရ၊ မိဘများလည်း လေမိုးကျ တိုက်ပိလို့သေရနဲ့ ဘယ်လောက် ဒုက္ခရောက် အပူတွေများလဲ . . ”

“ ဟုတ်ပေါ့ဗျာ ”



“ ကျွန်တော် မနေ့ကပြောခဲ့သလို ပဋိစ္စသမုပ္ပါဒ်တရား တော်အရ ပေါ့ဗျာ . . . ”သမုဒယကြောင့် ဒုက္ခဖြစ်ရမယ်ဆိုတဲ့ သစ္စာ နှစ်ပါးအတိုင်းပဲလေ . . အဲဒါထား ဦးရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီးက သူ့ဘဝသံသရာတစ်လျှောက်မှာ မသေဘူးတဲ့နေရာမှာ ဆွမ်းစားမယ်ဆိုပြီး သမုဒ္ဒရာထဲက အငူလေးပေါ်မှာ ရောက်ပြန်တော့ လည်း အဲဒီနေရာမှာ ပုဇွန်ဘဝနဲ့ သုံးဘဝသေခဲ့ဖူးတယ် ”

ဦးလှမောင်က ဆရာဦးသိန်းထွန်း၏ တရားကိုနာနေသည်။ ဒေါ်အေးခင်က ဆရာ့အတွက် ထမင်းပွဲပြင်နေသည်။

“ ဇာတိရှိရင် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမန သ၊ ဥပါယာသ ဆိုတာ ခုနှစ်ဆိုအမြင်တန်းတော့ ပဲဗျာ့ ”

ဒေါ်အေးခင်ကထမင်းစားကြရန် လာခေါ်သဖြင့် ထ ကြသည်။

ထမင်းစားပြီးနောက် ဆရာဦးသိန်းထွန်းသည် ညိုမောင် အခြေအနေကိုကြည့်သည်။

ညိုမောင် အိပ်ပျော်နေသည်။

ဆရာ ဦးသိန်းထွန်းသည် ကြိုချက်ထားသော ဆေးများကို လုံးကာ ပုလင်းထဲထည့်သည်။ ပါးစပ်ကလည်း ဓါရဏပရိတ်တော် ကိုရွတ်နေသည်။

ဦးလှမောင်လာထိုင်သဖြင့် ဓါရဏပရိတ်တော်၏ အကျိုးတို ဆက်ပြောသည်။

“ ဓါရဏပရိတ်တော်မှာ . . နဥမ္မတ္တကံ ဆိုတာပါတယ်။ ဥမ္မ တ္တဆိုတာ အရူး . . . နဥမ္မတ္တကံဆိုတာကြတော့ မရူးသွပ်စေဘူးလို့ အဓိပ္ပါယ်ရပါတယ်။ ဓါရဏပရိတ်တော်ဟာ ခုနှစ်ဆယ့်ခုနှစ်ကုဋေ ကုန်သော . . ကိုးဆယ့်ကိုးကုဋေကုန်သော ဘုရားတွေဟောကြား တော်မူခဲ့တဲ့ ပရိတ်တော်ကြီး . . သေပြီးသော သစ်ပင် ရှင်စေတယ်၊ မသေသေးသောသစ်ပင်လည်းအကိုင်း အခက်ဝေစေတယ် ”

www.burmeseclassic.com



ဆရာဦးသိန်းထွန်းရောက်လာသဖြင့် ဦးလှမောင်နှင့် ဒေါ်အေးခင်တို့ ဗဟုသုတ စုံအောင်ရလိုက်သည်။

ဤသို့ဖြင့် . . ။

ရက်ကြာလာသည်နှင့် အမျှ ညိုမောင်၏ရောဂါကသက်သာလာသည်။

ခုနစ်ရက်တစ်ပတ်ခန့်ကြာသွားသည်။

" ဒီလောက်ဆိုရင် စိတ်ချရပါပြီ . . တဖြည်းဖြည်းနဲ့ကောင်းသွားမှာပါ . . ခင်ဗျားတို့ သားကို ဆေးကုပေးရုံတင်မကပါဘူး တရားထိုင်ဖို့ပါ သင်ပေးခဲ့ပါတယ် "

" ကျေးဇူးတင်ပါတယ်ဆရာ "

" ဒီလောက်ဆိုရင် ကျွန်တော်တို့ တစ်ယောက်အကြောင်း တစ်ယောက်သိပါပြီ "

" ဟုတ်ပါတယ်ဆရာ။ ကျွန်မတို့ကို လူရင်းတွေလိုသဘောထားပါ "

" လူရင်းလို့ဆိုရင်တော့ ပြောရတာပေါ့ဗျာ။ များသောအားဖြင့် လူတွေဟာ သူများပါးစပ်ထဲမှာ လမ်းဆုံးနေကြတယ်။ သူများပြောတာကိုယုံနေကြတယ်။ သူများပါးစပ်ထဲမှာပဲ လူဖြစ်နေကြတယ်။ အဲဒီတော့ ခင်ဗျားတို့လည်း သူများပါးစပ်ထဲကလူမဖြစ်စေကြနဲ့ဗျာ "

" သူများပါးစပ်ထဲကလူ "

ဦးလှမောင်က ဆရာဦးသိန်းထွန်း၏ စကားကိုသံယောင်လိုက်သည်။

ဆရာဦးသိန်းထွန်းပြန်သွားပြီ။

ထိုအချိန်မှစ၍ ဦးလှမောင်၊ ဒေါ်အေးခင်နှင့် သားဖြစ်သူ ညိုမောင်တို့ စကားပြောလျှင် သူများပါးစပ်ထဲကလူ မဖြစ်ဖို့ ပြောတတ်ကြသည်။

ညိုမောင်ဆိုလျှင် သေဆုံးသွားသော နွယ်နီကို သတိရတိုင်း ဥပါဒါန်ကြောင့် ဥပါဒ်မရောက်တော့ . . . သူပြုသမျှကုသိုလ်ကိုအမျှ



ပေးဝေနေတတ်ပြီ။

ဤအိမ်ရှေ့သို့ ရောက်သူတိုင်း ညိုမောင်၏ အမျှဝေသည့် ကြေးစည်သံလွင်လွင် သမင်လည်ပြန် လှည့်ကြည့်သွား တတ်ကြသည်။

ချစ်သန်းမြင့်

* * * *

www.burmeseclassic.com

www.burmeseclassic.com



# တိုက်ဆိုင်သည်လား ဝိုးတဝါးနှင့် ...

နန္ဒာမိုးကြယ်

မြစ်ဝကျွန်းပေါ်ရှိ ရွာကလေးတစ်ရွာသို့ ခရီးရက်ရှည်ထွက် နေရာမှ မမျှော်လင့်ပါဘဲ ပြန်ရောက်လာခဲ့သော မိတ်ဆွေကြီး ... ဂန္ဓာရီဆရာမြကြောင့် ဝမ်းသာရသောသူမှာ ကျွန်ုပ်မှ လွဲ၍ မည်သူ မဖြစ်နိုင်ပါချေ။

မဂ္ဂဇင်းများ၊ လုံးချင်းဘုတ်အုပ်များ၌ လျှို့ဝှက်ဆန်းကြယ် ဝတ္ထုများ၊ ဂမ္ဘီရဝတ္ထုများကို ရေးသားလေ့ရှိသော ကျွန်ုပ်စာရေးဆ အဖို့ ရံဖန်ရံခါ၌ အကြောင်းအရာ၊ ဇာတ်လမ်းဇာတ်ကွက်များခ ခြောက်လေ့ရှိတတ်ပါသည်။ ပမာအားဖြင့် လက်ယက်တွင်းထဲမှ ကို အငမ်းမရ ကုန်စင်အောင် ခြစ်ခြုတ် ခပ်ငင်မိသဖြင့် တော်ရုံ ရေကစိမ့်ထွက်မလာသည့် ပုံပမာတည်း။

ကျွန်ုပ်အဖို့ ကံကောင်းသည်ဟု ဆိုရပါလိမ့်မည်။

အကြောင်းမူ ထိုသို့သော အခြေအနေမျိုးနှင့် ကြုံရ အကျဉ်းအကျပ်တွေ့လာခဲ့ရပြီ ဆိုပါက မိတ်ဆွေကြီး ဂန္ဓာရီဆရာ သည် မိုးနတ်မင်းကြီးအလား၊ ကယ်မကူညီရန် ရောက်ရှိလာတ သောကြောင့်ဖြစ်ပါသည်။ ယခုလောလောဆယ်မှာမူ ကျွန်ုပ်အ အကြောင်းအရာတွေ၊ ဇာတ်လမ်းဇာတ်ကွက်တွေ ရှိနေရသေးတာ ဆရာမြ၏ အကူအညီကို မလိုအပ်ပါချေ။ သို့ပါသော်ငြား ... ဆရာမြရှိနေခြင်းသည် ကျွန်ုပ်အတွက်မူ လွန်စွာမှ အားရှိရပါခြင်း

" ဗျို့ . . ကိုရင်၊ ကိုရင့်ခေါင်းရင်းအိမ်ဘက်မှာ မဏ္ဍပ်ကန ျင်းကြီးထိုးထားပါကလား၊ အဲဒါ . . . ဘာလုပ်တာလဲ . . "

" မင်္ဂလာဆောင်လေ . . . ဆရာမြရဲ့ "

" ဆောင်ပြီးသွားပြီလား၊ မကြာခင် ဆောင်တော့မှာလား "

" ဆောင်ပြီးသွားပြီ . . . ဆရာမြရဲ့။ တစ်မြန်နေ့ကတင်ပြီး သွားတာ။ အဲသည်အချိန် ဆရာမြရှိမနေတာ ကံကောင်းတာပဲ။ နို့ ဟုတ်ရင် . . . ညလုံးပေါက် ကိုးရိုးကားရားအော်ဟစ် သီချင်းဆို တွေနဲ့ အိပ်လို့လည်းရမှာမဟုတ်ဘူး။ ဘုရားရှိခိုးလို့လည်း ရမှာ ဟုတ်ဘူး . . "

" သြော် . . . ကာလသားသမီးတွေခမျာ သည်လိုမျိုးပွဲက လေးတွေကြုံပါမှ စိတ်လွတ်ကိုယ်လွတ်နဲ့ ပျော်ကြရွှင်ကြရတာက ား။ ကျုပ်ရှိနေလည်း ခွင့်လွှတ်သည်းခံနေမှာပါ။ ကျုပ်ဆိုလိုချင်တာ အဲဒါမဟုတ်ပါဘူး ကိုရင် . . ။ လောကီပညာအရ မင်္ဂလာ ဆောင်အခမ်းအနားပြီးရင်၊ ပြီးစီးပြီဆိုတာနဲ့ မဏ္ဍပ်ကနဖျင်းကို ဖျက် ပါတယ်။ သာရေးကိစ္စတွေတင်မဟုတ်ဘူး။ နာရေးကိစ္စတွေမှာ လည်း သည်လိုပါပဲ ကိုရင် . . "

" မဖျက်ဘူးဆိုပါတော့ . . ။ ဘာတွေဖြစ်လာတတ်သလဲ . . ဆရာမြ "

" ကိုရင်က ပြတ်ပြတ်သားသား မေးလာတော့လည်း၊ ကျုပ် နေနဲ့ ပြတ်ပြတ်သားသားပဲ ဖြေရတော့မပေါ့လေ။ အဲသလို မဖျက် င်းဟာ မကောင်းတဲ့ နိမိတ်ကို ဆောင်တာပဲ။ မမျှော်လင့်တာတွေ ဖြစ်လာတတ်တယ်။ ဖြစ်လာတာမှန်သမျှလည်းစိတ်ဆင်းရဲစရာပဲ "

သည်သို့ . . ဂန္ဓာရီဆရာမြနှင့် ကျွန်ုပ်သည် ရေနွေးကြမ်း စ်အိုး၊ ထန်းလျက်ခဲတစ်ပန်းကန်ကို အလယ်တွင်ချလျက် စကား တိုင်အဖောက်ညီနေခိုက် ရွာသားလေးငါးယောက်ခန့်သည် ာင်ပုခက်ကြီးတစ်ခုကို ဝါးလုံးလျှိုထမ်းကာ မင်္ဂလာဆောင်မဏ္ဍပ် ျက်ရသေးသော အိမ်ဝိုင်းအတွင်းသို့ ဝင်သွားလေတော့၏။

www.burmeseclassic.com



" အား . . . အမလေး . . အမယ်လေးလေး . . ။ အေ
. . ငါ့ကိုဘာထင်သလဲ။ ငါ့နာမည် 'ဘညိမ်း' မဟုတ်ဘူး။ ကြည်သိန်း
တဲ့ကွ . . ။အောင်မယ်လေးလေး . . . ဗျာ။ ကျွတ် . . . ကျွတ် . .
ကျွတ် . . ။ကြည်သိန်းမှ ကမ္ဘာတည်အောင် ဆီမလိမ်းတဲ့ . .
"သာစည်မောင် - ကြည်သိန်း" ပါတဲ့ဗျာ။ အား . . အဟား . . ဗ
ဟား။ အဟင်း . . အီး . . ဟီးဟီးဟီး . . "

ထိုအသံကား ပုခက်တွ ပါရှိသွားသူ၏ ကယောင်ကတမ်း
ရေရွတ်ပြောဆိုသံများ ဖြစ်လေရကား . . ကျွန်ုပ်လည်း ခေါင်းနပန်း
ကြီးသလိုဖြစ်ရင်း . . ဂန္ဓာရီဆရာမြအား ဖျတ်ခနဲကြည့်လိုက်လေရာ
တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေသည့်အလား၊ ခေါင်း
တဆတ်ဆတ်ညိတ်နေသည်ကို တွေ့လိုက်ရလေတော့၏။

■■■

မကြာခင်မှာပင် . . ထိုအိမ်ဝိုင်းဆီမှ လူရွယ်တစ်ယောက်
ထွက်လာကာ ကျွန်ုပ်တို့ရှိနေရာသို့ ဝင်လာသဖြင့် . . တပည့်ကျော်
ကလေး မောင်တင်ထွေးဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

" ခေါင်းရင်းအိမ်က မောင်ကြည်သိန်းတစ်ယောက် ဘယ်လို
ဖြစ်တာလဲကွာ။ အကြီးအကျယ်နေမကောင်းလို့ ငန်းဖမ်းနေသေး
သလား . . "

" နေမကောင်းတာ မဟုတ်ဘူး ဆရာလေးရဲ့ . . ။မရှိမသေ့ စကား
. . . သူ့မိန်းမ တင်တင်အေး ကပြောတာပဲ။ သူ့ယောကျ်ား ဖြစ်တာ
. . . ယောကျ်ားကိစ္စတဲ့။ 'တိုနာ' . . လေ ဆရာလေး . . "

" ဘာ . . . 'တိုနာ' ဟုတ်လား . . "

'တိုနာ' ဆိုသည့်စကားကြောင့် ကျွန်ုပ်အဖို့အကြီးအကျယ်
စိတ်လှုပ်ရှားသွားရပါတော့သည်။ နိုင်ငံရပ်ခြားဆေးပညာရပ်အနေ
နှင့် မည်သို့မည်ပုံယူဆသုံးသပ်လေမည်မသိ။ ကျွန်ုပ်လေ့လာသိရှိ



သည်ကာမူ (နားနှင့်မနာ၊ ဖဝါးနှင့်နာ . . ) 'တိုနာ' ဟူသည်၊ ယောကျ်ား
အချို့၌ ဖြစ်တတ်သော ရောဂါဆန်းတစ်ခုပါပေ။ ယောကျ်ား၏ တန်
ဆာသည် အထဲသို့တိုဝင်သွားသော ဝေဒနာဖြစ်လေရာ၊ ထိုသို့ဝင်
သွားပြီဆိုပါက . . ၊ အသက်အန္တရာယ်ကို ပေးတတ်ပါချေသည်၊
စိုးရိမ်ထိတ်လန့်ဖွယ်ရာ ရောဂါတစ်ခုလည်းဖြစ်ချေ၏။

" သည်ရွာမှာ . . သည်လိုမျိုး 'တိုနာ' . . ရောဂါနဲ့ ပတ်
သက်လို့ နားလည်တတ်ကျွမ်းတဲ့သူတွေ မရှိကြဘူးလားကွယ့် . . "

ဂန္ဓာရီဆရာမြက ထိုသို့ ဝင်ပြောလေတော့ သွက်လက်ချက်
ချာလှစွာသော မောင်တင်ထွေးက -

" သည်ရွာမှာတော့ ဗိန္ဒောဆရာ ဦးအောင်ကြီးနဲ့ ဦးလူဝေး
တို့ ရှိကြပါတယ်။ ဦးအောင်ကြီးက သန်လျင်ဘက်ကို ရောက်နေ
တယ်။ ခု . . ဦးလူဝေးကို သွားပင့်တာ ရောက်လာပါပြီ ဆရာကြီး"

" အေး . . ဟုတ်သကွယ့်၊ တို့ . . မြန်မာဆေးနည်းတွေက
လည်းအတော်ပဲ ထူးဆန်းလှတယ်။ ဘယ်လိုဓါတ်သဘာဝလဲတော့
မပြောတတ်ဘူး။ တိုနာ . . ရောဂါအတွက်တော့ အင်မတန်မှ ထိ
ရောက်တဲ့ ဆေးချက်တစ်ခုပဲ . . "

" ကိုင်း . . ဆရာကြီးရေ၊ နွားစာစင်းစရာလေးတွေ ရှိနေ
သေးလို့ ခဏပြန်လိုက်ဦးမယ်။ ပြီးတော့မှ . . ပြန်ကူးလာခဲ့ဦးမယ်။
ဆရာကြီးက စွယ်စုံမို့ အဲသည် အိမ်ဘက်ကူးပြီး ကျွန်တော်သူငယ်
ချင်း ကြည်သိန်းအတွက် ကူညီပါဦးနော် . . "

" အေးပါကွယ် . . အေးပါ . . "

သည်သို့ပြောဆိုနှုတ်ဆက်ပြီးနောက် မောင်တင်ထွေးလည်း
ပြန်ထွက်သွားလေတော့သည်။ ကျွန်ုပ်တို့ကား . . . သည်ရွာနေ
သည်ရေသောက်တွေ ဖြစ်နေကြပြီမို့ အရေးကြုံလာပါက သည်ရွာ
ကလေးအတွက်၊ တတ်စွမ်းနိုင်သမျှ အကျိုးပြုဖို့ရာ အမြဲလိုအဆင်
သင့်ဖြစ်နေကြလေပြီ။

" အား . . . အမယ်လေး . . . အမယ်လေး . . . လေး

www.burmeseclassic.com



တောက်! ဘယ်သူလဲကွ ငါ့ကိုစိန်ခေါ်နေတာ။ သာစည်နယ် မဲထီးရွာက တောပုန်းကြီးစံဖဲဟာ ငါ့အဘိုးတစ်ဝမ်းကွဲတော်တယ်နော် ။ ဟေ့ . . 'ဆကာကြီးသား မောင်ယု' နေရာတကာ . . စွာ . . စွာ . . စွာ . . စွာ လာမလုပ်နဲ့။ မင့်လက်စွဲ 'နတ်မောက်စိန်လင်း'လည်း မကြောက်ဘူး . . ။ 'ကြို့ပင်ငြိမ်း' ဆိုတဲ့ ထန်းသမားကိုလည်း အရေးမစိုက်ဘူး။ အား . . အမလေး . . အမေရေ . . ကယ်ပါဦးဗျ . . "

ခေါင်းရင်းဘက်ဆီမှာတော့ ကယောင်ကတမ်း အသံတွေ တပ်ပွ့်လွင့်ဆဲ။

အဆိုပါ . . မောင်ကြည်သိန်းဆိုသည့် သူငယ်ကလေးကို ဤရွာသို့ ရောက်စဉ်ကပင် သတိပြုမိခဲ့ပါသည်။ သူသည် သာစည်နယ်သားကလေးဖြစ်ပြီး မြေကြီးပေါက်သော ကာယအလုပ်ဖြင့် အသက်မွေးကာ . . ဤရွာသို့ အမှတ်မထင်ရောက်ရှိလာခြင်းဖြစ်ပြီး၊ ရွာခံ . . တင်တင်အေးတို့ မိဘများက ကွမ်းခြံစိုက်ရန် မြေကြီးပေါက်ငှားရင်းမှ၊ လူငယ်တို့ဘဝ ရှေးရေစက်မေတ္တာခရီးလမ်းပေါင်းဆုံ၍ အိမ်ထောင်ရက်သားကျသွားခဲ့သော လူရိုးလူကောင်းကလေးဖြစ်ပါသည်။ ယခုမူ ၎င်း၏နှုတ်မှ ကယောင်ကတမ်းဖြင့် ၎င်းရင်ထဲမကျေနပ်ခဲ့သော သူတို့အား စိန်ခေါ်နေပေပြီ။ ဒါကလည်း ခံစားနေရသော ရောဂါက သည်းလွန်းနေ၍ ဖြစ်ချိမ့်မည်။

" သိပ်လည်း မပူပါနဲ့ ကိုရင်ရယ် . . ။ လူတိုင်းမှာ သူကံနဲ့ သူပါလာကြတာချည်းပါ။ အနာနဲ့ဆေးတည့်သွား၊ အပ်စပ်သွားမယ်ဆိုရင်တော့ . . ခံစားနေရတဲ့ ဝေဒနာတွေပျောက်သွားမှာပါ "

သည်သို့ ဂန္ဓာရီဆရာမြက နှစ်သိမ့်ချေ၏။

မောင်တင်ထွေးထံမှ လေ့လာသိရှိရသလောက်ဆိုလျှင်ဖြင့် . . . ဗိန္ဓောဆရာကြီး ဦးလူဝေး၏ စီစဉ်ကြံဆမှုဖြင့် ဝေဒနာရှင် မောင်ကြည်သိန်းခမျာ ဇနီးသည် တင်တင်အေး ရှာဖွေဆောင်ကျဉ်းလာခဲ့သော 'ဣတ္ထိယလောမာ 'တို့အား မီးမြှိုက်ကာ . . ထွက်ပေါ်လာသော အငွေ့များအား ရှူစေ၏။



ထိုအချိန်ဝယ် . . လိုအပ်လာပါက အကူအညီပေးနိုင်ရန် ကျွန်ုပ်တို့လည်း လူမမာအိမ်သို့ ရောက်ရှိနေကြပြီဖြစ်၏။ ဆရာကြီး ဦးလူဝေး၏ ဆေးနည်းက ထိရောက်လှပါ၏။ တိုဝင်သွားတော့မည့် ကိစ္စသည် တန့်ရပ်သွားလေ၏။ အနီးပတ်ဝန်းကျင်မှ ကိုမောင်မောင်ခိုင်တို့ကလည်း ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြလေရာ . . ယောက်ျားဝေဒနာ 'တိုနာ'. . ကိစ္စသည် အေးငြိမ်းသွားမည်ဟု ယူဆရပေတော့မည်။ သို့ရာတွင် . .

" ဟား . . ဟား . . ဟား . . ။ ဟေ့ . . . မောင်မောင်ဦး ငါ့ကို လူလည်မကျနဲ့ကွ။ ချေးထားတဲ့ စပါး(၅)တင်း . . မြန်ပေးဖို့ မေ့ချင်ယောင်ဆောင်နေသလား။ တောက်! သေသွားမယ်။ ဟေ့ ကောင် . . ကျွဲသို့၊ မင်းလည်း . . သတိထား။ နှစ်လုံးသောက်ပြီး မူးပြတာလောက်တော့ ပျင်းတောင်ပျင်းသေးတယ်။ အား. . လား. . လား . . ။ သည်နှစ်စပါးပေါ် လို့ကတော့ . . မွန်ပြည်နယ်ကိုကိုနိုင်ဆိုင်းကိုငှားပြီး . . . ဖြူဖြူကျော်သိန်းကို တစ်ညလုံး ငှားဆိုခိုင်းမယ်။ ကိုင်း . . လာလေ့ . . ။ တိန်ပူနိမ့် . . ပူနိမ့် . . ဗျော် ဗျော် . . "

ယောက်ျားရောဂါဝေဒနာအတွက် ဘဝင်အေးသွားရပြီဆိုသော်ငြား၊ အဖျားအနာမရှိပါဘဲ နှင့် ခုလိုမျိုး ကယောင်ကတမ်းတွေ အော်ဟစ်ပြောဆိုနေသည်မှာမူ ထူးရိုးစရာကောင်းလှသည်ဟု ကျွန်ုပ် ထင်ပါ၏။ ဂန္ဓာရီဆရာမြကို ကြည့်လိုက်တော့လည်း . . . ခေါင်းတဆတ်ဆတ်ညိတ်လျှက် . . ကျွန်ုပ်နည်းနှင်နှင်။ ဤတွင် ဆရာမြသည် ဗိန္ဓောဆရာကြီး ဦးလူဝေးနှင့် စကားပြောဆိုကြည့်နေလေသည်။

" မိတ်ဆွေကြီးရေ . . . ကျုပ်ဗိန္ဓောဆရာလုပ်လာတာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပါပြီ။ သည်လိုမျိုးမကြုံဖူးပါဘူး။ ကာယကံရှင်တွေကလည်း ပယောဂများ ဝင်လေသလားဆိုပြီး ကွင်းထဲက ကတည်းက ခေါ်ဟာပစ်တာတို့၊ ကျွေးတာမွေးတာတို့လည်း လုပ်ခဲ့ကြပြီးပါပြီ။ ယောက်ျားရောဂါအတွက် စိတ်ချရပေမဲ့ ခုလိုမျိုးကယောင်ကတမ်းတွေ အော်ဟစ်နေတာမျိုးကျတော့ ကျုပ်လည်း မျှော်

www.burmeseclassic.com

www.burmeseclassic.com



ဆတတ်တော့ဘူး . . "

ဗိန္ဓောဆရာကြီးက ရိုးဖြောင့်စွာပင် ပြောကြားပါချေသည်။ ထိုအခါ . . ဂန္ဓာရီဆရာမြသည် သောက်ရေသန့် တစ်ခွက်ကို ခပ်လျှတ်၊ ဘုရားစင်ပေါ် သို့တင်ရင်း . . မေတ္တာဘာဝနာများ ပွားများလိုက်သည်။ အတန်ကြာ၍ ဘာဝနာပွားပြီးလေသော ထိုရေခွက်မှ ရေအား . . လူနာမောင်ကြည်သိန်းကို တိုက်ရန်ပြင်လေ၏။

" အား . . ကြောက်တယ်။ ကြောက်တယ်။ မတိုက်နဲ့ . . မတိုက်နဲ့ . . ပြန်ယူသွား။ အမယ်လေး . . လေး . . မမြင်ချင်ဘူး . . သွား . . သွား . . ပြန်ယူသွား . . "

ထိုသို့ အကြောက်အကန့်ငြင်းဆိုရင်း ဂန္ဓာရီဆရာမြ၏ လက်ထဲကရေခွက်ကို ပုတ်ထုတ်လိုက်လေတော့သည်။ မောင်ကြည်သိန်းကို ကြည့်ရသည်မှာ ရေကိုမြင်လိုက်ရကတည်းက အတော်ကလေးကို မျက်စိမျက်နှာပျက်နေလေ၏။ မျက်လုံးများမှာ အနီရောင်သို့ ခပ်လုလု။ ပြီးတော့ . . ပါးစောင်နှစ်ဖက်မှ သွားရည်အချို့ စီးကျလာရာ ဖနီးသည်က သုတ်ပေးနေရလေသည်။ တစ်ချက်တစ်ချက်တွင် အကြောအခြင်များ ဆတ်ခနဲတွန့်တွန့်နေလေသည်။

" ကိုင်း . . ကလေးမရေ . . ညဉ်းယောကျ်ားရဲ့ အသက်အန္တရာယ်ဟာ အင်မတန်မှ အရေးကြီးတဲ့အပိုင်းကို ရောက်နေပြီ . . "

" သူ . . သူ၊ ကျွန်မယောကျ်ား ကိုကြည်သိန်း . . ဘာဖြစ်တာလဲဟင်။ ပရောဂလား . . ရွာသူတွေ ဖမ်းစားခံနေရတာလား "

" မဟုတ်ပါဘူး . . ကလေးမ၊ ညဉ်းယောကျ်ားကို ဘယ်ပရောဂမှ ဝင်မပူးသလို၊ ဘယ်ရွာသူကမှလည်း ဖမ်းစားထားတာမဟုတ်ပါဘူး။ သူ့လက္ခဏာကိုကြည့်ရတာ . . . ကာလအတန်ကြာက ရောဂါပိုးရှိတဲ့ သတ္တဝါတစ်ကောင်ကောင်ရဲ့ ကိုက်ခဲမှုကို ခံရဖူးလိမ့်မယ်။ အဲသည်တုန်းက မြုံနေလို့ မပေါ်ခဲ့ပေမဲ့ ပေါ်ချိန်တန်လို့ ပေါ်လာတဲ့အခါကျတော့ ရောဂါပိုးဟာ သွေးကြောတွေကတစ်ဆင့် ဦးနှောက်ထဲကို ရောက်နေတဲ့ လက္ခဏာပဲ။ အကောင်းဆုံးကတော့ ဆေးရုံကို အမြန်ဆုံးပို့ပါ။ အဲသည်မှာ ခေတ်မီအစွမ်းထက်တဲ့ ဆေးဝါးတွေ၊ ကျွမ်းကျွမ်းကျင်ကျင် ကုသပေးမယ့် အတတ်ပညာရှင် ဆရာဝန်တွေရှိကြပါတယ် . . ။ လောကမှာ အသက်တစ်ချောင်းဟာ အရေးကြီးပါတယ် . . ကလေးမရယ် . . ။"



" ဟုတ် . . ဟုတ်ကဲ့။ ကျွန်မ . . ခုပဲ ဆေးရုံပို့ဖို့ စီစဉ်လိုက်ပါတော့မယ် . . "

မကြာခင်မှာပင် လူမှုရေးစိတ်ဓါတ်ပြည့်ဝကြလေတော ရွာသူရွာသားအချို့သည် . . ဂွန်ဒေါင်းတစ်စီးကို အမြန်ဆုံးစီစဉ်လျက် လူနာကို ဆေးရုံသို့ အချိန်မီ ရောက်ရှိနိုင်ရေးအတွက် လှုပ်လှုပ်ရှားရှားဖြစ်နေကြလေတော့သတည်း ။

■■■

'မနုဿတ္တဘာဝေါ - ဒုလ္လဘော 'ဆိုသည့် တရားတော်နှင့်ညီ ရခဲလှစွာသော လူ့ဘဝအတွက် မောင်ကြည်သိန်းတစ်ယောက် ဆေးရုံသို့ ရောက်ရှိပြီးသကာလ၊ ခေတ်မီဆေးဝါးများ၏ အာနိသင်၊ ဆရာဝန်ကြီးများ၏ အတတ်ပညာအစွမ်းဖြင့် ကောင်းမွန်ပကတိရှိစေကြောင်း ဆုတောင်းမေတ္တာပို့နေချိန်ဝယ် မိတ်ဆွေကြီးဂန္ဓာရီဆရာမြသည် လက်စွဲတော်ဆေးပြင်းလိပ်ကြီးကို ပါးစပ်တွင်ခဲကာ ကိုလက်ကုလားထိုင်၌ ငြိမ်သက်နေပါပြီကော။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက် . . .

ရွာအတွင်းသို့ . . လူနာပို့ဆောင်ခဲ့သော ဂွန်ဒေါင်းပြန်ဝင်လာသံကို ကြားလိုက်ရလေသည်။ ထို့အတူပင် . .

" အမလေး . . ကိုကြည်သိန်းရဲ့ . . ဘယ်သူ့ကိုယုံလို့ ဟောဒီက ကျွန်မတင်တင်အေးကို . . ထားရစ်ခဲ့တာလဲ . . ။ အီး . . ဟီး . . . ဟီး . . "

ဂွန်ဒေါင်းစက်ရပ်သံအဆုံး ကြားလိုက်ရသော မင်္ဂလာကင်းမဲ့သည့်အသံ။

အခြေအနေက . . ရှင်းနေပါပြီ။

" သတ္တဝါတစ်ခု၊ ကံ . . တစ်ခုပဲပေါ့ . . ကိုရင်ရယ် . . "

တည်ငြိမ်သော်လည်း မချိတင်ကဲမှု အရိပ်အယောင်များ ရက်ရှယ်နေသည့် ဂန္ဓာရီဆရာမြ၏ ညည်းတွားသံ။ ကျွန်ုပ်လည်း . . စိတ်လက်အာရုံ မကြည်လင်တော့။

ထိုစဉ်မှာပင် . . ဆေးရုံပို့စဉ် လိုက်ပါသွားသော တပည့်ကျော်ကလေး မောင်တင်ထွေး ရောက်လာခဲ့သည်။

" ကြည်သိန်းတော့ . . ဆုံးသွားပြီ ဆရာ ။"

ဟောဒီက . . ဆရာကြီးကောက်ချက်ချတာနဲ့ ဆရာဝန်တွေ စစ်ဆေးတွေ့ရှိရတာ ကွက်တိပါပဲလား ဆရာရယ်။ ဆရာဝန်တွေက . . လူနာရဲ့ . . ဦးနှောက်ထဲကို ခွေးရူးပြန်ရောဂါပိုးတွေ စိမ့်ဝင်သွားပြီ . . ဘယ်လိုမှ ကာကွယ်တားဆီးလို့မရအောင် နောက်ကျသွားပြီတဲ့။ ပြောသလိုပါပဲ . . တစ်နာရီတောင်မပြည့်ဘူး။ ဆေးရုံမှာ ဆုံးသွားရှာတယ် . . ။"

ဟုတ်တယ်ဆရာလေး . . ။ကျွန်တော်မှတ်မိတယ်။ ဟိုး . . လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက . . ကြည်သိန်း မြေကြီးပေါက်ဆက တာပေါ်တက်လာတော့ . . ဘုန်းကြီးကျောင်းကနေ သွားရည်တမြားမြား၊ ခြေတရွတ်ဆွဲပြီး ပြေးလာတဲ့ ခွေးရူးတစ်ကောင်ကိုက်သွားတာခံရဖူးတယ် ဆရာ။ ဒီကောင်က ဘာဆေးမှလည်း မထိုးဘူး



ဘဲ့စပ်ရွက်ကလေးညှစ်ထည့်ပြီး နေခဲ့တာ . . ။ အဲသည်ရောဂါပိုးဟာ အောင်းနေရာက . . ခုလိုကာလကြာတဲ့အခါ မမျှော်လင့်ဘဲ ထပေါ်တာနေမှာပေါ့။ အင်မတန် သင်ခန်းစာယူဖို့ကောင်းလိုက်တာ ဆရာလေးရယ် . . " တဲ့။

ကျွန်ုပ်တို့အားလုံး ကာယကံရှင်မိသားစုအတွက် စိတ်လက်မကြည်သာကြပါ။ ဤအဖြစ်အပျက်သည် . . ၊ မကျွပ်ဖျက်ခြင်း၊ မဖျက်ခြင်းနှင့် ဆိုင်မဆိုင်တော့ လက်တွေ့သမားပီပီ၊ ဝတ္ထုတစ်ပုဒ် ရေးမထုတ်မီစပ်ကြား ကျွန်ုပ်အနေနှင့် သရုပ်ခွဲကြည့်ချင်ပါသေးတော့သည်။ ။

**နန္ဒာမိုးကြယ်**

www.burmeseclassic.com



# ညတစ်ည၏ သံသရာ

မင်းဟန်

အချိန်ကား

၁၉၆၀ ပြည့်နှစ်၊ မေလ ပထမပတ်။

မိုးဦး လေးရူးကာလ ဖြစ်၍မိုးအဆက်မပြတ်ရွာသွန်းနေချိန်ဖြစ်သည်။ သစ်တောဝါးတောများနှင့် စိမ်းညို့နေသော ပဲခူးရိုးမသည် မိုးဘွင်း၏ အလှကို ပုံဖော်ထားသည်။ ပဲခူးရိုးမ၏ အနောက်ဘက်ခြမ်းတွင် လေးအိမ်စုရွာကလေးတည်ရှိသည်။ တောင်ခြေနှင့် တစ်မိုင်ငါးဖာလုံခန့် ကွာဝေးသည်။ ပထမတော့လေးအိမ်တဲစု၍လေးအိမ် စုဟုခေါ်တွင်၍ နှစ်ကြာလာတော့ အိမ်ခြေလေးဆယ်ကျော်လာခဲ့လေပြီ။

ရွာအလယ်တွင် ပေသုံးရာပတ်လည် နေရာယူ၍ သရက်၊ မိုးသစ်တော်၊ မာလကာ၊ ကွမ်းသီး၊ ပိတောက်၊ အင်ကြင်းနှစ်ချို့ပင်များစိုက်ပြီး နေသောထူးဆန်းသည့်အိမ်ကြီးတစ်အိမ် တည်ရှိ သည်။ သစ်ဝေါဝါးပေါ၍ သပြေသားများကို ခင်း၍ကာ၍ငင်းအိမ် တိုင်ဖွဲ့၍ ငင်းစိတ်ကြိုက်ဆောက်ထားသည်။ ဓနိတောနှင့် လည်းနီး ၍အမိုးများ ခပ်စိပ်စိပ်အသုံးပြုထားသည်။

မိုးတွေ ရွာနေသည့် ညနေစောင်းချိန်

သက်ကြီးနှစ်ချို့ပင်များသည်၊ လေတိုက်သည့်ဘက်သို့ ယိမ်းနွဲ့လှုပ်ရှားနေသည်။ဒေါက်ချာဆောင်းထားသည့်ရေသေ့ကြီး တစ်ပါးကြွလာသည်ထိ ဆောင်းထားသော်လည်း မလုံ။ မိုးကောင်းနေ၍ ရွှဲနေသည်။ အိမ်ထဲမှ ကလေးငယ်တစ်ဦး ပြေးထွက်လာပြီး ကြိုဆိုနေရာချထားပေးသည်။

“ ဒေါ်ထွားစိန် ကောကွဲ့ ကလေး ”

“ ရှိပါတယ် အပေါ်ထပ်မှာ သန့်ရှင်းရေးလုပ်နေပါတယ် ”

ရသေ့ကြီးသည် ဝတ်ထားသည့် သင်္ကန်းအစိုများကို ချွတ်ခြလဲပစ်လိုက်သည်။ ငင်းသင်္ကန်းအစိုများကို အနီးရှိတန်းပေါ်တွင် လွှားလိုက်သည်။

“ ရသေ့ကြီး ဘယ်ကကြွလာတာလဲ?. . ”

“ ဆေးရိုးကုန်းကပါ ဒကာမကြီး၊ ဦးဟန်ဆုံးတုန်းက လည်း မလာနိုင်ဘူးလေ၊ အခုတော့ ဒီဘက်လည်းလာရင်း လမ်းကြုံလို့ ဝင်ခဲ့တာပါ ”

ဒေါ်ထွားစိန်သည် ရေနွေးကြမ်း ထန်းလျက်ခဲများဖြင့် ဧည့်ခံသည်။ ဒီနေ့သည် ဒေါ်ထွားစိန်ခင်ပွန်း ဦးဟန်ကွယ်လွန်သည်မှာ တစ်လတင်းတင်းပြည့်သည့်နေ့ ဖြစ်သည်။ ထူးထူးဆန်းဆန်း မိုးချုပ်ခါနီးမှ ရသေ့ကြီးတစ်ပါးကြွလာ၍ အံ့ဩနေမိသည်။

ဦးဟန်သည် အမဲလိုက်မုဆိုးကျော်ကြီးတစ်ဦးဖြစ်၍ အသိအကျွမ်းပေါများလှသည်။ လေးအိမ်စုနှင့် ဆေးရိုးကုန်းသည် အတော်အတန်ကွာလှမ်း၍ ညအိပ်ရသည့်ခရီးဖြစ်သည်။ ပဲခူးရိုးမ၏ အလယ်ဗဟိုအနက်ရှိုင်းဆုံးနေရာ တစ်ခုဖြစ်သည်။ ချေ(ဂျီ)၊ ဆိုင်၊ ဆတ်၊ တောဝက်၊ ဆင် အစရှိသည့် သားကောင်ပေါများကျက်စားသည့်နေရာလည်းဖြစ်သည်။ အသက်ခုနှစ်ဆယ်ကျော်တိုင်အောင် ရိုးမထဲတွင် အနေကြာ၍ လူသိအင်မတန်များလှသည်။ ဦးဟန်ကွယ်လွန်ရခြင်း မှာ မိုးမိ အအေးဖွဲ့ပြီး ကွယ်လွန်ရခြင်းဖြစ်သည်။

“ ကျုပ်နဲ့ ဦးဟန်က တော်တော်ရင်းနှီးတယ်၊ သူကအမဲလိုက်တယ်တာဆိုတယ်၊ ဘာသာရေးတော့ တော်တော်လိုက်စားတယ်။ တရားအကြောင်းလည်းတော်တော်ဆွေးနွေးဖြစ်တယ်။ မသေခင် နို အလုပ်တွေကို စွန့်လွှတ်မယ်လို့ မကြာခဏပြောတယ် ”

“ ဟုတ်ပါတယ်၊ သူမသေခင် တော်တော်နားလည်သဘောပေါက်သွားပါတယ် ”

ရသေ့ကြီးနှင့်ဒေါ်ထွားစိန် ရှေ့ဟောင်းနှောင်းဖြစ်များပြောရင်း ညဆယ်နာရီခန့်အချိန်တွင်အပေါ်ထပ်ဘုရားခန်းနှင့်တခြားတစ်ဘက် ခန်းတွင် နေရာချထားပေးလေသည်။ မအိပ်ခင် ... ပြုရန်ဆီမီးများ ထွန်းညှိ၍အဆင်သင့် ပြုလုပ်ပေးသည် ... တိုင်ဆီမီး အလင်းရောင်တွင် ဉာဏ်တော်(၉)လက်မ ...

www.burmeseclassic.com



ဘုရားသည်အရောင်တဖိတ်ဖိတ်တောက်လျက် ရောင်ခြည်တော်များကွန့်မြူးနေသည်။

ည ၁-နာရီ၊ မိနစ် ၄၀ အချိန်။

မိုးသည် အငြိုးကြီးစွာ ရွာနေသည်။ လေရော . . မိုး . . ပါထန်နေသည်။ လျှပ်စီးများ မကြာခဏလက်နေ၍ အလင်းရောင်တန်းများ ရုတ်ခြည်း ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်နေသည်။ ရသေ့ကြီးသည် အသင့်ပါလာသည့် ဓါတ်မီးဖြင့် အောက်ထပ်သို့ဆင်းလာခဲ့သည်။ မိုးသံမှ အပ အားလုံးငြိမ်သက်တိတ်ဆိတ် နေ သည်။ အပေါ်သွားသည့် အိမ်သာသည် အပြင်မှာရှိနေသည်။ ၎င်း အချိန်တွင် သူထံသို့ လူနှစ်ယောက်ချည်းကပ်လာသည်။

" ဆရာဘယ်လိုလဲ . . အခြေအနေကောင်းရဲ့လား? . . "

ရသေ့ကြီးအား ၎င်းလူနှစ်ယောက်ထဲမှ တစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

" အားလုံး ကောင်းတယ်၊ မင်းက ငါနဲ့အပေါ်လိုက်ခဲ့ ထွန်းသာက အောက်ထပ်မှာစောင့်နေ၊ လက်မနှေးနဲ့ ပြီးတာနဲ့ အတူတူပြန်မယ် "

အမှန်စင်စစ် ရသေ့အယောင်ဆောင်ထားသူမှာ နံမည်ကြီးလက်မရွှံ့ 'သိုက်ထွန်း'ဖြစ်သည်။ သူလိုချင်သည့် မည်သည့်ပစ္စည်းကိုမဆို နည်းအမျိုးအမျိုးနှင့် မရ-ရရ အောင်ယူသည်။ အထူးသဖြင့် အကြမ်းနည်းထက် အနုနည်းကို အသုံးများသည်။ လူသတ်ခြင်း မိန်းမလိုက်စားခြင်းကို ရှောင်သည်။ ယခုလည်း ရည်ရွယ်ချက် အပြည့်နှင့် လှုပ်ရှားခြင်းဖြစ်သည်။

ရသေ့အယောင်ဆောင် လက်မရွှံ့သိုက်ထွန်းသည် သူ့ အခန်းထဲဝင်၍လူဝတ်လဲလိုက်ပြီး လိုအပ်သည်များကို ယူ၍ ဘုရားခန်းဘက်ဝင်လိုက်သည်။ တပည့်ဖြစ်သူသည် သူနှင့် အတူထပ်ကြပ်မကွာလိုက်ပါလာသည်။ တစ်အိမ်လုံးသည် မိုးသံလေသံမှ အပ ငြိမ်သက်တိတ်ဆိတ်နေသည်။ အားလုံးသည် အိပ်မောကြနေဟန်တူ သည်။

ရည်ရွယ်ချက်မှာ ကျောက်စိမ်းဘုရားရုပ်ထုအား ယူရန်ရသေ့အယောင်ဆောင်၍ ဝင်လာခြင်းဖြစ်သည်။ ကျောက်စိမ်းအစစ်ဖြစ် ပြီး



ကာလတန်ဘိုး သိန်းချီတန်သည်။ ဘုရားစင်သို့ ခြေဖေါ့သွားပြီးကျောက်စိမ်းရုပ်ထုအားယူရန် လက်လှမ်းလိုက်သည်။

လှမ်းသည့်လက်များ တုံ့ကနဲ ရပ်ဆိုင်းသွားရသည်။ သုံးထောင့်ထိုး လက်နှိပ်ဓါတ်မီးရောင်အောက်တွင် အလွန်အရုပ်ဆိုးအကျည်းတန်သည့် ဘီလူးရုပ်ထုကြီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ကျောက်စိမ်းရုပ်ထုဘုရားကားမရှိတော့။ လက်မရွှံ့သိုက်ထွန်းမျက်သီးမွေးညှင်း တဖြန်းဖြန်းထသွားသည်။ ချမ်းအေးလွန်းလှသော်လည်း ဇောချွေးများပြန်နေသည်။ ၎င်းအချိန်တွင် မိုးများစဲသွား၍တိတ်ဝန်းကျင် ငြိမ်သက်တိတ်ဆိတ်မှုက အားကောင်းလှသည်။

အပြင်ဘက်မှ ရုတ်တရက် ပြင်းထန်သည့် ဝေဒနာကို ခံစားရ၍ငြီးတွားသည့် အသံတစ်သံကို ကြားလိုက်ရသည်။ ထွန်းသာ၏အသံသာဖြစ်သည်။ ၎င်းအချိန်နှင့် တစ်ဆက်တည်း တံခါးဝတွင်ရပ်နေသည့် သူ၏တပည့်မှာလည်း အော်ဟစ်ညည်းငြူပြီး ခွေလဲကျသွားသည်။ သူဘုရားစင်မှ ခွါ၍ အနားရောက်ချိန်တွင် အပြင်မှတံခါးသည်အရှိန်ပြင်းစွာနှင့် ဆောင့်ပိတ်သွားသည်။တွန်းကြည့်ရာတံခါးဖွင့်၍ မရတော့ချေ။

ထောင်ချောက်မိလေပြီ။ သည်နေရာမှ အမြန်ဆုံးထွက်ခွာ ရန်။ လက်ထဲတွင် (၃၈)ဘို့ ခြောက်လုံးပြူးကို အသေအချာဆုပ် ကိုင်ပြီးပြူထင်းပေါက်မှ ခုန်ဆင်းလိုက်သည်။ ပထဝီမြေနေရာကို လေ့ လာပြီးသားဖြစ်သည်။ သို့သော်လည်း ခပေနှစ်ဆယ်ကျော်အမြင့်မှ ခုန်ချရာအကျမတော်၍ ညာဘက်ဒူးဆစ်လည်သွားခဲ့ရသည်။

၎င်းအချိန်တွင် အလွန်အားကောင်းသည့် ဓါတ်မီးရောင် သည်လက်မရွှံ့ သိုက်ထွန်း ဆီထိုးထားသည်။ မီးရောင်အောက်တွင်မိုးဖွဲကလေးများကျနေသည်။ လူငယ်တစ်ဦးသည် ၄က်ကြီးတောင်ဓါးတစ်လက်ကို ကိုင်၍သူ့ထံလျှင်မြန်စွာရောက်လာသည်။ မီးရောင်အောက်တွင် ဓါးသွားသည်လင်းလက်နေသည်။ သူ့အားမိုး၍ ခုတ်မည်အပြုတွင် . .

" ဟေ့ . . လွှတ်လိုက်စမ်း၊ ဘာမှမလုပ်နဲ့၊ သူကိုကြင် သူခံပါစေ . . ။"

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သော ညဥ့်ယံတွင်စူးရှ ထက်မြက်သော ဒေါ်ထွားစိန်၏ အသံသည် ခက်ထန်မာကြောလွန်းလှသည်။ မိုးဖွား တလေးများကျနေဆဲ၊ မိုးပုရစ်များ၊ ညဥ့်ငှက်များ အော်မြည်နေဆဲ ပဲခူးရိုးမကြီးသည် အမှောင်ထုမိုးဖွဲ့ဖွဲ့အောက်တွင် နှစ်မြုပ်လျက်။

နောက်တစ်နေ့ လေးအိမ်စုရွာ၏ တောင်ဘက်၊ ရွာတော် ရှင် နတ်နန်းနှင့် မလှမ်းမကမ်းတွင် လူနှစ်ယောက် မြေကိုက်၍သေ ဆုံးနေကြောင်းသတင်းစကားများသည်။ ပဲခူးရိုးမ အနောက်ဘက် ခြမ်းတွင် တစ်တောလုံးတစ်တောင်လုံး ပြန့်နှံ့သွားသည်။ တစ်ပတ် ခန့်အကြာတွင် ဒေါ်ထွားစိန်တို့ မိသားစုအားလုံးသည်လည်းပျောက် ခြင်းမလှပျောက်သွားလေသည်။ မည်သူမှသတိမထားမိခဲ့ချေ။

၂၀၀၀ -ပြည့်နှစ်၊ ဒီဇင်ဘာလ၊ ပထမ ပတ်။

အလွန်းအေးသည့် ဆောင်ညချမ်း။

ထောက်ကြံ့အနီးရှိ ခြံကြီးတစ်ခြံ၊ အလွန်ကျယ်ဝန်းသည့်ခြံ ကြီးတစ်ခြံတွင် လျှပ်စစ်ရောင်စုံမီးလုံးလေးများ ထွန်းညှိ၍ ညစာစား ပွဲပြုလုပ်နေလေသည်။ လူထုလူတန်းစား အလွှာအသီးသီးမှ ကုမ္ပဏီ ပိုင်ရှင်များ စက်မှုလုပ်ငန်းရှင်များ သူဌေး၊ သူကြွယ်များ တက်ရောက် ကြသည်။ကားရောင်စုံများမှာ ခြံဝန်းတစ်ခုလုံးပြည့်နှက်နေလေသည်။ ၎င်းအချိန်တွင် လင့်ခရူဆာကားတစ်စီးထိုးဆိုက်လာပြီး အသက်ခုနှစ် ဆယ်ခန့်လူကြီးတစ်ဦး ချိုင်းထောက်နှင့် ဆင်းလာသည်။

" ကောင်းသောညပါ အန်ကယ်ဝင်း . . "

ပါတီဧည့်ခံပွဲ ပြုလုပ်သည့် ဦးကျော်သူပိုင် ကနှုတ်ဆက် လိုက် ခြင်းဖြစ်သည်။

" ကောင်းသော မင်္ဂလာညချမ်းပါ ဗျာ . . "

လုပ်ငန်းနှင့် ပတ်သက်သည့် အသိမိတ်ဆွေများကို လက်ဆွဲ နှုတ်ဆက်ရင်း အနီးရှိ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ စားပွဲ ပေါ်တွင် လိုလေသေးမရှိ ပြင်ဆင်ထားသည်။ ရေခဲစိမ်ဗူးဘီယာများ ဝီစကီ၊ အိုးဘရန်ဒီ၊ ကြက်-ဘဲ၊ အကြော်အလှော် - အကင်များစွာ ရှိနေသည်။ စိမ်းမြမြမြက်ခင်းလေးသည် အပေါ်မှ ရောင်စုံမီးသီးလေး များနှင့် ရောင်ပြန်ဟပ်လျက်ရှိနေသည်။



ဆောင်းညချမ်း လေနုအေးအေးလေးသည်။ ပါတီပွဲနှင့် ...ဏာရစွာ လိုက်ဖက်နေသည်။ ကာရာအိုကေ တေးသံစုံများက လည်း ...သာယာငြိမ့်ညောင်းစွာ ပြန့်လွင့်နေသည်။ ၎င်းခုံနှင့် မလှမ်း မကမ်းတွင် အသက်ကိုးဆယ်ကျော် အဘွားအို တစ်ဦးသည် သူ့အား ...ိုက်ကြည့်လျက်ရှိနေသည်။ လူလည်းတော်တော်စုံနေပြီဖြစ်သည်။

ရယ်မောသံများ . . စကားပြောသံများ၊ ပုလင်းသံ၊ ဖန်ခွက် ...သံများ . . . တေးဂီတသံများနှင့်

www.burmeseclassic.com

www.burmeseclassic.com

" အန်ကယ်ဝင်း . . သခင်မကြီးကအပေါ်ကိုခဏကြွခဲ့ဖို့ဖိတ်ခေါ်နေပါတယ်၊ "

လူငယ်တစ်ယောက် အရိုအသေပေး၍လာခေါ်ခြင်းဖြစ်သည်။ ဖန်ခွက်ထဲရှိ ဘီယာကို သောက်ကာ ချက်ချင်းပဲ ထလိုက် သည်။ အမှန် စင်စစ်ဒီနှစ်ကျောက်လုပ်ငန်းများသည်ရောင်းအားဝယ်အား ကောင်းသလို အောင်မြင်ဖြစ်ထွန်းမှုလည်း မြန်ဆန်လွန်း လှသည်။ ယခုလ . . ရောက်နေသည့်အိမ်မှဦးကျော်သူပိုင်နှင့် မနှစ်ကမှလုပ်ငန်းချင်းဆက်စပ်မိခြင်းဖြစ်သည်။ ဒီခြံဝန်းထဲအိမ်ထဲသို့တစ်ခါမှမရောက်ခဲ့ဘူးချေ။ အစေ . . ကစောစီးစွာဆုံး၍ အမေတော့ရှိသေးသည်ဟု ပြောသည်။

ဆန်းသစ်သော ပုံစံနှင့် ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်ဖြစ်ပြီး လူချမ်းသာတို့၏ ထုံးစံအတိုင်း အဆောင်အယောင်ပစ္စည်းများသည် အရောင်တဖိတ်ဖိတ် တောက်လျက်ရှိသည်။ နံရံ . . ကပ်လှပသော ရှိုးကစ်ထဲမှာ ယွန်းထည် ပစ္စည်းအမျိုးမျိုးသည် ပြိုင်ပွဲ . . ပြိုင်ပွဲများတွင် ခင်းကျင်းပြသထားသည်နှင့် တူနေလေသည်။အပေါ် . . ထပ်သို့ ကြောင်လိမ်လှေကားအတိုင်း အားယူပြီးတက်ခဲ့သည်။ ကျွန်းလှေကားမှာ လှပသော အကွက်များနှင့် မဟော်ဂနီရောင်များ ဖြာထွက်နေသည်။

ရှေ့မှ လူငယ်လေးသည် အိမ်၏ဘုရားခန်းအထိ လိုက်ပို့ပြီး ပြန်ထွက်သွားသည်။ ဘုရားခန်းထဲတွင် သစ်လွင်သော ယော . . ရောင်များပတ်ထားသည့် အဘွားအိုတစ်ဦးထိုင်စောင့်နေလေသည်။ ဘုရားခန်းထဲတွင် အမွှေးတိုင် အနံ့များ . . နံ့သာငါးပါးအနံ့များပြန့် မွှေးကြိုင်လျက်ရှိနေသည်။ ရောင်စုံမီးသီးလေးများသည် ဘုရားခန်း၏အလှကျက်သရေ ကိုဆောင်လျက်ရှိနေသည်။

ဦးဝင်းသည် ချိုင်းထောက်ကို နီးရာ နံရံတွင် မှီထားလိုက်ပြီး ထိုင်လိုက်သည်။ အဘွားအိုမှ . .

" ဘုရားဝတ်ပြုလိုက်ပါဦးကွယ် . . "

ဦးဝင်း၏ မျက်လုံးများသည် တမဟုတ်ခြင်း အံ့သြထိတ်လန့် သွားသည်။ရောင်စုံမီးသီးလေးများကြောင့် ရောင်ခြည်တော်များ ကွန့်မြူး နေသည့် ဉာဏ်တော်(၉)လက်မရှိ ကျောက်စိမ်းဘုရား။ ဘုရားစင်နှင့်



မလှမ်းမကမ်းစင်တစ်ခုပေါ်တွင်အလွန်အရုပ်ဆိုးအကျည်း တန်သောကြီးလူးရုပ်ထုကြီး၊ လွန်ခဲ့သောအနှစ်လေးဆယ်ခန့်က ပဲခူးရိုးမ မိုးဦးညကို ချက်ချင်းသတိရမိသည်။တိမ်မြုပ်နေသောရောဂါဟောင်းများ ပြန်ထလာသည့်နှယ်တစ်ကိုယ်လုံးလှုပ်ရှားယိမ်းထိုးသွားသည်။စောစောကသောက်လာခဲ့သော ဘီယာများသည် လွင့်စင်ပပျောက်သွားပြီး ဇောချွေးများ ပြန်လာသည်။ စိတ်ကိုမနည်း တည်ငြိမ်အောင် ထိန်းချုပ်လိုက်ရသည်။ တန်ဆောင်ပန်ဆောင်လက် အုပ်ချီဦးသုံးကြိမ်ချပြီး အဘွားအိုနှင့် မျက်နှာချင်း ဆိုင်လိုက်ရသည်။ အဘွားအိုသည် ဦးဝင်းအား စူးစူးရဲရဲ ကြည့်ကာ . .

" လောကကြီးမှာ ကိုယ့်အမှား . . အပြစ်တွေကို ကိုယ်ပဲ ခံရတယ်ဆိုတာ ကမ္မနိယာမသရုပ်ပါပဲ၊ ထူးဆန်းတဲ့ အရာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အကောင်းဘက်ကို ရှေ့ရှုပြီး ပြုပြင်ပြောင်းလဲခြင်းကတော့ ထူးဆန်းတယ်၊ ခိုင်မာတဲ့ စိတ်ဓါတ်တည်ကြည်တဲ့ ဇွဲနဲ့ ဆိုင်တယ် "

" အဘွား ကျွန်တော့်ကို ဘယ်လိုမှတ်မိတာလဲ၊ "

ဦးဝင်းက မကြောက်မရွံ့ပြန်မေးသည်။

" လူတိုင်းမှာ ကွယ်ဝှက်လို့မရတဲ့ မွေးရာပါအမှတ်အသားတွေရှိတယ်။ မင်းကိုပဲကြည့်၊ ညာဘက်လက်မမှာ လက်ပွားလေး ရှိတယ်။ အဲဒီအထက်မှာ အမွေးအမျှင်လေးတွေ တွယ်နေတဲ့မှဲ့နက်တစ်လုံး ရှိတယ်။ ဦးဝင်းအကြည့်သည်သူ့လက်ပေါ်သို့ရောက်သွားသည်။ အဘွားကဆက်ပြောနေသည်။ မင်းမျက်နှာကိုကြည့်ပြီးဌာန်ငါးပါးနဲ့ ခွဲမယ် ဆိုရင်ရှေ့သို့စိုက်ပြီး ပုတိုတဲ့လည်ချောင်းဖြစ်လို့မောဟကြီးတယ်။ အသံ စူးရှထက်မြက်တဲ့အသံဖြစ်လို့သြဇာကြီးတယ်။လျှာကအပြားသေး သွယ်ချွန်တဲ့လျှာဖြစ်လို့ချစ်သူခင်သူများတယ်။ ပရိယာယ်ကြွယ်ဝတယ်။ ပါးကျတော့ရှေ့သွားတွေကြီးပြီးထပ်နေတယ်၊ အဲဒီတော့လောဘ မျက်ကြီးတယ်၊အကြံကြီးတယ်၊ နှုတ်ခမ်းက ပါးလှပ်ဖြီးညီညာတယ်။ ရာ ကို သိချင်တယ်၊ ဥစ္စာပစ္စည်းပေါတယ်၊ မင်းလာတဲ့အချိန် အရှေ့ အတိုင်-ကောင်းကင်ဂြိုလ်တွေကြည့်ပြီး အမှန်အကန်ဆုံးအဖြေတွေတိုက်လို့ရတယ်၊ မင်းဟာမုတ်ဆိတ်မွှေး၊ ပါးသိုင်းမွှေး၊ လှပျှစ်နဲ့အသော်

www.burmeseclassic.com



အသက်ကြီး ကြီး ရသေ့အသွင်ဟန်ဆောင်ပြီး လာပေမယ့် ဖုံးကွယ်လို့ မရဘူး။ အထူးသဖြင့်ဝိဇ္ဇာအတတ်ပညာမျက်စိနဲ့ကြည့်တတ်သူကအရှ ခပ်သိမ်းအားလုံးကို ထိုးဖေါက်ပြီး အပြီးအစီးမြင်တယ် "

ဦးဝင်းများစွာအံ့ဩသွားမိသည်။တကယ့်နက္ခတ်ဗေဒအင်္ဂဝိဇ္ဇာ ပညာရှင်နှင့် သွားတိုးမိလေခြင်း။ အင်းနှင့်ဂါထာမန္တန်ပညာရပ်များ လည်းအထူးပြုလေ့လာပြီးအသုံးချပုံပေါ်သည်။ ဘုရားစင်အနီးရှိ စာအ စင်ပေါ်မှ ရှေးဟောင်းကျမ်းစာပေများက သက်သေထူလျက်ရှိသည်။

ထိုရော ကာလည၏ဖြစ်စဉ်များကို သုံးသပ်လျှင်အကွက် ကျကျ စီစဉ်လှုပ်ရှားခဲ့သော်လည်း တစ်ဘက်လူကို အထင်သေး၍ လှည့်စား ခြင်းခံခဲ့ရသည်။လက်လှမ်းမမှီသည့်မမြင်ရသည့်ပညာရပ်များဖြင့် ထ ပြန်ချေမှုန်းခြင်းကို ခံခဲ့ရသည်။အိမ်အပေါ်ထပ်မှခုန်အချတွင် ဟန်ချက် ပျက်၍ မြေပေါ်သို့ကျခဲ့သဖြင့် ညာဘက်ဒူးလည်ပြီး မစွမ်းမသန်ဖြစ်ခဲ့ ရသည်။ နောက်ပိုင်း ဘာမှ လှုပ်ရှား၍မရ ခဲ့၊ နှစ်အတော်ကြာဆေးကုခဲ့ ရသည်။၎င်းအချိန်က ဘဝဇာတ်သိမ်းရန်ရှိသော်လည်းမည်သည် အတွက် ကြောင့် လွှတ်ပေးခဲ့လေသနည်း။

" အဘွား . . ကျွန်တော့်ကို အဲဒီတုန်းက ဘာဖြစ်လို့ လွှတ် ပေးခဲ့တာလဲဆိုတာ သိချင်ပါတယ် . . "

" အေး . . မင်းနဲ့ ပါလာတဲ့နှစ်ယောက်ကတော့ တောကြီး မြွေဟောက်ကိုက်လို့ သေရတယ်။ မင်းကိုတော့ တို့သတ်လို့သေ တာ ဆိုတ မဖြစ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူများအများကိုယ့်အပေါ ဖြစ်ချင်ဘူး၊ မင်းလိုချင်တဲ့ ကျောက်စိမ်းဘုရားဟာ အဲဒီဘီလူးရုပ်ထု ရဲ့အောက်မှာရှိတယ်၊ ဒါပေမယ့်အစီအမံအင်းချပြီး အင်းဘီလူးတိုအ ထားတော့ယူဖို့မလွယ်ဘူး။ "

" တောကြီး မြွေဟောက်တွေကကော "

" အေး . . အဲဒီအချက်က တို့ရဲ့လုံခြုံရေးအတွက်ပဲညတိုင်း ညဦးတစ်နာရီကနေ သုံးနာရီအတွင်း အိမ်ထဲကို မြွေဟောက်တွေအ အထွက်ရှိတယ်။ အန္တရာယ်လည်း အင်မတန်များတယ်၊ အဲဒီအချိန် တို့အားလုံးမြွေဆေးတွေထိုး၊ မန္တန်တွေရွတ်ပြီးနေကြရတယ်"

" သိရဲ့သားနဲ့ကျွန်တော့်ကိုဘာဖြစ်လို့ညအိပ်လက်ခံခဲ့တာလဲ



" ဒီအချက်ကလည်းပညာချင်းပြိုင်တာပေါ့ကွယ်၊အသတ်နဲ့လည်းရင်းရတယ်၊ အန္တရာယ်လည်းအရမ်းများတယ်၊ ဘာဖြစ်လို့လဲဆိုတော့မင်းလှုပ်ရှားနေတဲ့အချိန်ဟာဆုံးရှုံးပျက်ဆီးစေတတ်တဲ့(ဝဇိရဟုဝ်)သင့်နေတယ်။နောက်ပြီးနဂါးပြည်ပြဿဒါးလည်းဖြစ်နေတယ်။ မင်းဆောင်ထားတဲ့အဆောင်ကလည်းသိဒ္ဓိမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဆောင်ကြောင်ကျောက်မှာအောက်ခြေမှာအက်ကြောင်းတွေပေါ်နေတယ် "

ဒီအချက်သည်များစွာအံ့ဩရမည့်အချက်ဖြစ်သည်။မိမိဆောင်ထားသည့်ကျောက်ကိုသိနေခြင်း၊အဆောင်ကျောက်၏ယိုယွင်းအားနည်းမှုကို သိနေခြင်းသည်၊ အံ့မခန်းပညာရပ်ဖြစ်သည်။ ဝိဇ္ဇာသုံးပါးထဲမှ ဒိဗ္ဗစက္ခုနတ် ပျက်စီးကဲ့သို့မြင်နေခြင်းပင်။

" မင်းသိထားဖို့က အဆောင်ပစ္စည်းလက်ဖွဲ့တွေဆိုတာ၊ ဂါထာမန္တန်တွေနဲ့စီရင်ရတာ၊စီမံသူကောဆောင်သူပါသီလ၊သမာဓိ၊ ပညာအားကောင်းဖို့လိုတယ်။တစ်ဦးဦးမှာယိုယွင်းအားနည်းနေရင်သိဒ္ဓိမရှိဘူး။ အမိကတော့ ဆောင်တဲ့သူဟာ သီလမရှိရင်ပြန်ပြီးဒုက္ခပေးတယ်ကွယ့် "

ဦးဝင်းသည် အဘွားအိုအား အလျင်အမြန်ရှိခိုးတောင်းပန်ကန်တော့လိုက်ပါသည်။

" အေး ဘဝမှာ အကောင်းဘက်ကို ရှေ့ရှုပြီးပြုပြင်ပြောင်းလဲခြင်းဟာ၊အမှန်မြတ်ဆုံးပါပဲ၊ဘဝဆိုတာတိုတောင်းပါတယ်၊တိုတောင်းတဲ့ဘဝကိုတခဏတာပိုင်ဆိုင်တဲ့အချိန်လေးမှာ၊အမိပွါယ်ရှိရှိအနှစ်သာရရှိရှိတည်ဆောက်ပါ၊မွှမ်းမံပါ၊ သံသရာဆိုတာရှည်လျားပါတယ်။ အရှည်မခံပါနဲ့၊ ပညာနဲ့ဖြတ်ပါ၊ ခွင့်လွှတ်ပါတယ်။ လိုရာဆန္ဒပြည့်ဝပါစေကွယ် "

ဦးဝင်းကြောင်လိမ်လှေကားမှ ပြန်အဆင်းတွင် ယခင်လိုမဟုတ်တဲ့ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွက်လက်နေသည်။

အမှောင်လွှမ်းသော အလင်းတန်းများ . . .

သတိ . . ပညာ . . ဉာဏ်မျက်စိဖြင့် ဖွင့်ကြည့်လျှတ်

**မင်းယာန်(သန်လျင်)**

www.burmeseclassic.com

www.burmeseclassic.com



# မြွေရန်းရှင်သူဓာ

**မိုးဝမ်း**

(၁)

နေဝင်ဖြိုးဖျ ညနေခင်းကာလ . .။

မြို့ချောင်းကျေးရွာလေး၏ သဘာဝရှုခင်းများသည် ငေးမောကြည့်ရှု၍ မဆုံးနိုင်အောင်ရှိသည်။ ထိုကျေးရွာလေးတွင် ကျေးလက်ကျန်းမာရေးမှူးအဖြစ်တာဝန်ကျနေသည့် ကျွန်တော်မှာ အလုပ်အားလပ်ချိန်ကို ရွာတွင်းရွာပြင် လမ်းလျှောက်ရင်း ကုန်ဆုံးစေလေ့ရှိသည်မှာ နေ့တဓူဝပင်ဖြစ်သည်။

ယခုလည်း ရွာတွင်းလမ်းလျှောက်ပြီးနောက် . . ရွာပြင်သို့ထွက်လာခဲ့သည်။ အနောက်ရိုးမတောင်စွန်းတွင် မေးတင်ထားသည့် နေမင်းကြီးသည် လူသားများကို နှုတ်ဆက်ရင်း ပုဇွန်ဆီရောင်ဖြန့်ကျက်ထား၏။

ရွာပြင်တွင် တည်ထားကိုးကွယ်သည့် စေတီလေးတစ်ဆူရှိရာညနေခင်း လေညင်းခံရင်း ဘုရားဝတ်ပြုမည်ဟု ဆုံးဖြတ်ကာ ထိုစေတီရှိရာဘက်ခြေဦးလှည့်ခဲ့မိသည်။

" ဆရာလေး . . ဘယ်သွားမလို့လဲ "

" ဘုရားသွားဖူးမလို့ . . ကိုကျော်မိုး "

" အခြားရွာမှ ပြန်လာဟန်ရှိသည့် မြို့ချောင်းရွာသားကိုကျော်မိုးကကျွန်တော့်ကိုတွေ့၍နှုတ်ဆက်လိုက်သည်။ ကိုကျော်မိုး၏ဘေးမှာက . . သူ၏ညီမငယ် မွှေးမွှေး . .၊မွှေးမွှေးကလည်း . .

" မွှေးတို့ရွာက စေတီကဆုတောင်းပြည့်တယ်နော်၊ ဆရာလေးလည်း လိုတဲ့ဆုတောင်းခဲ့ပေါ့ "

ထိုစကားကိုဆိုအပြီး မွှေးမွှေးက ရွှန်းလဲ့သောအကြည့်ဖြင့် ကျွန်တော့်အားကြည့်နေသည်။

" ထွေထွေထူးထူး ဆုတောင်းစရာမရှိပါဘူးဗျာ။ ရွာသူရွာသားတွေ ကျန်းမာဖို့ . . ပဲခူးက ကျွန်တော့်အမေနေထိုင်ကောင်းဖို့ပဲဆုတောင်းရမှာပါ "

" ဒါပဲလားဆရာလေးရဲ့ မြို့ချောင်းရွာမှာ နေရင်းဖူးစာရှင်တစ်ယောက်ယောက်နဲ့ ဆုံဖို့ရော ဆုမတောင်းဘူးလား "

" ဗျာ "

မွှေးမွှေး၏ အမေးကိုမည်သို့ တုံ့ပြန်ရမှန်းပင်မသိတော့ပါ။ ကိုကျော်မိုးကတော့ စပ်ဖြဲဖြဲနှင့် ရယ်ရင်း ကျွန်တော့်အားကြည့်နေ သည်။

" ကျွန်တော့်ကို စိတ်ဝင်စားမဲ့သူမရှိနိုင်ပါဘူးဗျာ . . . ကဲ . . . ကျွန်တော်လည်းဘုရားသွားဖူးလိုက် အုံးမယ် . . "

" ဟုတ်ကဲ့ . . ဆရာလေး "

ကျွန်တော်က စကားကိုပိတ်ပြောလိုက်သည်။ ထိုသို့မပြောလျှင် စကားကြောရှည်နေဦးမည်မှာ သေချာ၏ မွှေးမွှေးသည် ကျွန်တော့်ကိုစိတ်ဝင်စားနေသည့် အရိပ်လက္ခဏာများ ထင်ဟပ်နေသည်။

တကယ်တော့ မြို့ချောင်းရွာသူ မွှေးမွှေးသည် အသားညိုချောလေးဖြစ်သည်။ ခန္ဓာကိုယ်အချိုးအဆစ်က ပြေပြစ်သည်။ ရွာက လူငယ်ကာလသားများ၏ ပါးစပ်ဖျားတွင် သတင်းမွှေးသူလည်းဖြစ်ပါသည်။ သို့သော် မွှေးမွှေးသည် ပငါပါးကို ကြက်သားထုပ်လိုသည့်သဘောရှိပုံရသည်။

စေတီနှင့် မနီးမဝေးသို့ ရောက်လျှင် ရွာထဲမှကြွက်နီဆိုသည့်ကလေးငယ်တစ်ဦးကိုတွေ့သည်။ သူ့သည်လက်ထဲတွင် တုတ်တစ်ချောင်းကို ကိုင်ထားပြီး မြက်ခင်းထဲကို စူးစိုက်ကြည့်နေသည်။

သူ့အနားသို့ ကျွန်တော်ရောက်သွားသည့်အခါ . . သူ့ရှေ့တွင် မြွေကြီးတစ်ကောင်ကိုတွေ့ရသည်။ သူသည်တုတ်ကို ရိုက်တော့မည်ဟု ရွယ်လိုက်ရာ . . .

" မောင်ကြွက်နီ . . မရိုက်ပါနဲ့ကွာ . . မြွေကသူ့ဟာသူနေတာပဲ ရန်မပြုပါနဲ့ "

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်က သူ့လက်ကိုဖမ်းကိုင်ရင်း ထိုသို့ပြောလိုက်သည်။ ထိုကြွက်နီမှ ကျွန်တော်နှင့် သူ့မိဘများရင်းနှီးသကဲ့သို့ သူဖျားသည့်အခါလည်း ကျွန်တော်ကပင် ဆေးကုပေးရသည်မို့ ကျွန်တော်စကားကို နားထောင်ရှာပါသည်။

မြွေကြီးသည် ကျွန်တော်တို့ နှစ်ဦးအား တစ်ချက်စိုက်ကြည့်ပြီးမြက်တောသို့ တိုးဝင်သွားပါတော့သည်။

" ကဲ . . ကဲ . . မောင်ကြွက်နီ . . မင်းအိမ်ပြန်တော့ "

" ဟုတ်ကဲ့ . . "

ကျွန်တော်သည် အိပ်ကပ်ထဲမှ ပိုက်ဆံငါးဆယ်တန်တစ်ရွက်ကို မောင်ကြွက်နီလက်ထဲထည့်ပေးလိုက်သည့်အခါ ဝမ်းသာအားရ လှမ်းယူပြီး ပြန်သွားပါတော့သည်။

ကျွန်တော်လည်းအမှတ်မထင် အသက်တစ်ချောင်းကယ်လိုက်ရခြင်းအပေါ် ပီတိဖြစ်ပြီး စေတီတော်မြတ်အား ကန်တော့လိုက်ပါသည်။ ကျွန်တော်ဘုရားကန်တော့နေသည်မှာ မည်မျှကြာသွားမှန်းမသိ၊ သို့သော်သိပ်ကြာမည်တော့ မထင်ပါ၊ နှာခေါင်းထဲမွှေးထုံသင်းပျံ့သည့် ရနံ့ရလာသည့်အတွက် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာနံဘေးတွင် အစိမ်းရောင်ဝမ်းဆက်ဖြင့် ဘုရားကန်တော့နေသော မိန်းမပျိုလေး တစ်ဦးကို မြင်လိုက်ရသည်။

ထိုမိန်းမပျိုကို မြင်လိုက်သည့် တခဏကျွန်တော်မူးမေ့သွားမတတ်ဖြစ်ရသည်။ ထိုမိန်းမပျို၏ အလှကိုမည်သို့စာဖွဲ့ရမှန်းမသိအောင်ရှိသည်။ အချောအလှအယဉ်ဆင့်နေသည့်သူဟုပဲလွယ်လွယ်ဆိုရပါတော့မည်။

ကျွန်တော်အကြည့်ကလက်လွတ်စပယ်နိုင်လွန်းသည်ဟု မြင်သူတိုင်းကဲ့ရဲ့နိုင်သော်လည်း မည်သူမှ ရှိမနေခြင်းက ကျွန်တော်[illegible] ကောင်းသွားပါ၏။

ကျွန်တော်ကြည့်နေခိုက် မိန်းမချောလေးက ဘုရားဝတ်ပြုပြီးသွားသဖြင့် ကျွန်တော်ကို လှမ်းကြည့်ရင်းပြုံးပြလိုက်ပါသည်။

" အစ်ကို့ ကိုညီမကျေးဇူးတင်ပါတယ် "

" ဗျာ "



သူမ၏ စကားကို ကျွန်တော်မည်သို့မျှ နားမလည်တော့ပါ။ မည်သည့်အတွက် ကျွန်တော့်အား ကျေးဇူးတင်ပါသနည်း။ အဖြေမသိသည့် ပဟေဠိဖြစ်နေပါသည်။

" အစ်ကိုက ညီမစကားကို သဘောမပေါက်ဘူးထင်တယ်။ စောစောက အစ်ကိုညီမအသက်ကို ကယ်လိုက်တယ်မဟုတ်လား။ အဲဒါကြောင့်ပြောတာပါ "

" ဗျာ "

ကျွန်တော်အံ့အားသင့်ပြီး ကြောင်သွားပါသည်။ မည်သို့စကားဆက်ရမှန်းပင် မသိတော့ပါ။ မိန်းမချောလေးသည် ကျွန်တော်အားပြုံးပြီးကြည့်နေပါသည်။ သူ့အသက်ကို ကျွန်တော်ကယ်ခဲ့သည်ဆိုခြင်းက အံ့သြစရာပိုဖြစ်သွားသည်။

" ညီမနာမည်က သူဇာတဲ့ . . နောက်တော့ဆုံကြသေးတာပေါ့ "

ကျွန်တော်ခေါင်းညိတ်ပြလိုက်မိသည်လားမပြဖြစ်ဘူးလားပင်မဝေခွဲတတ်တော့ပါ။ အစိမ်းရောင်မိန်းကလေးသည် ကျွန်တော့်အပါးမှ ထထွက်သွားပါသည်။

(၂)

ကုသိုလ်လိုချင်၍ ဟုပဲဆိုဆို . . .

အစိမ်းရောင် မိန်းမချောလေး သူဇာကို တွေ့ချင်၍ ဟုပဲဆိုဆို . .

ထိုစေတီလေးသို့ နောက်ထပ်နှစ်ရက်ဆက်၍ ရောက်သော်လည်းဘုရားကန်တော့ဖြစ်သည်မှတစ်ပါး သူဇာ့ကိုတော့မတွေ့ခဲ့ပါ။

" အဲဒီစေတီလေးက သိုက်ဘုရားလို့ပြောကြတယ် ဆရာလေးရဲ့ ငါးသိုက်ရှိတယ်တဲ့။ လပြည့်လကွယ်ညတွေမှာတချို့လူတွေဥစ္စာစောင့်တွေ သိုက်နန်းရှင်တွေကို မြင်တယ်လို့ပြောကြတာပဲ "

ရွာလူကြီး တစ်ယောက်ဖြစ်သည့် ဦးဖိုးလှ၏ ပြောစကားပင်ဖြစ်သည်။ ကျွန်တော့်အဖြစ်အပျက်ကိုတော့ ဦးဖိုးလှအား မပြောပြဖြစ်

www.burmeseclassic.com



(၂)

ကုသိုလ်လိုချင်၍ ဟုပဲဆိုဆို . . .

အစိမ်းရောင် မိန်းမချောလေး သူဇာကို တွေ့ချင်၍ ဟုပဲ ဆိုဆို . .

ထိုစေတီလေးသို့ နောက်ထပ်နှစ်ရက်ဆက်၍ ရောက်သေ လည်းဘုရားကန်တော့ဖြစ်သည်မှတစ်ပါး သူဇာ့ကိုတော့မတွေ့ခဲ့ပါ

" အဲဒီစေတီလေးကသိုက်ဘုရားလို့ပြောကြတယ်ဆရာ လေး နဂါးသိုက်ရှိတယ်တဲ့။ လပြည့်လကွယ်ညတွေမှာ တချို့လူတွေဥ စောင့်တွေ သိုက်နန်းရှင်တွေကို မြင်တယ်လို့ပြောကြတာပဲ"

ရွာလူကြီး တစ်ယောက်ဖြစ်သည့် ဦးဖိုးလှ၏ ပြောစကား ဖြစ်သည်။ ကျွန်တော့်အဖြစ်အပျက်ကိုတော့ ဦးဖိုးလှအား မပြော ပါ။ ကျွန်တော်အဖြစ်အပျက်ကို ပြောပြဖြစ်သည်က ကျွန်တော် မိတ် ကိုကျော်မိုးကို ဖြစ်သည်။ ကိုကျော်မိုးက ဟအံ့တသြနားထောင်ပြီး .

" ဒါဆို အဲဒီမသူဇာဆိုတဲ့ အမျိုးသမီးက လူသားစင်စစ် မ နိုင်ဘူး ဆရာလေး ဧကန္တတော့ မြွေမင်းသမီးလေးပဲ ဖြစ်လိမ့်မယ် . .

" မဟုတ်နိုင်တာဗျာ၊ ကိုကျော်မိုးက အိန္ဒိယရုပ်ရှင်ကားေ ကြည့်ပြီး စိတ်ကူးယဉ်နေပြန်ပြီ၊ မသူဇာက လူပါဗျ . . "

" ဆရာလေးလည်း၊ ကျွန်တော်တို့ ရွာရောက်နေတာကြာ ပဲ၊ ရွာထဲမှာ အဲဒီအမျိုးသမီးကို တွေ့ဖူးလို့လား "

" ကျွန်တော်ရွာထဲတော့မတွေ့ဖူးဘူးပေါ့ဗျာ . . တခြားရွ ကဘုရားလာဖူးတာဖြစ်နိုင်တာပဲ "

" တခြားရွာက မဟုတ်နိုင်ဘူး ဆရာလေး . . တခြားက ကပဲဖြစ်လိမ့်မယ် "

စိတ်ကူးယဉ်ဆန်ပြီး လက်တွေ့မကျသည့် ဖြစ်ရပ်များ လက်မခံတတ်သည့် ကျွန်တော်ဉာဉ်ကြောင့်ဟုပဲ ပြောရမလား။ သူဇာ တွေ့ချင်၍ဟုပဲ ဆိုရမလားတော့ မသိနိုင်ပါ။ ထိုစေတီလေး သ မရောက်သည်မှာ သုံးလေးရက်ကြာပြီမို့ ယခုညနေသွားဦးမည် ဆုံးဖြတ်လိုက်သည်။



ကျွန်တော်စေတီလေးသို့ရောက်တော့၊ မသူဇာက ရာက်နှင့် နေပြီမို့ ကျွန်တော်ဝမ်းသာသွားသည်။ အစိမ်းရောင်အ ထက်အောက် နှင့် ပင်ဖြစ်ပါ၏ ဆံပင်လေးကို တစ်ပတ်လျှိုထုံးထားသည်။

ဘုရားပန်းများကပ်အပြီးတွင် ကျွန်တော့်ကို မသူဇာမြင်သွား သည်။ မသူဇာက ကျွန်တော့်အား ပြုံးရယ်ပြပါ၏။

" မသူနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ . . ကျွန်တော် ဟိုဘက်ရက်တွေတုန်းက . . မသူဇာနဲ့ တွေ့မလားဆိုပြီး ဘုရားကို ရောက်သေးတယ် "

" ညီမ . . တာဝန်ယူထားရတဲ့ ကိစ္စတွေရှိလို့ မလာဖြစ်တာ ပါ အစ်ကို၊ အစ်ကို့ကို ညီမသတိရနေတာပါ . . "

" တကယ်ပြောတာလား ညီမ . . တကယ်သတိရတာလား"

" တကယ်ပေါ့ . . ဪ . . အစ်ကို့ကို ပြောရအုံးမယ် ဒီကအပြန်ကျလမ်းမှာ ဆွဲကြိုးတစ်ကုံးကောက်တွေ့လိမ့်မယ်၊ အဲဒီ ဆွဲကြိုးကို ရောင်းပြီး တစ်ဝက်ကိုဘုရားလှူ၊ တစ်ဝက်ကို အစ်ကိုလို ရာသုံးပါ "

" ညီမက ဘယ်လိုလုပ်ပြီး ဒီအကြောင်းကို သိနေတာလဲ "

"ညီမ်ကဗေဒင်တွက်တတ်လို့ပဲလို့ အစ်ကိုနားလည်ပေးပါ"

ကျွန်တော်ထိုနေ့က အပြန်လမ်းတွင် နှစ်ကျပ်သားခန့်ရှိသည့် ဆွဲကြိုးတစ်ကုံးအမှန်ပင် ကောက်ရခဲ့ပါသည်။ နောက်ရက် မသူဇာ ကိုပြပြီး သူ့ဆန္ဒအတိုင်း ဘုရားကို တစ်ဝက်လှူလိုက်ပါ၏။

သည်လိုနှင့် မသူဇာနှင့် ကျွန်တော်နှစ်ခါသုံးခါ ဆိုသလိုတွေ့ ဆုံခဲ့သကဲ့သို့ ရင်းနှီးခင်မင်မှုမှ တစ်ဆင့် သယောဇဉ်ကြီးကရစ်ပတ် လာပါသည်။ ကျွန်တော် မသူဇာကို ချစ်ရေးဆိုဖို့ ဆုံးဖြတ်လိုက်၏။

(၃)

" အစ်ကိုနဲ့ ညီမနဲ့တွေ့ကြတဲ့ အချိန်ကမှကြာသေးဘူးဆို ပေမယ့် ညီမကို အစ်ကိုနှစ်နှစ်ကာကာ ချစ်နေတယ်၊ ဘယ်သဘော ရေစက်လည်းမပြောတတ်တော့အောင်ပဲ . . အဲဒါညီမအနေနဲ့ အစ်ကို့

www.burmeseclassic.com

www.burmeseclassic.com





အချစ်ကိုလက်ခံပြီးတုံ့ပြန်စေချင်တယ်။ ”

“ အစ်ကိုက ရိုးရိုးနဲ့ရှင်းရှင်းပြောတော့ ညီမလည်းအစ်ကို့လိုပဲပြန်ပြောရမှာပဲ။ အစ်ကို့ကို ညီမစတွေ့ကတည်းက စိတ်ဝင်စားခဲ့ပါတယ်။ မချစ်သင့်မှန်းသိပေမယ့် အစ်ကို့ကို ညီမချစ်တယ် ”

“ ဝမ်းသာလိုက်တာညီမရယ် ”

မသူဇာကို ရင်ခွင်ထဲထွေးပွေ့ထားလိုက်ပါလေ၏။ ကျွန်တော်နှင့်မသူဇာတို့နှစ်ယောက်၏ ချစ်ခရီးဤနေ့ဤရက်မှအစပြုခဲ့သည်ဟု ဆိုရပါမည်။

သည်လိုနှင့် ရက်များကြာညောင်းခဲ့သည်။ မသူဇာနှင့်ကျွန်တော်တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို ပုံမှန်တွေ့ဖြစ်သည်။ ကျွန်တော်နှင့် မသူဇာအကြောင်းကို ကိုကျော်မိုး အနည်းငယ်ရိပ်မိနိုင်သည်မှအပ အခြားမည်သူမျှမသိကြပါ။

ကိုကျော်မိုးက . . ကျွန်တော်နှင့်မသူဇာမသိအောင် လိုက်လံချောင်းမြောင်းကြည့်တတ်ကြောင်း . . သူထုတ်ဖော်ပြောမှ ကျွန်တော်သိရသည်။ ကျွန်တော်မကျေနပ်သော်လည်း ကျွန်တော့်ကို စိတ်ပူပင်ကာလိုက်ကြည့်သည်ဆိုခြင်းကို မည်သို့စိတ်ဆိုးရက်ပါမည်နည်း။

"ပြ. သို့သော် . . တစ်နေ့ အရက်မူးနေသည့် ကိုကျော်မိုးနှင့် အခြားရှိလူ့ လူစိမ်းတစ်ဦးလမ်းဘေးတစ်နေရာတွင် စကားပြောနေသည်ကို ကျွန်တော်မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

“ ငါ့မိတ်ဆွေ ကျန်းမာရေးမှူးဇော်မြင့်က မြွေင်းသမီးလိုလို ဥက္ကာဆောင်လိုလိုကောင်မလေးနဲ့ကြိုက်နေတယ်ကွ၊အဲဒီကောင်မလေးရဲ့ နောက်ကိုခြေရာခံလိုက်နိုင်ရင် တို့သိုက်နန်းကိုတွေ့ပြီး ကျောက်သံ ပတ္တမြားတွေရမှာပဲ . . အသံနှယ်လဲ မင်းငါနဲ့လိုက်မလား . . . ”

“ ကျောက်သံပတ္တမြားတွေရမယ်ဆိုရင် လိုက်ချင်တာပေါ့ဗျာ၊ ဒါပေမယ့် . . သိုက်စောင့်သရဲတို့(ဖွဲ)တ်တို့ကြောက်တယ် . . ”

“ မမြင်ရတာတွေ တွေးကြောက်မနေနဲ့ . . ကံကောင်းရင် ဒီကောင်မလေးကိုတော့ ငါတို့တွေ့ရမှာဖြစ်ကြမှာကွ ”

ကျွန်တော်သည် ထိုစကားကိုကြားရ၍ ထိတ်တိုက်ရင်ဆိုင်တွေ့ ရန်ချင်သည်။ သို့သော် သူ့အမူအရာကို မြွေတွေ့ခါးပိုက်ပိုက်ထား

သလိုဖြစ်ရသည်မို့ ကျွန်တော်ပိုပြီး ဒေါကန်သည်။ သူဇာ့ကိုသတိပေးထားပြီး ကျော်မိုး၏ခြေလှမ်းကို အပိုင်စောင့်ကြည့်မည်ဟုသာ ဆုံးဖြတ်လိုက်သည်။

သူဇာနှင့် ကျွန်တော်ချိန်းတွေ့ဖြစ်သည့်ညတွင် ကျွန်တော်အိမ်သို့ပြန်ရောက်ပြီး အိပ်ရာဝင်ခဲ့သည်။ သူဇာ့ကိုလည်းကျော်မိုးအကြောင်းပြောခဲ့ပြီးဖြစ်သည်။

နောက်နေ့မနက်တွင် မွှေးမွှေးအိမ်သို့ ပေါက်ချလာသည်။

“ ဆရာလေး . . အစ်ကိုနဲ့တွေ့သေးလား၊ အကိုညထဲက အိမ်ပြန်မအိပ်တာ ခုမနက်ထိလည်း မလာသေးဘူး ”

“ ဟေ . . ခါတိုင်းရောဒီလိုပဲ မလာဘဲနေတတ်လား ”

“ ဟင့်အင်း . . တစ်ခါတစ်လေ သူငယ်ချင်းတွေနဲ့ညအိပ်သနေ ထွက်သွားမယ်ဆိုရင် မွှေးကို ကြိုပြောသွားတယ်ဆရာလေး . . မွှေး အစ်ကိုအတွက် အရမ်းစိတ်ပူတယ် . . ”

“ ဒီလောက်လဲ စိတ်မပူပါနဲ့ . . ကျွန်တော်လည်းလိုက်စုံစမ်းကြည့်ပါဦးမယ် . . ”

စကားပြော၍မှမဆုံးမီ၊ရွာသားနှစ်ဦးအပြေးတပိုင်း ရောက်လာသည်။ရွာလူကြီးကခေါ်ခိုင်း၍ဟုဆိုသည်။ အကြောင်းကတော့ . . ကျော်မိုးနှင့်လူစိမ်းတစ်ယောက်ရွာပြင်တောစပ်တစ်နေရာတွင် မြွေကိုက်ခံထားရဟန်တူသည်။ အခြေအနေမကောင်းတဲ့။

မွှေးမွှေးနှင့် ကျွန်တော် ထိုနေရာသို့ ထိုလူနှစ်ယောက်နှင့်အမြန်လိုက်သွားကြသည်။ ဟိုရောက်တော့ နှစ်ယောက်လုံးအသက်မရှိတော့ကြောင်းတွေ့ရ၏။

(၄)

ကျော်မိုးနှင့် အပေါင်းတစ်ယောက်သေဆုံးသည်မှာ မြွေကိုက်ခံရသည့်ဒဏ်ရာ(မြွေဆိပ်)ကြောင့် သေဆုံးခြင်းပင်ဖြစ်သည်။ သည်တိုင်းဆိုပါက ထိုမြွေသည် သူတို့နှစ်ဦးကို အဘယ်ကြောင့်တိုက်ခိုက်သနည်း။

www.burmeseclassic.com



တိုက်ဆိုင်ခြင်းလေလား။ . . ထူးဆန်းလှပေစွ . . ။

ထိုအကြောင်းနှင့်ပတ်သက်ပြီး သူဇာကိုပြောပြတော့ . .

" စိတ်မကောင်းပါဘူး အကို . . "

ဟု သူဇာကပြောသည်။ သူမမျက်နှာတွင် စိတ်မကောင်းသည့်ဟန်လည်းပေါ်နေ၏။ မွှေးမွှေးနှင့် ကျော်မိုးတို့မောင်နှမနှစ်ယောက်တည်းရှိကြသည်မို့ မွှေးမွှေးသည် ပဏ္ဏာမြေလူး အရှုံးတစ်ပိုင်းဖြစ်နေရှာပါလေ၏။

ကျွန်တော်မြို့ချောင်းသို့ ရောက်ကာစကာလများတွင် ကူညီခဲ့ဘူးသည့် ကျော်မိုး၏ ကျေးဇူးများ ကျွန်တော့်အပေါ်တွင်ရှိဖူးသ ဖြင့် ကျွန်တော်လည်းစိတ်မကောင်းပါ။ မွှေးမွှေးကို တတ်နိုင်သမျှအားပေးနှစ်သိမ့်ထားပါလေ၏။

ကျွန်တော်နှင့် သူဇာဘဝရှေ့ရေးအတွက်အတူနေထိုင်ဖို့ ကျွန်တော့်က စကားဆိုလိုက်သည်။

" အစ်ကိုတော့ သူဇာနဲ့ အတူနေချင်ပြီကွာ . . ညီမကသိပ်လျှို့ဝှက်လွန်းတော့ အစ်ကိုစိတ်မချနိုင်ဘူး . . ချစ်သူဖြစ်တာပဲကြာပြီ အစ်ကို့ကိုညီမတို့ရွာဘာလို့ခေါ်မသွားတာလဲ။ သူဇာဘက်ကအစ်ကိုနဲ့သဘောမတူနိုင်လို့လားပြောလေ သူဇာ . . "

ထိုသို့ ကျွန်တော်ပြောလိုက်တော့ သူဇာဝမ်းနည်းသွားပုံရသည်။ ငိုမဲ့မဲ့မျက်နှာနှင့် လေးတုံ့စွာပြန်ပြောရှာ၏။

" အချိန်ကျတဲ့အခါ ညီမအစ်ကို့ကို ညီမတို့ဆီခေါ်သွားမှာပါ၊ အကိုနဲ့ အမြန်ဆုံးအတူနေဖို့ ညီမကြိုးစားပါ့မယ် . . "

ကျွန်တော့်ချစ်သူလေး၏ ထိုစကားတစ်ခွန်းနှင့်ပင် ကျွန်တော်ကျေနပ်လိုက်ရပါသည်။ အချိန်တန်တော့လမ်းခွဲကာကိုယ့်နေရာကိုယ်ပြန်ခဲ့ရပါ၏။

ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးတစ်ယောက်။

သူ၏မျက်နှာက အေးမြသည်။ သို့သော်သူ့မျက်လုံးများကတင်းမာနေ၏။

" လူကလေး . . သူဇာ့ကို မင်းမချစ်သင့်ဘူး၊ ကိုယ်နဲ့ဘဝ



တဲ့သူချင်းသာပေါင်းဖက်ပါလူကလေး . . အခုဆို အဘမြေးမလေးကလူကလေးကို အရမ်းစွဲလမ်းနေတယ်၊ လူကလေးနဲ့လက်ထပ်မယ်ပြောနေတယ်။ လူကလေးနဲ့ သူဇာဘယ်လိုနည်းနဲ့မှ မနီးစပ်နိုင်ဘူး"

ကျွန်တော်စကားတစ်ခွန်းမျှပင် အဘကိုပြန်မပြောလိုက်နိုင် အဘသည်မီးခိုးငွေ့များနှင့် အတူပျောက်ကွယ်သွားသည်။

ကျွန်တော်ရုတ်တရက်ထ,ထိုင်လိုက်၏။ လက်စသတ်တော့ အိပ်မက်ပါလား . . အိပ်မက်ထဲမှာ တွေ့ရသည့်အဘသည် သူဇာ့အဘိုးဟုဆိုသည်။ တကယ်ပင်လျှင် ထိုအဘနှင့် ကျွန်တော်တွေ့ခဲ့သည်လား၊ အိပ်မက်ထဲမှာတွေ့သည်လား ဝေခွဲ၍မရနိုင်ပါ။

အိပ်မက်ထဲ အရောက်လာပြီး တားခြင်းလည်း မဖြစ်နိုင်ဘူးလား၊ စဉ်းစားမရတော့ဖြစ်နေပြီ။

(၅)

" လူ့အသက်တစ်ချောင်းဆိုတာရခဲတယ်၊ မွှေးမွှေးဘာလို့ခုလိုကြံစည်ရတာလဲဟင် . . မိုက်လိုက်တာကွာ . . ကဲပြောကိုယ့်ကိုမပြောရင် မွှေးမွှေးဘယ်သူ့ကိုပြောမလဲ . . "

ချုံးပွဲချ ငိုကြွေးနေသည့်မွှေးမွှေးသည် ကျွန်တော်ပြောလိုက်ကာမှ ပို၍ဝမ်းနည်းသွားလားမဆိုနိုင်ပေ၊ ခေါင်းမဖော်တမ်းငိုပြန်သည်။ နောက်တော့ သူမ ပြောပြ၍သိရသည်မှာ . .

တစ်ဖက်ရွာမှ ဆန်းမင်းနှင့် ချစ်သူဖြစ်ခဲ့ကြောင်း၊ တိတ်တဆိတ်ပင် ရုံးတက်လက်မှတ်ထိုးခဲ့ကြောင်း၊ ဆန်းမင်းသည် အတူနေဖို့ စီးပွားထွက်အရှာ ကားမှောက်ပြီးသေဆုံးသွားကြောင်း မွှေးမွှေးတွင်ကိုယ်ဝန်ရှိနေကြောင်း၊ ထို့အတွက် မထူးဇာတ်ခင်းကာ အားလုံးပြီးစီးသွားအောင် စဉ်းစားခဲ့ကြောင်း ဟုဖြစ်သည်။

မွှေးမွှေး၏ စကားကိုကြားပြီး ကျွန်တော်ကြေကွဲသွားသည်။ မွှေးမွှေးကို သနားသွားသည်။ မိုက်လုံးကြီးလေခြင်းဟု အပြစ်တင်ချင်သည်။ သို့သော် အပြစ်တင်လို့လည်း အသစ်ဖြစ်လာမှာမှမဟုတ်တော့တာမို့ ပြောမနေတော့ပါ။

www.burmeseclassic.com


" ဒီလောကမှာ မွှေးဘယ်လိုလုပ်ရပ်တည်မလဲ ဆရာ . . . မွှေးနေရာက ကိုယ်ချင်းစာကြည့်ပါ . . "

" ဟုတ်ပါတယ် . . မွှေး . . ကိုယ်အကောင်းဆုံးဖြစ်အောင် မွှေးမွှေးအတွက် စဉ်းစားပေးပါ့မယ်၊ ဒီတစ်ရက်နှစ်ရက်တော့ . . . ခဏလေးစောင့်လိုက်ပါဦး . . "

မကြာမီကာလအတွင်း လူ့လောကသို့ ရောက်ရှိလာမည့် ဖခင်မဲ့ကလေးငယ်သည် အများ၏စာတွေးခွက်ဝယ် ပက်လက်မျော ပါသွားဖို့သာရှိသည်။ ဒီကလေး၏ ရှေ့ရေး . . . ကလေး၏မိခင် မွှေးမွှေး တစ်ယောက်ပတ်ဝန်းကျင်အမြင်တင့်တယ်ရေး . . တွေး ကြည့်လေလေ မရေရာ ဝိုးတဝါးနှင့်သာ ရှိနေတော့သည်။

ထိုသားအမိနှစ်ယောက်အတွက် ကျွန်တော်ဘာလုပ်ပေးရ မည်နည်း၊ အကောင်းဆုံးဖြစ်စေချင်လှပါသည်။

မြို့ချောင်းရွာသို့ ရောက်ကာစ . . သူတို့မောင်နှမ နှစ်ဦး ကျွန်တော့်အပေါ် ဆွေမျိုးရင်းချာနှင့် မခြားကူညီခဲ့ပုံများက မမေ့ရက် စရာသာဖြစ်သည်။ တကယ့်ကိုကျေးဇူးတင်သင့်သည်။

ပြီးတော့ ကိုကျော်မိုးသည် သူဇာနှင့် ပတ်သက်ပြီးအမြင်တစ် မျိုးနှင့် မြင်ကာ လောဘတက်ခဲ့သည်။ ထိုလောဘကပင် သူ့အား တမလွန်သို့ ပို့ဆောင်ခဲ့၏။ တကယ်တမ်း . . တိကျရေရာစွာ စစ် ကြောကြည့်ပါက . . လောဘတက်ရမှုကိထန်သည့် ကျော်မိုး၏ အပြစ်ဖြစ်သည်ဆိုသော်လည်း . . ကျွန်တော့်ပြဿနာကမြစ်ဖျားခံ ခဲ့သည်မို့ ကျွန်တော့် ပယောဂမကင်းသလိုခံစားရသည်။

သူတို့ကို ကျွန်တော်မည်သို့ ဥပက္ခာပြုထားရပါမည်နည်း။ သို့ဆိုလျှင် . . ကျွန်တော်သည် ကျွန်တော့်ချစ်သူ သူဇာကိုမေ့ပစ် လိုက်ရမည်လား . . . သူဇာတွင်မည်သည့်ပြစ်ချက်မှမရှိဘဲ အ ကြောင်းပြချက်မဲ့ ထားရစ်ခဲ့ဖို့ဆိုသည်မှာ ပြင်ပလောကတွင် မဆို ထားနှင့် စိတ်ကူးထဲတွင်ပင်လျှင် မဖြစ်နိုင်ပါ။ သို့သော် . . သူဇာသည် ပြဿနာမရှိ သောကမကြုံ . . ဘဝကိုအေးဆေးစွာ ဖြတ်သန်း၍တော့ ရနေသေးသည်။ ကျွန်တော့်အတွေးထဲသို့ မွှေးမွှေးရောက်လာပြန်သည်။

မွှေးမွှေးသည် ကျွန်တော့်အချစ်ကို မျှော်လင့်ခဲ့ဖူးသည်။ကျွန်



တော်ကသူ့ကိုညီမငယ်တစ်ဦးသဖွယ်သာ သဘောထား၍ရသည်။ဒီ ကြားထဲသူဇာနှင့် ဆုံတွေ့ခဲ့သောအခါ ကျွန်တော်သည်မွှေးမွှေးကိုမေ့ ထားပစ်ခဲ့သည်။ မွှေးမွှေးသည်လည်းတစ်ရွာသားကို ရည်းစားလုပ် ခဲ့သည်။ ကျွန်တော်မည်သို့ ဆုံးဖြတ်ရမည်နည်း။

( ၆ )

" မွှေးမွှေး ညီမလေးအတွက် ဆရာအကောင်းဆုံးဖြစ်အောင် စဉ်းစားထားပြီးပြီ . . ။"

" ရှင် . . ဟို . . ဘယ်လိုလဲ ဆရာ "

" မွှေးမွှေးကို ဆရာလက်ထပ်ယူမယ် . . "

" ရှင် "

သူဇာနှင့် ကျွန်တော့်အကြောင်းကောင်းကောင်းသိထားသည့် မွှေးမွှေးသည် ထိုစကားကို ယုံကြည်ဟန်မတူ၊ အံ့လည်းအံ့သြ နေရှာသည်။ မယုံတစ်ဝက်ယုံတစ်ဝက်နှင့် ယုံရခက်ကြီးမဟုတ်ပါ လား။

" မွှေး . . တစ်ခုပြောပါရစေ . . ဆရာ "

" ပြောလေ . . မွှေးမွှေး "

" ဆရာ . . မွှေးကို လက်ထပ်လိုက်ရင် . . မသူဇာနဲ့ဆရာ ဝေးသွားမှာပေါ့၊ မသူဇာကို ဆရာဘယ်လောက်ချစ်တယ်ဆိုတာ မွှေး သိပါတယ်။ မွှေးဘဝနဲ့ မွှေးရှိပါစေတော့ ဆရာရယ် "

" မဟုတ်သေးဘူးမွှေး . . ဆရာပြောတဲ့ စကားပဲနားထောင် . . ဘာပဲဖြစ်ဖြစ် အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ဆရာ စဉ်းစားဆုံးဖြတ်လိုက်တာ "

ထိုစကားကို ပြောပြီးနောက် မွှေးမွှေးရှေ့မှ ကျွန်တော်လှည့် ထွက်ခဲ့သည်။ ကျွန်တော်သည်ဆုံးဖြတ်ချက်တစ်ခုကိုချခဲ့ပြီးဖြစ်သော် လည်း . . ကျွန်တော့်အသည်းနှလုံးသည်ကား တဆတ်ဆတ်တုန် လျှက်သာဖြစ်သည်။

ရင်နှင့်အမျှ ချစ်ရပါသော သူဇာနှင့် ကျွန်တော်သည်ကား ပဝါတား၍ ကမ္ဘာခြားပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

## (၇)

ကျွန်တော်နှင့် မွှေးမွှေးတို့၏ အကျဉ်းရုံးလက်ထပ်ပွဲသည် လက်ဖက်ရည်ဝိုင်းနှင့်ပင် ပြီးသွားခဲ့သည်။ ပဲခူးမြို့မှ မိခင်ကြီးကိုလည်း နောက်မှ အကျိုးသင့် အကြောင်းသင့် ပြောရပေတော့မည်။

ရွာသူရွာသားများကတော့ . . အဖြစ်မှန်ကိုမသိကြ . . . တော့ နေနှင့်လ, ရွှေနှင့်မြ ပမာထင်ထားကြ . . တင်စားကြသည် သာဖြစ်၏။

မွှေးမွှေး၏ နှမ်းလျသော်လည်းပျော်နေရှာသည့်အပြုံး။

ကျွန်တော်၏ ဟန်ဆောင်မျက်နှာဖုံးမှ အပျော်အပြုံး . . တို့ဖြင့် လက်ထပ်ပွဲပြီးစီးသွားသည်။

ကျွန်တော်သည်ကား . . လူကသာ မွှေးမွှေးနှင့် နှစ်ကိုယ် ယှဉ်တွဲနေနေသော်လည်း . . သူဇာဒီအကြောင်းများသိသွားပြီလား မည်သို့များခံစားနေရမည်နည်း။ ကျွန်တော်အား စိတ်ဆိုးအမျက် ထွက်နေပြီလားဟု တွေးရင်းစိုးတထိတ်ထိတ်နှင့် ကြေကွဲနေပါသည်။

လက်ထပ်ပွဲကြီး ပြီးဆုံးသွားသည်ထိ အနှောင့်အယှက်အဟန့်အတားဟူ၍ ဘာမျှမရှိဘဲ အောင်မြင်သည်။ ဧည့်သည်များအိမ်ပြန်ကုန်သည်။ အိမ်တွင်သိမ်းဆည်းစရာများကို သိမ်းဆည်းရှင်းလင်းပြီးနောက်။ ညရှစ်နာရီထိုးသွားသည်။ ကျွန်တော်တို့ ဧည့်ခံပွဲက ညနေခင်းတွင် ကျင်းပခဲ့သည်ပဲလေ။

မွှေးမွှေးသည် ကျွန်တော်လှဲနေသည့် ကုတင်ဘေးတွင် လာထိုင်သည်။ နောက်ဘေးတစ်စောင်းလှဲလိုက်ပြီး . .

" ဆရာ . . ဒီလိုနေ့မျိုးမှာ ဘယ်လောက်ခံစားနေရမယ် ဆိုတာ ကိုယ်ချင်းစာလို့ရပါတယ် . . "

ကျွန်တော်ထိုစကားကို စိတ်မကောင်း၊ မွှေးမွှေးပခုံးကို အသာဖက်ပြီး နှစ်သိမ့်လိုက်သည်။

ကြုံလာသည့်အဖြစ်ကို ဘာများတတ်နိုင်ပါမည်နည်း။

ကျွန်တော်ပင်ပန်းစွာ စိတ်ဖိစီးမှုဖြင့် အိပ်ပျော်သွားသည်။ ထို့အတူ မွှေးမွှေးသည်လည်း အိပ်ပျော်သွားသည်ထင်သည်။ ကျွန်တော်ကို ထင်မှတ်မထားသည့် သူဇာကလာတွေ့သည်။



" အစ်ကိုရက်စက်တယ် . . သိပ်ရက်စက်တယ်၊ . . သူဇာ မှာ ဘာအပြစ်ရှိလို့လဲ အစ်ကိုရယ် . . "

မျက်ရည်များကျလျှက် သူဇာကပြောသည်။ သူဇာသည် မွှေးမွှေးကို တစ်ချက်ကြည့်လိုက်သည်။ သူ့မျက်လုံးသည် စူးလဲ့တောက်ပလွန်းသည် ဒေါသအခိုးအငွေ့တို့ လောင်မြိုက်နေသလိုပင်။

" ဒီကောင်မ . . မရှိမှ အေးမယ်၊ ဂြိုလ်ကောင်မ . . "

သူဇာ သည်မွှေးမွှေးကို ရန်ပြုဖို့ကပ်လာသည်။

" သူဇာ . . သူဇာ "

ကျွန်တော် အလန့်တကြားအိပ်ယာမှ ထအော်လိုက်သည်။ ကျွန်တော်အိပ်မက်မှနိုးသွားသည်။သို့သော် အံ့ဩစရာကောင်းသည်က သူဇာ့ကို ကျွန်တော်တို့ အိပ်ခန်းထဲတွင် တွေ့ရခြင်းဖြစ်သည်။

ကျွန်တော့်ကို သူဇာမြင်သွားသည်။ စိမ်းကားပြတ်တောက်သည့်အကြည့်ဖြင့် လှမ်းကြည့်သည်။

" သူဇာ "

ကျွန်တော်ပါးစပ်က လှုပ်သည်ဆိုရုံမျှ လှုပ်လိုက်သည်။ သူဇာသည်ရပ်နေရာမှ လှည့်ပြေးသွားသည်။ ကျွန်တော်လည်း သူဇာနောက်ကမန်းကတန်းပြေးလိုက်သည်။

အိပ်ခန်းတံခါးမှ သူဇာအပြင်သို့ ရောက်သွား၏။ကျွန်တော်တိုနားရောက်၍ အပြင်ဘက်လှမ်းကြည့်လိုက် သည်။ ခြံပြင်သို့ သူဇာထွက်မသွားခင်အမီလိုက်ရမည်။ ရှင်းပြ တောင်းပန်ရဦးမည်။ သို့သော် . . ကျွန်တော် သူဇာ့ကို မတွေ့လိုက်တော့ . . ကျွန်တော်တွေ့ရသည်မှာကား . . ခြံပြင်သို့လူးလွန့်ထွက်ခွာသွားသည့် မြွေကြီး တစ်ကောင် . . . . . . . ။

(ပြီး)

www.burmeseclassic.com

www.burmeseclassic.com

# လူဝင်စားလား၊ မြွေဝင်စားလား

**(တက္ကသိုလ်ယဉ်ယဉ်လဲ)**

တစ်နေ့သ၌ကျွန်မ၏အိမ်သို့ မေဦးဆိုသောအမျိုးသမီးလေးသည်တစ်စုံတစ်ခုကို စိုးရိမ်ပူပန်ေ ၊ ၂န်အမူအရာမျိုးနှင့်ရောက် ရှိလာလေသည်။

မေဦးသည်ကျွန်မဆီမကြာခဏဗေဒင်လာမေးနေသူဖြစ် သည်။

" ဆရာမ . . . ကျွန်မ ညီမလေးပါသွားပြီ "

" ဟင် . . . ဘယ်ကိုပါသွားတာလဲ "

" ယောက်ျားနောက်ဖါသွားတာ၊ အဲဒါသူ့ကို ပြန်ခေါ်လို့ရမလား တွက်ပေးပါဦး . . . "

မေဦးက ညီအစ်မ သုံးယောက်တွင် အကြီးဆုံးဖြစ်သည်။ မိဘများမရှိကြတော့ပဲ၊ ညီအစ်မသုံးယောက် အဒေါ်များနှင့် အတူနေကြ၏။

မေဦးက ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းဖြစ်သည်။ မေဦးထက် အငယ်လေးနွယ်နှင့် ရှင်ထွေးတို့ရှိသည်။

ယခု ယောကျ်ားနောက်လိုက်သွားသူမှာ ညီမ အငယ်ဆုံး ရှင်ထွေး ဖြစ်သည်။

" ရှင်ထွေးက အိမ်ထောင်ကျရမဲ့ အရွယ်ပဲ၊ အသက်နှစ်ဆယ်ကျော်နေပြီ ညဉ်းဘယ်လိုသွားခဲ့မှာလဲ၊ မရဘူး . . "

" သူ့အိမ်ထောင်ကျတာ ကောင်းလားလို့ တွက်ပေးပါ၊ သူ့ကောင်လေးရဲ့ မွေးသက္ကရာဇ်လည်း သိတယ်၊ တွက်ပေးပါ . . "

ရှင်ထွေးနှင့် ရန်နိုင်တို့၏ မွေးသက္ကရာဇ်ကိုတွက်ကြည့်သည်။

"နှစ်ယောက်စလုံးက နတ်ကွ အိမ်ထောင်ရေးလည်းကောင်းတယ်၊ နိုင်ငံရပ်ခြားမှာသွားပြီး နေထိုင်ရမယ့် သူတွေဖြစ်တယ်၊ အဝေးမှာ အောင်မြင်လိမ့်မယ်။ "

"သူ့အိမ်ထောင်ကျတာကောင်းတယ် ဆိုရင်လည်းတော်ပါသေး



ရဲ့၊ ကျွန်မတို့မှာ မိဘတွေရှိတော့တာမဟုတ်ဘူး ဆရာမ ရယ်၊ ကျွန်မက အစ်မကြီးအမိအရာ အနေနဲ့ ညီမလေးတွေကို ထိန်းသိမ်းရတာ တာဝန်ကြီးပါတယ်၊ ရှင်ထွေး ငယ်ငယ်ကအရမ်းချူချာ တာ၊ အခုလည်း သိပ်နေမကောင်းဘူး၊ အပင်ပန်းလည်းမခံနိုင်ဘူး"

သူတို့ ညီမတွေရဲ့အကြောင်းကို မေဦးပြောပြပါသည်။

မေဦး အသက်ဆယ်နှစ်အရွယ်က မိဘနှစ်ပါးမှာ ရုတ်တရက်ဆုံးသွားကြသည်။

မေဦးက အမေ၏ အစ်မထံတွင် နေရပြီး လေးနွယ်က အမေ့ညီမထံတွင် နေရလေသည်။

ရှင်ထွေးကဖခင်ဖြစ်သူ၏အစ်မအပျိုကြီးကမွေးစားလိုက်သည်။

ထိုစဉ်က ရှင်ထွေးအသက် ငါးနှစ်အရွယ်ပဲ ရှိသေးသည်။

ရှင်ထွေးအား မွေးစားသော အပျိုကြီးမှာ နောက်နှစ်နှစ်ကြာသောအခါ အိမ်ထောင်ကျလေသည်။

ထိုအိမ်ထောင်မှာ ဂျူးကပြားဖြစ်ကာ ခရစ်ယာန်ဘာသာ ကိုးကွယ်သည်။

ရှင်ထွေး ဆယ်တန်းအောင်သော နှစ်ကျမှ မွေးစားမိခင်ကြီးသေဆုံးသွားရာ၊ နေမကောင်းဖြစ်နေသော ရှင်ထွေးအား မေဦးမှ ပြန်၍ခေါ်ခဲ့ခြင်းဖြစ်သည်။

" အဲဒီတုန်းကလည်း ရှင်ထွေးက ခဏခဏနေမကောင်းဖြစ်လွန်းလို့ သူ့မွေးစားအဖေ အန်ကယ် ရစ်ချပ်က စိတ်ကုန်နေတာ မေဦးပြန်ခေါ်သွားမယ်ဆိုလို့ ကြည်ကြည်ဖြူဖြူပဲထည့်လိုက်တာ ရှင်ထွေးက ကျွန်မနဲ့အတူနေမှ ဘုရားရှိခိုးတာတွေ ဘာတွေလုပ်တာ သူနေကောင်းအောင် ဘုရားကိုရေလှူ ဆွမ်းတော်ကပ်နဲ့ ယကြာတွေပေးရင်း ပြန်ကျန်းမာလာတာ . . . "

မေဦးက အရွယ်နှင့် မလိုက်အောင် ဘုရားတရားကြည်ညိုလေးစားသူဖြစ်၏။

" ငယ်ငယ်ကဒုက္ခရောက်လွန်းလို့ဒုက္ခရောက်တိုင်းဘုရား တရင်း၊ဘုရားရှိခိုးရင်းနဲ့ဘုရားတရားရဲ့အရိပ်ဟာအေးမြတယ်၊ ငြိမ်းချမ်းတယ်ဆိုတာသိလာရတာ၊ ခုတော့ မွေးနေ့တိုင်း ဆက်သတ် လွှတ်တာ

www.burmeseclassic.com


မေတ္တာပွဲ့တယ်၊ ဝါတွင်းမှာ ဥပုသ်စောင့်တယ်၊ အဓိဋ္ဌာန်ပုတီးတွေလည်း စိပ်တယ်၊ တစ်နှစ်တစ်ခါ သင်္ကြန်လို အလုပ်အားရက် မှာ တရားစခန်းဝင်ဖြစ်တယ် . . ."

မိဘနှစ်ပါး တစ်ပြိုင်နက်တည်း သေဆုံး၍ညီမသုံးယောက် တကွဲတပြားစီဖြစ်သွားရာက မေဦးဘွဲ့ရ အလုပ်ရချိန်မှာ ညီမတွေ အတူနေထိုင်ရအောင် မေဦးကြိုးစားခဲ့သည်။

အဆင်လည်းပြေသည် မေဦးအား မွေးစားသော အဒေါ်မှာ ဆရာဝန်မကြီးဖြစ်သည်။

ယခုအခါ အဒေါ်လင်မယားနှစ်ယောက်စလုံး နိုင်ငံခြားသို့ သွားရောက်နေထိုင်ကြရာ မေဦးတို့ချည်းကျန်ရစ်ခဲ့သည်။

" ညီအစ်မသုံးယောက်ခုမှ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း နေရလို့ပျော်နေကြတာ ဆရာမရယ်၊ ရှင်ထွေးက ယောကျ်ားနောက်လိုက်သွားတယ်ဆိုတော့ စိတ်မကောင်းဖြစ်ရရော၊ ရှင်ထွေးကံကောင်းမှာပါနော်ဆရာမ . . "

မေဦးက သူ့ညီမအတွက် စိတ်ပူနေသည်။

မကြာခင်ပင် ရှင်ထွေးတို့ လင်မယားနှစ်ယောက်စလုံး ဇန်နဝါရီ (sic) ဇန်ကောက်တွင် အလုပ်ရ၍ မြန်မာပြည်မှ ထွက်ခွာသွားခဲ့ကြပါ သည်။

မှတ်မှတ်ရရထိုနေ့ကကျွန်မတို့မိသားစုမင်းဓမ္မကုန်းရှိ မြွေ မင်းသမီးလေးငြိမ်းချမ်းမေဆီသွားရောက်၍အလှူငွေထည့်ကြပါသည်။

အပြန်တွင် ရှင်ထွေးနှင့် မေဦးတို့ အိမ်မှာရောက်နေတာတွေ့ရသည်။

" မတွေ့ရတာ ကြာပြီ၊ နေကောင်းလား . . ရှင်ထွေး "

ကျွန်မကနှုတ်ဆက်စကား ပြောလိုက်ပါသည်။

ရှင်ထွေးတို့ ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးကြပါသည်။

" အဆင်ပြေတယ် မဟုတ်လား ရှင်ထွေး "

" ဟုတ်ကဲ့ . . ပြေပါတယ် အခု သမီးပြန်လာတာ ကလေးမွေးမလို့ သမီးမှာ ကိုယ်ဝန်ရှိနေပြီ ဆရာမရဲ့ . . . "

" ကလေး မွေးရင် ဗိုက်ခွဲမွေးရလိမ့်မယ်၊ ယောကျ်ားလေးဖြစ်တတ်တယ်၊ကလေးကသူတော်ကောင်းလေး၊ ဘဝဟောင်းကလာတာ အကျိုးပေးမယ့် ကလေးပါပဲ၊ ကလေးမရခင် အိပ်မက်တွေမက်တယ် မဟုတ်လား . . . "

" ဟုတ်ကဲ့ . . မက်ပါတယ်၊ သမီးအိပ်မက်ထဲမှာ မြွေတွေခဏခဏမက်တယ်၊ ထူးခြားတာက မြွေဟောက်လို မြွေမျိုး၊ အရောင်က အပြာရောင်၊ အဲဒီမြွေကြီး တစ်ကောင်ကို မက်တာပါပဲ၊ သမီးက တောထဲမှာ ပန်းတွေခူးနေတယ်၊ အဲဒီမြွေပြာကြီးက နောက်ကလိုက်ပြီး သမီးကို ကြည့်နေတယ်၊ ပန်းတွေခူးပြီး သမီးကဘုရားပေါ်တက်တယ်၊ ဘုရားကလည်း ဘယ်ဘုရားမှန်းတော့ မသိဘူး၊ အဲဒီတော ထဲက အုတ်ဂူကြီးတစ်ဂူရှိတယ်၊ အုတ်ဂူထဲဝင်သွားတော့ ဘုရားရုပ် ထုတွေ အများကြီးတွေ့တယ်၊ အဲဒီမှာ သမီးက ပန်းတွေလှူပြီး ဘုရား ရှိခိုးတာကို မြွေပြာကြီးက နောက်ကနေစောင့်ကြည့်နေတယ်၊ သမီး လည်း ဘုရားရှိခိုးပြီးရော၊ သမီးနဲ့ အတူနေချင်တယ်လို့ ပြောတယ်၊ အဲဒီမှာ သမီးအိပ်ရာက နိုးသွားတယ်၊ အဲဒီလို ခပ်ဆင်ဆင် တူတဲ့ အိပ်မက်မျိုး သုံးရက်လောက် ဆက်မက်တယ် . . "

"ရှင်ထွေးတို့နေတဲ့နေရာမှာ တောင်ပို့တွေဘာတွေ ရှိလား"

" ဟင့်အင်း . . မရှိဘူး၊ တစ်ခါကျတော့အိပ်မက်မက်ရာက မြွေကြီး ကငါခေါင်းရင်းမှာရှိတယ်လို့ပြောတယ်၊ နောက်နေ့ကျတော့သမီးရဲ့အိပ်ရာခေါင်းရင်းဘက်မှာ မြွေကြီးတစ်ကောင် တွေ့ လို့လန့် ပြီးအော်မိတာပေါ့ . . "

" အဲဒီတော့ မြွေကို ဘယ်လိုလုပ်လိုက်လဲ . . "

" သမီးအော်တော့ သမီးအမျိုးသားလည်းရောက်လာတယ် အိပ်ရာခေါင်းရင်းမှာမြွေကြီးခွေနေတာတွေ့တော့တုတ်နဲ့အသာခြောက် လွှတ်ပါတယ်၊ သတ်တော့မသတ်ပါဘူး၊ အဲဒီအကြောင်း သမီးယောင်းမတွေကို ပြောပြတော့ သမီးယောင်းမတွေက ဘုရားရှိခိုးရင်းမြွေကြီး အဝေးကစောင့်ရှောက်ဖို့၊ ခေါင်းရင်းမှာတွေ့ နေရရင်ကြောက်တဲ့အကြောင်းပြောခိုင်းတယ်၊ သမီးကလည်း အဲဒီ လိုပြောလိုက်မှ မြွေကြီးကို မတွေ့ရတော့ဘူး၊နို့မဟုတ်ရင်အဲဒီမြွေကြီးက၊ ခြောက်လွှန့်သွားလို့ထွက်သွားပြီးနောက်တစ်နေ့မှာ ခေါင်းရင်းပြန်ရောက်လာရော . . "



www.burmeseclassic.com

www.burmeseclassic.com


သူမ ပြောတာတွေက စိတ်ဝင်စားဖို့ ကောင်းပါသည်။

" ဟိုမှာ ရှင်ထွေးတို့ ဘာလုပ်ရတာလဲ၊ အနီးအနားမှာ ရော ဘုရားတွေ ဘာတွေရှိလား . . "

" သမီးတို့က အအေးခန်းထဲမှာနေပြီး ငါးပုဇွန်တွေ ရွေးရတာပါ၊ အလုပ်ချိန်က များတယ်၊ အလုပ်ပြီးရင်လည်း အပြင်သိပ်မသွားဖြစ်ဘူး၊ အလုပ်ရုံဘေးနားမှာ၊ အလုပ်သမားတန်းလျားကြီးရှိတယ်။ အဲဒီမှာ နေရတာပါ၊ ဘုရားက အလုပ်ရုံနဲ့ တော်တော်ဝေးဝေးမှာရှိတာပါ၊ အဲဒီအိပ်မက်တွေ မက်ပြီး ကိုယ်ဝန်ရှိတော့၊ သမီးက အဲဒီမြွေကြီး ဝင်စားတာလားလို့ ထင်တယ်၊ ကြောက်လည်း ကြောက်တယ် . . "

"ကြောက်စရာတော့ မလိုပါဘူး၊မြွေကအဆက်အနွယ်ထဲက ဖြစ်မှာပေါ့၊ အခုဒီကို ပြန်လာတာကလေးမွေးမလို့ပေါ့၊ ဟုတ်လား"

" ဟုတ်ကဲ့ . . . ဟိုမှာ အအေးခန်းထဲမှာချည်းနေရတော့ လူကနေလို့လည်းမကောင်းဘူး၊ ဒီမှာကလေးမွေးပြီးချက် ချင်းလည်း ပြန်သွားလို့မဖြစ်ပါဘူး၊ ဒါကြောင့် အလုပ်ကတစ်ခါတည်း ထွက်ခွင့်တောင်းလာတယ်၊ ကလေးကြီးမှ ပြန်သွားပြီး ပြန်အ လုပ်လုပ်မယ်၊ ဟိုမှာ လုပ်ကိုင်ရတာ အဆင်ပြေတယ် . . "

ကျွန်မသူ့ကို တဲရော့ ချိုးခိုင်းပါသည်။

တဲရော့ ဖဲချပ် နံပါတ်(၃) ဧကရီကတ်ရပါသည်။

ကိုယ်ဝန်နှင့်ပတ်သက်ပြီးကံကောင်းမည့်အဓိပ္ပါယ်ရပါသည်။

" သမီးက အခု ကျန်းမာရေးနဲ့ ပတ်သက်ပြီး အားနည်းနေတယ် ဆိုတော့၊ ဆရာဝန်နဲ့ သေချာပြပြီး အားဆေးတွေဘာတွေစား၊ ကလေးကတော့ ဗိုက်ခွဲမွေးရလိမ့်မယ်၊ ကလေးနဲ့ ပတ်သက် ပြီး ကံကောင်းမှာပါ၊ သမီးတို့ လင်မယားနှစ်ယောက်စလုံး သားသမီး အကျိုးပေးလိမ့်မယ်၊ ဘုရားလည်း ရှိခိုးပေါ့ . . "

" ဟုတ်ကဲ့ . . ၊ သမီးက အရင်တုန်းက မွေးစားအမေနဲ့ နေခဲ့တာ၊ ဘုရားမရှိခိုးတတ်ဘူး၊ မမကြီး ဆီရောက်မှ ဘုရားရှိခိုး တတ်တာ၊ ပုတီးလည်းစိပ်ဖို့ မမက သင်ပေးတာပါ . . "

" ဘုရားစာများများ မရွတ်တတ်ပေမယ့် စိတ်ထဲကဘုရား



ယုံယုံကြည်ကြည်နဲ့ လေးစားစွာ ဦးခိုက်ရှိခိုးနေပေါ့ . . "

ရှင်ထွေးကျွန်မဆီက ပြန်သွားပြီး တစ်လလောက်နေတော့ တစ်ခါရောက်လာပြန်၏။

" ဆရာမရေ . . ဆရာဝန်က သမီးကို ဗိုက်ခွဲမွေးရမယ်တဲ့၊ သမီးဘယ်နေ့မွေးသင့်သလဲ တွက်ပေးပါဦး ဆရာမ . . "

" ဘယ်လထဲမှာ မွေးရမှာတဲ့လဲ . . "

" အောက်တိုဘာလထဲမှာ "

" ဒီနှစ်မွေးတဲ့ ကလေးဟာ၊ မဟာဘုတ်တွက်နည်းအရ လေးကြွင်းတယ်ဆိုတော့ အင်္ဂါနေ့မွေးရင် အထွန်းဖွား၊ သောကြာနေ့မွေးရင် သိုက်ဖွား၊ တနင်္လာနေ့မွေးရင် ရာဇဖွား၊ တနင်္ဂနွေမွေးရင် အဓိပတိဖွားဖြစ်မယ်၊ အဲဒီနေ့တွေပဲ ခွဲမွေးရင်ကောင်းမယ် . . "

" ဟုတ်ကဲ့ပါ "

" ကလေးလှုပ်နေပြီလား "

" ဟုတ်ကဲ့ . . လှုပ်နေပါပြီ၊ လှုပ်လွန်းလို့လန့်တောင်လန့် တယ်၊ အိပ်မက်ကလည်း နေ့တိုင်းမက်တယ် . . "

" အိပ်မက်ကောင်းတွေ မဟုတ်လား . . "

" အိပ်မက်ကောင်းလား ဆိုးလားတော့ သမီးမသိဘူး မြွေကြီးကိုပဲ မက်နေတာ၊ မြွေတွေက ကျွန်မနေတဲ့ အိမ်ထဲဝင်လာ[illegible] ပြီးတော့ မြွေဟောက်အပြာရောင်ကြီးက ကျွန်မကို သစ်သီး[illegible] လာပေးတာမျိုးမက်တယ် . . "

မြွေကို မက်တာကောင်းပါတယ်၊ ဒါပေမယ့် အဲဒီမြွေအ ကြောင်းချည်းပဲ မစဉ်းစားနဲ့လေ၊ အိပ်မက်ဆိုတာ [illegible] ခြားပြီး မက်တာလည်းရှိတယ်၊ စွဲလမ်းမှုကြောင့်မက်တာလည်းရှိ[illegible] ဥပါဒ်ဒါန်ကြောင့်ဥပါဒ်ရောက်တတ်တာမို့ အဲဒီမြွေ အကြောင်း သိပ်မစဉ်းစားနဲ့ . . "

ရှင်ထွေးမျက်နှာလေးမှာတော်တော်လေး[illegible]

"နေကောင်းအောင်လည်းကြိုးစားနေပါ[illegible]"

" သမီးက ဒီကလေးကိုယ်ဝန်ရှိပြီးမှ [illegible] နွားနို့ အရမ်းသောက်ချင်တာ၊ သစ်သီးလည်း[illegible] . ."

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



" ကောင်းတယ်စားနိုင်သလောက်များများစားပေး၊အိပ်ရေးဝအောင်လည်းအိပ်၊ မျက်နှာလေးချောင်နေတာ တော့မကောင်းဘူး"

ရှင်ထွေးပြန်သွားပြီး၊ နောက်တစ်လအကြာတွင် ရောက်လာပြန်သည်။

" နေကောင်းရဲ့လား ရှင်ထွေး၊ ပိုပြီးပိန်သွားသလိုပဲ . . "

ကျွန်မ စိုးရိမ်သွားသည်။

" ကျွန်မအိပ်လို့ မပျော်ဘူး၊ အိပ်တာနဲ့ မြွေတွေအိပ်မက် ထဲမှာတွေ့ရလို့ . . "

" အစွဲအလမ်းမကြီးနဲ့လေ ဆရာဝန်နဲ့ရော မှန်မှန်ပြရဲ့လား"

" ဟုတ်ကဲ့ . . ဟို မိုဂလိုဗင် နည်းနေလို့ အကြောဆေးထိုးနေရတယ်၊ သမီးကို အာထရာဆောင်းရိုက်ကြည့်မလားလို့ မေးတယ်၊ သမီးက မကြည့်ရဲဘူး . . "

" ဘာဖြစ်လို့လဲ . . မိန်းမလေးလား၊ ယောကျ်ားလေးလား ကြိုသိရတာပေါ့ . . "

" တော်ကြာ . . မြွေဖြစ်နေရင်ရော . . "

" မဟုတ်တာဘဲ . . "

" တစ်နေ့က အိပ်မက်မက်တာ၊ ကျွန်မကလေးမွေးတယ်၊ ယောကျ်ားလေးလား၊ မိန်းကလေးလားလို့ ကြည့်လိုက်တော့ မြွေကြီးဖြစ်နေတယ် . . . "

ကျွန်မအသံထွက်အောင်ပင် ရယ်လိုက်ပါသည်။

" ပေါက်ကရတွေ၊ မဖြစ်နိုင်တာ မတွေးပါနဲ့၊ ယောကျ်ားလေးချောချောလှလှ လေးမွေးမှာပါ၊ သားကောင်း မိခင်ဂါထာလေးရေးပေးလိုက်မယ်၊ အဲဒါလေးရွတ်ပါ . . "

ရှင်ထွေးအား ဖျောင်းဖျပြောဆို လိုက်ပါသည်။

နောက်သုံးရက်အကြာတွင် မေဦးရောက်လာပြီး ရှင်ထွေးအိပ်မက်အကြောင်းပြောပါသည်။

" ရှင်ထွေး စွဲလမ်းနေတာပါ၊ ဘုရားများများ ရှိခိုးခိုင်း၊ မေတ္တာလည်းပို့ခိုင်း၊ မွေးကာနီးပြီ မဟုတ်လား၊ ကျန်းမာအောင်နေ . . "

ရှင်ထွေးအတွက် မေဦးက အလွန်စိုးရိမ်နေပုံပေါ်သည်။



" သူ့ခမြာ ယောကျ်ားက အဝေးမှာ၊ ယောင်းမတွေနဲ့ နေနေတာ၊ ကျွန်မဆီလာနေရင်လည်း မွေးရမယ့် ဆေးခန်းနဲ့ဝေးလို့တဲ့၊ ကျွန်မကလည်း အလုပ်သွားနေရလို့ သူ့ကို မကြည့်နိုင်ဘူးလေ၊ သူနေတဲ့ နေရာမှာ မြွေထပ်တွေ့သေးတယ်တဲ့၊ တကယ်လို့ရှင်ထွေးအိပ်မက်ထဲကလို မြွေကြီးများ မွေးလာရင် ဒုက္ခပါပဲ . . "

" မဖြစ်နိုင်တာကွယ် . . လူကနေ မြွေမွေးပါ့မလား . . "

" အဲဒီလောက်အိပ်မက် လာပေးနေတော့ . . . "

" အဲဒါ ရှင်ထွေးရူးသွပ်နေတာ၊ ဉပါဒ်ဒဏ်ကြောင့် ဉပါဒ်ရောက်မယ်လို့ ပြောသားပဲ၊ မြွေဝင်လူပဲ ဖြစ်မှာပါ . . "

ရှင်ထွေး မွေးမည့်လကို ရောက်လာသောအခါ ကျွန်မရှင်ထွေးကိုချည်း သတိရနေမိသည်။

ဘုရားရှိခိုးပြီး မေတ္တာပို့တိုင်းလည်း ရှင်ထွေးကို မေတ္တာပို့နေမိသည်။

" ကလင် . . ကလင် . . ကလင် . . . "

ဈေးကပြန်လာချိန် တယ်လီဖုန်းက မြည်နေသည်။

" ဆရာမလား . . ရှင်ထွေး မွေးပြီးသွားပြီ . . . "

မေဦးဖုန်းဆက်နေခြင်းဖြစ်သည်။

" ဘာလေးလဲ . . "

" မြွေလေး . . "

" ဘာ "

" ကြောင် . . . ဆရာမ လန့်သွားလား . . ယောကျ်ားလေးပါ၊ ဖြူဖြူချောချောလေး၊ ဒါပေမယ့် နဖူးပေါ်မှာ မြွေရုပ်ကလေးလို အမှတ်လေး ပါတယ် ဆရာမ . . . "

" အင်း . . တော်သေးတာပေါ့ . . . "

ကျွန်မ ရင်ထဲပေါ့ပါး သွားသည်။

ရှင်ထွေးအား စွဲလမ်းလွန်း၍ ရူးသွပ်သည်ဟု ကျွန်မပြောခဲ့သော်လည်း ဘာကယ်တန်း ကျွန်မလည်း အလွန်စိုးရိမ်နေမိသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်မတို့လမ်းထိပ်ရှိအိမ်ကြီးမှ မြွေကိုမကြာခဏအိပ်မက်မြင်မက်သော မိန်းကလေးတစ်ယောက်ကလေးမွေး

www.burmeseclassic.com

www.burmeseclassic.com


လာသောအခါ၊ ဖြူဖြူဖွေးဖွေး ချစ်စရာယောက်ျားလေး ဖြစ်သော်လည်း ကလေး၏ လျှာသည် မြွေလိုပင် နှစ်ခွဖြစ်နေသော ကြောင့်ပင် ဖြစ်ပါသည်။

ခုတော့ . . . တော်သေးတာပေါ့

မြွေသဏ္ဌာန် အမှတ်ကလေးသာ ပါသည်လို့ပြောတယ် မဟုတ်လား . . .။

**စာဖတ်သူကိုလေးစားလျက်**

BURMESE CLASSIC .com
www.burmeseclassic.com